www.burmeseclassic.com



www.burmeseclassic.com

# လမင်းမိုမို

စည်းမခြားစေချင်

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၅၂၇၁၀၀၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၅၇၉၁၂၀၉

၂၀၀၀ ခုနှစ်၊ မေလ

ပထမအကြိမ်

တန်ဖိုး – ၁၀၀/–

အုပ်ရေ – ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(ဝ၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်([illegible])၊ စေတနာ OFFSET အမှတ်(၅၉)၊ [illegible] ရန်ကုန်။

၈၉၅.၈၃

လမင်းမိုမို

စည်းမခြားစေချင်/လမင်းမိုမို–ရန်ကုန်။

စေတနာစာပေ၊ ၂၀၀၀။

၂၉၆– စာ၊ ၁၂×၁၈ စင်တီ။

(၁) စည်းမခြားစေချင်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com







# လမင်းမိုမို



## စည်းမခြားစေချင်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







၁

"ဆရာကြီး"

နောက်က စာရေးလေး မောင်စိုင်းနောင် ခေါ်သံကြောင့် ဝန်ဇင်းက လှည့်ကြည့်လိုက်ပါသည်။

"ရုံးခန်းမှာ ဧည့်သည်ရောက်နေပါတယ် ဆရာ"

ဝန်ဇင်းက လက်ပတ်နာရီတစ်ချက် မြှောက်ကြည့်လိုက်ရင်း ...

"ကျောင်းသားမိဘလား"

"မဟုတ်ဘူး ဆရာကြီး၊ ကိစ္စရှိလို့ပါတဲ့"

"ကျောင်းသားသစ် အပ်ဖို့များလား၊ လက်မခံတော့ဘူးဆိုတာ ရှင်းပြီးသေးလား"

"ဟုတ်ကဲ့ ... ကျောင်းအပ်ဖို့လည်း မဟုတ်ဘူးလို့ ပြောပါတယ် ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း ထိုင်နိုင်းထားဦး၊ ငါ ရောင်းဒ်လုပ်တာပြီး တော့မှာပါ၊ ခဏနေ ထမင်းစား Break တောင် ဆင်းရ တော့မှာပဲ"

"ဟုတ်ကဲ့"

စိုင်းနောင်က ရုံးခန်းဘက် ပြန်သွားပါသည်။ ဝန်ဇင်းက မှန်ချပ်ညိုတွေနှင့် ကာရံထားသော စာသင်ခန်းတွေကို အပြင် ကော်ရစ်ဒါမှ စစ်ဆေးကြည့်ရှုနေလိုက်သည်။ မှန်ချပ်တွေကို ကာရံထားပုံအရ အပြင်ကနေ သူ စစ်ဆေးရသော အတွင်းဘက်ကို တွေ့နိုင်ပြီး အတွင်းက ကျောင်းသားတွေအနေနှင့်ကတော့ အပြင်ကနေ သူ ကြည့်နေတာကို မမြင်ရစေပါ။

ကျောင်းသားတွေဘက်ကကြည့်ရင်တော့ မှန်ညိုရောင်တွေပင်။ အပြင်ကို ဖောက်မမြင်ရ။ ဒါကြောင့်လည်း ကျောင်းသူတစ်ယောက်ဟာ အညိုရောင်မှန်ချပ်ကို ကြည့်မှန်အလား အရိပ်ထင်သလောက်နှင့် သူ့ကိုယ်သူ ကြည့်နေသည်။ နားဆွဲလေးကို မှန်ထဲ လှုပ်ကြည့်လိုက်၊ ရှေ့နဖူးပေါ်က ဆံပင်ကို မှန်ဘက်လှည့်ကာ ဆွဲချလိုက်၊ ဆံပင်သပ်လိုက်၊ အင်္ကျီပြင်လိုက်နှင့် ရှေ့ကသင်နေတဲ့ဆရာထံ စိတ်မဝင်စားဘဲ ကိုယ့်ကိုယ်ကိုယ်သာ စိတ်ဝင်စားနေသည်။

ဝန်ဇင်းက သူ့နောက်ကပါတဲ့ မိန်းကလေးဆောင်မှူးဒေါ်ညိုစိမ့်ကို လှည့်ကြည့်ရင်း ...





"ဆရာမ ဒီကျောင်းမလေး စာအခြေအနေ ဘယ်လိုရှိလဲ"

"ပေါ့တယ် ဆရာကြီး၊ လှချင် ပချင်စိတ် သိပ်များတာပဲ၊ ကျွန်မတို့လည်း ဂရုစိုက်ကြည့်ပြောနေပါတယ်"

"ဒီတစ်လ မိဘဆီပို့မယ့် ရီပို့ထဲမှာ မှတ်ချက်သေချာ ထည့်ရေးပေးဖို့ ဆရာမ သတိထားလိုက်ပါဦး"

"ဟုတ်ကဲ့ ဆရာကြီး"

ယောကျ်ားလေးအဆောင်မှူး မိန်းကလေးအဆောင်မှူးတို့ ခြံရံပြီး စာသင်ခန်းများကို Round လုပ်ပြီးတဲ့အခါ ဝန်ဇင်းက သူ့ရုံးခန်းဆီ ပြန်လာခဲ့ပါသည်။ ရုံးခန်းဟာလည်း အပြင်က လှမ်းမြင်သာထင်သာရှိသော မှန်ချပ်များနှင့် ကာရံထားတာဖြစ်ရာ သူ့ရဲ့စားပွဲကြီးရဲ့ အခြားတစ်ဖက်မှာ ခင်းထားတဲ့ ဆိုဖာဆက်တီ အစုံလိုက်မှာ ထိုင်စောင့်နေသော ဧည့်သည်နှစ်ယောက်ကို တွေ့လိုက်ရပါသည်။

ဧည့်သည်နှစ်ယောက်ဟာ အဘိုးကြီးနှစ်ဦး။ တစ်ဦးကိုတော့ သူ မသိ။ တစ်ဦးကတော့ သူ့အပေါ် ကျေးဇူးရှိခဲ့ဖူးတဲ့ ဘဘဦးမင်းစိန် ဖြစ်ပါသည်။ သူ ရုံးခန်းနားရောက်လျှင် ရုံးခန်းအပြင်ဘက်စားပွဲမှာရှိနေတဲ့ စိုင်းနောင်က ထ,ကာ ရုံးခန်းတံခါးကို ဖွင့်ပေးလိုက်ပါသည်။

ဝန်ဇင်းက ခြေလှမ်းတလွှားလွှားနှင့် ခပ်သုတ်သုတ် ဝင်သွားလိုက်ကာ ...

"ဘဘ ... စောင့်နေလိုက်ရတာ ကြာသွားလားခင်ဗျာ"

www.burmeseclassic.com



"သိပ်မကြာသေးပါဘူးကွ၊ ဒါပေမဲ့ စောင့်ရမှာပေါ့ကွ၊ မင်းက အလုပ်ရှိနေတာဟာကို"

"ဘဘ ဖုန်းဆက်ခေါ်လိုက်ရောပေါ့"

"မင်းက လာအားသေးလို့လား"

"လာအားပါတယ် ဘဘ၊ နေ့တိုင်းမှာ ကိုယ်ပိုင်အချိန်ဆိုတာတော့ ချန်ထားရသေးတာပေါ့ ဘဘရယ်၊ ဘဘ ခဏနော်၊ စိုင်းနောင် ဘဲလ်တီးလိုက်တော့၊ ကလေးတွေ ထမင်းစားချိန်ရောက်ပြီ၊ ပြီးရင် ဘဘတို့အတွက် တစ်ခုခုစီစဉ်ခဲ့ဦး"

"ဟုတ်ကဲ့ ... ဆရာကြီး"

စိုင်းနောင် ထွက်သွားပြီးလျှင် ချက်ချင်းပဲ အတန်းဆင်းခေါင်းလောင်းသံရှည်ကြီးက အဆောင်တစ်ခုလုံး ခြံတစ်ဝင်းလုံးမှာ ပျံ့နှံ့သွားပါတော့သည်။

ဝန်ဇင်းက ဆက်တိတွေမှာ ဝင်ထိုင်လိုက်ပါသည်။

"မိတ်ဆက်ပေးရဦးမယ် ဝန်ဇင်းရေ၊ ဟောဒါက ဘဘရဲ့ အရင်းနှီးဆုံး မိတ်ဆွေလည်းဟုတ်၊ ငယ်သူငယ်ချင်းလည်းဟုတ်၊ အငြိမ်းစားဆက်ရှင်တရားသူကြီးမင်း ဦးမောင်မောင်ရန်အောင် တဲ့၊ မင်းအဘိုးနဲ့လည်း သိပ်ရင်းရင်းနှီးနှီးမခင်ခဲ့ပေမယ့် သိကျွမ်းကြပါတယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ သိရတာ ဝမ်းသာပါတယ် ဘဘ"





ဝန်ဇင်းက ထိုင်ရာကကြွကာ ခါးညွတ်အရိုအသေပေး နှုတ်ဆက်လိုက်ပါသည်။ နာမည်ကိုက "မောင်မောင်ရန်အောင်"။ မင်းဆွေမင်းမျိုး နာမည်လိုလို။ လူပုံကတော့ ဖြူဝင်းသန့်ပြန့်ခန့်ညားကာ ရွှေမျက်မှန်ကြီး တဝင်းဝင်းနှင့်။ အသက်ကခုနစ်ဆယ့်ငါး၊ ရှစ်ဆယ်တွင်းပင်ဖြစ်မည်။ တိုက်ပုံဝတ်မထားပေမယ့် ရှပ်လက်ရှည် စတစ်ကော်လာကို ရွှေကြယ်သီးနှင့် ဝတ်ထားပါသည်။

မျက်နှာကတော့ မွေးကတည်းက ရွှေလင်ပန်းနှင့်အချင်းဆေး ရွှေဇွန်းကိုက်မွေးလာခဲ့သလို အလိုလိုနေရင်း စင်မြင့်ဆက်ရောက်နေတဲ့ ရုပ်ဆင်းသဏ္ဌာန်ပင်။ တရားသူကြီးတာဝန်နှင့်သူ့မျက်နှာထားဟာ လိုက်ဖက်အပ်စပ်လှသည်။ သူ့ရဲ့မျက်နှာပေါ်မှာ ပညာဉာဏ်နှင့် ပြည့်ဝခြင်း၊ ထက်မြက်ခြင်း၊ တည်ကြည်ခြင်း၊ တရားမျှတခြင်း၊ စည်းကမ်းကြီးခြင်း။ သနားကြင်နာတတ်ခြင်းတို့က အားလုံးရောပြွန်းပေါ်လွင်နေပါသည်။

"ကိုမောင်မောင်ရေ ... သူပဲဗျ၊ ကျွန်တော်ပြောတဲ့ ဦးဝန်ဇင်းဆိုတာ၊ ဦးမင်းမောင်ရဲ့မြေးပေါ့ဗျာ"

အဘိုးကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း တည်တည်ကြည်ကြည်နှင့်ပင် ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဝန်ဇင်းရဲ့အဘိုးနှင့် သိပ်ရင်းရင်းနှီးနှီး မခင်ပေမဲ့ သိကျွမ်းရုံ ဆိုတာကတော့ ဘာကြောင့်ဖြစ်မည်ဆိုတာ ဝန်ဇင်း



www.burmeseclassic.com

www.burmeseclassic.com



မှန်းနိုင်သည်။ အဆင့်အတန်း အသိုင်းအဝိုင်းကြောင့် ဖြစ်မှာပင်။ ဒီအဘိုးကြီး ဦးမောင်မောင်ရန်အောင်ဟာ မြင့်မားပြီး ပြည့်စုံကြွယ်ဝလွန်းတဲ့ ဆွေမျိုးစုမှာ လူဖြစ်ပြီး ကြီးပြင်းခဲ့မည့်သူဖြစ်ကာ ဝန့်ဇင်းရဲ့အဘိုးကတော့ ဆင်းရဲသား သားသမီးမို့တည်း။

ဝန့်ဇင်းအဘိုးရဲ့အဖေဟာ ကျောင်းဆရာတစ်ယောက်ဖြစ်ကာ သားသမီးပညာရေးကိုလည်း အထူးအားပေးခဲ့တဲ့အတွက် ပိုက်ဆံမရှိတဲ့ကြားကပင် သားဖြစ်သူ "မင်းမောင်"ကို (ထိုစဉ်က ကျောင်းစရိတ် မသေးလှတဲ့) စိန့်ပေါလ်ကျောင်းမှာ ထားဖြစ်အောင် ထားခဲ့သူပင်။ အဘိုးဦးမင်းမောင်နှင့် ဘဘဦးမင်းစိန်တို့က ခင်မင်သည်။ ဒါကတော့ ဦးမင်းစိန်က အဆင့်အတန်း မခွဲခြားတတ်သူမို့ပင်။

ဦးမင်းစိန့်အဖေက ဝန်ကြီးတစ်ပါး ဖြစ်ပါသည်။ ဝန်ကြီးမင်းရဲ့သားဖြစ်တဲ့ ဦးမင်းစိန်ဟာ စာအလွန်တော်တဲ့ ဦးမင်းမောင်ကို ခင်မင်အားကိုးကာ စာအတူတူကျက်မြဲပါ။ ဦးမင်းစိန့်ဖခင်ရဲ့ ကြည့်ရှုစောင်မမှုကြောင့်ပင် ရိုးကုပ်ပြီး ဝင်မဆန့်လှတဲ့ ဦးမင်းမောင်ရဲ့ဖခင် ကျောင်းဆရာကြီးဟာ ကျောင်းအုပ်၊ ကျောင်းအုပ်ကနေ ပညာရေးမှူးအထိ နေရာရခဲ့ရပါသည်။

ရာထူးနေရာလေးတွေ တစ်ဆင့် တစ်ဆင့် ရခဲ့ပေမယ့် ပညာရေးဝန်ထမ်းပီပီ ငွေကြေးတော့ မချမ်းသာ မကြွယ်ဝပါ။ အင်္ဂလိပ်စာထူးချွန်တဲ့ ဦးမင်းမောင်ဟာ ဆယ်တန်းအောင်တော့ အင်္ဂလိပ်စာ ဘာသာရပ်ကိုပဲ အထူးပြု လေ့လာခဲ့ပြီး ထက္ကသိုလ်မှ





ဆရာပြန်လုပ်ဖြစ်ကာ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ ရာထူးတို့ကို တစ်ဆင့်ချင်း ဖြည်းဖြည်းလှမ်းတက်ခဲ့ပါသည်။

အင်္ဂလိပ်စာပါမောက္ခ ဦးမင်းမောင် ဆိုပြီး ပညာဂုဏ်ကြောင့် နာမည်ကျော်ကြားခဲ့ပေမယ့် ထုံးစံအတိုင်း လူနေမှုအဆင့်ကတော့ အသင့်အတင့်သာ။ ဦးမင်းမောင်ရဲ့သားဖြစ်သူ ဝန့်ဇင်းရဲ့အဖေ ဦးမင်းဝန့်ကတော့ ထုံးစံအတိုင်း ပညာထူးချွန်ကာ ဆရာဝန်တစ်ယောက် ဖြစ်ခဲ့ပေမယ့် ဝန့်ဇင်း ဆယ့်နှစ်နှစ်သားလောက်မှာ ဝန့်ဇင်းတို့သားအမိကို ပစ်သွားသူပင်။

ဖေဖေကဆရာဝန်၊ မေမေက နာ့စ်။ များပြားလှပြီး မရိုးအီနိုင်တဲ့ ဆရာဝန်နှင့် သူနာပြုတို့ရဲ့ မေတ္တာဇာတ်လမ်းတွေထဲမှာ မေမေတို့ရဲ့ဇာတ်လမ်းကလည်းတစ်ပုဒ်။ ဝန့်ဇင်း ဆယ်နှစ်သားရောက်မှ ဖေဖေဟာ သူနှင့်ပညာတူ ဆရာဝန်မတစ်ယောက်နှင့် ထပ်ပြီး ဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ပါသည်။ အဲဒီသူဌေးသမီးဆရာဝန်မကပဲ ဖေဖေ့ကို နိုင်ငံခြားသို့ သူ့ငွေကြေးနှင့် ပညာတော်သင် လွှတ်သည်။

အမ်မ်အာစီပီ သွားယူတဲ့ ဖေဖေဟာ ဝန့်ဇင်းတို့သားအမိထံ ပြန်မလာတော့တာပါ။ ဖေဖေနှင့် ဇာတ်လမ်းရှိနေတဲ့ ဖေဖေ့ကို စရိတ်ကျခံကာ ပညာသင်လွှတ်ခဲ့တဲ့ ဆရာဝန်မကတော့ ဖေဖေရှိရာ အင်္ဂလန်ကို လိုက်သွားခဲ့ပါသည်။ ခုတော့ ဖေဖေနှင့် ထိုဆရာဝန်မတို့ အင်္ဂလန်မှာ အတူပေါင်းသင်းနေထိုင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးတွေနှစ်ယောက်တောင် ထပ်ရထားတာ ဝန်ဇင်းတို့သား အမိကြားပါရဲ့။

အဲဒီကလေးတွေပင် ခုဆို ဆယ့်လေးငါးနှစ် လူပျိုပေါက် အပျိုပေါက် ရှိကြပြီ။ ဝန်ဇင်းတို့ အဆက်အသွယ်တော့ မရှိပါ။ မေမေနှင့် ဝန်ဇင်းကို အဘိုးဦးမင်းမောင်က ဆက်လက်ကြည့်ရှု စောင့်ရှောက်ခဲ့ပေမယ့် မေမေက ဝန်ဇင်း အသက်နှစ်ဆယ့်နှစ်နှစ်အရွယ်မှာ အမျိုးသမီးရောဂါနှင့် ကွယ်လွန်ခဲ့ပါသည်။

ဟိုတုန်းက ဈေးဘာမှမရှိတဲ့ ဆယ်မိုင်ကုန်းက အဘိုး ပိုင်ခြံကလေးမှာ ဝန်ဇင်းနှင့် အဘိုး အတူနေခဲ့ကြပါသည်။ အဘိုး ခြံရှုနိုင်းတဲ့ ဝန်ဇင်းက မေမေဆုံးချိန်မှာ အင်္ဂလိပ်စာအမိကနှင့် အမ်မ်အေဘွဲ့ ပြီးခါနီးဆဲဆဲပါ။ ဒီအချိန်ကစပြီး အဘိုးနှင့်ဝန်ဇင်း အတူပူးပေါင်း သင်ကြားတဲ့ အင်္ဂလိပ်စာကျူရှင်ကျောင်းလေးကို စတင်ထူထောင်လိုက်တာပါ။

ကိုးမိုင် ဆယ်မိုင်တစ်ဝိုက် အနီးအနားက ကလေးတွေအတွက်လောက်သာ မျှော်မှန်းချက် ထားခဲ့ပေမယ့် ပထမနှစ်မှာပင် အင်္ဂလိပ်စာ အသင်အပြကောင်းလွန်းကြောင်း နာမည်သတင်း ပျံ့မွှေးပြီး ဒုတိယနှစ်မှာပင် ကျောင်းသားဦးရေက မနိုင်မနင်းလောက်အောင် တိုးလာခဲ့သည်။ တစ်နေ့မှာ Section ပေါင်းများစွာ အချိန်တွေ ခွဲပစ်ရသည်ထိ တစ်ရှိန်ထိုး အောင်မြင်လာပြီးနောက် ဝန်ဇင်း အမ်မ်အက်စ်လည်း ပြီးတဲ့အချိန်မှာတော့ ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ ဝန်ဇင်းက ကိုးတန်း ဆယ်တန်း





ဘာသာစုံ ကျောင်းအိပ်ကျောင်းစား ဘော်ဒါတစ်ခု အဘိုးနှင့် တိုင်ပင်ကာ ထူထောင်ခဲ့တာပါ။

"အဘိုးကတော့ မင်းလိုတာ ကူမယ်ပေါ့ သားရာ၊ အသက်ကကြီးပြီဆိုတော့ စီမံခန့်ခွဲတာတွေတော့ မလုပ်တတ်တော့ဘူး၊ ခေတ်က တောင်းဆိုတာကိုလည်း မင်းပဲ မီအောင်လိုက်နိုင်မှာ၊ ကောင်းမယ်ထင်သလို လုပ်ပါ၊ ဒါပေမဲ့ ကိုယ့်လက်ကထွက်တဲ့ ကလေးတိုင်း ထူးချွန်ရမယ်လို့ သန္နိဋ္ဌာန်ချပြီး လုပ်ပါ သား"

အမ်မ်အေတက်ရင်း ကျောင်းကဌာနပေါင်းစုံက ဆရာဆရာမတွေနှင့်ပါ ရင်းနှီးခင်မင်တဲ့ ဝန်ဇင်းက ဘာသာစုံ အတွက် သူ ယုံကြည်လေးစားသော တက္ကသိုလ်က ဆရာ ဆရာမတွေကို သူ့ရဲ့ဘော်ဒါကျောင်းမှာသင်ဖို့ ကမ်းလှမ်းခေါ်ယူကာ စိတ်ကြိုက် ဆရာ ဆရာမများနှင့် ဘော်ဒါကျောင်းကို ထူထောင်လိုက်တာပါ။

သူ့ဘော်ဒါကျောင်းကို ဖွင့်လှစ်ချိန်မှာ ဝန်ဇင်း အသက်က နှစ်ဆယ့်ငါးနှစ်သာ ရှိသေးတာ။ ခုဆိုရင် ဘော်ဒါသက်တမ်းက ခုနစ်နှစ်ရှိခဲ့ပြီ။ တစ်နှစ်ထက်တစ်နှစ် နာမည်ကျော်ကြားဂုဏ်သတင်းမွှေးလာတဲ့ သူ့ရဲ့ကျောင်းမှာ ကိုးတန်း ဆယ်တန်းပေါင်းလျှင် ကျောင်းသား ရာကျော်နေပါပြီ။ ကျောင်းစဖွင့်ပြီး တစ်နှစ် နှစ်နှစ်အတွင်းမှာပဲ သစ်သားတန်းလျားဆောင်တွေမှ တစ်ဆင့် တိုးလာသော လူဦးရေနှင့်အညီ တိုက်ဆောင်တွေ ဆောက်လုပ်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးရဲ့ခြံကြီးက ကျယ်တော့ သန့်ရှင်းလှပအောင်တွေ သင်ဆဲတန်းလန်းနှင့် တိုက်ဆောင်တွေ မှီးချဲ့ဆောက်ရသည်။ အဲဒီအတွက် လိုအပ်ငွေတချို့ကိုတော့ ဘဘဦးမင်းစိန်က ချေးပေးပါသည်။ ဘော်ဒါစဖွင့်တဲ့နှစ်မှာတင် အဘိုးနှင့် ဝန်ဇင်းကို ယုံကြည်မှု အပြည့်နှင့် ဦးမင်းစိန်ရဲ့မြေးနှစ်ယောက်ကို ဘော်ဒါလာထားခဲ့တာ။ ဥာဏ်ရည်သိပ်မကောင်းလှတဲ့ မြေးမလေးက ဝိပ္ပတ္တဲယူပြီး အိုကိုနှင့် မြန်မာစာ ဂုဏ်ထူးနှစ်လုံး။ နဂိုကတည်းက ဥာဏ်မဆိုးတဲ့ မြေးယောက်ျားလေးကတော့ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတု၊ ရူပ ဂုဏ်ထူးလေးလုံး ထွက်ကာ အသီးသီး အောင်သွားခဲ့တာ ခုဆို ခုနှစ်နှစ် ရှိခဲ့ပြီပေါ့။

ဦးမင်းစိန်ရော ကလေးနှစ်ယောက်ရဲ့မိဘနှစ်စုံပါ ဝန်ဇင်းတို့ကို အထူးကျေးဇူးတင်ကြကာ ဦးမင်းစိန် ကိုယ်တိုင်က အဆောက်အအုံ တိုးချဲ့ဖို့အကြွလည်းပေး ငွေလည်းထုတ်ချေးခဲ့တာပါ။ အဲဒီငွေတွေဟာလည်း လစဉ် နှစ်စဉ် ဆပ်နိုင်သလောက် ပုံဆပ်ရင်းက ကျေခဲ့တာ နှစ်နှစ်ရှိပါပြီ။

ခုတော့ မနှစ်က အဘိုးဦးမင်းမောင်လည်း ကွယ်လွန်ခဲ့တဲ့အတွက် ဝန်ဇင်းဟာ ကျောင်းအုပ်လည်း ဖြစ်ခဲ့ရပြီ။ စတင်ထူထောင်စဉ်ကတော့ ဒီလောက်ကြီးအထိ မမျှော်လင့်ခဲ့၍ ဝန်ဇင်းတို့မြေးအဘိုး ... ကျောင်းကို အမည်လည်းမပေးခဲ့၊ ကြော်လည်း မကြော်ငြာခဲ့ပါ။ သို့ပေမယ့် ခုတော့ သူ့အလိုလို အများ





က ဝိုင်းခေါ်မှည့်တဲ့ "ကြယ်မိုင်ကုန်းဘော်ဒါ" ဆိုတဲ့ နာမည်ရှိုးရှိုးတလေး တွင်နေရပါပြီ။

"ဝန်ဇင်းရေ... ပညာရေးနဲ့ ပတ်သက်လာရင်တော့ အထူးသဖြင့် ဆယ်တန်းမေါ်ကွာ ဘဘက မင်းကိုချီးကျူးလွန်းတော့ ဟောဒီက ဦးမောင်မောင်ရန်အောင်ကပါ တဖြည်းဖြည်း မင်းကို အားကိုးစိတ် ဖြစ်လာတာ တူပါရဲ့ကွာ။ ဘိုဘိုတို့ ဇင်ဇင်တို့ လက်ထက်ကတည်းက ဘဘ တဖွဖွ ပြောနေတာ ကိုမောင်မောင်ကတော့ နားရည်ဝနေပါပြီ"

ဘိုဘိုနှင့် ဇင်ဇင် တစ်ဝမ်းကွဲ မောင်နှမဟာ ဦးမင်းစိန်ရဲ့သမီးနှစ်ယောက်ကမွေးသော မြေးများပင်။ ခုတော့ ဘိုဘိုက ဆရာဝန်ဖြစ်နေပါပြီ။ ဇင်ဇင်ကတော့ သူ့မိဘတွေပိုင်တဲ့ ကုမ္ပဏီမှာပဲ စာရင်းအင်းကို ကိုင်တွယ်အုပ်ချုပ်နေပါသည်။

"ဟုတ်ကဲ့ ဘဘ၊ အခု ဘာများလိုအပ်ပါသလဲ ခင်ဗျာ"

ဦးမင်းစိန်ကသာ "ဟေ့ကောင် ... ဖြစ်အောင်လုပ်ပေးပါကွာ" ဆိုရင် ခုအချိန် (ကျောင်းသားသစ် လက်မခံတော့တဲ့ ကျောင်းဖွင့်စ) မပြောနဲ့ နှစ်ကုန်ခါနီးလည်းပဲ လက်ခံပေးရမှာပါပင်။ ကျေးဇူးရှိသူဖြစ်၍ ဦးမင်းစိန်က တောင်းဆိုလာမည့်ကိစ္စကို ဘာပဲ ဖြစ်ဖြစ် ဖြစ်အောင်လုပ်ပေးရမည်ဟု ဝန်ဇင်း ဆုံးဖြတ်ထားပါသည်။

"ကူညီပါဦး ဝန်ဇင်းရယ်၊ ကိုမောင်မောင့်မြေးလေးကိစ္စပါ"

www.burmeseclassic.com



ဝန်ဇင်းက ဦးမောင်မောင်ရန့်အောင်ကို လှမ်းကြည့်ရင်း ...

"ဟုတ်ကဲ့ ... ဘော်ဒါထားချင်တာပါလား ဘဘ"

"ဘော်ဒါတော့ မထားချင်ဘူး ဆရာရယ်၊ အန်ကယ့်လ်မြေးမက ဘော်ဒါနဲ့တော့ သဟဇာတဖြစ်မယ် မထင်ဘူး ဆရာ"

"ဝန်ဇင်းပဲ ခေါ်ပါခင်ဗျာ၊ ဘဘ ဦးမင်းစိန်နဲ့တော့ မြေး အဘိုးတွေလိုပဲ ဖြစ်နေတော့ အဲဒီလိုပဲ သဘောထားပါ ရပါတယ်"

ဦးမောင်မောင်ရန်အောင်က ဝန်ဇင်းကို နှစ်လိုကြည် လင်စွာကြည့်ရင်း ...

"ဘဘပဲဖြစ်ဖြစ် ဆရာက ဆရာပါပဲလေ၊ နောက်တစ်ခုက အန်ကယ့်လ်ကိုယ်တိုင်က ဆရာလုပ်သူကို တရိုတသေ နေရာပေး ဆက်ဆံတယ် ဆိုတာမျိုးလည်း ဖြစ်နေချင်လို ပါ၊ ပြောရရင်တော့ အန်ကယ့်လ်မြေးမက ဆိုးတယ် ဆရာ"

ဝန်ဇင်းက ပွင့်လင်းသော အဘိုးကြီးကို သဘော တကျ ပြုံးမိရင်း ...

"ဟုတ်ကဲ့၊ ကလေးဆိုးတွေ ရှိတတ်ပါတယ်၊ ကြုံဖူးပါတယ် ခင်ဗျာ၊ ကျွန်တော်တို့အဖို့တော့ အရမ်းမထူးဆန်းတော့ ဘူး"



---



"ဆိုးပုံဆိုးနည်း ရှိသေးတာပေါ့လေ၊ အဆော့မက်မယ်၊ စာကျက်ပျင်းမယ်၊ တားမြစ်တာကို ခိုးလုပ်ချင်မယ်ဆိုတဲ့ ကလေးအဆိုးမျိုးကို တစ်မျိုးပေါ့"

သူ့မြေးက "မြေးမ"လည်း ဆိုသေးတယ် ဘယ် လောက်တောင်များ ဆိုးလို့ပါလိမ့်ဟု ဝန်ဇင်းက တွေးမိပါတော့ သည်။

"ဘော်ဒါမထားချင်တာကလည်း အမှန်ဆိုရင် အန်ကယ့် အနေနဲ့ ကိုယ့်ဈေးစိအောက်က လွှတ်နေမယ့် စည်းကမ်း ကြီးကြီး ဘော်ဒါတစ်ခုခုမှာ ထားလိုက်ချင်ပါတယ်၊ အဘိုး အားကိုးဆိုတာလည်း သူ့မှာမရှိတော့ဘူးပေါ့နော်လေ၊ ဒါပေမဲ့ သူ့ကြောင့် ဘေးလူတွေမှာ စိတ်အနှောင့်အယှက် ဖြစ်ရမှာ စိုးလို့ မထားချင်တာပါ"

"ဘော်ဒါထားလိုက်ရင်တော့လည်း ဘေးပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ မနေမဖြစ် နေလိုက်ရမှာဆိုတော့ ပြောင်း ရင်ပြောင်းလဲသွားမှာပါ"

"လိုက်လျောညီထွေ မဖြစ်ဘဲ ဘေးနဲ့ရန်ဖြစ်ပြီး အလကား မျက်မုန်းကျိုးခံရဖို့ပဲ မြင်ပါတယ်၊ ပြဿနာတွေရှင်းနေရ တာနဲ့ ကျောင်းမှာလည်း အနှောင့်အယှက်ဖြစ်ရ၊ မတော် သူ့ကြောင့် တခြားကလေးတွေက မနေတော့ပါဘူး၊ ထွက် ဟယ် ပြုဟယ် ဖြစ်ကြဆိုရင်လည်း ကျောင်းကို ထိခိုက် နစ်နာမှာနဲ့ မထားတာပဲ ကောင်းပါလိမ့်မယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်တော့ ဆိုးနိုင်ပါလား ခင်ဗျာ၊ မိန်းကလေးတစ်ယောက် မဟုတ်လား"

"သူ့ဆိုးပုံက အေးအေးလေးပါ၊ ထားပါတော့ ဆရာရယ်၊ ကျွန်တော်က ဖြစ်နိုင်ရင် အိမ်ကိုလာပေးစေချင်တာပါ"

ဝန်ဇင်းက အံ့အားလည်းသင့် အခက်လည်းတွေ့သွားတော့ ...

"ကျွန်တော်က ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကတော့ ဟုမ်းကျူရှင်ကို နှစ်အိမ်လောက် သင်ပေးဖူးပေမယ့် နောက်ပိုင်းတော့ အိမ်ဝိုင်းမလုပ်တာ ကြာပါပြီခင်ဗျ၊ ဒါကတော့ အချိန်မပေးနိုင်လို့ပါ"

ဦးမောင်မောင်ရန်အောင်က ဦးမင်းစိန်ကို အကူအညီတောင်းသလို ငဲ့ကြည့်လိုက်၍ ဦးမင်းစိန်က ...

"ဝန်ဇင်းက အလုပ်များတာတော့ ဘဘလည်း ပြောပြထားတယ်၊ ဒါပေမဲ့လည်း ဖြစ်နိုင်ချေ တစ်ခုခုများ ကြည့်ပြီး စီစဉ်ကြည့်ဖို့ မဖြစ်နိုင်ဘူးလားလို့ပါကွယ်"

"ကျွန်တော်က ဘဘဆီကလာတဲ့ မိတ်ဆွေမို့ အခန်းထဲဝင်လာကတည်းက ဖြစ်တဲ့နည်းနဲ့ ကူညီဖို့ စဉ်းစားပြီး ဝင်လာတာပါ။ ဒါပေမဲ့ အိမ်ဝိုင်းအတွက် သီးသန့်စီစဉ်ပေးဖို့ကတော့ ဘာသာစုံဆရာတွေလည်း Time table ပြင်ဆင်ဆွဲဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့တာကြောင့်ပါ ခင်ဗျာ"





ဝန်ဇင်းအ ခဏစဉ်းစားရင်း ...

"တစ်ခုတော့ ရှိတာက အန်ကယ်လ်အနေနဲ့ သော်ဒါမထားချင်ရင် မထားဘဲ ဒီကစာသင်ချိန်တွေကိုပဲ အိမ်က လာတက်ရင်ကော ခင်ဗျာ၊ ကျောင်းလာတက်သလို ပုံစံမျိုးပေါ့၊ အခု နေ့ကျောင်းက ဘယ်မှာတက်ပါသလဲ"

"နေ့ကျောင်း မတက်ပါဘူး"

"အပြင်ဖြေမှာလား ခင်ဗျ"

"ဟုတ်ပါတယ်"

"ဒါဖြင့် ကလေးလည်း အားနေတာပဲဆိုတော့ ဒီကစာသင်ချိန်တွေအတိုင်း လိုက်တက်ပြီး ညနေကို အိမ်ပြန်တာမျိုးဆိုရင်ကော"

"ဟုတ်သားပဲ ကိုမောင်မောင်၊ ဒီအစီအစဉ်လည်း မဆိုးပါဘူး"

ဦးမင်းစိန် ဝင်ပြောလိုက်တဲ့ စကားကို ဦးမောင်မောင်ရန်အောင်က ခေါင်းကိုပဲ ဖြည်းဖြည်းယမ်းရင်း ...

"တက်နိုင်းလို့ ရမယ် မထင်ဘူး"

ဝန်ဇင်းက မေးခွန်းထုတ်တဲ့ မျက်ဝန်းများနှင့် အဘိုးကြီးကို လှမ်းကြည့်နေမိပါသည်။

"ကျွန်တော်က တက်စေချင်ပေမယ့် သူက လာတက်ဖြစ်မှာလေ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဝန်ဇင်းက မျက်ခုံးနည်းနည်း တွန့်သွားရပါသည်။ ကလေးတစ်ယောက်က ကျောင်းတောင်မှ သွားမတက်နိုင်ဘူးလို့ အိမ်မှာ ခပ်တည်တည်နေလို့ရလား။ ဒီလောက်ဆန့်ကျင်တဲ့ကလေး ရှိသလား။

"ဆယ်တန်းအောင်စေချင်တာက အဘိုးဖြစ်တဲ့ ကျွန်တော်ကကို၊ သူကမှ မအောင်ချင်တာ၊ ကျောင်းလည်းမနေချင်၊ စာလည်း မလုပ်ချင်တာ၊ ဆယ်တန်းလေး အောင်သွားတော့ ဘာပဲဖြစ်ဖြစ် လူလူသူသူလေး ဖြစ်တာပေါ့လေ၊ ကိုယ့်မှာ ပိုက်ဆံတွေ ဘယ်လောက်ကြီး ရှိနေနေ အထက်တန်းလေးတောင်မှ မပြီးဘူးဆိုတော့ ညံ့ရာလည်းကျ မိဘ မတတ်နိုင်လို့ ပညာမသင်ရှရာတဲ့ ကလေးတွေတောင် အားနာဖို့ ကောင်းပါတယ် ...

ကိုယ့်မြေးမကြည့်ပြီး စိတ်မာတတ်ကျလွန်းလို့ သူ့ ကုသိုလ်လေးများ ထပ်တူအကျိုးပေးမလားလို့ လက်လှ မိရာ မတတ်နိုင်တဲ့ ကလေးတွေ ပညာရေးစရိတ် ထောက်ပံ့ လှူဒါန်းပါတယ်၊ ဆေးတက္ကသိုလ်မှာလည် ကျွန်တော်ကျောင်းထားပေးတဲ့ ကလေးနှစ်ယောက် ရှိ တယ်၊ တတ်နိုင်သမျှ ပညာဒါနကို ပြုနေပြီး ကိုယ့်မြေး ကုသိုလ်အကျိုး ရောက်ပါစေတော့ရယ်လို့ ဆုတောင်း ရတာပါပဲ ဆရာရယ်၊ သူကိုက ပညာမလိုလားတာ





အဘိုးကြီးရဲ့စကားများကို ဝန်ဇင်းက နားထောင်ရင်း အဘိုးကြီးရဲ့မြေးဆိုသူကိုပင် စိတ်ဝင်စားလာရပါသည်။ စာမသင်ချင်တဲ့ကလေး ... တဲ့။ ဘယ့်နှယ် ကလေးပါလိမ့်။ ကိုယ့်မလည်း ပြည့်စုံကြွယ်ဝသားနှင့်။ သူများတကာတွေ နိုင်ငံရပ်ခြားထိအောင် ခြေဆန့်ပြီး ပညာတွေ လောဘတကြီး ရှာနေကြတဲ့ခေတ်။ ဒီလိုပညာခေတ်မှာ ပညာလုံးဝမလိုလားသူ ရှိနေတာကလည်း အထူးတဆန်းပင်။

"အခု သူ့ကို တစ်နေ့ တစ်နေ့ အိမ်မှာ အချိန်နည်းနည်းပဲ ပေးပြီး စာလုပ်ပါလို့ တောင်းတောင်းဆိုဆိုနဲ့ ညှိထားရတာပါ ဆရာ"

"ဪ"

ဝန်ဇင်းက ဒီထက်ပို၍ ဘာပြောရမယ်မသိဘဲ ဖြစ်နေသည်။

"ကျောင်းတက်သလို အချိန်တစ်နေ့ကုန်ပေးပြီး သူတက်မှာမဟုတ်တာ သိနေလို့ပါ၊ ကျောင်းသွားဆိုရင်လည်း ကားတစ်စီးနဲ့ ကျောင်းရောက်မလာဘဲ တခြားကို ရောက်သွားမှာ ကြိုမြင်နေလို့ပါ"

"ဒါကတော့ လူကြီးနဲ့ဒရိုင်ဘာနဲ့ ကြပ်မတ်ပြီး ပို့ရင်ရော"

"အမယ်လေး ... ဘယ်လူကြီး ဘယ်ဒရိုင်ဘာက သူ့ကား ပေါ် လိုက်ခွင့်ရမှာလဲ၊ သူ့ဟာနဲ့သူ ကားတစ်စီးနဲ့ မြို့လုံးပတ်လည် ကြွချီနေတာပါ ဆရာရယ်၊ ကျွန်တော်လည်း

www.burmeseclassic.com



ကိုယ့်ခြေမိန်းကလေး ကိုယ်မျက်စိကို နောက်နေတာပါ၊ အခုလည်း သူ့ကို ကျွန်တော် ဒီတစ်နှစ်မှာ စာပြန်လုပ်ဖို့ အရေး အပေးအယူနဲ့ သဘောတူထားရတာပါ၊ သူ့ကို ဒီ အချက်ခွင့်ပြုရင် အဘိုးကို ဒီတစ်ချက် လိုက်လျောဆိုတဲ့ သဘောနဲ့ ပြောထားလို့ အိမ်မှာ ဆရာနဲ့စာလုပ်မယ့်သဘော နားလည်မှု ရထားတာပါ"

"ဪ ... စာကို တော်တော်မလုပ်ချင်တာကိုး"

"ဟုတ်ပါတယ်"

"ကာယကံရှင် ကလေးကိုယ်တိုင်က စာမလိုလားဘဲနဲ့တော့ ကျွန်တော်တို့ဘက်က ဖွတ်ဆွဲတင်ပေးဖို့ ခက်ပါတယ် အန်ကယ်လ်"

"အန်ကယ်လ် နားလည်ပါတယ် ဆရာ၊ ဒါပေမဲ့ လုံးဝ ဆယ်တန်းကို လှည့်မကြည့်ဘဲ နေနေရာက ကတိတစ်ခု ရှိရုံးလေး ရသလောက် ကျုံးတွန်းပေးလိုက်ချင်တဲ့ သဘော ပါ၊ ကိုမင်းစိန် ပြောကတည်းက ကိုမင်းမောင်မြေးဆိုလို့ စိတ်ဝင်စားပြီး သဘောကျတာပါ၊ အခု ဆရာ့ကို မြင်ရတဲ့ အချိန်မှာ ကျွန်တော် အရမ်းသဲဘောကျပါတယ်၊ လူမှာ နဖူးရေ ဒူးရေရှိတယ်ဆိုတာ အလကား စကားမဟုတ်ပါ ဘူး၊ အပေါ်ယံအမြင်နဲ့ အတွင်းကျကျဆုံး ဖြတ်မရနိုင်ဘူး ဆိုပေမယ့် ကျွန်တော်လည်း လူကြီးပါ၊ တရားသူကြီး ဟောင်းပါ၊ လူဆိုးလူကောင်းကို သက်သေအချက်အလက်





တွေနဲ့အပြင် ကိုယ့်ရဲ့အမြင်၊ ကိုယ့်အယူအဆ၊ ကိုယ့်အကဲ ခတ် လေ့လာသုံးသပ်မှုနဲ့လည်းပဲ ကောက်ချက်ချ ဝေဖန် ကြည့်ခဲ့ရတဲ့သူမျိုးပါ ...

အမြင်မတိမ်းပါဘူး၊ အမြင်စူးပါတယ် ဆရာ၊ ဆရာ့ ကို မြင်မြင်ချင်းပါ၊ ကျွန်တော့်စိတ်ထဲ ယုံကြည်ချက်နဲ့ ခွန်အားတွေတက်ပြီး စိတ်ဓာတ်တောင် အတော်တက်ကြွ လာသလို ဖြစ်ပါတယ်၊ စိတ်ထဲမှာ ဒီဆရာနဲ့တော့ ငါ့မြေး တော့ ဆယ်တန်းအောင်တော့မယ် ထင်ပါရဲ့လို့ အလိုလိုကို ထင်လာပါတယ်"

ဝန်ဇင်းက အဘိုးကြီးကို ခင်မင်နှစ်လိုစွာ ရယ်မော မိရင်း ...

"အန်ကယ်လ်က မြင်မြင်ချင်း အရမ်းအထင်ကြီးနေမိပြီ ထင်ပါတယ်"

"အန်ကယ်လ်က လူတစ်ယောက်ကို အလကားသက်သက် အထင်မကြီး အထင်မသေးတတ်ဘူး ဆရာ၊ ဆရာ့ကိုမြင် မြင်ချင်း ကျွန်တော် သိတာပါ၊ ယုံကြည်အားကိုးရမယ့် သူ၊ ငါ့မြေးကို ဆွဲတင်နိုင်တော့မယ့် သူလို့ သိနေတာ ပါ"

"အန်ကယ်လ်က တရားသူကြီးလည်း ဖြစ်ခဲ့တော့ စကား ပြောတာလည်း ပညာပါပါတယ် ခင်ဗျာ၊ အန်ကယ်ကို လည်း ကျွန်တော် ခင်မင်လေးစားပါတယ်၊ ဘဘဦးမင်းစိန်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကျွန်တော်ကျေးဇူးရှင်ပါ၊ ဒီကိစ္စကို ကူကိုကူညီ ချင်ပါတယ်၊ ကူညီနိုင်ဖို့ကိုပဲ ဘယ်လိုလုပ်ရင်ကောင်းမလဲ အရင်တိုင်ပင်ကြည့်ကြသေးတာပေါ့ ခင်ဗျာ"

"ကူညီပါ ဆရာ၊ ကျွန်တော့်မြေးကို သင်ဖြစ်အောင် သင် ပေးပါ"

ဦးမောင်မောင်ရန်အောင်ဟာ သူ့ကိုယ်သူ အန် ကယ်လ်လို့လည်း ထည့်သုံးပေးမယ့် စကားပြောတဲ့ နာမ်စားမှာ "ကျွန်တော်"လို့ နှိမ်နှိမ်ချချ ထည့်သုံးတာကို ဝန်ဇင်းကလည်း အနေခက် အားနာနေမိပါသည်။ ကိုယ့်အဘိုးရဲ့မှ သူငယ်ချင်းတွေ ဆိုမယ့် သူ့အပေါ် ဆရာတစ်ယောက်ဖြစ် လေးလေးစားစား ဆက်ဆံတာဟာ ပြည့်ဝသူမို့ပင်။

မာန်မာနမောက်ကြွားနိုင်တဲ့ အဆင့်မျိုးရှိတာ သေ ချာပေမယ့် လုံးဝမာန်မာနမရှိ ဆက်ဆံပုံနှင့်ပင် ဝန်ဇင်းက ကူညီ ဆိုးလိုစိတ် ရှိနေပါပြီ။ ဒီလိုမျိုးရိုးက ဆင်းသက်လာတဲ့ ကလေး တစ်ယောက်ဟာ ဘယ်လိုနည်းနှင့် အလွန်အကျွံ ဆိုးသွမ်းမိုက်မဲ နိုင်ပါ့မလဲ။ အခြေခံဗီဇကောင်း ရှိကိုရှိရမှာပါ။

"ကလေးရဲ့မိဘတွေကကော ဆယ်တန်းပြန်ဖြေဖို့ တိုက် တွန်းကြရဲ့လား အန်ကယ်လ်"

"ကလေးရဲ့မိဘတွေ !အင်း ... မိဘတွေက ရှင်းရှင်းပြော ရရင်တော့ စိတ်မဝင်စားကြပါဘူး"

ဝန်ဇင်းက စိတ်မကောင်း ဖြစ်သွားမိပါသည်။





"စိတ်မဝင်စားအားတူး ဆိုပါစို့ ဆရာရယ်၊ ကျွန်တော့်သမီး က မွေးတဲ့မြေးပါ၊ သမီးက နောက်အိမ်ထောင်နဲ့ အယ်လ် အေမှာပါ၊ သမက်တ နောက်အိမ်ထောင်နဲ့ပဲ စင်ကာပူမှာ ပါ"

"ဪ"

"သူ ခုနစ်နှစ်သမီးကတည်းက ကျွန်တော်နဲ့ပဲ နေရရှာတာ ပါ"

"ဪ ... ကျွန်တော် နားလည်ပါပြီ"

"ဒီလိုကလေးမျိုးမှာ ဘယ်လိုခံစားချက်အခံ စိတ်အခံတွေ ရှိမလဲ၊ ဆရာလည်း တွေးနိုင်ပါလိမ့်မယ်၊ ဒါတွေကြောင့် ကျွန်တော်လည်း တော်ရုံတန်ရုံ ဘာမှမပြောဘဲ အလိုလိုက် ထားရင်းကပဲ ပိုပိုပြီး ဆိုးဆိုးလာတာမျိုးပါ၊ တကယ်တော့ လည်း သနားဖို့တော့ကောင်းတဲ့ မြေးမပါ၊ ဉာဏ်ရည်မနိမ့် ပါဘူး ဆရာ၊ နိမ့်စရာ ဘာအကြောင်းမှ မရှိပါဘူး၊ စာ မလုပ်တာပါ"

"ဘယ်နှနှစ်များ ဖြေဖူးပြီးပြီလဲ အန်ကယ်လ်"

"လေးကြိမ် ဖြေဖူးပါတယ်၊ ပုံမှန်အသက်မှာ နှစ်နှစ်ဆက် တိုက်ကျခဲ့ပြီးတော့ နှစ်နှစ် မဖြေဘဲ နေတယ်၊ နောက်ထပ် တစ်နှစ်ခြား တစ်ကြိမ်စီနဲ့ စုစုပေါင်း လေးကြိမ်ဖြေထားဖူး တယ်၊ မနှစ်ကတော့ မဖြေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကလေးက အသက်တော့ မငယ်တော့ဘူးပေါ့ အန်ကယ်လ်"

"ကလေးကို မဟုတ်တော့တာပါ ဆရာရယ်၊ နှစ်ဆယ့်လေးနှစ် ပြည့်ပြီးလို့ အသက်အစိတ်ထဲ ရောက်နေပါပြီ"

"ဩော်"

မငယ်တော့တဲ့ အရွယ်ပဲ။ နားလည်သိတတ်တဲ့ လူကြီးတစ်ပိုင်းအရွယ် ဆိုးနေတာက ကလေးတစ်ယောက်ဆိုးနေတာလောက်တော့ အဆိုးချတ်ဖို့ မလွယ်ပါ။

"စာတွေကိုလည်း အကြိမ်ကြိမ် သင်ဖူးပြီးသား၊ အကြမ်းဖျဉ်းတော့ အားလုံးသိနေပြီးလောက်ပါပြီ ဆရာရယ်၊ စာကိုမကျက်တာပါ"

အင်း ...။ ဒီချာတိတ်မကြီးကိုတော့ စာတွေ အပတ်တကုတ် ပြန်သင်နေဖို့ထက် အောင်ရုံရွေးကောက် Guide လုပ်ပြီး နည်းစနစ်တစ်မျိုးနဲ့ ခေါင်းထဲရောက်အောင် လုပ်မှထင်ပါရဲ့။ ကျူရှင်လိုသင်ဖို့ထက် Guide လို စာမေး၊ ခေါင်းထဲမှတ်စေတာက သင့်တော်လိမ့်မည်။

အသက်အစိတ်အရွယ် ဆယ်တန်းကျောင်းသူကြီးကိုလည်း ဘယ်လောက်ဆိုးသလဲ လေ့လာကြည့်ချင်ပါသေးသည်။

"ကျွန်တော် ကလေးနဲ့ တစ်ရက်လောက် အရင်တွေ့ပြီး စကားပြောကြည့်ပါဦးမယ် အန်ကယ်လ်"





## ၂

"မမလေး ... ဆရာရောက်နေပါပြီ"

မှန်ရှေ့မှာ ခပ်ငူငူ ထိုင်နေတဲ့ "သာကီခင်လေး"က မှန်ထဲကနေပဲ ညှိုညှိုကို ခေါင်းတစ်ချက် ညိတ်ပြလိုက်ပါသည်။ ချော်ကလက်ရောင် ညိုရင့်ရင့် ဆံနွယ်တွေကို ဒစ်ဂျစ်တယ်ကောက်ကောက်ထား၍ အရှည်ဆုံးက ခါးနားဆီ၊ အတိုဆုံးက ပခုံးကျော်ရုံ ဝေ့ဝဲလှိုင်းထ ဖွာနေတဲ့ ဆံပင်တွေကြားက ဝင်းနမွတ်စင်တဲ့ မျက်နှာကလေးက မှုန်နေပါသည်။

"အဘိုးရော"

"အဘိုး ရှိပါတယ်"

"အဘိုးပါ ပါလား"

"အဘိုး အောက်ထပ်မှာပဲ မမလေး၊ အပေါ်လိုက်မလာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားကျယ်လွင့် ခမ်းနားထည်ဝါလှတဲ့ သုံးထပ်တိုက်အိမ်ကြီးတွင် အဘိုးက အမြင့်မတက်ချင်လှ၍ အောက်ထပ်ကိုယူထားသည်။ သာကီက အလယ်ထပ် တစ်ထပ်လုံး ယူထားကာ အပေါ်ဆုံးထပ်ကတော့ ဘုရားဆောင်နဲ့ သာကီရဲ့ Instrument တွေထားတဲ့ အထပ်ပါ။

သာကီ့ရဲ့အလယ်ထပ်မှာပင် ဧည့်ခန်း သီးသန့်ရှိကာ သာကီ့ဧည့်သည်လာတိုင်း အလယ်ထပ်သို့သာ ပို့ဆောင်မြဲပါ။

“ဝေဝေ ... ပြီးပြီလား”

ကျောတစ်ဝက်ထိ အမှီပါတဲ့ မှန်တင်ခုံရှေ့ ဆိုဖာလေးမှာ ခပ်တောင့်တောင့်မှိုမှိုလေး နေနေတဲ့ သာကီက သူ့ခြေရင်းကြမ်းပြင်မှာထိုင်ကာ ခြေသည်းတွေ ဆေးချွတ်ဖျက်ပေးနေတဲ့ ဝေဝေ့ကို ငုံ့မေးလိုက်ပါသည်။

“ပြီးတော့မယ် မမလေး”

“မြန်မြန်လုပ်၊ တော်ကြာ အဘိုး အမှန်းတင်ထားတာတွေ ကြားထားမယ့် ဆရာက ငါ့ကို တမင်အချိန်ဆွဲ ပညာပြနေတယ် ထင်ဦးမယ်”

သာကီက ဝေဝေ လက်စသတ်လိုက်တဲ့ ခြေတောက်ကို ဆွဲယူထ,ရပ်ကာ သက်ပြင်းတစ်ချက် ချလိုက်ရပါသည်။ စာမေးပွဲကို မဖြေချင်တော့ပါဘူးဆိုမှ။ စိတ်တွေ ညစ်လိုက်တာ အဘိုးနှင့် အပေးအယူ လုပ်ရတာမို့သာ။ ဒီဆရာလည်း မကြာခင်





မှာတော့ စာကျက်မှာမဟုတ်တဲ့ စာမေးလို့ရမှာ မဟုတ်တဲ့ သာကီ့ကို စိတ်ညစ်ပြီး ထားခဲ့ပြေးမှာပါပဲ။

မနှစ်က တစ်နှစ်က ဆရာမတွေလည်း ဒီလိုပဲ မဟုတ်လား။ သို့ပေမယ့် သာကီ ကြုံခဲ့ဖူးသည်မှာတော့ ဆရာမတွေချည်းပါ။ ဒီတစ်ခါတော့ အဘိုး ဘာကြောင့် ဆရာကို ရွေးချယ်ခဲ့ပါလိမ့်။ ဒူပေဒါပေ ဒဏ်ခံနိုင်အောင်လို့လား။

“ဆရာ့ဖို့ ဘာလာပို့ပေးရပါမလဲ ... မမလေး”

“မလိုဘူး၊ ဘာမှလာမပို့နဲ့”

သာကီက အိပ်ခန်းထဲက ထွက်လာကာ လှေကားထိပ်ထောင့်နားက ဧည့်ခန်းကျယ်ဆီ လျှောက်လာခဲ့ပါသည်။ ကျောက်စိမ်းရင့်တစ်ထပ်၊ ရွှေညိုရောင်တစ်ထပ် ရောယှက်ထားတဲ့ ဖဲတစ်ထပ် ဇာတစ်ထပ် နှစ်ဖက်သိမ်း ခန်းဆီးစကြီးအလယ်မှ သာကီ လှမ်းဝင်လိုက်လျှင် ဆိုဖာဆက်တီ ဖြူဖွေးဖွေးတွေမှာ ထိုင်နေတဲ့ အမျိုးသားတစ်ယောက်ကို တွေ့လိုက်ရပါသည်။

ဖြူဆွတ်သောနံရံ ဖြူဆွတ်သော ဆက်တီနှင့် ကျောက်စားပွဲဖြူကြီး ခင်းကျင်းထားတဲ့ အခန်းဖြူဖြူလင်းလင်းမှာ နံရံကျယ်ပေါ်၌ အနက်ပေါ် နှင်းဆီနီတစ်ခက်ပုံ ပန်းချီကားအကြီးကြီး ချိတ်ဆွဲထားပါသည်။ ကန့်လန့် အလျားရှည် လေးပေခြောက်ပေ ပန်းချီကားကြီးဟာ ရွှေကနုတ်ဘောင်နှင့် အနက်ရောင်ခံ။ နှင်းဆီနီတစ်ခက် ကန့်လန့်ဖြတ်လှဲပြီး ချထားတဲ့။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားကို ထိုအမျိုးသားက သူ့နေရာကနေ စိတ်ဝင်တစား လှမ်းကြည့်နေရာမှ သာကီ ဝင်လာသံကြားလျှင် လှမ်းကြည့်လိုက်ပါသည်။

သာကီ့ကိုမြင်လျှင် အံ့အားသင့်သွားတဲ့ မျက်ဝန်းက တစ်ချက် အရောင်ပြောင်းသွားသလိုရှိကာ မျက်နှာကြောက နဂိုနေထက် ပိုတင်းသွားသယောင်ပင်။

"ဩော် ... 'သာကီခင်လေး' ဆိုတာ အဆိုတော် သာကီလို့ မထင်လိုက်မိဘူး၊ သာကီခင်လေး ဆိုတဲ့ နာမည်က အရမ်းနန်းဆန်ပြီး ကျက်သရေရှိလွန်းတော့ အဆိုတော်သာကီဆိုတဲ့ အသွင်အပြင်မျိုးနဲ့ မဆက်စပ်မိဘူး"

သာကီက သူ မှန်းထားတာထက် ငယ်နေတဲ့ "ဆရာ"ဆိုသူကို ခပ်ငေးငေးပဲ ကြည့်နေမိသည်။ တစ်ကမ္ဘာလုံးက ကျောင်းဆရာတွေထဲမှာတော့ သူ အချောဆုံး အလှဆုံးဖြစ်မှာ သေချာနေပါသည်။ တစ်မျိုးကြည့်ကောင်းလွန်းလှတဲ့ ဉာဏ်ရည်ထက်မြက်သော ရုပ်ရည်ဟာ တည်ကြည်ထွန်းလင်းတောက်ပ လက်ဖြာနေပါသည်။

"ကဲ ... သာကီခင်လေး၊ အရင်ဆုံး မင်း အဝတ်အစား အရင်ဆုံးသွားလဲလိုက်ပါ၊ ဒီလိုဝတ်စားထားတဲ့ ကျောင်းသူမျိုးနဲ့ ငါ စကားမပြောနိုင်ဘူး"

ဒီလိုလား။





အဝတ်အစားက ဘာအရေးကြီးလို့ လူကိုမြင်မြင်ချင်း ဆောက်နဲ့ထွင်းတဲ့စကားမျိုး ပြောရတာပါလိမ့်။ သာကီက ဘာမှပြန်မပြောဘဲ ခေါင်းတစ်ချက်ညိတ်ကာ လှည့်ထွက်လာခဲ့ပါသည်။ ဝတ်ထားတာက ဘာဖြစ်နေလို့လဲ။ ရိုးရိုးတီရှပ်အကျပ်နဲ့ ဂျင်းဘောင်းဘီပဲလေ၊ ဂျင်းဘောင်းဘီက ဒူးအထက်ရောက်နေတာတော့ ရှိတာပေါ့။

"ဝေဝေ"

"ရှင် ... မမလေး"

"ငါ့ကို ဒေါ်စောဆီက ရှန်သားအဖြူရင်ဖုံးအင်္ကျီ တစ်ထည်နဲ့ ချည်ချိတ်လုံချည်တစ်ထည်လောက် သွားတောင်းခဲ့ပေးစမ်း"

တစ်ခဏ အကြာတွင်တော့ သာကီခင်လေးသည် ကျောင်းဆရာရှေ့၌ ဒုတိယအကြိမ်မြောက် ရပ်မိသည်။ ဘယ်ခြေကိုထောက်၊ ညာခြေကို ဘယ်ခြေရှေ့ ကန့်လန့်ဖြတ် ခရောစ်လုပ်ကာ ပခုံးတစ်ဖက်နိမ့် တင်ပါးတစ်ခြမ်းနဲ့ထားတဲ့ ပုံနှင့်ပင်။

နံ့သာရောင်ပေါ် အညိုချိတ် ချည်ထည်လုံခြည်တစ်ပတ်နွမ်းကို ခြေသလုံးတစ်ဝက်လောက်တိုအောင် ဝတ်ပြီး အပေါ်ကတော့ အတော်ဖားလျားပွရွတဲ့ အဖြူရောင် ရှန်သားရင်ဖုံးအင်္ကျီ လက်ကားဝတ်ကာ လက်ပိုက်ပြီး နံ့ရပ်နေတဲ့ သာကီခင်လေးကို ဝန်ဇင်းက စိုက်ကြည့်ရင်း တစ်ခဏစကားလုံးရှာချယ်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ...။ ဦးမောင်မောင်ရန်အောင်ရဲ့ မြေးဆိုးဆိုတဲ့ ဘွဲ့ထူးကို သူလည်း အလွယ်တကူလေးနဲ့တော့ ဘယ်ဆွတ်ခူးပါ့မလဲ။ သူ အရွဲ့တိုက်လာတာ အသိသာကြီးပေမယ့် ဒါကိုအရွဲ့တိုက်ထားမှန်း ကိုယ်က အသိအမှတ်ပြုပေးလို့ ဘယ်ဖြစ်မလဲ။ ကိုယ်က အသိအမှတ်ပြုပေးလိုက်ရင် သူ ရွဲ့ရကျိုးနပ်သွားမှာပေါ့။

"မင်း ထိုင်လို့ရပြီ"

သာကီက အသာတကြည်ပဲ ဆက်တီတစ်ခုမှာ ဝင်ထိုင်လိုက်သည်။ ကျောင်းဆရာကိုတော့ ခပ်ရူးရူးပဲ စိုက်ကြည့်နေပါသည်။

"မင်း အခွေထွက်တာ ဘယ်နခွေ ရှိပြီလဲ"

သာကီက အံ့သြသွားပါသည်။ ဘာလို့ သူက သီချင်းခွေကိစ္စ မေးရပါလိမ့်။ သာကီက ဆိုဖာဆက်တီမှာ သက်သောင့်သက်သာ မှီလိုက်ရင်း ...

"နှစ်ခွေ"

"တစ်ကိုယ်တော် အခွေလား"

သာကီက ခေါင်းညိတ်ပါသည်။

"ဟိုတလောက လူတွေအများကြီးပါတဲ့ အခွေတစ်ခွေ ကြော်ငြာထဲမှာလည်း သာကီ ဆိုတာ တွေ့လိုက်သလားလို့"

"အဲလိုအတွဲ့ ခွေတွေကတော့ ဆယ်ခွေလောက်ရှိပါပြီ"

"သီချင်းစဆိုတာ ဘယ်နနှစ်လောက် ရှိပြီလဲ"





"ဆယ်တန်း ဒုတိယနှစ်ကျပြီး စဆိုတာဆိုတော့ ခုနစ်နှစ်လောက်တော့ ရှိပြီ"

"မင်း ဒီနှစ်တွေအတွင်းမှာ လူကြိုက်များတဲ့ အောင်မြင်တဲ့ အဆိုတော်တစ်ယောက်ဖြစ်အောင် လုပ်နိုင်ခဲ့သားပဲ။ ဆရာ ထင်တာတော့ ဆယ်တန်းဖြေတဲ့ကိစ္စက ဆီးရီးတစ်ခွေပေါက်ဖို့လောက် မခက်ဘူးလားလို့၊ ဆယ်တန်းဆိုတာ သတ်မှတ်ထားတဲ့ သင်ခန်းစာကို ရအောင်ကျက်ပြီးရင် အောင်ကိုအောင်တဲ့ စာမေးပွဲပဲ၊ ဆီးရီးတစ်ခုကတော့ ကိုယ်ဘယ်လောက်ပဲ ကြိုးစားအားထုတ်ဦး အောင်မြင်ချင်မှ အောင်မြင်တဲ့ စာမေးပွဲမျိုး"

"ဒါပေမဲ့ ကျွန်မ သီချင်းတစ်ပုဒ်ကို တစ်ခေါက်ဆိုကြည့်လိုက်ရုံနဲ့ အလွတ်ရပြီး စာတစ်ပုဒ်ကျက်ရင်တော့ အကန့်အသတ် အတိုင်းအတာ မရှိအောင် အချိန်ကုန်တယ်၊ ကျွန်မ ဦးနှောက်မှာ ကျောင်းစာအတွက် အကန့်မပါဘူး"

"ဘယ်သူက ပြောတာလဲ"

"ကိုယ့်ကိုယ်ကိုယ် ထင်တာပါ"

"ပါပါတယ်၊ ဘဝရဲ့အစိတ်အပိုင်းကဏ္ဍ အားလုံးအတွက် မင်း ဦးနှောက်မှာ သူ့အကန့်နဲ့သူတွေ ရှိပြီးသား၊ အံဝင်ခွင်ကျအကန့်ကို မင်း မတွေ့သေးတာပါ၊ စနစ်တကျ ထည့်လို့ပါ၊ ပြီးတော့ တခြားအရာတွေကိုချည်း ဦးစားပေး



www.burmeseclassic.com

www.burmeseclassic.com



ထည့်နေလို့လည်း ဖြစ်မှာပါ၊ ဆယ်တန်းဖြေတာ ဘာမှ ခက်ပါဘူး သာကီခင်လေး ...

မင်းဘဝမှာ အလွတ်ကျက်ပြီး ဖြေလို့မရခဲ့တဲ့ ဘ ပုစ္ဆာတွေ အများကြီး ရှိဖူးခဲ့မှာပါ၊ အဲဒီထဲမှာ ဆယ်တန် မပါဘူး"

သာကီသည် မျက်လုံးလေး အရောင်တဖျပ်ဖျ လက်တောက်ကာ ကျောင်းဆရာကို အထင်တကြီး ကြည့်လို မိပါသည်။

တစ်ချိန်တည်းမှာပဲ ဒီလူအပေါ် ပျောင်းညွတ်လာ လိုတဲ့ စိတ်တစ်ခု ရင်ထဲပေါက်ဖွားလာသည်။ နှလုံးသားထဲလည် တဖျပ်ဖျပ် ခုန်လှုပ်ကျင်ရှသွားပါသည်။

"အလွတ်ကျက်ပြီး ဖြေလို့မရခဲ့တဲ့ ပုစ္ဆာတွေ ဆရာဘဝ ရော ရှိခဲ့ဖူးလား"

"အများကြီးပဲပေါ့"

သာကီက သူ့ကို ပြုံးပြလိုက်ပါသည်။ ဘဝတူ ဖြစ်သွားတဲ့ အသိအပေါ် ကျေနပ်အဖော်ရသွားပါသည်။

"ဆရာ့နာမည် ဘယ်လိုခေါ်ပါလဲ"

"ဝန်ဇင်းလို့ ခေါ်တယ်"

"ကျွန်မ ဆရာလို့ မခေါ်ရင် ရလား ဆရာ"

ဝန်ဇင်းက တစ်ချက် နှုတ်ဆွံ့သွားရပါသည်။





"ဆရာ ... ဆရာမလို့ ခေါ်လိုက်တာနဲ့ သူနဲ့ကိုယ်က တစ်သားတည်း မဖြစ်တော့ဘဲ တသီးတခြား ကွဲပြားဝေးကွာသွားသလို ဖြစ်ဖြစ်သွားလို့ပါ၊ ဆရာလို့ ဆရာမလို့ခေါ်လိုက်ရတိုင်း တာဝန်ကြီးတွေ ဝန်ထုပ်ဝန်ပိုးကြီးတွေ ခေါင်းပေါ်ပိသွားသလို ခံစားရလို့ပါ၊ အရင်တုန်းကပေါ့ အောက်ထပ်ကနေ ကောင်မလေးတွေက ဆရာမလာပြီလို့ လှမ်းပြောလိုက်တာနဲ့ စိတ်က နောက်ကျိသွားတယ်၊ ဖိစီးသွားတယ်၊ စိတ်ပင်ပန်းတာကြီးတစ်ခု လုပ်ရတော့မယ်လို့တွေးမိပြီး အသက်ရှူတောင်ကျပ်သွားတယ် ...

ဆရာ ... ဆရာမ ဆိုတာနဲ့ ကိုယ့်ကို စာတွေသင် စာတွေမေးတော့မယ်ဆိုတာ တွေးမိပြီးသားပဲလေ၊ ကျွန်မကို ကျွန်မလိုအပ်နေတဲ့အဖြေတွေ ရှာပေးဖို့၊ ကျွန်မနဲ့ခေါင်းဝိုင်းစားပေးဖို့ အားကိုးရာမိတ်ဆွေတစ်ယောက်လို့ ခံစားလို့မရတော့ဘူး၊ ကျွန်မကို ဆရာလာလုပ်တော့မယ်လို့ပဲ တွေးတော့တယ်၊ ကျွန်မက ကျွန်မကို ဆရာလုပ်တာ မကြိုက်ဘူး၊ ရှင်းပြပေးတာ ဖြေရှင်းပေးတာပဲ ကြိုက်တာ"

ဝန်ဇင်းက ရှည်လျားသော မျက်တောင်ကြီးတွေ ...ခင်းပေါ် စင်းပြီးစိုက်ကြည့်ကာ တစ်လုံးချင်း ခံစားချက်ပါ ပြောနေတဲ့ သာကီ့ကိုကြည့်ရင်း စိတ်ထဲကျေနပ်မိသည်။ သူ ...ကြားရမယ့်သူဟာ ဦးနှောက်မရှိတဲ့သူ မဟုတ်။ သူ့အတွေးနဲ့ ...တဲ့သူပင်။ ပြီးတော့ အမှန်အတိုင်း ပြောရဲတဲ့သူလို့လည်း ...မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ အဲဒါ ကောင်းတယ်၊ ကိုယ်လည်း တစ်ယော
ကိုတစ်ယောက် ရှိန်မနေရဘဲ ညှိနှိုင်းဆွေးနွေး အဖြေရှာ
ရတာမျိုးကို သဘောကျတဲ့သူပဲ၊ မင်း ကိုယ့်ကို ဦးဝန်ဇင်း
ခေါ်နိုင်တယ်၊ မင်းကတော့ ဒေါ်သာကီပေါ့"

သာကီသည် လှစ်ခနဲ ပြုံးစိစိလေး ဖြစ်သွားမိပါသည်

"မင်းကို ကိုယ် ဆရာလာလုပ်တာ မဟုတ်ဘူး၊ ဆယ်တ
အောင်သွားအောင် လာလုပ်ပေးမှာ"

"ကျွန်မ ဆယ်တန်းအောင်အောင် ဦးဝန်ဇင်းက လုပ်
လို့ ရလို့လား"

"အင်း ... မင်း တော်တယ်၊ မှန်တယ်၊ မင်းမပါဘဲ ငါ
ချည်းပဲ လုပ်ပေးလို့ မရဘူး၊ ကာယကံရှင်က မင်းဖြစ်
အတွက် မင်းလုပ်မှရမှာ၊ ကိုယ်က ကူညီပံ့ပိုးပေးလို့ပဲရ

"တကယ်တော့ ..."

သာကီက စကားကို ခဏရပ်ထားပြီးမှ ...

"ကျွန်မကိုက ဆယ်တန်းအောင်အောင် မလုပ်ချင်တာ

"အဲဒါ ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတာ ဦးဝန်ဇင်းကို ပြောပြဖို့ ဆောပါ
တယ်၊ ကျွန်မရဲ့ ပါစင်နယ်လ်ပါ၊ နောက်တော့ ပြော
တယ်ထင်မှ ပြောတော့မယ်"

"အခုရော ....! ဆယ်တန်းမအောင်ချင်တုန်းပဲလား"

"ဟုတ်ကဲ့"





"ဘယ်လိုပဲဖြစ်စေ အခု မင်းကို ကိုယ်စာသင်မယ့်ကိစ္စကို
တော့ မင်းလက်ခံလား"

"ဟုတ်ကဲ့၊ လက်ခံမယ်လို့ အဘိုးကိုလည်း ပြောပြီးပါပြီ၊
အဘိုးကိုလည်း သနားလို့ပါ"

"ဒါဖြင့် ကြည့်သေးတာပေါ့"

"ရှင် ... ဘာကို ကြည့်သေးမှာလဲ"

"မင်း ဆယ်တန်း အောင်ချင်မလား၊ မအောင်ချင်ဘဲ
ဆက်ရှိနေမလားဆိုတာ ကြည့်ကြတာပေါ့လို့ ပြောတာ၊
မင်း မအောင်ချင်ရင်တော့ ဘယ်နည်းနဲ့မှ မအောင်နိုင်ဘူး
လေ၊ ငါက ဘယ်လောက် ရင်နှစ်ခြမ်းကွဲအောင် ကြိုးစား
စေတနာထားပေးပေး၊ စာမေးပွဲခန်းထဲမှာ အဖြေလွှာကို
မင်း အလွတ်တင်လိုက်ရင် ပြီးနေတာပဲ၊ မင်း မအောင်
ချင်တဲ့အတိုင်း ဖြစ်လာမှာပဲပေါ့"

သာကီက ဝန်ဇင်းကို စူးစိုက်ကြည့်နေရာမှ ...

"ဦးဝန်ဇင်းက ကျွန်မစိတ်ကို သိမယ့်ပုံရလို့ တစ်ခု ဝန်ခံ
ရဦးမယ်"

"ဝန်ခံလေ"

"ပထမဆုံး ဆက်တိုက်ဖြေပြီးကျတဲ့ နှစ်နှစ်က ကျွန်မ
စိတ်လေနေလို့ စာကောင်းကောင်း မလုပ်မိဘဲ ကျတာပါ"

"စိတ်က ဘာလို့လေတာလဲ"

"ရှည်းစားကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သာကီက ခပ်တိုးတိုး ဖြေပါသည်။

"ဪ ...၊ အင်း ... ဆက်ဝန်ခံပါဦး"

"နောက်ထပ် နှစ်ခြားပြီး နှစ်ကြိမ်ထပ်ဖြေတာကတော့ ..."

ဝန်ဇင်းက သာကီခင်လေးရဲ့ မျက်ဝန်းများထဲ စေ့စေ့စိုက်ကြည့်နေမိပါသည်။ နာကျင်ခံစားနေရတဲ့ မျက်ဝန်းလေးများက သနားစဖွယ် အထီးကျန်ဆန်နေပါသည်။ ဝန်ဇင်းသည် ဒီမိန်းလေးရင်ထဲထိ ထွင်းဖောက်မြင်နေရသလို ခံစားရသည်။

ဘော်ဒါဆောင်မှာ မဲ့တစ်ရာသားသမီးများကို အုပ်ချုပ်နိုင်ဖို့ရာ တစ်ယောက်ချင်းကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်ပြီး သူတို့စိတ်တွေထဲအထိ အောင်မြင်အောင် ကြည့်တတ်တဲ့ အလေ့အထ ရှိခဲ့တာ မှန်ပေမယ့် ဒီမိန်းကလေးရဲ့ရင်ထဲကိုတော့ သူတကာတက်ကိုပိုပြီး ဟင်းလင်းနက်ရှိုင်းစွာ လှမ်းမြင်နေနိုင်တာ နားလည်မှု သူ့ရင်ထဲ ပေါက်ဖွားလာသလိုပင်။

"မင်း ... ခြစ်ချခဲ့တာလား၊ အလွှတ်ထားခဲ့တာလား"

"နောက်ဆုံးဘာသာနေ့မှာ အလွှတ်ထားခဲ့လိုက်တာပါ"

ဝန်ဇင်း စိတ်မကောင်း ဖြစ်သွားရပါသည်။

"ဒါကလည်း ငါ့ကို မပြောနိုင်သေးတဲ့ ပါစင်နယ်လ်ကိစ္စကြောင့်ပဲ ထင်တယ်"

သာကီက အောက်နှုတ်ခမ်းလေးကို ကိုက်ကာ ငြိမ်နေပါသည်။ နှုတ်ခမ်းလေးက မဲ့နေပါသည်။ ဝန်ဇင်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...





"ခုလို ကြားရတာ အရမ်းဝမ်းသာတယ်"

"ရှင်"

"ငါ စာသင်ပေးရမယ့် ကျောင်းသူဟာ စာရွက်လွတ်အပ်လိုက်လို့ စာမေးပွဲကျရတာဆိုတာ သိရတော့ စာသင်လို့မရအောင် ဦးနှောက်ဖျင်းထုံနေလို့ မဟုတ်ဘူးဆိုတာ သိရတာပေါ့၊ မဟုတ်ဘူးလား"

"အဟင်း ဟင်း"

ပထမ အံ့ဩသွားတဲ့ သာကီက ဝန်ဇင်း စကားကြောင့် တစ်ဖက်လှည့်ပြီး မသဲမကွဲ ရယ်နေပါသည်။

"ဒါတိုကြည့်ရင် မင်းက ခံစားချက်ကို ဦးစားပေးတဲ့သူဆိုတာ သိသာတာပေါ့၊ စာမေးပွဲမှာ ခြစ်ချဖို့ စာရွက်လွတ်အပ်ဖို့ဆိုတာ တော်ရုံမိုက်မဲမှုနဲ့လုပ်ဖို့ မလွယ်တဲ့ကိစ္စပဲ"

"သတ္တိရှိတာ မဟုတ်ဘူးလား"

"ဘာသတ္တိမှ မဟုတ်ဘူး၊ ဒီနှစ် ကိုယ်မှန်းတဲ့အမှတ် မရနိုင်ဘူး၊ နောက်နှစ်မှ ရအောင်ဖြေမယ်ဆိုပြီး ခြစ်ချခဲ့တာမျိုးမှာဆိုရင် သတ္တိပါသေးတယ်၊ ခံစားမှုတစ်ခုကြောင့် မအောင်ချင်ဘူးဆိုပြီး ခုလိုလုပ်တာမျိုးကျတော့ မိုက်မဲတာပေါ့၊ မင်းကို မျှော်လင့်ချက်ထားတဲ့ အဘိုးရဲ့မေတ္တာနဲ့ ရှင်သန်မှုကိုလည်း ဖျက်ဆီးရာကျတယ်၊ ထည့်မတွက်ရာကျတယ်၊ မိုက်လုံးကြီးတာ သက်သက်ပဲ"

သာကီက ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်လေ၊ ငါ့တာဝန်ကတော့ မင်းအဘိုးကို ကတိပေးထားတဲ့အတိုင်း မင်းကို စာရအောင်လုပ်ပေးမယ် ဖြေတော့မှ Blank ထားတာ မထားတာက မင်းကိစ္စပဲ သာကီခင်လေး၊ ဒါပေမဲ့ မင်း ကြိုသိထားရမှာ ရှိတယ်"

"ဟုတ်ကဲ့ ... ပြောပါ"

"ကိုယ်က လုံးဝမအားဘူး၊ ခြံထဲမှာပဲ ဆော်ဒါလည်းမွေး ထားတယ်၊ ကျောင်းသူ ကျောင်းသား ရာကျော်ရှိတယ် သူတို့ရဲ့ပညာရေး၊ စားသောက်ရေး၊ ကျန်းမာရေးတွေအား လုံးကို တာဝန်ယူထားရတာ၊ ကျောင်းကိုလည်း အုပ်ချုပ် ရတယ်၊ စာလည်းဝင်သင်ရတယ်၊ ငါ့မှာ အချိန်အားဆိုတာ လေးကို မနည်း အချိန်ဇယားဆွဲပြီး မရှိ့ရှိအောင် ကြံဖန် ညှစ်ထုတ်ထားရတာ ...

ကိုယ့်ကျောင်းမှာ သင်တာကလွဲရင် ဘယ်ကိုမှ Home visit မလိုက်ဘူး၊ မသင်ဘူး၊ ဒါပေမဲ့ မင်းအဘိုး ရယ်၊ မင်းအဘိုးသူငယ်ချင်း ကိုယ့်ရဲ့ကျေးဇူးရှင်တစ်ဦးဖြစ် တဲ့ ဘဘဦးမင်းစိန်ရယ် တောင်းဆို မေတ္တာရပ်ခံတဲ့အတွက် အခု မင်းကို အိမ်လိုက်လာပြီး သင်ပေးဖို့ ကိုယ် စီစဉ်ခဲ့ တယ် ...

မင်း နားလည်ရမှာက ငါ့ရဲ့ကိုယ်ပိုင်အချိန်တွေသည် အခု မင်းအတွက်ပေးမယ့် အချိန်တွေပဲ၊ မင်းအတွက်တော့ ပေါ့ဆဆ ဖြစ်ကောင်းဖြစ်မယ်၊ ငါ့အတွက်တော့ အရမ်းကို





တန်ဖိုးကြီးတဲ့ အချိန်တွေ၊ တန်ဖိုးသတ်မှတ်လို့မရတဲ့အချိန် တွေ၊ မင်းဟာ သူ့စိမ်းလူတစ်ယောက်ရဲ့ တန်ဖိုးရှိတဲ့အချိန် တွေကို အကြောင်းအမျိုးမျိုးကြောင့် သိမ်းပိုက်စားသုံးခွင့် ယူသုံးခွင့် ရသွားတဲ့သူပဲ ...

မင်းလည်း ကလေးတစ်ယောက် မဟုတ်ဘူး၊ အောင် မြင်တဲ့ ပရော်ဖက်ရှင်နယ်လ် တစ်ယောက်ပဲ၊ လူတစ် ယောက်ဟာ အကြောင်းမဲ့တော့ မအောင်မြင်ပါဘူး၊ အရည် အချင်း တစ်ခုခုတော့ ရှိလို့အောင်မြင်တာပါ၊ မင်းမှာအရည် အချင်းရှိတယ်၊ ဦးနှောက်လည်း မနိမ့်ဘူး၊ အသိုင်းအဝိုင်း အထောက်အပံ့လည်း ပြောဖို့မလိုအောင် ပြည့်စုံတယ်၊ မင်း ကိုယ်တိုင်ကလွဲရင် ဘယ်ဘက်ကမှ လိုအပ်ချက်မရှိဘူး သာကီခင်လေး ...

မင်းကိုယ်မင်း ကိုယ့်ကိုယ်ကိုယ် မှန်မှန်ကန်ကန် အသုံးပြုပါ၊ တန်ဖိုးရှိရှိ အသုံးပြုပါ၊ စိတ်အလိုလိုက်ဖို့က လွယ်တယ်၊ စိတ်အလိုမလိုက်ဖို့က ခက်တယ်၊ လွယ်တာကို သာမန်လူတိုင်း လုပ်နိုင်တယ်၊ ခက်တာကိုတော့ 'တစ်စုံ တစ်ယောက်'ဖြစ်တဲ့သူကမှ လုပ်နိုင်တယ်၊ မင်းက သာမန်လူ မဟုတ်ဘူး၊ မင်းက တစ်စုံတစ်ယောက်၊ မီဒီယာတွေထဲမှာ အများက မျှော်လင့်ရ စောင့်ကြည့်ရတဲ့ တစ်စုံတစ်ယောက်၊ အရေးမပါတဲ့ နှစ်ပြားတစ်ပဲ အပေါစား ပါချီပါချက် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုဘူး၊ ငါက လိုအပ်တာကို ပြောပြနေတာ၊ မင်း သိပြီးသားတွေ ဖြစ်ပေမယ့် မေ့နေပုံရလို့ ပြောပြပေးတာ"

"ဘာပဲဖြစ်ဖြစ် ဦးဝန်ဇင်းကို ကျေးဇူးတင်ပါတယ်၊ ကျွန်မရဲ့စိတ်ကို သက်သောင့်သက်သာ ဖြစ်စေလို့ပါ၊ ကျွန်မ ဦးဝန်ဇင်းနဲ့ စာသင်မှာပါ၊ ဒါပေမဲ့ ကြိုပြောထားချင်တာက ကျေးဇူးပြုပြီး ကျွန်မစိတ်ကို ဖိစီးလောက်အောင်တော့ ပရက်ရှာ မလုပ်ပါနဲ့၊ ကျွန်မက ပေါ့ပေါ့ပါးပါးပဲ ရှင်သန်ချင်တာ"

"မင်းနဲ့ငါရဲ့ ကွဲလွဲမှုပဲ၊ ငါကတော့ ဘဝကို လေးလေးနက်နက် ရှင်သန်ချင်တာ"

"ကွဲလွဲလို့ရတယ် မဟုတ်လား"

"ရပါတယ်၊ စိတ်ချင်း ထပ်တူဖြစ်ဖို့ မလိုပါဘူး၊ နားလည်သဘောပေါက်ပေးတတ်ဖို့ပဲ လိုတာပါ၊ မင်းအပေါ်လည်း ငါ နားလည်မှု ထားပေးမယ်၊ မင်းဘက်ကလည်း ငါဟာ မင်းအကျိုးရှိဖို့ ကိစ္စတစ်ခုကို လာကူညီပေးနေတာဆိုတဲ့ နားလည်မှု တစ်ချက်ပဲ ထားပေးရင်ရပြီ"

"ဟုတ်ကဲ့ပါ"

သာကီက ခပ်ငူငူပဲ ခေါင်းညိတ်သည်။





"ကဲ ... စကားပြောဖို့ ကုန်ပြီ၊ ဒါဆိုရင် ငါတိုင်မ်တေဘယ်လ် ဆွဲတော့မယ်"

"ဟုတ်ကဲ့"

"သကြီန်ပြီးတာနဲ့ စ,လိုက်ရင် ဖြစ်လား"

"ဟုတ်ကဲ့ ... ဖြစ်ပါတယ်"

"ကဲ ... ပြော၊ မင်းဘက်က အဆင်မပြေတဲ့အချိန်၊ မအားလပ်တဲ့အချိန်တွေ"

"ကြာသပတေးနေ့ မနက် ခုနစ်နာရီကနေ ရှစ်နာရီခွဲ"

❣ ❖ ❣



www.burmeseclassic.com

www.burmeseclassic.com

## ၂

ကြာသပတေးနေ့နံနက် ခုနစ်နာရီ။

သာကီခင်လေးသည် ကြာပတေးနေ့တိုင်း ပြုမြဲနေကျ ဓလေ့ရှိအတိုင်း ကားကိုယ်တိုင်မောင်း၍ အိမ်ကထွက်ကာ ရွှေတိဂုံဘုရားပေါ် ရောက်လာပါသည်။ ကြာသပတေးနာမ်ထောင့်မှာ ဘုရားရှိခိုးပြီးနောက် အနီးဆုံးဇရပ်ပေါ်တက်ကာ လက်ရန်းအကွယ်လေးတစ်နေရာမှာ ထိုင်ချလိုက်စဉ်မှာပဲ ခပ်လှမ်းလှမ်းက လျှောက်လာနေသူကို လှမ်းတွေ့လိုက်ရပါသည်။

မိုးဝေ။

ရှပ်ဖြူလက်ရှည် ယောပိုးဆိုးညိုနက်တို့ ဝတ်ဆင်ထားတဲ့ ဖြူဖွေးသန့်ပြန့်နေသော လူရွယ်ကလေးသည် ဘုရားရင်ပြင်တော်က ဘုရားဖူးလာသူ လူအများကြား၌ တစ်ယောက်တည်း ပြတ်သတ်၍ ထင်းနေပါသည်။ ဖြူစင်သော အသားပေါ်မှ မည်းနက်သော မျက်ခုံးတန်းနှစ်ခုက နှာတံရင်းမှာ ထိဆက်လုသန်စွမ်းနေသည်။



ရဲဝံ့ပြတ်သားတဲ့ ရုပ်လက္ခဏာ။ ဤလို ရုပ်ဆင်းကြန်အင်နှင့် ယောကျ်ားတစ်ယောက်ဟာ အမေနှင့် အစ်မတွေစကားကို မြေဝယ်မကျ နားထောင်သူဖြစ်လိမ့်မယ်လို့ မထင်ရ။ ကိုယ့်အတွေးနှင့် ကိုယ့်ဆုံးဖြတ်ချက်နှင့် ရှင်သန်ထက်မြက်လိမ့်မယ်လို့သာ ထင်ရပေသည်။

သူ့ရဲ့နောက် ခလှမ်းမကမ်းမှာ သူသွားလေရာ နောက်ကပါတဲ့ ဦးကျော်လည်း ပါလာပါသည်။ ဦးကျော်ဟာ သူ့ရဲ့ဒရိုင်ဘာလည်းဟုတ်၊ ကိုယ်ရံတော်ဆိုလည်း ဟုတ်ပေသည်။ မြန်မာပြည်ရဲ့အချမ်းသာဆုံး ဆယ်ဦးစာရင်းဝင် လျှမ်းလျှမ်းတောက် သူဌေးကြီးရဲ့ တစ်ဦးတည်းသောသား "မိုးဝေ"ရဲ့နောက်မှာ သူ့အမေက အစောင့်အရှောက် ထည့်ထားပါသည်။ အမြဲပါနေကျ ဦးကျော်။

သာကီတို့ ကိုးတန်း ဆယ်တန်းကတည်းက ဒီဦးကျော်ပင်။ လူပြောင်းလဲမသွား။ ဦးကျော်ဟာ မိုးဝေနှင့်တတွဲတွဲ တကပ်ကပ် နေရသူမို့ သာကီ့ကို ကောင်းကောင်းကြီး သိပါသည်။

မိုးဝေသည် ဘုရားဝတ်ပြုခါနီးမှာ နောက်လှည့်ကာ ဦးကျော်ထံ လက်ဆန့်တန်းလိုက်သည်။ ဦးကျော်က သူ့လက်ထဲ ကိုင်ထားတဲ့ ထီး၊ တံမြွန်၊ ကုက္ကား၊ ပန်းနှင့် သပြေစည်းတို့ကို မိုးဝေထံ အလိုက်တသိ ကမ်းပေးလိုက်သည်။ မိုးဝေက အားလုံး အစုအစည်းလိုက်ကို လက်အုပ်ချီကြားညှပ်ကာ ကျောက်ပြားများပေါ် ဒူးတုပ်၍ မတ်မတ်ထိုင်ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာကို စုံမှိတ်လိုက်တဲ့အခါ မည်းနက်တဲ့မျက်တောင်များက ရှည်လျားစွာ အောက်ချက်ခမ်းပေါ် စင်းကျလာသည်။ သာကီက ဇရပ်ပေါ်မှာ ကျုံ့ကျုံ့ထိုင်နေရာက ငေးကြည့်နေမိပါသည်။

အသက်အစိတ်အရွယ် ယောက်ျားပျိုတစ်ယောက်ကို မွေးရက်တိုင်း ဘုရားတက်ဖို့ မပျက်ကွက်အောင် သွန်သင်ထားနိုင်တဲ့ သူ့ရဲ့အမေဟာ တကယ်တော့ ချီးကျူးစရာပင်။ စီးပွားရေးသမားတွေပီပီ ဘုရားသာမက နတ်တို့ ဗေဒင်တို့ပါ ယုံကြည်ကိုးကွယ်သေးသည်။

အံ့သြစရာ ဆရာဝန်ဘွဲ့ရထားတဲ့ မိုးဝေဟာ သူ့အမေ ခြေရာအတိုင်းနင်းကာ နတ်ကန္နားပွဲကိုလည်း သွားပေသည်။ တစ်ခါတစ်ရံတော့ ကြီးကျယ်ခမ်းနားလှတဲ့ သွင်ပြင်ဟန်ပန်နဲ့ မအပ်စပ် မထင်မှတ်ရလောက်အောင် ကိုယ်ပိုင်ဆုံးဖြတ်ချက် မရှိရဘဲနေနိုင်သော မိုးဝေကို မယုံကြည်နိုင်အောင် ရှိရလေသည်။

သားလိမ္မာလေး။ လူယဉ်ကျေးလေး။ ခြေဖဝါးမှာ သဲမှုန်အနည်းငယ် ပေကျံလျှင် ဝိုင်းဝန်းသုတ်ပေးမည့်သူ မရှားတဲ့ အခြေအရံ အစောင့်အရှောက်တို့ အလယ်မှာ ခမ်းနားမာန်ဝင့်ထည်တဲ့ သူ့မျက်နှာထားဟာ တကယ်တော့ ဟန်မူရာသက်သက်ပင်။ ဤသို့တင့်တယ်ကြီးမြတ်သော ဂုဏ်ရှိန်ရောင်ဝါ တောက်ပြောင်တဲ့ ဟန်မူရာရှိအောင်လည်း သူ့အမေက သင်ကြားထားတာ ဖြစ်သေးသည်။





သူ့ကိုတွေ့တိုင်း ရင်ထဲ နာကျင်ရသော်လည်း တွေ့မှာသေချာတဲ့ ကြာသပတေးနေ့ နံနက်တိုင်း၌ ဘုရားကို တကူးတက လာတတ်သော သာကီခင်လေး ဆိုတဲ့ မိန်းမဟာ ရူးနေလို့များလားလို့ ကိုယ့်ကိုယ်ကိုယ် တစ်ခါတစ်ရံ ဝေဖန်မိသည်။ ဘာကြောင့် လာမိမှန်း နားမလည်။ သူ့ကို မုန်းတယ်ဟု ကိုယ့်ကိုယ်ကိုယ် နားလည်ထားပြီးမှ ဘာကြောင့် သူ့ကိုတွေ့နိုင်မည့် နေရာမျိုးတွေကို ရောက်ရောက်မိနေသလဲ။

မကြာမကြာဆိုသလို သူနဲ့အတူ သူ့အမေ သူ့အစ်မ တစ်ယောက်ယောက် ပါလာတတ်သည်။ ဒီနေ့တော့ ပါမလာ။ ဦးကျော် တစ်ယောက်သာ။ သာကီသည် သူ ဘုရားရှိခိုးနေတာကို ငေးကြည့်နေမိရာမှ စိတ်ကိုမထိန်းချုပ်နိုင်ဘဲ နေရာမှထ,လိုက်ပါသည်။

သာကီ ဇရပ်တန်ဆောင်းမှ ဆင်းလာတာကို မိုးဝေရဲ့ နောက်နားမှာ ဘုရားဦးချပြီး ဒူးတုပ်ထိုင်စောင့်နေတဲ့ ဦးကျော်က အရင်လှမ်းမြင်သွားပါသည်။ ဒူးတုပ်နေရာမှ ထရပ်ကာ လက်နှစ်ဖက် နောက်ပစ်ရပ်ပြီး သာကီ့ကို လှမ်းကြည့်နေပါသည်။ သူတို့ရဲ့ ရွှေမင်းသားကို လှုပ်အလယ် ဘုရားရင်ပြင်တော်မှာ သာကီက ထမ်းပြေးလို့ ရမှာမို့လား။ ဦးကျော် မျက်နှာပြင်က စိုးရိမ်မကင်း အမူအရာနှင့်။

“ဦးကျော် နေကောင်းလား”



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကောင်းတယ် သာကီ၊ သမီးတစ်ယောက်တည်းလား"

"ဟုတ်ကဲ့"

"ဘာလာလုပ်လဲ"

"ဘုရားကိုလာတာ၊ ဘုရားလာဖူးတာပေါ့ ဦးကျော်ရယ်၊ တခြားဘာလာလုပ်ရမှာလဲ"

"ဪ ... ဦးကျော်က သမီးအဘိုးနဲ့များ အဖော်လိုက်လာတာမျိုးလားလို့ပါ"

ဤစကားသံသဲ့သဲ့တို့ကြောင့်ပဲ ထင်သည်။ မိုးဝေသည် ဘုရားအာရုံပြုနေရာမှ ရုတ်တရက် ဦးချကာ ဖျတ်ခနဲလှည့်ကြည့်ရင်း ဘုရားရှိခိုးခြင်းကို အဆုံးသတ်ရပ်ပစ်လိုက်သည်။

"သာကီ"

"မိုး"

သူ့အမေစကား မပယ်ရှားရဲတဲ့ ဤကောင်ကလေးဟာ သာကီ့ကို ဘယ်လိုရူးသွပ်တယ်ဆိုတာ သာကီ မသိဘဲမနေပါ။ မလွန်ဆန်ဝံ့တဲ့ကြားကပဲ အမြဲဖျပ်ဖျပ်ခါနေခဲ့တဲ့ ကောင်ကလေးပါ။ ခုလို သူ့ကို သာကီက နာကြည်းမုန်းတီးနေမိတဲ့ အချိန်ကာလတွေအထိ သူကတော့ သာကီ့ကို ရူးမူးမက်မက်စွဲတုန်းဆိုတာ သာကီ သိသည်။ သူ့အမေလည်း သိသည်။ ဦးကျော်လည်း သိသည်။ ပတ်ဝန်းကျင်က အားလုံးသိကြပါသည်။

"သာကီ ဘယ်ကရောက်လာတာလဲ"





အမြဲပဲ ရောက်လာနေကျပါ မိုးရယ်။ နင် မတွေ့ပါ။ တော်ရုံကိစ္စနဲ့ မပျက်ကွက်ပါဘူး။ နင့်ကို မဖြစ်မနေ မြင်ရနိုင်ဖို့ သေချာတဲ့ နေရာလေ။

"ဒီလိုပဲ ဘုရားလာတာပါ"

"တစ်ယောက်တည်းလား"

"အင်း ... တစ်ယောက်တည်းပဲ"

မိုးဝေက ဦးကျော်ထံ တစ်ချက်လှမ်းကြည့်သည်။ အကြည့်ဟာ စကားလုံးတွေနှင့်။ တောင်းဆိုမှုတွေနှင့်။ သာကီလည်း တစ်ယောက်တည်း။ သူ့မှာလည်း အမေ, အစ်မတွေ။ အခြေအနေ အခွင့်အရေးက ကောင်းနေတယ်ဆိုတဲ့ အဓိပ္ပာယ် ဖော်ပြတဲ့အကြည့်ပင်။

ဦးကျော်သည် ခေါင်းနပန်း ကြီးသွားပုံရပြီး ...

" ပြန်စို့လေ ကိုမိုး၊ နောက်ကျနေဦးမယ်"

သာကီက ခပ်သဲ့သဲ့ ပြုံးနေလိုက်ပါသည်။

"နေပါဦး ... ဦးကျော်ကလည်း"

သနားစရာလည်းကောင်းသော မိုးဝေသည် လောက သိနိုင်တာဆိုလို့ ဦးကျော် တစ်ယောက်သာ ရှိတာပင်။ အမေ၊ အမကိုရော အစ်မနှစ်ယောက်ကိုရော ကြောက်ရွံ့ရိုသေရတဲ့ ... ယ်ဆုံးသားထွေးကလေးသည် သူ့ဘဝမှာ အရေးပါသောကိစ္စ ... သူ့ဟာသူ ဆုံးဖြတ်ခွင့် မရသော်လည်း အလိုလိုက်ကျေး ... ပင်။

www.burmeseclassic.com



"မဖြစ်ဘူးထင်တယ် ကိုမိုး"

"အစောကြီး ရှိသေးတယ်"

"မစောပါဘူး၊ အချိန်ကွက်တိပဲ"

သာကီက တစ်ချက်ပြုံးလိုက်ရင်း ...

"ပြန်ရင် ပြန်လေ မိုး၊ အဆူခံနေရဦးမယ်"

ဤသို့ပြောလျှင်ဖြင့် သူက သိပ်မကြိုက်တတ်ပါ။

"ဦးကျော် ... ကျွန်တော်တို့ ဒီနားနီးနီးမှာ Breakfast တစ်ခုခု ဝင်စားရအောင်"

"မဖြစ်ပါဘူး ကိုမိုးရယ်၊ နောက်ကျနေရင် မမ အော်မှာ သိသားနဲ့"

ရင်ပြင်ပေါ်မှ လူတချို့က သာကီ့ဘက်ကို မှတ်မှတ်မိမိ ကြည့်သွားကြသည်။ သူတို့တီဗီထဲ ဗီစီဒီထဲ အမြဲမြင်တွေ့နေတဲ့ သာကီကို သဘောတကျ ပြုံး၍နှုတ်ဆက်သူကဆက်၊ ချောမောသန့်ပြန့်လွန်းတဲ့ ကောင်ကလေးတစ်ယောက်နှင့် တွဲတွေ့တာကို အကဲခတ်သူက ခတ်သွားကြသည်။

"M-3 ဆိုရင် နီးတယ်"

"မဖြစ်ဘူး ကိုမိုး"

မိုးဝေက ဦးကျော်ကိုတော့ မမှုလေရာ ...

"သာကီ အားလား"

"အားတာပေါ့၊ အစောကြီး ဘာမှလုပ်စရာမှ မရှိတာ"





သာကီက ဦးကျော်ကို တမင်ရှုတ်၍ဖြေသည်။ ဦးကျော်ကို သနားပါသည်။ ဒါပေမဲ့ ဒါတွေကို အိမ်ကျ ဦးကျော်ဟာ မိုးဝေအမေထံ သံတော်ဦးတင် အစီရင်ခံရမှာပဲဖြစ်ရာ သူ့အမေကြီး ကလိကလိဖြစ်စေမည့် အစီရင်ခံစာတွေ များများပါသွားစေလိုသည်။

"မိုးက သွားလို့ရလို့လား"

"ရတယ်၊ လာ ... သာကီ၊ M-3 ကို နောက်ကလိုက်ခဲ့နော်"

"တကယ်ပြောနေတာလား"

"တကယ်ပေါ့"

မိုးဝေသည် မတွေ့ရတာကြာတဲ့ သာကီ့ကို ပြန်တွေ့မှာ ပျာယာခတ်နေသည်။ သူ့ရဲ့မာန်ထည်ဝါနေတဲ့ မျက်နှာတစ်ခြား၊ ပျာယာခတ်တာကတခြား၊ ဝိရောဓိတွေ ဖြစ်နေပါသည်။ ဤသို့နှင့် ကိုယ့်ကားကို ကိုယ်ရပ်တဲ့မှတ်မှာပြန်ဆင်းယူကာ M-3 သို့ မောင်းခဲ့ကြသည်မှာ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ရောက်လာရပါသည်။ M-3 ထဲမှာ ဦးကျော်ပါ သုံးယောက်အတူ ထိုင်ကြပြီး မိုးဝေက ဒင်မ်ဆမ်မ် မှာလိုက်သည်။

"မိုး အခု ဘယ်ဆေးရုံမှာလဲ"

"အိစ်မှာ၊ ဟောက်စ်ပြီးတော့မယ်လေ"

မိုးဝေ မျက်လုံးများက သာကီ့ကို တစ်လက်မကျွန် စေ့စေ့စပ်စပ်ကြည့်ရင်းက အရောင်တွေ လက်ပြာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လမ်းခွဲကြစို့"လို့ ပြောခဲ့တာ သူကိုယ်တိုင် မဟုတ်သလိုလို။ ပြောခဲ့သူအတွက်က ပေါ့ပေါ့လေးပေမယ့် အပြောခံခဲ့ရတဲ့သူမှာတော့ ကွဲခဲ့တဲ့အသည်းက ခုထိ ဟက်တက်ပါ။

"သာကီ အခု ဘာလုပ်နေလဲ"

"ဂျာနယ်ထဲ လိုက်ရှာဖတ်ပေါ့၊ သိချင်ရင်"

"ငါအမြဲ လိုက်ရှာဖတ်ပါတယ်၊ နင်ပါတဲ့ ဂျာနယ်မဂ္ဂဇင်းဆိုရင် ဦးကျော်က အမြဲတမ်း နိုး၀ယ်လာခဲ့ပေးပါတယ်"

ဦးကျော်က သူ မဟုတ်သလို မှင်နှင့်နေနေသည်။

"ပုံမှန်ပဲ လှုပ်ရှားနေတာပေါ့၊ တစ်ခုတော့ ထူးတာရှိတယ်"

"ဘာလဲ သာကီ"

မိုးဝေပုံစံက အချစ်သစ်များ တွေ့သွားပြီလားဟု လန့်သွားပုံပင်။ သူ့ရဲ့ မြင့်မားတဲ့ အဆင့်အတန်းနှင့် ညီအောင် သိပ်မမှုတဲ့ ဟန်ပန်မျိုးနှင့် နေနိုင်ရှာပုံမပေါ်။ ဟန်ဆောင်တော့ မလို ဖုံးဖိတော့မလိုနှင့် ကြားက စိုးရိမ်မှုက ဟင်းလင်းပေါ်နေသည်။

"နင့်အမေကိုလည်း ပြောလိုက်ပါဦး၊ သာကီခင်လေး ဒီနှစ် ဆယ်တန်းပြန်ဖြေလိုက်ဦးမယ်လို့၊ ဒါမှ နင့်အမေ ရင်တုန်ပန်းတုန် ဖြစ်သွားအောင်လေ"

"နင် တကယ်ဖြေမှာလား"

"စိတ်ကူးတာပါ"

"ဘယ်ဝိုင်းမှာ တက်နေလဲ"





"အိမ်မှာပဲ"

"ဒီနှစ် အောင်အောင်ဖြေလိုက်ပါ သာကီ၊ အောင်အောင်ဖြေကြည့်ပါ၊ ငါ ဆောင်းဆိုပါရစေ"

"ဘာလဲ ... နင်က နင့်အမေစကားကြောင့် မျှော်လင့်ချက်ထားနေတာလား"

မိုးဝေ မျက်နှာက ဟန်ဆောင်ထားတဲ့ကြားက မသိမသာ ညှိုးကာ ...

"မဟုတ်ပါဘူး၊ ငါက နင့်ကို ဆယ်တန်းအောင်စေချင်လို့ပါ"

"ဆယ်တန်းမအောင်လည်း ယောက်ျားတော့ ရမှာပါပဲ"

သာကီက ခပ်ရိုင်းရိုင်းပဲ ပြောပစ်လိုက်ပါသည်။

"နင် ... ရည်းစားရနေပြီလား"

"နင်တောင် ရသေးတာပဲ"

"ဒါတွေက မေမေပြလို့ တွဲကြည့်တာတွေပါ၊ ငါ ဘယ်သူနဲ့ တောက်လျှောက် အကြာကြီး တွဲနေလို့လဲ"

"ငါကတော့ ရွေးရင် တစ်သက်လုံးအတွက်ပဲ"

သာကီက ခပ်ညည်းညည်း ပြောလိုက်ပါသည်။ ဒီစကားဟာ အမှန်စကားပင်။ တကယ်လို့များ ဒီတစ်ခါ ထပ်ပြီးချစ်မိမယ်ဆိုရင် လက်ထပ်ဖြစ်ဖို့ နှစ်ဦးလုံး လွတ်လွတ်လပ်လပ် ဆုံးဖြတ်နိုင်မှ အချင်းချင်း နားလည်မှု ရှိနိုင်မှ ယုံကြည်နိုင်မှလို့ စဉ်းစားထားပါသည်။ အထီးကျန်လှတဲ့ ဘဝထဲ ဝင်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ချစ်သူကို သာကီက အသက်နဲ့ထပ်တူ ဘဝတစ်ခုလုံးရှင်းပြီး ချစ်မိမယ့်သူပါ။

မိုးဝေကိုလည်း သာကီ ဘယ်လိုချစ်ခဲ့တယ်ဆိုတာ ကိုယ်တိုင်ပဲ အသိဆုံး။ ကိုယ်ဟာ ဘယ်သူ့အတွက်မှ အရေးတကြီး မလိုအပ်တဲ့သူလို့ အစွဲအလမ်းကြီးကြီးနှင့် အသည်းနာနာ ခံယူထားတဲ့ သာကီ့ဘဝထဲ မိုးဆေ ဝင်လာချိန်မှာ အထီးကျန်ဆန်လှတဲ့ နှလုံးသားက သံလိုက်တုံးမှာ ပြေးကပ်လိုက်တဲ့ သံချောင်းလေး တစ်ချောင်းလို သူ့အချစ်ကို အရူးအမူး မွတ်မွတ်သိပ်သိပ် ဖက်တွယ်ထားလိုက်မိတာပါ။

တမင်တကာ အတင်းဆွဲမခွာဘဲ ဘယ်လိုမှ ခွဲခွာနိုင်မှာမဟုတ်တဲ့ သာကီ့ နှလုံးသားလေးဟာ ရက်ရက်စက်စက်ဆွဲဖယ်ဖြုတ်ချခံခဲ့ရတာ။ ကိုယ်က သိပ်ချစ်သလို သူလည်းပဲ ကိုယ့်ကို မစွန့်လွှတ် မခွဲခွာနိုင်ဘူးလို့ ယုံကြည်ခဲ့မိတဲ့ မျှော်လင့်ခြင်းတွေဟာ သူ့ကို မိုးဝေ စွန့်ခွာသွားတဲ့အချိန်မှာ အပိုင်းပိုင်း ကျိုးပြတ်ကြေမွခဲ့ပါသည်။

တစ်ချိန်လုံး ကိုယ့်ကိုယ်ကိုယ် ယူဆခဲ့သလို ကိုယ်ဟာ တကယ်တော့ ဘယ်သူ့အတွက်မှ အရေးတကြီး အရေးပါပါ မလိုအပ်တဲ့ သူပါလားလို့ ပြန်လည်လက်ခံယုံကြည်လိုက်ရတဲ့ ခံစားချက်ဟာ စာဖွဲ့မရအောင်ပင် သာကီ့ဘဝကို ထိခိုက်နာကျင်စေခဲ့သည်။ ခေါင်းထောင်ရှင်သန်ခဲ့တဲ့ မျှော်လင့်ချက်ဟာ နောက်တစ်ကြိမ် ကျိုးကြေအကျမှာ ပိုပြီးစုတ်ပြတ်ပျက်စီးခဲ့ရတာပါ။





ကိုယ့်ကို အဖေကလည်း မလိုအပ်၊ အမေကလည်း မလိုအပ်။ အဘိုးကတော့ အဘိုးဆိုတဲ့ တော်စပ်မှုကြောင့် ကိုယ့်ကို လက်ခံစောင့်ရှောက်ထားရတာ မဟုတ်လား။ အဘိုးထံမှာ သာကီ့အတွက် မေတ္တာတရားဆိုတာလေးတော့ မရှိမဟုတ် ရှိမှာဖြစ်ပေမယ့် ပုံသဏ္ဌာန်ဗိဇမတူတဲ့ ဒီအဘိုးနှင့် ဒီမြေးမဟာ တစ်သားတည်း မနီးစပ်ပါ။

အဘိုးက ပင်စင်ယူပြီးတဲ့နောက် ပိုင်ဆိုင်တဲ့ငွေကြေးအချို့တစ်ဝက်ကို ဆွေမျိုးမိတ်သင်္ဂဟတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ အစုရှယ်ယာတွေလိုက်ထည့်၊ ပိုလျှံတဲ့ ခြံတစ်ခြံ တိုက်တစ်လုံးကို နိုင်ငံခြားသားကုမ္ပဏီတစ်ခုကိုငှား၊ ရတဲ့ဝင်ငွေတွေနှင့် မြေးအဘိုးနှစ်ယောက် အပူအပင်ကင်းကင်း အလျှံပယ် သုံးစွဲနေထိုင်နိုင်ပေမယ့် အဘိုးဟာ မအားလပ်သူ တစ်ယောက်ပင်။

ဟိုအသင်းအဖွဲ့ရဲ့ နာယက၊ ဒီအသင်းအဖွဲ့ရဲ့ဥက္ကဋ္ဌ၊ နောက်အသင်းအဖွဲ့ရဲ့ အတွင်းရေးမှူး စသဖြင့် အဘိုးကို ယုံကြည်လေးစား ဂုဏ်ပြုသောအားဖြင့် ခန့်အပ်ထားသော ဘွဲ့ထူးရာထူးများက အလျှံပယ်။ ဒီကိစ္စတွေနှင့် အဘိုး တစ်ရက်မှ အားလပ်သယ်ရယ်လို့ မရှိပါ။ အဘိုး ပါဝင်လှုပ်ရှား ဦးစီးဆောင်တဲ့ အသင်းအဖွဲ့တွေက နှစ်ဆယ်အစိတ်မက။

အဘိုးကတစ်လမ်း၊ မြေးကတစ်လမ်း။ ထမင်းစားချိန်မတူ၊ အိပ်ရာထချိန်မတူ၊ အိပ်ချိန်လည်းမတူ။ တချို့နေ့တွေများ တစ်ယောက်ကိုတစ်ယောက် ဖျိုးခနဲ ဖျတ်ခနဲ ဆုံခနဲသာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ကြရတာ။ အိမ်ကြီးတစ်လုံးထဲရဲ့ အမိုးတစ်မိုးတည်း အောက်မှာနေပြီး မချစ်ကြတာလည်း မဟုတ်ဘဲနဲ့ကို ဝေးကွာစိမ်း သက်နေကြတာပါ။

မိုးဝေကို သာကီ ဘယ်လောက်ထိ တန်ဖိုးထားပြီး ချစ်ခဲ့ရတယ်ဆိုတာ အခုတွေးရင် အခုဆွေးပါသည်။ သိပ်ကိုချစ် ခဲ့တာ။ သိပ်ချစ်တော့ သိပ်ခံစား သိပ်နာကြည်းခဲ့ရတာပါ။ အသည်း ကွဲတော့လည်း သိပ်ကွဲခဲ့ရတာပေါ့။

နာကြည်းမုန်းတီးနေပါတယ်ဆိုတဲ့ အချိန်မှာတော့ သူ့ကို မမြင်ရဘဲ မနေနိုင်သေးတာပါ။

ကိုယ်ဟာ အမြဲတမ်း သူ့ကို မြင်ရမယ့်နေရာတစ် ကို အရောက်လာနေဆဲဆိုတာ သူက သိတောင်မသိပါ။ သူ့ဘက် မှာလည်း အဲသလို အားထုတ်မှုမျိုး အလားတူ မရှိခဲ့ပါ။ ကိုယ် က မြင်ချင်သလို သူက တွေ့မြင်လိုစိတ် မပြင်းထန်တာပေ ဒါကို တွေးလိုက်တော့ စိတ်ကနာကျင်လာပြန်သည်။ မျက်နှာချင် ဆိုင် ဆုံတွေ့ပြန်တော့လည်း အရှောင်တောက်တဲ့ မျက်လုံးတွေ နဲ့ ပျာယာခတ်နေပြန်ရော။

ကွယ်ရင်မေ့ တွေ့သေအောင်လွမ်းဆိုတာ ဒါမျိုးပေ

"ငါ ဘယ်သူ့ကိုမှ ထပ်မချစ်နိုင်ခဲ့ဘူး သာကီ"

မိုးဝေက အနားမှာရှိတဲ့ ဦးကျော်ကိုတောင် မမှု နိုင်ဘဲ ခပ်တိုးတိုးပြောသည်။ သာကီကတော့ အဲသလိုပြောတာ ပဲ နာကြည်းပြန်ကာ ...





"ဒါ နင် ငါ့ကို အခု ဒီမှာမတော်တဆ လာဆုံတုန်းကြုံ ကြိုက်လို့ ပြောတာပေါ့နော်၊ ငါနဲ့နင် မတွေ့ဘူးဆိုရင်လည်း နင် မပြောဘဲနေလို့ ဘာမှမဖြစ်ဘူး မဟုတ်လား"

"နင် ပြောလို့ရပါတယ်၊ ငါ့ကို ပြောချင်သလိုပြောပါ သာကီ"

"ပြောမှာပါဟာ မပူပါနဲ့၊ နင်ဟာ ပြောချင်တဲ့ စကားတစ် ခွန်းကိုတောင် မပြော,ပြောဖြစ်အောင် နင့်ဟာနင် ကြိုးစား အားထုတ်ဖို့ အစွမ်းအစ မရှိဘူး၊ သတ္တိမရှိဘူးနော်၊ ငါ အရမ်းအံ့သြတာပဲ၊ မကြိုးစားတော့ပါဘူးလို့ စိတ်ဒုံးဒုံးချ လိုက်ရင်လည်း ခုလိုတွေ့တုန်းကြုံနိုက် ခရီးကြုံ လမ်းကြုံ သဘောမျိုး ဘာဖြစ်လို့ ပြောနေသေးတာလဲ"

"ငါ နင့်ကို သံယောဇဉ်ရှိတုန်းပဲမို့ပေါ့"

"ဒါပေမဲ့ ငါက နာကြည်း မုန်းတီးနေတဲ့သူ ဆိုတော့ ကြားရတာ နားခါးတယ် မိုးရဲ့၊ နင့်ကို လှမ်းမြင်တာနဲ့ လာနှုတ်ဆက်တယ်ဆိုပြီး နင်က ဘဝင်မြင့်မနေနဲ့နော်၊ ငါက ကလေးမဆန်ချင်လို့ သိဟောင်း ကျွမ်းဟောင်းဆိုတဲ့ သဘောနဲ့ နှုတ်ဆက်တာ၊ ဒီထက်ဘာမှမပိုဘူး၊ နင်က ကျတော့ ထားခဲ့တုန်းကလည်း နင်ပဲ၊ ပြန်တွေ့လိုက်ပြန် တော့လည်း ကဗျာတွေ ရွတ်ပြလိုက်ပြန်တာပဲ၊ နင် ဘယ် လိုယောကျ်ားလဲ မိုး"

www.burmeseclassic.com



မိုးဝေရဲ့မျက်နှာပြင်မှာ မာန်တစ်ချက် တင်းသွားပါသည်။ ဒီလိုအပြောမျိုးကို ခံစားဖူးမည့်သူ မဟုတ်၍ သူ့အတွက်ကို ထိခိုက်နာကျင်စေပုံရသည်။ သာကီက မေးကိုလက်ထောက်ရင်း ...

"ဒီနှစ် ယောက်စ်ဆာကျင်ပြီးရင် နင် ဆရာဝန်ဖြစ်ပြီပေါ့နော်"

"အင်း"

"ဒေါက်တာမိုးဝေ ဖြစ်သွားရင်ကော နင့်ဘဝကို နင်ဆုံးဖြတ်လို့ ရပြီလား မိုး၊ ခုထိတော့ နင့်အမေ တကောက်ကောက်ထည့်ထားတဲ့ ဦးကျော် ပါတုန်းပဲနော်"

ဖြူနုတဲ့ မိုးဝေရဲ့မျက်နှာပြင်က နီမြန်းလာပါသည်။

"ငါသွားချင်တဲ့ နေရာကို ငါဟာငါ ကားမောင်းသွားလိုက်ရတိုင်း ငါ့ဘဝကို ငါကျေးဇူးတင်တယ်၊ နင့်အမေကို နင် သေချာပြောပြပါဦးလား မိုးရဲ့၊ နင်တို့ ဘယ်လောက်ချမ်းသာချမ်းသာ နင့်ကို လမ်းမှာပြန်ပေးဆွဲမယ့်သူတို့၊ လုပ်ကြံမယ့်သူတို့ မရှိပါဘူးလို့"

ရိုတဲ့စကားကို မျက်နှာသေကလေးနှင့် နူးနူးညံ့ညံ့ပြောနေတဲ့ သာကီ့ရင်ထဲမှာ ဘယ်လိုပူပြင်းတောက်လောက်နေမယ်ဆိုတာ မိုးဝေလည်း မှန်းဆနိုင်မှာ မဟုတ်ပါ။ ကွဲခဲ့ပြီးတာကြာသော အသည်းဟာ ခုထိကိုပဲ သွေးမတိတ်နိုင်သေးတာ စိတ်ဆင်းရဲစရာပင်။ ဒီလိုသာ တစ်သက်လုံး သွားရရင်ဖြင့် သေရချည်ရဲ့။





၄

ဆုံလည်ခုံကို လှည့်ကာ နှဲ့ကာ လက်တင်ပေါ်တံတောင်ဆစ် ထောက်ထားတဲ့ ညာလက်ထဲက ဘောလ်ပင်ကို နှုတ်ခမ်းစွန်းမှာ လှုပ်ကစားရင်း ငေးနေတဲ့ သာကီခင်လေးကို ဝန်ဇင်းက အတတ်နိုင်ဆုံး ဆွဲဆန့်ထားရတဲ့စိတ်နှင့် တစ်ချက်တစ်ချက် ကြည့်နေရာက သည်းညည်းမခံနိုင်တော့ဘဲ ...

"မင်း ဘာတွေ တွေးနေတာလဲ၊ စာမကျက်ဘဲနဲ့"

ခပ်ဆတ်ဆတ် လေသံကြောင့် သာကီက ဝန်ဇင်းကို မျက်နှာသေနှင့် ကြည့်ကာ ကိုယ်ကို မတ်လိုက်သည်။

"စာမရဘူး"

"ဘယ်ရမလဲ၊ ကျက်မှ မကျက်ရသေးတာ"

"ကျက်ရခက်တယ်"

"ကျက်ကော ကျက်ကြည့်သေးလို့လား၊ မင်းကို ငါတစ်လိုင်းချင်း တစ်ကြောင်းချင်း ရှင်းပြပြီး ပြန်မေးကြည့်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်း ပြန်ပြောနိုင်တယ်၊ အဲဒီလို စာကြောင်းပေါင်း ဆယ်ကြောင်းစာလောက် ပြန်ပေါင်းပြီး တျက်နိုင်းတော့မရတော့ဘူး၊ မင်း မရှင်းတာ မဟုတ်ဘူး၊ ရအောင်မကျက်တာ"

"ဆယ်ကြောင်းဆိုတာ အများကြီးပဲ"

ဝန်ဇင်းက သက်ပြင်းကို သာကီ မသိအောင် ကျိတ်ချရင်း ...

"စာဆယ်ကြောင်းဆိုတာ နည်းနည်းလေး၊ ဒီ Text တစ်အုပ်လုံးကို မင်း ကျက်ရမှာပဲဟာ၊ ဆယ်ကြောင်းကို စာရွဲမနေနဲ့ သာကီခင်လေး"

"ဦးဝန်ဇင်း နောက်တစ်ခေါက် ထပ်ရွတ်ပြဦး"

"မရွတ်ပြနိုင်ဘူး၊ ထပ်လည်း မရှင်းပြနိုင်ဘူး၊ ဒီအပုဒ်ကိုမနေ့က ကတည်းက ရှင်းပြတာ မင်း နားလည်ပြီးသားမို့ကျက်ခိုင်းခဲ့တယ်၊ မင်း ဒီနေ့ ငါမေးတော့ ကျက်မထားလို့မဆိုနိုင်ဘူး၊ မင်းတာဝန်မကျေဘူး၊ ငါခုနတစ်ခေါက်ထပ်ရှင်းပြတယ်၊ အခုတစ်ထိုင်ထည်း ပြန်ရွတ်ပြီး ဆိုနိုင်းတယ်ငါ့ဘက်က လိုအပ်ချက် ချို့ယွင်းချက် မရှိဘူး၊ လုပ်ပေးစရာ မကျန်တော့ဘူး၊ ရအောင်ကျက်ရမယ့် မင်းတာဝန်ပဲရှိတော့တာ"

သာကီမျက်နှာဟာ သူ့ကိုဆူနေတာကို ပန်းနဲ့ပေါက်တဲ့အလား မျက်နှာထားမပျက်ပါ။ ဘေးကတခြားတစ်ယောက်ကိုပြောနေသလို သူနဲ့မဆိုင်သလိုပင်။ သာကီဟာ ဘယ်တော့မှ





ရုပ်ဆောင့်အောင့်တာ မျက်နှာပျက်တာမျိုး မရှိပါ။ အေးအေးညက်ညက်လေးနှင့် စကားနားမထောင်တာပင်။

နှစ်ပတ်တာလောက် စသင်ပြီးတဲ့နောက်မှာ ဒီမိန်းကလေးဟာ ခေါင်းထဲမှာ စာအကြောင်း ပေအကြောင်း လုံးဝမရှိဘဲ ဒီထက် သူအရေးထားတာတွေဟာ သူ့သီချင်းကိစ္စ၊ နိုင်ငံခြားရောက်နေတယ်လို့ သိထားရတဲ့ သူ့အဖေတွေ အမေတွေကိစ္စ၊ ပြီးတော့ အချစ်ရေးကိစ္စ။

လှစ်ခနဲ လှစ်ခနဲ စကားမစပ် ပေါ်ပေါ်လာတဲ့ သူ့စကားတွေထဲ ပါပါလာတာတွေပင်။ အံ့သြစရာကောင်းတာကတော့ "ဆယ်မိုင်ကုန်းဘော်ဒါ"ရဲ့ ကျောင်းအုပ်ကြီး ဦးဝန်ဇင်းကိုကျောင်းက ဆရာ ဆရာမတွေရော ကျောင်းသား ကျောင်းသူတွေပါ တော်ရုံတန်ရုံ မပြောရဲ မဆိုရဲ ကြောက်ရွံ့ကြပေမယ့် သာကီခင်လေး ဆိုတဲ့ မိန်းကလေးကတော့ နည်းနည်းကလေးတောင်ရှိန် မကြောက်တာပင်။

"ဆရာ"လို့တောင် မခေါ်ပါရစေနဲ့လို့ ကြိုစကားခံထားတဲ့ ဤမိန်းကလေးက ဝန်ဇင်းကို ဆရာတစ်ယောက်လိုဆက်ဆံရေး လုံးဝမရှိပါ။ မိတ်ဆွေကြီးတစ်ယောက်လိုသာ ဆက်ဆံနေတာကို ဝန်ဇင်းမှာ အောင့်သက်သက်လည်း ဖြစ်ရရဲ့။ အတင်းရှိသေခိုင်းဖို့လည်း သူ့မှာတစ်ခက်။ အရိပ်အကဲကြည့်ပြီးခပ်တင်းတင်း ခပ်ဟောက်ဟောက်လေးသာ ဆက်ဆံနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတင်းလို့လည်း မရ။ ချော့လည်း ချော့ရသေးသည်။ စာစသင်တဲ့ ရက်ကတည်းကပင် ဤကျောင်းသူရဲ့ ထူးခြားတဲ့ အကျင့်စရိုက် အပြုအမူ ဆက်ဆံရေးတို့ကို သူက စိတ်ဝင်တစား ရှိမိကာ သာကီခင်လေး ဆယ်တန်းအောင်ရေး မအောင်ရေးဟာ သူ့အဘိုးရဲ့ကိစ္စသက်သက် မဟုတ်တော့ဘဲ ဝန်ဇင်းအတွက် ချဲလင့်ချ် Challenge တစ်ခု စိန်ခေါ်မှုတစ်ခုလိုပါ ဖြစ်ခဲ့ရပါသည်။

"ဦးဝန်ဇင်းက အခု ဘာလုပ်နေတာလဲ"

"ငါ မနေ့က ဘော်ဒါမှာ စစ်ထားတဲ့ ဆယ်တန်း အင်္ဂလိပ်စာ အဖြေလွှာတွေ စစ်နေတာလေ၊ ဘာဖြစ်လို့လဲ ... အဲဒါ"

"အခုအချိန်က ကျွန်မအတွက် သီးသန့်ပေးထားတဲ့ စာသင်ချိန်ပဲ"

"အဲဒီစာသင်ချိန်မှာ မင်းကိုသင်လို့ ရလို့လား၊ မနေ့ကပြီးတဲ့စာကို ဆိုပြီးမှ ရှေ့ဆက်တက်လို့ ရမယ်"

"ဒါပေမဲ့ ကျွန်မကို စာထိုင်ကျက်ခိုင်းထားပြီး ဦးဝန်ဇင်းက ကိုယ့်ကျောင်းက အဖြေလွှာတွေ ထိုင်စစ်နေတာ ကျွန်မအချိန်ကို ခိုးတာပဲ"

တမင် နှော်နေတာမှန်း သိသည့် ဝန်ဇင်းက သက်ပြင်းကြီးကို သိသိသာသာ မှုတ်ထုတ်လိုက်ရင်း ...





"မင်းလည်း ငါ့အချိန်တွေကို ခိုးပေါင်းများပြီပဲ၊ အခုကိုပဲ ခိုးနေတာ၊ အပိုတွေ ဟိုလျှောက်ပြော ဒီလျှောက်ပြောနဲ့ မင်း အချိန်တွေ ဖြုန်းတီးမနေနဲ့ သာကီခင်လေး၊ မနေ့ကတည်းက အပြီးကျက်ပြီးရမယ့်စာကို မင်း ဒီနေ့ရွှေ့လာပြီးပြီ၊ ထပ်ပြီး နောက်တစ်ရက် မရွှေ့ပါနဲ့တော့၊ အမှန်ဆိုရင် ဒီနေ့က နောက်အသစ်တစ်ပုဒ် စ,နေရမှာ၊ မစနိုင်တော့ဘူး ...

မင်း နားလည်မှု ရှိပါတယ်၊ ဘာဖြစ်လို့ စာကျက်ဖို့ ဒီလောက်ဝန်လေးရတာလဲ၊ ဒီနေ့ ပြီးဆုံးသွားတဲ့ နေ့တစ်နေ့ကို မင်း နောက်ထပ်ပြန်မရတော့ဘူး၊ တစ်နေ့တိုင်းဟာ ကုန်လွန်သွားပြီးရင် ကိုယ်မှာမရှိတော့ဘူး၊ တစ်နေ့တိုင်း တစ်နေ့တိုင်းကနေ အမြတ်အစွန်းတစ်ခုခု ရအောင်လုပ်ပါ၊ ပြန်နှမြောရတဲ့နေ့တွေ မဖြစ်ပါစေနဲ့ သာကီခင်လေး"

သာကီက လက်ထဲက ဘောလ်ပင်ကို စားပွဲပေါ်လိုက်ကာ ဆုံလည်ခုံမှာ ခေါင်းမော့တင်၍ ခုံကိုလှည့်နေရင်း ...

"ကျွန်မအတွက် ပြန်နှမြောရတဲ့ရက်တွေ အများကြီးပဲ ဦးဝန်ဇင်း၊ ဦးဝန်ဇင်း ပြောမှ ပြန်စဉ်းစားမိတယ်၊ နှမြောစရာကောင်းတဲ့ ပြန်မရနိုင်တော့တဲ့ ရက်တွေ ..."

"တော်စမ်း"

ဝန်ဇင်း အော်လိုက်၍ သာကီက လန့်သွားသလိုမျက်လုံးပြူးနှင့် ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ (Emotion)အိမ်မိုးရှင်းတွေကို ရပ်စမ်း၊ ငါပြောနေတာ ဒါတွေနဲ့ မပတ်သက်ဘူး၊ နေ့တိုင်းကို တန်ဖိုးရှိရှိ အသုံးချဖို့ သင်နေတာ၊ မဆိုင်တာတွေနဲ့ လာနှယ်ပြီး မင်းရဲ့စိတ်ခံစားမှုတွေကို တစ်ဆိတ်ရှိ ပွဲထုတ်မနေနဲ့"

သာကီက ဝန်ဇင်းရဲ့စိတ်ရှုပ်ဒေါသဖြစ်တဲ့ ရုပ်ကြီးနှင့် ကြိမ်းမောင်းတဲ့ စကားလုံးတွေကြောင့် ပြုံးစိစိ ဖြစ်သွားရပါသည်။

ဟုတ်ပါ့။ ကိုယ်ကလည်းပဲ တစ်ဆိတ်ရှိ အတိတ်က ဖိုလင်တွေကို သိပ်ပွဲထုတ်ချင်နေတာကိုး။

ဝန်ဇင်းက စားပွဲပေါ်က ဘဲလ်လေးကို နှိပ်လိုက်ပါသည်။ အောက်ထပ်မှာ အလုပ်သမားကောင်မလေးတွေထံ သွားမြည်နေလိမ့်မည်။

"ကဲ ... မင်း အခု ဘာတွေးနေလဲပြော၊ ဘာတွေစဉ်းစားနေရလဲ၊ ဒါကို ဖွင့်ပြော၊ ပြောပြီးရင် စာကျက်တော့ ဟုတ်ပြီလား"

သာကီက အားတက်သရော ခါးမတ်လာကာ စားပွဲပေါ် လက်ပိုက်တင်ပြီး ခပ်ကိုင်းကိုင်း ထိုင်လျက် ...

"ကျွန်မ စဉ်းစားနေတာ နှစ်ခုရှိတယ်"

"အင်း"

သီးသန့်စာသင်ခန်းကျယ်ကြီးထဲမှာ ကျွန်းစားပွဲအပုံကြီးချလျက် ဝန်ဇင်းက ထိပ်ဦးဘက်မှာ၊ သာကီက ဘေးတစ်ဘက်မှာ နေရာယူထားပါသည်။ ဝန်ဇင်း နောက်ဘက်နံရံမှာတော့ လိုအပ်လျှင် ထ,ပြီးရေးခြစ်သင်ကြားဖို့ ဗှိုက်ဘုတ်တစ်ခု ချိတ်ဆွဲထားသည်။ စာသင်ခန်းဟာ သာကီနေတဲ့ အလယ်ထပ်မှာပဲရှိပြီး အမြဲတမ်း ဘေးတွန်း Slide တံခါးကြီးကို ဟင်းလင်းတွန်းဖွင့်ထားပါသည်။

ရုတ်တရက် အခန်းဝသို့ အောက်ထပ်က ကောင်မလေးတစ်ယောက် ရောက်လာပြီး ...

"မမလေး ခေါ်လားလို့"

"ဟုတ်တယ်၊ ဆရာ ခေါ်တာ၊ ဝင်ခဲ့"

ကောင်မလေး ဝင်လာလျှင် ...

"မင်းတို့အိမ်မှာ ကျွန်းကုလားထိုင် အမတ်တွေ ရှိလား"

"ကျွန်းကုလားထိုင် ! "

ကောင်မလေးက အူတူတူနေတုန်း သာကီက ချက်ချင်းဆိုအားခွက်က မီးတောက်ကာ ...

"မရှိဘူး"

"ဒီစားပွဲကြီးဝယ်တုန်းက ကုလားထိုင်ပါ အတွဲလိုက်ခြောက်လုံး မပါဘူးလား"

"ပါ ..."

"မပါဘူး"

သာကီ ဝင်ဖြေတာမို့ ကောင်မလေးက ဆက်မပြောဘဲ တိတ်သွားပါသည်။







www.burmeseclassic.com

"ဒါဖြင့် တခြားမတ်မတ် ကုလားထိုင် ဘာရှိလဲ၊ ဥပမာ အောက်မှာ ထမင်းစား စားပွဲရှိမှာပဲ၊ ထမင်းစားပွဲက ကုလားထိုင်ဟာ ကျွန်းဖြစ်ဖြစ် သံနဲ့ဖြစ်ဖြစ် မတ်မတ်ထိုင် ပဲ ဖြစ်မှာလေ"

"ထမင်းစားပွဲက ကုလားထိုင်တွေ အပေါ်ထပ်ယူလို့ မရ ဘူး"

"ဘာလို့ မရ၊ ရမှာလဲ၊ စာသင်ချိန် ခဏပဲဟာ၊ စာသင်ချိန် ကုန်ရင် ထမင်းစားပွဲကို ပြန်ပို့လို့ ရတာပဲ၊ များများမဟုတ် ဘူး၊ တစ်လုံးဆို ရပြီလေ၊ ငါ့ကုလားထိုင်က ဆုံလည်ဖြစ် တာ အရေးမကြီးဘူး ထားလိုက်၊ မင်းကုလားထိုင်ကတော့ အမာ အမတ်ပဲ ဖြစ်ရမယ်၊ တစ်ချိန်လုံး ဒီဆုံလည်ခုံ နဲ့နေ လှည့်နေတယ်၊ ခေါင်းက မှီလိုက်သေးတယ်၊ မင်း ပုံက စာသင်နေတဲ့ပုံနဲ့ကို မတူဘူး၊ ဓိမ်နဲ့ တီဗီကြည့်ရ သီချင်းနားထောင်နေသလို ဖြစ်နေတယ်"

"ခုံမတ်မတ်ကြီးနဲ့ ကျွန်မ မထိုင်တတ်ဘူး"

"ထိုင်ကို ထိုင်ရမယ်၊ ထိုင်တယ်ဆိုတဲ့ အလုပ်က ဘာ မခက်ဘူး၊ တစ်နှစ်သားကျော်ရင် လူတိုင်း ထိုင်တတ်တယ် အိမ်မှာ ခုံမတ်မတ် လုံးဝမရှိပါဘူးဆိုရင်တော့ နက်ဖြန် ငါ တစ်လုံးဝယ်ခဲ့မယ်၊ ငါဝယ်မှာက ပလတ်စတစ်ခွေး အမြင့်လေးတွေမျိုး နောက်မှီမပါတာကို ဝယ်မှာ၊ တစ်လုံး ကို ကိုးရာ တစ်ထောင် ပေးရင်ရတဲ့ ခုံတွေ"



"ဟာ ... ထိုင်မှ မထိုင်တတ်တာ၊ ပိုတောင်ဆိုးတာ"

"ကဲ ... ကဲ ... ဒါဖြင့် နောက်မှီပါတဲ့ ခုံအမတ်ပဲ ထိုင်ပေါ့၊ ဒီကျွန်းကုလားထိုင်တွေ ဘယ်မှာထားလဲ၊ မင်းသိလား"

ဝန်ဇင်းက အလုပ်သမား ကောင်မလေးဘက် လှည့် မေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာ၊ အဘိုးရဲ့စာကြည့်တိုက်ခန်းထဲ ထည့် ထားတာပါ"

"တစ်ခုယူလာခဲ့ ... သွား ... သွား"

သာကီသည် ရှောင်လွှဲလို့မရနိုင်တော့တာ သေချာ ချင်တော့ စိတ်ပင်ပန်းခံနေတော့ဘဲ ခုံအမတ်နှင့် ထိုင်ရမည့် အရေးကို ဆက်ပြီးဆန့်ကျင်မနေတော့ပါ။ ကိုယ်ပြောခွင့်ရထား တဲ့စကားကို ဆက်ပြောခွင့်ရဖို့က ပိုအရေးကြီးသည်။

"ဦးဝန်ဇင်း ... သာကီ ပြောလို့ရပြီလား"

"ကဲ ... ပြော"

"စဉ်းစားနေတာက အကြောင်းအရာ နှစ်ခုရှိတယ်"

"တစ်ခုက ! "

သာကီ့ မျက်နှာလေးက ကြည့်နိုင် ဂရုစိုက်နိုင်လွန်း သိရအောင် မသိမသာကလေးမျှ ဝမ်းနည်းပက်လက်လေးလို ဖြစ်တာ စကားချက်ချင်းမစနိုင်ပေ။ တဲတွေးထစ်ချက် မျိုလိုက် သလိုဖြစ်ပြီးသည်နှင့် ဝမ်းနည်းပက်လက် အရိပ်အယောင်လေးကို ဖယ်ကိုယ့်ဖို့ဆိုသလို အဇတ်ဆည်ပြီး ဖြစ်သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မနေ့က မာမီက အဘိုးဆီဖုန်းဆက်တယ် ဦးဝန်ဇင်းရဲ့ သာကီ ရှိလားလို့တော့ မေးပါရဲ့၊ ဒါပေမဲ့ အဘိုးနဲ့ပဲပြော တာပါ၊ မာမီသားက ဒီနှစ်တက္ကသိုလ်ဝင်ခွင့် ရသွားပြီတဲ့ အမှတ်အရမ်းကောင်းတာတဲ့၊ ဟားဗာ့ဒ်မှာ Law (ဥပဒေ) တက်ခွင့်ရတာတဲ့၊ ဟားဗာ့ဒ်မှာ လောတက်တဲ့ ကျောင်းသား မျိုးဆိုတာ မိန်းမတွေ ဝိုင်းဝိုင်းလည်အောင် လူကြိုက်များ တာတဲ့၊ အလုပ်အကိုင် အခွင့်အလမ်းတွေ တက်လမ်းတွေ ကောင်းလွန်းလို့တဲ့၊ သူ့သားအကြောင်းကို ဝမ်းသာအား ဖုန်းဆက်ကြွားတာလေ ဦးဝန်ဇင်းရဲ့"

ဝန်ဇင်းက မမှုတ်ရစ် လုပ်ထားသော သာကီခင်ဒေ ကို စိုက်ကြည့်နေပါသည်။ မမှုရင် ဒီစကားကို ဘာများအရေးလု ပြီး ပြောနေဦးမှာလဲ။ ဒီကလေးမ ဘာဖြစ်နေတယ်ဆိုတာ ရိပ်မိ ဝန်ဇင်းက ခပ်တည်တည်ပင်။

"အဲဒါ ဘာထူးဆန်းလို့လဲ"

သာ့ကီက ဝန်ဇင်းကို မကျေမနပ် လှမ်းကြည့်လို ရင်း ...

"ဒီစကားတွေတော့ လှမ်းပြောပြီး သာကီ ဒီနှစ်ဆယ်တ ဖြေမလားလို့တောင် တစ်ခွန်းမှ စိတ်ဝင်တစား မေးမသွ ဘူးလေ"

"အဲဒါ ဘာဖြစ်လဲ"

"ဟာ ...၊ ဒါကို စဉ်းစားမိတိုင်း စိတ်ဖိစီးတာပေါ့"





"မင်းက ဖြေတစ်လှည့် မဖြေတစ်လှည့် စိတ်ကူးပေါက် သလို လုပ်နေတာပဲဟာ၊ တာဝန်တစ်ခုလို သတ်သတ်မှတ် မှတ်နဲ့ အောင်အောင်ဖြေမယ်ဆိုပြီး ဆက်တိုက်ဖြေနေတာ လည်း မဟုတ်ဘူး၊ ပြီးတော့ ဖြေရင်လည်း အောင်အောင် ဖြေတာမှ မဟုတ်တာ၊ တဖုန်းဖုန်းကျနေတာ ဘာစိတ်ဝင်စား စရာရှိလို့ မင်းအမေက မေးနေမှာလဲ"

သာကီ မျက်လုံးများက မကျေမချမ်းနှင့် ဒေါသ အငွေ့ပြာများ ထလာသလို ဝန်ဇင်းကို စူးစူးရဲရဲ ကြည့်နေပါသည်။ သူ့ရဲ့တနင့်တပိုး ခံစားချက်ကို ကိုယ်ချင်းလေးများ စာနိုင်မလား ...တရင်းတနှီး ရင်ဖွင့်ပါတယ်။ အရေးမပါတဲ့စကားလို သတ် ...တ်ခံလိုက်ရ၍ မျက်ရည်လေး ကလည်ကလည် သီဇေချင်ရာ ...နေ ခံစားချက်က တစ်ဝက်တစ်ပျက်မှာ ဆန့်ငင် ဆန့်ငင် ဖြစ် ...တာ ဒေါ်တွေ ပွလာရတာပင်။

"ငါသာ မင်းအမေဆိုရင်လည်း မင်း ဆယ်တန်းဖြေမဖြေ ကို စိတ်မဝင်စားတော့ဘူး၊ လူဆိုတာ ဘာမှ ထူးခြားပြောင်း လဲ စိတ်လှုပ်ရှားစရာမရှိတဲ့ အဖြစ်အပျက်သေးကြီးတွေကို စိတ်ဝင်စားရိုးထုံးစံ ရှိလား၊ ဒါကို တခုတ်တရလုပ်ပြီး မင်းကအချိန်ကုန်ခံ စဉ်းစားနေရသေးလား၊ စဉ်းစားမနေနဲ့ မင်းအမေက သဘာဝကျကျ ပြောဆိုသွားတာပဲ"

ပျော့နဲ့ခံစားတတ်ပြီး အဲဒီဖီလင်လေးထဲမှာ တသသ၊ ...သိမ့်သိမ့်နှင့် မပြီးအောင် နစ်နေတတ်တဲ့ သာကီစိတ်ရှေ့သော



www.burmeseclassic.com

www.burmeseclassic.com



ကို အချိန်တိုအတွင်း ရိပ်မိနေပြီးဖြစ်တဲ့ ဝန်ဇင်းက တမင်တကာ ပင် သူ့ခံစားချက်ကိုဖော့ပြီး သေးသိမ်ပေါ့တိမ်အောင် လုပ်ပစ်တာ ပင်။

"ကျွန်မနဲ့ စကားတစ်ခွန်းတောင် ခေါ်မပြောတာကကော သဘာဝကျကျပဲလား"

သာကီက ရှုံးရှုံးရွဲရွဲ မေးလိုက်ပါသည်။

"လုံးဝသဘာဝကျတာပေါ့၊ မင်း ပြီးခဲ့တဲ့ တစ်ပတ်ကပဲ ပြောဖူးပါသေးတယ်၊ မင်းအဖေတွေ အမေတွေဆီက ဖုန်း လာရင် မင်းက စိတ်လိုရင်တော့ ပြောလိုက်တယ်၊ စိတ်မလို ရင် မပြောဘူး ဆိုတာလေ၊ စိတ်လိုရင် လိုသလို၊ မလိုရင် မလိုသလို လုပ်ဖို့ အခွင့်အရေးက မင်းတစ်ယောက်တည်း မှာ ရှိတာမဟုတ်ဘူးဆိုတာ မင်းအမေက သဘောပေါက် သွားပြီ၊ သူ့မှာလည်း ဒီအခွင့်အရေး ရှိတာပဲလို့ အမြင်မှန် ရသွားပြီ၊ ကဲ … ဒီကိစ္စ ဒီတင်ဖြတ်စမ်းပါ၊ နောက်တစ် မြန်မြန်ပြော"

"ဦးဝန်ဇင်း"

"ဘာလဲ"

"ကျွန်မကို တမင်ရွဲ့ပြောနေတာ မဟုတ်လား"

"မဟုတ်ဘူး၊ ငါ သဘောရိုးနဲ့ ရိုးရိုးလေးပဲ ပြောနေတာ မင်းက ရွဲ့ပြောနေတာ ထင်ရအောင် ငါပြောနေတဲ့အချ အလက်တွေကို သဘောမတူလို့လား၊ ငါပြောတာ ရိုး





စင်းစင်း သဘာဝကျကျပဲလေ၊ လူတိုင်းဟာ သူ့စိတ်နဲ့သူ ရှုည်းပဲလေ သာကီခင်လေး၊ မင်းက မင်းသဘော မင်း ဆောင်မယ်၊ မင်းအမေကျတော့ သူ့သဘောမဆောင်နဲ့ မင်းသဘောပဲ လိုက်ဆောင်ရမယ်လို့ တွေးနေရင် မင်း လွဲသွားပြီပေါ့၊ မင်းအဘိုးက တရားသူကြီးကွ၊ မင်းလည်းပဲ မှုမှုတတ တွေးကြည့်မှပေါ့"

သာကီက ဝန်ဇင်းကို စူးစူးတောက်တောက် ကြည့် နေပါသည်။ ကောင်မလေးနှစ်ယောက် ကျွန်းကုလားထိုင်အမတ် တစ်လုံးသယ်ကာ အခန်းထဲ ဝင်လာ၍ သာကီက နေရာမှခပ် ဆောင့်ဆောင့် ဖယ်လိုက်ကာ ခုံချင်းလဲတာကို လက်ခံလိုက်ပါ သည်။

"ကဲ … နောက်တစ်ခုလေ မြန်မြန်ပြော၊ အချိန်တွေ အတော်ကုန်တယ်"

"မပြောတော့ဘူး၊ စိတ်ဖိစီးတယ်"

"မပြောတော့ဘူး ဆိုရင်တော့ အချိန်ကုန် သက်သာတာ ပေါ့၊ ဒါဖြင့် စာကျက်တော့"

သာကီသည် သူ့အဖြေလွှာ စာရွက်တွေကို ပြန်ငုံ့ ကြည့်သွားသည့် ဝန်ဇင်းကို မျက်လုံးထောင့်စွန်းနှင့် စိုက်ကြည့် ကာ အနည်းငယ် ဝမ်းနည်းသွားပါသည်။ ဒီလူဟာ ခံစားချက် မဲ့တဲ့သူလား။ သူ့ကို အချိန်တိုတိုအတွင်းမှာ သာကီ တရင်းတနှီး သဘောထားကာ ရင်ဖွင့်စကားတွေ ပြောဖြစ်ခဲ့ရခြင်းမှာ အဘိုးရဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း အဘိုးဦးမင်းစိန်မှတစ်ဆင့် သူ့ရဲ့ဘဝနောက်ခံဇာတ်ကြောင်းကို အဘိုးလည်းသိ သာကီလည်း သိခဲ့ရတာမို့ပင်။

သူဟာ သူတို့သားအမိကို ပစ်သွားပြီး နိုင်ငံခြားမှာ နောက်အိမ်ထောင်ပြုသွားတဲ့ အဖေတစ်ယောက်ရဲ့သား။ အမေက လည်း ခပ်ငယ်ငယ်မှာပဲ ဆုံးသွား။ သာကီ့အတိုင်းပဲ အဘိုးကို အုပ်ထိန်းသူလုပ်ကာ ကြီးပြင်းခဲ့ရတဲ့ သူတစ်ယောက်။ ခုဆိုရင် သူ့မှာ သူ့အဘိုးတောင် မရှိတော့။ နိုင်ငံခြားမှာ သွေးတစ်ဝက် စပ်တဲ့ မောင်နှမလေးတွေ ရှိနေတယ်ဆိုတဲ့ အချက်ကလည် သာကီနှင့် တစ်ထပ်တည်း။

ဒီလောက် ဘဝတူဖြစ်နေတဲ့ လူတစ်ယောက်ကို သာကီ ကိုယ်ချင်းစာစိတ်နှင့် ခံစားချက်ချင်း နီးစပ်ထပ်တူကျလိ မယ်လို့ ထင်မြင်ခဲ့မိသည်။ အထီးကျန်ကျန် ကြီးပြင်းလူလာ ခဲ့ရကာ ဟိုးရင်ထဲ တစ်ထောင့်တစ်နေရာမှာ သိမ်ငယ အားငယ်မှုလေး အညွန့်အညှောက်ပေါက်ရောက် ရှင်သန်နေခဲ့မှ ပဲလို့ ကိုယ်နှင့်နှိုင်းတွေးကာ သူ့ကို ရင်းနှီးစိတ် ဝင်ခဲ့မိတာပ

ဒါကြောင့်လည်း ဒီကာလလေး အတွင်းမှာပဲ ချင်တဲ့စကားမှန်ရင် ဖုံးဖိဝှက်ကွယ်မနေဘဲ ရင်ဖွင့်ပြောပစ်လို မိတာ။ ခုတော့ သူက မခံစားတတ်တဲ့ပုံကြီးနဲ့။ သူ့မှာလည် နိုင်ငံခြားမှာ အဖေတူ အမေကွဲ ညီနဲ့ညီမ ရှိတာပဲ။ သူနဲ့လည် အဆက်အသွယ် နည်းပါးကျဲတောက်လွန်းလှတယ်လို့ အဘိ ဦးမင်းစိန် ပြောတာပဲ။





အဲဒီခံစားချက်မျိုး သာကီ ခံစားနေရမယ်လို့ သူ ကြင်ကြင်နာနာ မတွေးနိုင်ဘူးလား။

"ဟော့ ... မင်း ဘာငိုင်နေပြန်တာလဲ"

"... ... ..."

"ဒီနေ့ စာလုပ်ဦးမှာလား"

"မလုပ်ချင်တော့ဘူး"

"တစ်နေ့ တစ်နေ့ စိတ်မပါရင် မပါသလို စာကျက်ဖို့ကို ရွှေ့ရွှေ့နေတဲ့ အကျင့်ကို လုံးဝမကြိုက်ဘူး၊ မင်း 'တာဝန်' ဆိုတာကို မသိတတ်ဘူးလား သာကီခင်လေး၊ မင်းအမြင် မှန်ရော မရသေးဘူးလား"

ကျွန်းကုလားထိုင်မှာ ခပ်တောင့်တောင့် ခပ်မတ်မတ် ထိုင်နေတဲ့ သာကီက ...

"အမြင်မှန် အမြင်မှား ဆိုတာက ဘယ်သူက သတ်မှတ် ထားတာလဲ၊ ဘယ်အမြင်ကမှန်ပြီး ဘယ်အမြင်က မှားတယ် ဆိုတာ ပုံသေရှိလို့လား ဦးဝန်ဇင်း"

ဝန်ဇင်းက တစ်ချက် ပြုံးလိုက်ရင်း ...

"မင်း ငါ့ကိုရစ်နေတာပေါ့ ဟုတ်လား၊ မင်း မျှော်လင့် သလို ဟာ ... မင်းအမေက မမိုက်ပါဘူးကွာ၊ ဒီကသမီး လေးကိုလည်း စိတ်ဝင်စားမှု ရှိဦးမှပေါ့ စသဖြင့် ငါက ပြောပေးမှ မင်းက ကျေနပ်မှာကိုး၊ ဒီမှာ သာကီခင်လေး၊ မင်းက အဲသလောက် စိတ်ပျော့ညံ့သလား၊ မင်း ဖမ်းထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စတိုင်လ်က အသည်းမာတဲ့စတိုင်လ်လို့ ထင်ရပြီး တကယ်တမ်းကျတော့ မင်းက ငပျော့လား"

သာကီသည် ဝန်ဇင်းကို မျက်ရည်အိုင်လာသော မျက်လုံးကြီးနှင့် တစ်ချက်လှမ်းကြည့်ကာ မျက်နှာကို တစ်ဖက်လွှဲပစ်လိုက်ပါသည်။ ဝန်ဇင်း စိတ်မကောင်းပါ။ ဒီကောင်မလေး ရင်ထဲမှာ နစ်အိုင်နေတဲ့ ပျော့ညံ့တဲ့ခံစားမှုတို့ကို သူက အားမပေးလိုတာပါ။ ခပ်ကြမ်းကြမ်း ဆွဲခေါ်လိုပေမယ့် သူက မိန်းကလေးတစ်ယောက်ဆိုတာကိုတော့ မေ့ထားလို့ မဖြစ်သေးပေဘူး။

"သာကီ"

ဝန်ဇင်း အသံက နူးညံ့ပျော့ပျောင်းနေပါသည်။

"မင်းအမေက တစ်လတစ်ကြိမ် ဖုန်းဆက်တယ်၊ အဘိုးနဲ့ပြောတဲ့အခါပြော မင်းနဲ့ပြောတဲ့အခါ ပြောတယ်၊ ဒါကို မင်း ကျေနပ်သင့်တယ်၊ အကောင်းဘက်က မြင်သင့်တယ် ညီမ"

သာကီသည် "ညီမ"ဆိုတဲ့ လျှပ်တစ်ပြက် အသုံးအနှုန်းကြောင့် ဖျတ်ခနဲ ရင်ထဲလှုပ်ရှားခံစားသွားရကာ ကြက်သီးဖုလေးများ ထွေးဥလာရပါသည်။

"ကိုယ့်အဖေဆိုရင် ကိုယ့်ဆီ ဖုန်းမဆက်တာ ကြာပြီ၊ ကိုယ့်အကြောင်းတို့ရော ဘဘ ဦးမင်းစိန်ဆီက မင်းကြားဖူးသလား"

"ဟုတ်"





"ဘဝဆိုတာ ကိုယ်ဖြစ်ချင်သလို ဖြစ်လို့ရတဲ့အရာ မဟုတ်ဘူး၊ ကိုယ်စိတ်ကူးယဉ်သလို ပုံပေါ်တဲ့အရာ မဟုတ်ဘူး၊ အဲသလို မဟုတ်တာကို ခံစားချက်နောက် ကောက်ကောက်ပါပြီး ပုံကြီးချဲ့ ငိုနေရင် ကိုယ့်အတွက် အကျိုးရှိတာတွေလုပ်ဖို့ အချိန်တောင်ရှိတော့မှာ မဟုတ်ဘူး၊ စိတ်ကလည်း ပျော့သထက် ပျော့ညံ့သွားမှာပဲ ...

ကိုယ်တစ်ယောက်တည်း မဟုတ်တဲ့ ကိုယ့်မိသားစုဘဝကို ကိုယ်ဖြစ်ချင်သလို ပုံဖော်လို့မရပေမယ့် ကိုယ့်ကိုယ်ကိုယ်တော့ ကိုယ်ဖြစ်ချင်သလို ပုံဖော်လို့ရတယ်၊ မင်းကိုယ်မင်း မင်းဖြစ်ချင်တဲ့ သူတစ်ယောက် ဖြစ်အောင်လုပ်လို့ရတယ်၊ အခုကိုပဲ မင်းလုပ်ထားတယ်လေ၊ မင်းက အထိုက်အလျောက် အောင်မြင်နေတဲ့ အဆိုတော်တစ်ယောက်လေ၊ မင်းဘဝက အထိုက်အလျောက် ကျေနပ်စရာကောင်းပြီးသား၊ ဘာမှငေးငိုင်တွေဝေနေစရာ မလိုဘူး"

"ဘယ်လောက်ကြီးပဲ အောင်မြင်နေတဲ့ လူတစ်ယောက်ဖြစ်ပါစေ ဘယ်လိုလူစားမျိုးပဲ ဖြစ်ပါစေ ခံစားချက်ဆိုတာတော့ ရှိတာချည်းပေါ့ ဦးဝန်ဇင်းရယ်၊ ကိုယ်က ဟိုးအမြင့်ဆုံးက လူတစ်ယောက် ဖြစ်နေလို့ ဘာကိုမှ မခံစားရတော့ဘူးရယ်လို့ ရှိလို့လား"

"ခံစားပါ၊ ဒါပေမဲ့ ရည်ရွယ်ချက်ကို အနှောင့်အယှက်ဖြစ်လာတဲ့အထိတော့ မဖြစ်ပါစေနဲ့လို့ ပြောတာ၊ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ဘာစာမှမပြီးဘဲ ငါ မပြန်ချင်ဘူး သာကီခင်လေး၊ အဲဒီတော့ မင်းရဲ့ဒုတိယအကြောင်းအရာကိုပြောပြီး စာဆက်ကျက်လိုက်ပါလား"

သာကီက ခေါင်းလေးတစ်ချက်ညိတ်ရင်း ...

"စိတ်လေပြီး စာမေးပွဲနှစ်နှစ်ဆက်တိုက် ကျခဲ့ရတယ်လို့ ဦးဝန်ဇင်းကို သာကီ ပြောဖူးတယ်လေ"

"ရည်းစားကိစ္စလို့ ပြောတယ်၊ အခု ဘာဖြစ်လို့လဲ"

ဝန်ဇင်းက သာကီ့ကို စေ့စေ့ကြည့်ရင်း မျက်မှောင်ကြုတ်မိသည်။ ဒီကောင်မလေး မလွယ်ပါလား။ အချစ်ရေးကိစ္စကို သူစိမ်းတစ်ယောက်ထံမှာ အလွယ်တကူ ရင်ဖွင့်ရလောက်အောင် ခံစားချက်တွေက တောက်လောင် ပေါက်ကွဲနေတာလား။

"ဦးဝန်ဇင်းကို ဒီအကြောင်းအရာမျိုး ပြောတဲ့အတွက် တစ်မျိုးတော့ မထင်စေချင်ဘူး"

သူကလည်း ခေသူ မဟုတ်ပါ။ ဝန်ဇင်း မျက်နှာပေါ်က အရိပ်အကဲကို ဖတ်နိုင်သည်။

"တခြား ဘယ်သူမှ ပြောစရာမရှိဘူး"

"မင်းမှာ သူငယ်ချင်း မရှိဘူးလား"

"သူငယ်ချင်း ရှိပေမယ့် သူက သာကီ့အပေါ် True မဖြစ်ဘူးလို့ သာကီ ထင်မိတယ်၊ သာကီ့ကို တကယ် စေတနာထားပြီး မခင်ဘူးလို့ ထင်တယ်"





"မင်းက သူတစ်ပါးကို သံသယကြီးတာ မကောင်းမြင်တာရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပဲ၊ သူကလည်း ဆယ်တန်းဗိုင်းတုန်းက မိုးကို မျှော်လင့်ခဲ့တဲ့သူပဲမို့လို့ သာကီ မယုံကြည်မိတာလည်း ဖြစ်နိုင်ပါတယ်"

"မိုး ဆိုတာက ! "

"မိုးဝေ"

"မင်း ချစ်သူပေါ့"

"သာကီ့ကို ထားခဲ့တဲ့သူပါ"

"ဘာဖြစ်လို့ ထားခဲ့တာလဲ"

"သူ့အမေကြောင့်ပါ"

"ဩော်"

ဝန်ဇင်းက ခေါင်းညိတ်ရင်း ...

"ဒါ အတော်ကြာကြာကြီးက ပြီးခဲ့တဲ့ကိစ္စ မဟုတ်လား၊ ခုမှ ဘာဖြစ်လို့ စာကျက်ပျက်ရလောက်အောင် စဉ်းစားစရာ ဖြစ်နေပြန်တာလဲ"

"သူ့ဘက်ကပြီးရင် ပြီးပေမယ့်၊ ကျွန်မဘက်က မပြီးဘူး"

"ဟော"

ဝန်ဇင်းက တကယ်ပဲ အံ့အားသင့် လန့်ဖျပ်မိပါသည်။ ဘယ့်လိုဟာလေးပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"တအားနာကြည်းပြီး ကျန်ခဲ့တာ၊ ခုထိလည်း နာတုန်းပဲ၊ ခုထိ စိတ်မပြေနိုင်ဘူး၊ ခွင့်မလွှတ်ဘူး"

"သူ့ဘက်ကတောင် ပြီးနေပြီပဲ၊ မင်းက ဘာဖြစ်လို့စိတ်ပင်ပန်းခံနေရတာလဲ၊ ထားလိုက်တော့ပေါ့၊ အကျိုးမရှိတာကို"

"သူက ကျွန်မကို မချစ်လို့ ထားသွားရင် ကျွန်မလည်း လှည့်မကြည့်ပါဘူး၊ အခု သူက သူ့အမေ သဘောမတူနိုင်လို့ ဖြတ်သွားတယ်၊ တခြားမိန်းကလေးတွေနဲ့ တွဲတယ်၊ တွဲလိုက်တာမှ ကျွန်မသူငယ်ချင်းတောင် ပါတယ်၊ ရည်းစားအရမ်းများတဲ့သူလို့ သူများတွေ သတ်မှတ်ရအောင် လျှောက်တွဲတယ်၊ ဒါပေမဲ့ ကျွန်မကိုတွေ့ရင် အမြဲတမ်း ကြွေနေတယ်"

ဝန်ဇင်းက ပြုံးမိမလို ဖြစ်ရပါသည်။

"တကယ်လည်း သူ ကျွန်မအတွက် ခံစားရတုန်းဆိုတာ သေချာတယ်၊ ဒါနဲ့များတောင် ဘာဖြစ်လို့ သတ္တိလေးလက်တစ်ဆုပ်လောက် မရှိရတာလဲလို့ တွေးလိုက်ရင် အရမ်းမုန်းတယ်၊ ရင်ထဲမှာ နာပြီးတော့ ခါးနေတယ်"

"သူက မင်းကို ကြီးရှည်ရှည်လေးလှန်ပြီး လှည့်စားနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ကိုယ့်ကိုဖြတ်သွားပြီး တစ်ယောက်ပြီးတစ်ယောက် ကောက်တွဲနေတဲ့ ကောင်ကိုများ ကိုယ့်ကိုတကယ်ချစ်တာလို့ ထင်မနေနဲ့"



"ထင်တာ မဟုတ်ပါဘူး ဦးဝန်ဇင်းရဲ့၊ သိကို သိတာပါ၊ သူ့အမေကို သူ မလွန်ကို မလွန်ဆန်နိုင်တာ၊ သူ့အမေက သာကီကို အိမ်တိုင်ရာရောက်အထိလည်း ပိုးစိုးပက်စက်လာပြောဖူးတယ်၊ သာကီက စာကလည်းညံ့၊ လူကလည်း ဂျစ်ကန်ကန်၊ ဆယ်တန်းအရွယ်နဲ့ ရည်းစားထားဖို့ အလွယ်တကူ နိုင်လွန်းတာကို ဆုံးမမယ့်သူကလည်းမရှိ၊ အဖေအမေကလည်း နောက်အိမ်ထောင်တွေ အသီးသီးနဲ့ ရှုပ်တီးရှုပ်ယှက်မျိုးရိုး စသဖြင့်တွေပေါ့"

"အတော်ဆိုးပါလား"

"အဲဒါကြောင့် အဘိုးကလည်း အဲဒီ မိုးဝေနဲ့ဆိုရင် သူလည်း လုံးဝသဘောမတူနိုင်ဘူးဆိုပြီး ဖြစ်သွားတယ်၊ သာကီက နောက်ဆုတ်ဖို့ မစဉ်းစားခဲ့ပေမယ့် သူက နောက်ဆုတ်ခဲ့တယ်၊ ဘယ်လောက် သတ္တိနည်းထားလဲ၊ သူ သာကီ့ကို ချစ်တာ သာကီ သိတယ်၊ ဒါနဲ့တောင် အမေကို လုံးဝရင်မဆိုင်ရဲတာကို အရမ်းမုန်းတယ် ..."

ခုချိန်ထိ သာကီနဲ့တွေ့ရင် အမြဲရှာယာခတ်ပြီး ရှုးရှုးမှူးမှူး ဖြစ်တယ်၊ သူ့စိတ်တွေ လှုပ်ရှားတယ်၊ သံယောဇဉ်မကုန်တဲ့ အပြုအမူတွေ ပြတယ်၊ ဒါပေမဲ့ အဲဒီနောက်မှာ နောက်ထပ် နောက်ထပ် အသစ်တွေထပ်တွဲပြန်ရော၊ အဲဒါ ဘယ်လိုနားလည်ရမလဲ၊ ဘယ်လိုလှူစားရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ငါလည်းမပြောတတ်ဘူး၊ ပြောချင်တာတစ်ခုက တော့ ယောကျာ်းတွေကို သိပ်မယုံနဲ့ သာကီ၊ ရှုးပြတိုင်းလည်း ရှုးတယ်မထင်နဲ့၊ ကြွေပြတိုင်းလည်း ကိုယ့်ကို သံယောဇဉ် မကုန်ဘူး ထင်မနေနဲ့၊ ကိုယ့်ကို သူ့အမေက လည်း တဆုံးချိုးဖဲ့ပြောထားတာများ ဘာဖြစ်လို့ ခုချိန်ထိ အရေးလုပ် တွေးနေရတာလဲ၊ မေ့လိုက်စမ်းပါ၊ မတွေ့အောင် နေပေါ့"

"သာကီ သူ့ကိုမုန်းပေမယ့် မေ့လို့မရဘူး ဦး၀န်ဇင်းရဲ့၊ ဦး၀န်ဇင်းရော လူတစ်ယောက်ကို မုန်းဖူးလား၊ ချစ်ရာ ချစ်ဖူးလား"

"ငါနဲ့ ဘာဆိုင်လို့လဲ"

"သိချင်လို့ပါ"

"မသိချင်နဲ့"

"သိချင်တာပဲဟာ၊ မသိချင်လို့ ဘယ်ရမလဲ"

"ဟာ ... ညည်း ဘယ်လိုဟာလေးလဲ"

"ကျွန်မက တပည့်ဆိုတဲ့သဘောနဲ့ ပြောပြရမှာ ရှက်တာ လား၊ သာကီက ဦး၀န်ဇင်းရဲ့မိတ်ဆွေနော်၊ တပည့်မဟုတ် ဘူး၊ အဖော်ကြီးကတည်းက သဘောတူပြီးသား"

ဝန်ဇင်းက သက်ပြင်းခပ်နက်နက်ရှိုက်ရင်း ...

"မင်းကို ငါ ... ငါ့ရဲ့ခံစားချက်တွေ ရင်ဖွင့်ရလောက်အောင် မင်းက အဖက်တန်တဲ့အဆင့် ရောက်လာရင် ငါပြော





မယ်၊ အခုတော့ မင်းက ငါ မျှဝေဖို့အတွက် နုသေးတယ် သာကီ၊ ခံစားချက်ထဲမျောပြီး စာကျက်တွေ ပျက်နေတဲ့ အဆင့်လောက်က လူမျိုးဟာ ငါ့အတွက်တော့ သူငယ်တန်း လောက်ပဲ သတ်မှတ်ပေးနိုင်တယ်၊ ဘက်မတန်ဘူးကွ"

သာကီသည် ဝန်ဇင်းစကားကြောင်း အသည်းတွေ တလိပ်လိပ်ယားသွားသလို မျက်လုံးလေးပြူးပြီး ရှုံ့မဲ့ဖြစ်သွားပါ သည်။ ဝန်ဇင်းကို မျက်စောင်းချွဲယ်ပြီး စာအုပ်ကို ဆတ်ခနဲ ကောက်ကိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၅

မီးပွိုင့်က မီးနီကိုကြည့်ပြီး ရပ်တန့်စောင့်နေရာက သာကီ့မျက်ဝန်းများက ဘေးဘက်ကွေ့လိုင်းရဲ့ ရှေ့ကားသုံးလေးစီး အကျော်က ဂျစ်ကားအနက်ရောင်ကို လှမ်းမြင်လိုက်ပါသည်။ အနက်ရောင်နှင့် ကျောက်စိမ်းရောင်ကို အရိုးကျကျ ဒီဇိုင်းဆင်ဆေးမှုတ်ထားတဲ့ အဲဒီကားဟာ ဦးဝန်ဇင်းတဲ့ကားမို့လို့လေ။

သာကီက အဖြောင့်သွားမယ့်လိုင်း၊ ဦးဝန်ဇင်းက ကွေ့မယ့်လိုင်း။ မီးပွိုင့်ရှေ့က ကားတန်းက ရှည်လျားလှကာ သာကီက မီးပွိုင့်နားမကပ်ဘဲ နောက်နားခပ်ကျကျမို့ သာကီက ရုတ်တရက် ဆုံးဖြတ်ချက်နှင့်ပင် ဘေးကကားကို လက်တစ်ဖက် လှမ်းပြလိုက်ရင်း ....

"တစ်စီးလောက် ဝင်ပါရစေနော်၊ ကျွန်မ ကွေ့ရမှာကို လိုင်းမှားယူမိလို့ပါရှင့်"

"ဝင် ... ဝင်"



သာကီ့ရဲ့ ပြုံးချိုချိုအပြောကြောင့် တစ်ဖက်ကားက ...ကလည်း အသာတကြည် ခွင့်ပြုပါသည်။ သာကီက အင်ဒီကေတာ ...ထားလိုက်ကာ မီးစိမ်းတာနှင့် ဟိုဘက်လိုင်းထဲ လျှောထိုးကူး ...င်လိုက်ပါသည်။

ငါတို့ချာကြီး ဘယ်သွားမလို့ပါလိမ့်လို့ ရုတ်တရက် ...ဘ်ဝင်စားလွန်းလို့လေ။ အမှန်က ဒီနေ့ သာကီ ကျူရှင် ရှိတဲ့ ...နေ့ပါ။

ဒါပေမဲ့ မကြာခင်ထွက်ဖို့ရှိတဲ့ ခြောက်ယောက်တွဲ ... တစ်ခွေမှာပါတဲ့ သာကီ့သီချင်းနှစ်ပုဒ်အနက် တစ်ပုဒ်ကို ...ချို့နေရာလေးတွေ အသံပြန်ထပ်ဖို့ရှိလို့ ဒီနေ့ မဖြစ်မနေအချိန် ...င်နှာရှိလောက် ပေးပါဆိုလို့ ကျူရှင်ချိန်ကို ရှေ့ပိုင်းအနည်းငယ် ...က်လိုက်တာပင်။ နောက်ဘက်နည်းနည်းဆုတ်ပြီး အချိန်ညှိယူ ...က်တာ။

အဲဒီအကြောင်း မနေ့ညက သာကီ ဖုန်းဆက်ခွင့် ...ာင်းတော့ ...

"ဟာ ... မဖြစ်ဘူး၊ ညနေဘက်ကို ငါ တစ်ခုသွားစရာ ရှိတယ်"

"ဒီအသံက ဒီနေ့ မသွင်းလို့မဖြစ်လို့ပါ ဦးဝန်ဇင်းရဲ့၊ ဒီနေ့က သူတို့ စတူဒီယိုမှာ ယူထားတဲ့ဂျူတီ အပြီးအပြတ် ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကျူရှင်ချိန်အပြီး ညနေစောင်းဘက်ကျမှ သွားဆို လို့ မဖြစ်ဘူးလား"

"မဖြစ်လို့ပါ ဦးဝန်ဇင်းရဲ့၊ ဒီအချိန် လာဆိုပေးဖို့ စီစဉ် တဲ့သူက ခေါ်လို့ပါ"

"ကျွတ် ... ကိုယ်လည်း ညနေကို ကိစ္စတစ်ခုရှိတယ်၊ မင်း ဆိုလာရမှာမို့လို့ ကိစ္စကို ညနေဘက်မှာ စီစဉ်ထားတာ"

"ဒါဖြင့်လည်း ဦးဝန်ဇင်းရယ်၊ သာကီ့အချိန်ထဲက ရှေ့အချိန် ကိုပဲ နည်းနည်းဖျက်လိုက်မယ်၊ ညနေဘက်ဆီတိုးပြီးမ တော့ဘူးလေ၊ ခါတိုင်းပြီးတဲ့အချိန်ပဲ ရပ်တာပေါ့"

"ဒီတော့ မင်း အလုပ်နားနေရင်း အချိန်တစ်နာရီခွဲ နာရီပုပ်မှာပေါ့"

"ရပါတယ်၊ သာကီက ကိစ္စရှိတာပဲဟာ"

အဲသလိုပြီးသွားခဲ့ပေမယ့် ဒီမနက်ကကျတော့ ဦးဝ ဇင်းထံမှ ဖုန်းလာပါသည်။

"သာကီခင်လေး၊ မင်းအချိန်ကို ရှေ့ကနှစ်နာရီလျှော့ပြီး ညနေဘက်ကို နှစ်နာရီ တိုးယူလိုက်မယ်"

"ဟင် ... ဦးဝန်ဇင်း ကိစ္စရှိတယ်ဆို"

"ကိုယ့်ကိစ္စကို ရွှေ့လိုက်ပြီ၊ မင်း ဖျက်ထားတဲ့ မနက်ပိုင်း နှစ်နာရီထဲမှာပဲ ကိုယ့်ကိစ္စပါ အဆင်ပြေအောင် လုပ်လိုက် မယ်၊ မင်းအတွက် စာသင်ချိန် မလျော့တော့ဘူးပေါ့"

"သင့်ခ်ယူပါ ဦးဝန်ဇင်း"





သူ့ကိစ္စကိုပါ ပုပ်မည့်အချိန်အတွင်း ပြောင်းထည့် ...းလိုက်တဲ့ တာဝန်သိမှု၊ သာကီ့အပေါ် စေတနာထားမှုတို့ကို ...သာကီ နားလည်ရပါသည်။

အခု သီချင်းအသံထပ်ဖို့ကိစ္စနှင့် "......"စတူဒီယို ...ို ထွက်လာတာဖြစ်တဲ့ သာကီဟာ ရှေ့တည့်တည့်သွားပြီး ...ယ်ချိုးလျှင် စတူဒီယိုခြံရှိတဲ့လမ်းထဲ ရောက်ပြီဖြစ်ပေမယ့် ...ဝန်ဇင်းကားနှင့် မမျှော်လင့်ဘဲ ကြုံဆုံလိုက်တော့ ဆန်းကြယ်တဲ့ ...တ်တို့ဟာ လှစ်ခနဲသော စက္ကန့်ပိုင်းအတွင်း ဦးဝန်ဇင်းရဲ့ကိစ္စ ...ဘာများလဲလို့ စပ်စပ်စုစု သိချင်သွားမိကာ ကားကိုပင် လမ်း ...ကြောင်းပြောင်းပြီး ဦးဝန်ဇင်းနောက်က ရှိုက်မိတာ။

ဆယ်မိုင်ကုန်းမှာနေတဲ့ ဦးဝန်ဇင်း ဒီဘက်ရောက် ...တာဟာ ဖျက်ထားတဲ့ ကျူရှင်ချိန်အတွင်း သူ ရွှေ့ထားတယ် ...ဆိုတဲ့ သူ့ကိစ္စကို သွားရောက်ဆောင်ရွက်မှာပဲ မဟုတ်လား။ ...တော့ ဘေးတံခါးတွေ ဖွင့်ထားတဲ့ သူ့ရဲ့ဂျစ်ကားပုပုလေး ...မှာ ဦးဝန်ဇင်း ထိုင်နေတာကို နောက်နားက တွေ့လိုက်တဲ့ ...သာကီဟာ ဦဝန်ဇင်း ပုံစံပြောင်းနေတာကိုလည်း အံ့ဩဆန်းပြား ...သွားလို့ပါ။

အမြဲတမ်း ရုပ်လက်ရှည်ဖြူ၊ ဒါမှမဟုတ် အပြာနု ...မြူပေါ် သေးမျှင်သော ကွမ်းရိုးစင်းအဆင်တွေကိုသာ လက်ရှည် ...ြယ်သီးစေ့တပ်၍ ပိုးတွဲပုဆိုးတို့နှင့် ဝတ်ဆင်လာလေ့ရှိတဲ့ ဝန် ...း ကိုယ်ပေါ်မှာ အနက်ရောင်စပို့ရုပ်နှင့် ကောင်းကင်ပြာရောင် ...ုံးဘောင်းဘီတို့ကို တွေ့လိုက်ရလို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နားကျကျကနေ တွေ့ရပေမယ့် ဦးဝန်ဇင်း ဆိုတာ-သာကီ သေချာသိနေသည်။ စတူဒီယိုကိုလည်း အားနေတဲ့ အတူတူ နာရီဝက်ယောက် ကြိုစောပြီး ထွက်လာတာမို့ အချိန် ရနေသေးသည်ဖြစ်ရာ တကူးတက စဉ်းစားမနေမိဘဲ လျှပ်တစ်ပြက် အတွင်း ဆုံးဖြတ်ချက်နှင့် ချိုးကွေ့လိုက်ချလာတာ။

ရှေ့နားတစ်နေရာမှာ ရပ်လိုက်သော ဦးဝန်ဇင်း ကားကြောင့် သာကီလည်း ရောက်တဲ့နေရာမှာ ပလက်ဖောင်းဘေး တိုးကပ်ရပ်လိုက်ပါသည်။ ဦးဝန်ဇင်းကားနှင့် သာကီ့ကား ခြောက်ဆယ်လောက်တော့ ဝေးလှမ်းပါမည်။ ဂျစ်ကားပေါ်က ဆင်းလာတဲ့ ဦးဝန်ဇင်းကို သာကီက ပါးစပ်အဟောင်းသားနှင့် ငေးမောကြည့်နေမိသည်။

သူ့အရပ်က ခြောက်ပေလောက်မြင့်မှာမို့ ဂျင်းဘောင် ဘီ ပုံကျကျ၊ စပို့ရှပ်အနက်တို့နှင့် လိုက်ဖက်လှသည်။ အရင်ထေ တုန်းကတော့ ဆရာဂိုက်ဖမ်းထားတာမို့ သူက လူကြီးတစ်ယောက် နှင့် တူနေတာပါ။ ခုလိုကျတော့လည်း နုနယ်ပျိုမြစ်သားပင်။

သူ့အသက်က သာကီ့ထက် ခုနစ်နှစ်လောက်ပဲကြီး ကာ သုံးဆယ့်နှစ်နှစ်ထဲမှာလို့ သာကီ သိထားပြီးသားပါ။ တကယ် တော့ ယောကျ်ားတစ်ယောက်အတွက် သုံးဆယ့်နှစ်ဆိုတဲ့ အသက် အရွယ်ဟာ အသိဉာဏ်ပညာနှင့်လည်း ရင့်ကျက်ပြည့်စုံတဲ့ အရာရာကို စုံလင်နှံ့စပ်ပါးနပ်တဲ့ အရွယ်မို့ ကြည့်အကောင်းဆုံး မျက်နှာထားမျိုး ပိုင်ဆိုင်တဲ့ အရွယ်မျိုးပါ။





မျက်နှာပေါ်က ချောမောခန့်ညားမှုဟာ ပြည့်စုံသော ဉာဏ်ပညာ၊ ရင့်ကျက်တဲ့ အတွေးအခေါ်နှင့် ပြည့်ဝနေတဲ့ ရုပ် ရည်မျိုး ဖြည့်စွက်လိုက်တော့ တော်တော်ကြည့်ကောင်းတဲ့ အနေ အထား ဖြစ်နေသည်။ ဒါကြောင့်လည်း မြင်မြင်ချင်းကတည်းက ကိုက ကမ္ဘာပေါ်မှာ ကြည့်အကောင်းဆုံး၊ ဆွဲဆောင်မှုအရှိဆုံး ကျောင်းဆရာဖြစ်မှာလို့ မှတ်ချက်ပြုခဲ့ပြီးသားပဲလေ။

"ဟော"

ဦးဝန်ဇင်းက သူဝင်သွားတဲ့ တိုက်ခန်းထဲက ပြန် ထွက်လာတဲ့အခါ လက်ထဲမှာ လှပဆန်းပြားသော တစ်ပွေ့တစ် ပိုက်အရွယ် ပန်းစည်းကြီးနှင့်။

"သူကလေ !"

သာကီက အံ့အားတသင့် ရေရွတ်မိပါသည်။ ဒီလို ရိုမန်းတစ်ပန်းစည်းကြီးမျိုးကို ဦးဝန်ဇင်းလိုလူ့ရဲ့လက်ထဲ ပွေ့ထား တာ တွေ့ရမယ်လို့ ထင်စရာအကြောင်းမရှိ။ သာကီက အတော် အံ့သြဆန်းကြယ်မိကာ ကားကို စက်နှိုးလိုက်ပါသည်။ ဦးဝန်ဇင်း ကားက ပြန်ထွက်သွားပြီလေ။

ကားကို မောင်းထွက်လာပြီး ခုနကတိုက်ခန်းရှေ့ ရောက် လှည့်ကြည့်စူးစမ်းလိုက်တော့ **Floral** ဆားဗစ်စ်ဆိုင်း ဘုတ်တစ်ခုကို တွေ့ရပါသည်။ အလို၊ သူက ဖလော်ရယ်ဆိုင် တစ်ခုမှာ ပန်းစည်းမှာကြားတတ်တဲ့ လူစားမျိုးဝါလား။ ဒီလောက် လှပတဲ့ ပန်းစည်းက ဘယ်သူ့ဖို့လဲ။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားသွားရပြီဖြစ်တဲ့ သာကီက ကိုယ့်ကိစ္စပဲ နောက်ကျကျ၊ ဦးဝန်ဇင်းနောက်ကို လိုက်ကြည့်ဦးမည်လို့ ဆုံးဖြတ်လိုက်ပေမယ့် ဦးဝန်ဇင်းက ရှေ့ဆက်မသွားတော့ဘဲ ရှေ့နားက ဖြတ်မျဉ်းတုံးတွေကနေ နောက်ကြောင်းကို ဂငယ်ကွေ့ ပြန်လည်ကွေ့လိုက်ပါသည်။

ဦးဝန်ဇင်းရဲ့ကားနောက်ကနေ လိုက်ကွေ့ လိုက်မောင်းလာခဲ့သော သာကီသည် လမ်းတစ်ခုထဲသို့ ဦးဝန်ဇင်းက ကားကိုချိုးချလိုက်လျှင် အံ့သြသွားရပြန်ပါသည်။ ဒီလမ်းက ခုနကတည်းက သာကီ သွားဖို့ရည်ရွယ်ထားတဲ့လမ်း၊ စတူဒီယိုရှိတဲ့လမ်းမို့လေ။ ခပ်တိုတိုသာရှိသော ဤလမ်းသွယ်ထဲ ဘယ်ခြံကိုများ သူ သွားမလို့ပါလိမ့်။ သာကီ ကပ်မလိုက်ဘဲ ထိပ်နားမှာပင် ဘီးလိမ့်ရုံလိမ့်၍ ဦးဝန်ဇင်း ကားကိုသာ လှမ်းအကဲခတ်နေပါသည်။

ဦးဝန်ဇင်းဟာ ကားကို ခြံတစ်ခြံရဲ့ (ဂိတ်တံခါးရှေ့ မဟုတ်သော) အစွန်ကျကျလေးမှာ ရပ်လိုက်ပြီး ကားပေါ်မှ ဆင်းလာသည်။ လက်ထဲမှာ ပန်းစည်းကြီးနှင့်။ ပါးစပ်ကလေးတောင် အဟောင်းသား ဟနေမိတဲ့ သာကီက ဦးဝန်ဇင်းရဲ့အပြုအမူတို့ကို မျက်တောင်မခတ် ကြည့်နေမိပါသည်။

ပန်းစည်းကြီးကို ခြံတံခါးသံတိုင်တွေအကြား ခပ်မြဲမြဲ ငြိမ်နေအောင် ဂရုတစိုက် ညှပ်ထားလိုက်ပြီးတဲ့အခါမှာတော့ ဦးဝန်ဇင်းဟာ သူ့ရဲ့ဂျစ်ကားပေါ်ကို ပြန်တက်မောင်းထွက်သွားလေပြီ။ ဦးဝန်ဇင်းရဲ့ကားလမ်းရဲ့ ဟိုတစ်ဖက်ထိပ်ကနေ ကွေ့ထွက်





သွား၍ ပျောက်ကွယ်သွားသောအခါ သာကီသည် သူ့ကားကို ခုနခြံရှေ့သို့ လျှောခနဲ မောင်းရွှေ့ရပ်တန့်လိုက်ပါသည်။

ကားပေါ်ကဆင်း၊ ခြံတံခါးမှာ ချိတ်ထားတဲ့ ပန်းစည်းကြီးကို ဖြုတ်ကိုင်ပြီးမှ ခြံတံခါးကို တစ်ဖက်တစ်ချက် တွန်းဖွင့်လိုက်သည်။ ကားပေါ်ပြန်လာထိုင်ပြီးတဲ့နောက် ပန်းစည်းကို တအံ့တသြ အရင်ကြည့်မိသည်။ ပန်းစည်းကြီးဟာ မွှေးကြိုင်နေသည်။ ဖဲကြိုးနှင့် ချိတ်ဆွဲထားသော ကတ်ပြားခပ်သေးသေးကလေးကို သာကီက ဖွင့်ဖတ်ကြည့်လိုက်သောအခါ ...

"Happy Birthday"

ရည်ညွှန်းသူ မပါ။ ပေးပို့သူလည်းမပါ။ ဦးဝန်ဇင်း လက်ရေးနှင့် ပျော်ရွှင်ဖွယ်မွေးနေ့ဆိုတဲ့ စာတန်းကလေးသာပါတဲ့ ပန်းစည်းကြီးကို ရင်ခွင်မှာတင်ရင်း သာကီက ခြံထဲကားမောင်းဝင်လာပါသည်။ အံ့သြစိတ်လှုပ်ရှားခြင်းတို့ကြောင့် ရင်တွေတောင် တဒိတ်ဒိတ်ခုန်နေပါသည်။

"သာကီ ရောက်လာပြီ"

စတူဒီယိုအဆောက်အအုံလေးက ခြံရဲ့ဘယ်ဘက်ခြမ်းမှာ သီးသန့်ဖြစ်သည်။ စတူဒီယိုရဲ့ဘေးဝရန်တာလေးမှာ ပလတ်စတစ်ခုံတွေချကာ ထွက်ထိုင်နေတဲ့ ရှိ့စ်နှင့် နွဲ့မိုးတို့က အော်လိုက်ရင်း ...

"ဟဲ့ ... သာကီ၊ ရှင် အရင်သွင်းမလား"

ရှိ့စ်က လှမ်းမေးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ချက်ချင်းတော့ မသွင်းဘူး၊ ခဏလေး"

"ဟယ်တော့ ... ပန်းစည်းကြီးတော့၊ ဘာလုပ်ဖို့လဲဟင်"

"ခြံ၀ကပါ၊ ယူလာပေးတာ"

သာကီက ပန်းစည်းကြီးကိုကိုင်၍ ညာဘက်ခြမ်းက တိုက်ပုလေးဆီ အပြေးလှမ်းလာခဲ့သည်။ ရည်ရွယ်သူနာမည် မပါ ပေမယ့် ယောက်ျားတစ်ယောက်ဟာ တခြားယောက်ျားတစ် ယောက်ကိုတော့ ပန်းစည်းပေးစရာ ဘာအကြောင်းမှ မရှိဘူး မဟုတ်လား။ ဒီခြံထဲမှာ ဦး၀န်ဇင်းက ပန်းစည်းလက်ဆောင်ပို့ပေး မည်ဆိုလျှင် ဖြစ်နိုင်ချေရှိသူဟာ မယမုန် တစ်ယောက်ပဲရှိတာ

သာကီက ပေါ်တီကိုအောက်က ဘဲလ်လေးကိုနှိပ် ရင်း ရပ်စောင့်နေလိုက်သည်။ အိမ်တံခါးပွင့်လာကာ အိမ်ဖော် ကောင်မလေး ထွက်လာသည်။

"မိလုံး ... မယမုန် ရှိလား"

"ဟုတ်ကဲ့"

"ငါ မ၀င်တော့ဘူး၊ မယမုန်ကို ခေါ်ပေး"

"ဟုတ်ကဲ့"

ကောင်မလေး ပြန်၀င်သွားပြီး တစ်မိနစ်လောက် အကြာမှာ တံခါးမှ မယမုန် ထွက်လာပြီးလျှင် ...

"ဟင် ... သာကီ"

"မယမုန် ... ဒီနေ့ မယမုန် မွေးနေ့လား"





မယမုန်က အံ့သြတကြီး ဖြစ်သွားကာ သာကီ့လက် ထဲမှ ပန်းစည်းကြီးကို မျက်လုံးပြူးလေးနှင့်ကြည့်ရင်း ...

"သာကီ ဘယ်လိုလုပ်သိလဲဟင်"

"အဟင်း"

သာကီက သေချာပိုပြီး ခင့်မင်သိကျွမ်းလာတာ အချိန်ကာလ နှစ်နှစ်လောက်ရှိပြီး သီချင်းသွင်းတဲ့ကိစ္စနှင့်လာတိုင်း အမြဲတွေ့နေ မြင်နေကျ မယမုန်ရဲ့မျက်နှာကို မတွေ့ဖူးသလို အထူးအဆန်း စိုက်ကြည့်နေမိသည်။ မယမုန်မွေးနေ့ သေချာပြီမို့ ဦး၀န်ဇင်းဟာ မယမုန်ကို မွေးနေ့အမှတ်တရ ပန်းစည်းလာပို့တာ လည်း သေချာတာပေါ့။

ဦး၀န်ဇင်းရဲ့ ဤသို့အရေးယူ ဂရုစိုက်မှု အမှတ်တရ ရှိမှုကို ခံယူရတဲ့ မိန်းမတစ်ယောက်အဖြစ် အခုမှသိရတဲ့ မယမုန် ကို အရင်တုန်းက မြင်တွေ့သိကျွမ်းပြီးသား မယမုန် မဟုတ်သလို အသစ်တစ်ဖန် အဆန်းတကြယ် ရှုစမ်းပြီး ကြည့်မိတာ။

"မယမုန် ... ရော့"

"ဟယ် ...၊ သာကီကလည်း အားနာစရာကြီး၊ ဘယ်လို လုပ်သိပြီးတော့ ဘာဖြစ်လို့ ဒီပန်းစည်းကြီး ယူလာရတာ လဲ"

"ဒါ သာကီယူလာတာ မဟုတ်ပါဘူး မယမုန်၊ ခြံတံခါးမှာ ညှပ်ထားတာကို ဖြုတ်ယူလာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ယမုန့်မျက်နှာက ဖျတ်ခနဲ တစ်မျိုးဖြစ်သွားပါသည်။ သာကီ ကမ်းပေးလိုက်တဲ့ ပန်းစည်းကို လှမ်းယူကာ ကတ်ပြားလေးကို ဖြန့်ဖတ်လိုက်သည်။ ဖတ်လိုက်တဲ့မျက်နှာဟာ ခုနကနဲ့ မတူဘဲ တစ်မျိုးလေး ပြောင်းလဲသွားပါသည်။ သာကီက အကဲခတ်ရင်း ...

"ဘယ်သူပေးတာလဲဟင် မယမုန်"

"မရဲ့သူငယ်ချင်းတစ်ယောက် ဖြစ်မှာ၊ မ,သူငယ်ချင်းတွေက အဲလိုပဲ၊ လျှို့လျှို့ဝှက်ဝှက်လေးတွေ လုပ်တတ်တယ်"

"ယောက်ျားတစ်ယောက် မဟုတ်လားဟင်"

"အို ... ဘယ်ကလာ သာကီရယ်၊ မိန်းကလေးတစ်ယောက်ယောက်ပါ"

"မဟုတ်ဘူး မယမုန်"

ယမုန်က သာကီကို အံ့အံ့ဩဩလေး ကြည့်လိုက်ပါသည်။

"ခြံတံခါးမှာ ဒီပန်းစည်းကို လာချိတ်သွားတဲ့သူဟာ ယောက်ျားတစ်ယောက်ပါ၊ သာကီကိုယ်တိုင် မြင်လိုက်တာလေ၊ သူ ကားရပ်ပြီး ပန်းစည်းဆင်းညှပ်နေတာကို သာကီ ကားက နောက်ကနေ မြင်နေရတာ"

ယမုန်က တစ်မျိုးလေး ဖြစ်နေရာမှ ဖျတ်ခနဲအတွေးရကာ ပြုံးသွားရင်း ...





"ဒါဖြင့် မ,သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်က သူတို့ရဲ့ဒရိုင်ဘာတို့၊ အစ်ကိုတို့၊ ဦးလေးတို့ တစ်ယောက်ယောက်ကို လွှတ်ပို့ခိုင်းလိုက်တာ ဖြစ်မယ်၊ အရင်ကလည်း အဲလိုပို့ဖူးတာတွေ ရှိတယ်"

သာကီက ဖုံးကွယ်နေတဲ့ မယမုန်ကို စေ့စေ့လေး ကြည့်နေမိပါသည်။ မယမုန်နှင့် သာကီက စတူဒီယိုဖွင့်ထားတဲ့ အိမ်က အိမ်သားတစ်ယောက်နှင့် အသံလာသွင်းနေကျ အဆိုတော် ဆိုတာထက် ပိုရင်းနှီးပါသည်။ ဒီမိသားစုဟာ အဘိုးနှင့်ပါရင်းနှီးတာပါ။ လွန်ခဲ့တဲ့လေးနှစ်က မယမုန်တို့အဖေ နားလည်မှုလွဲမှားပြီး တရားစွဲဆိုခံရပြီး အမှုဖြစ်တဲ့ကိစ္စတစ်ခုမှာ အဘိုးက အများကြီး ကူညီပေးထားတာမို့ မယမုန်မိဘတွေဟာ အဘိုးကိုကျေးဇူးတင်ကြပါသည်။

တာဝန်ထမ်းဆောင်ဆဲ မဟုတ်သော်လည်း အဘိုးနဲ့ ဆက်စပ်ပြီး အဘိုးမျက်နှာကြောင့် ဝိုင်းဝန်းကူညီကြတာတွေ ရှိခဲ့ဖူးတာပါ။ ဒါကြောင့်လည်း လွန်ခဲ့တဲ့နှစ်နှစ်က သာကီ ပထမဆုံး တစ်ကိုယ်တော်ခွေကို ကိုယ့်ပိုက်ဆံနှင့်ကိုယ် လုပ်စဉ်က မယမုန်ရဲ့ အမေ အန်တီစိုးတို့ မယမုန်ရဲ့အစ်ကို ကိုရော်နယ်လ်တို့က စတူဒီယိုကြေး လုံးဝမယူကြပါ။

အဲသလို ခင်မင်မှုများရှိခဲ့၍ သာကီဟာ ဒီစတူဒီယိုမှာ သီချင်းလာသွင်းရုံတင်မကပဲ အိမ်ဘက်ကိုပါ ဝင်ထွက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်တွေ ဘာတွေ ဆာရင်တောင် လာတောင်းစားလေ့ရှိတဲ့ထိ ရင်းနှီးမှုရှိတာပါ။ အဲလောက် ခင်မင်နေတဲ့ မိသားစုထဲက တစ်ယောက်နှင့် ဦးဝန်ဇင်း ပတ်သက်မှု ရှိနေတယ်ဆိုတဲ့ တိုက်ဆိုင်မှုကို ဆန်းကြယ်အံ့အားသင့်နေတာ။

ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပဲ မဟုတ်လား။

"ဦးဝန်ဇင်းက မယမုန် သူငယ်ချင်း တစ်ယောက်ယောက်ရဲ့အမျိုးလား၊ ဒရိုင်ဘာတော့ မဖြစ်နိုင်ဘူးလေ၊ ပြီးတော့ သူ့မှာ ညီမ၊ တူမ မရှိဘူး၊ သူများကိစ္စကို သူကဆောင်ရွက်ပေးရလောက်အောင်လည်း အချိန်အားမရှိတဲ့သူမျိုးပါ"

သာကီသည် ဆန္ဒရှိပြီဆိုရင် ဖွတ်တိုးတော့တဲ့ ဥဉ်အတိုင်း ယမုန့်မျက်နှာကို စေ့စေ့ကြည့်ရင်း ပြောလိုက်ပါသည်။ ယမုန့်မျက်နှာက ပျက်သွားရကာ ဒီတစ်ခါတော့ မျက်နှာအပျက်ကို သူ မဖုံးဖိနိုင်လိုက်ပါ။

"ဝန်ဇင်းနဲ့ သိတာလား"

အတန်ကြာမှ ယမုန့်ထံက အသံတိုးတိုး ထွက်လာသည်။

"ဒါ ဦးဝန်ဇင်းက မယမုန်ကို လာပေးတာပေါ့နော်"

"……"

"မယမုန် ချစ်သူလား"

"……"





ယမုန်သည် ကြောင်ကြီးလည်း လိမ်ညာလို့မဖြစ်။ ဒီဘက်နဲ့လည်း သိသူဖြစ်နေတာမို့ သက်ပြင်းလေးတစ်ချက်ချရင်းကပင် …

"ကွဲသွားပါပြီ သာကီရယ်"

"ဟင် …၊ ဘာဖြစ်လို့ ကွဲသွားတာလဲ"

"သာကီကလည်း … မ,ဒါတွေ မပြောချင်ပါဘူး၊ ခုတောင် သာကီက သူနဲ့သိနေလို့ မ,ညာမနေတော့ဘဲ ပြောလိုက်တာ၊ ပြီးသွားတဲ့ဟာတွေ ဘာဖြစ်လို့ ပြန်ပြောနေရမှာလဲ၊ မမေးပါနဲ့"

"ပြီးသွားတာဆိုရင် ဦးဝန်ဇင်းက ဘာဖြစ်လို့ မယမုန်မွေးနေ့မှာ ပန်းစည်းလာပို့ပေးနေသေးတာလဲ"

"ဒါတော့ ဘယ်သိမလဲ၊ သူပို့တာ ဘာလို့ပို့လဲ သူပဲပိုသိမှာပေါ့၊ မ,က ဘယ့်နှယ် သိနိုင်မှာလဲ"

မယမုန် အနည်းငယ်ကျွမ်းဝင်တိုလာပြီဆိုတာ လေသံကြောင့် သာကီ ရိပ်မိပါသည်။

"သူ့ဘက်က မပြီးလို့ပေါ့"

နည်းနည်းတော့ ထပ်အထွန့်တက်လိုက်ပါသေးသည်။

"ပြတ်သွားတာပေါ့နော်"

"ဟုတ်တယ် ပြတ်သွားတာ၊ ကဲ … မပြီးသေးဘူးလား ဒေါ်သာကီခင်လေး"



www.burmeseclassic.com

www.burmeseclassic.com



"မယမုန် ဖြတ်တာပဲ ဖြစ်ရမယ်"

"ဟဲ့ ... အောင်မယ်လေးနော်၊ လူကို တရားခံတပ်နေပြန်ပြီ"

"ဟုတ်တယ်လေ၊ ဦးဝန်ဇင်းက ဖြတ်တာဆိုရင် သူ့ဟာသူ ဖြတ်ပြီးမှ သူ့ဟာသူ ပန်းစည်းလာပြန်ပို့နေတာ ဖြစ်နိုင်ပါ့မလား၊ ဒါဆိုရင် ရူးလို့ဖြစ်မှာပေါ့၊ ပြီးတော့ အခု မယမုန်မှာ တွဲနေတဲ့လူတစ်ယောက်ကလည်း ရှိနေတယ်၊ ဒီတော့ မယမုန်ပဲ ဖြတ်တာဖြစ်ရမယ်"

"ဘယ်မှာတွဲလို့လဲ"

"ဆေးဖိုနဲ့လာတဲ့လူလေ၊ အဲဒီလူက တစ်ခါတုန်းကလည်း မယမုန်ကို ကျောင်းကကြိုလာခဲ့ဖူးတာ သာကီ ကြုံဖူးတယ်"

"အမယ်လေး ... သူပဲ သိနိုင်လွန်းတယ်၊ စိတ်ညစ်တယ် အဲဒီတုန်းက ကားပျက်တာကိုး၊ အရမ်းကြီးလည်း တွဲနေတာ မဟုတ်ပါဘူး သာကီရယ်"

"ဘာပဲဖြစ်ဖြစ်တော့ မယမုန်မှာ အသစ်တစ်ယောက် ရှိ လိုလို ဖြစ်နေတာပဲလေ၊ ဦးဝန်ဇင်းမှာက မရှိဘူး"

"အမယ် ... သေချာသိနိုင်လို့လား"

"သိနိုင်တာပေါ့၊ သူက အချိန်အား နာရီဝက်တောင် ဆက်တည်းပိုတဲ့သူ မဟုတ်ရာတဲ့မှာ၊ ဒီလိုလူမျိုးကို အ သူက ဂရုစားလုပ်မှာလဲ၊ တစ်ယောက်တည်းပဲ အ တွေ ရှုပ်နေရှာတာ"





"ရှာတာ ... ရှာတာနဲ့ သာကီ တစ်ယောက် တော်တော် ကရုဏာသက်နေပုံရတယ်"

"ပြတ်သွားတာ ဘယ်လောက်ကြာပြီလဲ ... ဟင်"

"တော်ပါတော့ သာကီရယ်"

"တော်တော့မှာပါ၊ နည်းနည်းလောက်ပဲ သိချင်တော့တာ"

"ကြာနေပါပြီ"

"တစ်နှစ်လား"

"လေးနှစ်လောက်ရှိပြီ၊ ပြီးသွားပြီ"

"လေးနှစ်လုံး ဦးဝန်ဇင်းက မယမုန် မွေးနေ့ကို အမှတ်တရ ရှိနေတာပဲလား၊ ဟယ် ... သတိရပြီ၊ မနှစ်ကတော့ မယမုန်က သုံးဆယ်ပြည့် ပုလဲရတုမို့ဆိုပြီး အိမ်မှာဆွမ်းကျွေး လုပ်တယ်လေ၊ သာကီတောင် အဘိုးနဲ့လာခဲ့သေးတာ၊ အဲဒီ အလှူပွဲတုန်းကလည်း ခုလိုမျိုးပန်းစည်းကြီးတစ်စီး ခြံဝမှာ ပို့သွားလို့ဆိုပြီး အိမ်ကကောင်မလေး ယူလာတာ သာကီ မှတ်မိပြီ"

"သူပဲ မှတ်မိနိုင်တယ်"

ယမုန်က စိတ်ရှုပ်ရှုပ်လေး ရေရွတ်ပါသည်။

"ဦးဝန်ဇင်းက မမေ့သေးတဲ့ သဘောပေါ့"

"ကဲပါ သာကီရယ်၊ ပြီးသွားတဲ့ကိစ္စတစ်ခုကို ပန်းစည်း တစ်စည်းတွေ့တာနဲ့ပဲ အမြစ်ကနေ ပြန်တူးဆွနေလို့ကတော့ မပြီးတော့ဘူး၊ တော်ပြီ၊ ဩော် ... ဒါပေမဲ့ ဒီတစ်ခါတော့



www.burmeseclassic.com

www.burmeseclassic.com



မ,စ်ခုလောက် မေးချင်သေးတယ်၊ သာကီနဲ့ သူနဲ့ ဘယ်လို သိနေတာလဲ၊ ဟိုအရင်တုန်းကတော့ သိပုံမရပါဘူး ထင်ပါတယ်"

သာကီက ခေါင်းလေးတစ်ချက်ညိတ်ပြီး မျက်လုံးလေးလက်လက်နှင့် ...

"သာကီ့ကို ဦးဝန်ဇင်းက ဆယ်တန်းအောင်အောင် လုပ်ပေးနေတယ်"

"ဟင် ... ဟုတ်လား၊ သာကီက ထပ်မဖြေတော့ဘူးလို့ အရင်က ပြောနေတာ မဟုတ်လား"

"သာကီ ဖြေချင်လာအောင် သူ လုပ်နိုင်သလားလို့ ကြည့်နေတုန်းပါ"

သာကီက ခေါင်းလေးတစ်ချက်ဆတ်၍ ပြောလေသည်။

❣ ❖ ❣





## ၆

"ကဲ ... စာစီစာကုံးတစ်ပုဒ် ရေးမယ်"

အရင်နေ့က ကျက်ခိုင်းခဲ့သောစာတွေ ဆိုအပြီး ...ကျေနပ်မှုရှိလောက်အောင် သေသေချာချာ စာဆိုနိုင်တဲ့ သာကီ့ ...ကြောင့် ဝန်ဇင်း မျက်နှာက ကြည်လင်ရွှင်မြနေပါသည်။

"ဟာ ... ဦးဝန်ဇင်းကလည်း၊ အိမ်စာလိုပဲ ပေးခဲ့ပေါ့"

"အရင်အခေါက်တွေက အိမ်စာရေးဖို့ ပေးပေးထားခဲ့တာ မင်းက ကိုယ့်ဟာကိုယ်မှ ရေးမထားတာ၊ စာစီစာကုံးစာအုပ်တွေထဲက ကူးကူးချထားတာ၊ ငါ ဖတ်လိုက်တာနဲ့သိနေတာ၊ ဒါကြောင့် အခု မင်းဘာသာရေးဖြစ်အောင် ငါ့ရှေ့တင်မှာ ရေးခိုင်းတာ"

သာကီက နှာခေါင်းရှုံ့ကာ ဝန်ဇင်းကို ကြည့်နေရာ ...သွားရရင်း ...

"အိမ်း ... ရေးမယ်၊ ဦးဝန်ဇင်း ရှေ့မှာတင်ရေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရေး ...၊ နေဦး ငါ ခေါင်းစဉ် ဘာပေးရမလဲဆိုတော့"

ဝန်ဇင်းက စာစီစာကုံး ရေးခိုင်းဖို့ ခေါင်းစဉ်စဉ်းစား ဆဲ ...

"ဦးဝန်ဇင်း ... ကျွန်မ ရေးချင်တဲ့ ခေါင်းစဉ်ရေးရမလား"

"ဘာလဲ"

"ဟိုလေ ... မမေ့နိုင်သောနေ့တစ်နေ့"

ဝန်ဇင်း မျက်နှာက ရှုံ့တွသွားရရင်း ...

"ဟား ...၊ ဘာမမေ့နိုင်သော နေ့တစ်နေ့လဲ၊ ဒါ ငါးတန်း ခြောက်တန်း၊ အလယ်တန်းလေးတွေ ရေးရမယ့် ခေါင်းစဉ်ပဲ ဆယ်တန်းကျောင်းသူ ရေးရမယ့် ခေါင်းစဉ်မှ မဟုတ်တာ"

"အို ... သာကီက မမေ့နိုင်တဲ့ နေ့တစ်နေ့ ရှိနေလို့ ရေး ကိုရေးချင်တာ ဦးဝန်ဇင်းကလည်း"

တစ်မျိုးတစ်မည် မပိမရိ ဖြစ်နေသော သာကီမျက် နှာကို သက်ဘမကင်း အကဲခတ်ရင်း ...

"ဆိုပါဦး ... မင်းက မမေ့နိုင်သောနေ့တစ်နေ့ ဆိုရင်ဘယ် နေ့ကိုများရေးဖို့ အစီအစဉ်ရှိလို့လဲ"

"ဟိုလေ ... မေလဆယ့်ရှစ်ရက်"

ဝန်ဇင်းက မျက်မှောင်ကုတ်သွားရပါသည်။ ပြော ပြီးပြီးချင်း လက်မကိုကိုက်ကာ သူ့ကို မျက်နှာလွှဲထားသည့် သာကီမျက်နှာကိုကြည့်ရင်း ဝန်ဇင်းက ရယ်လည်းရယ်ချင်အ အံ့လည်းသြရင်းက ...





"ဘာဖြစ်လို့လဲ ... ကဲ၊ အဲဒီနေ့မှာ ဘာဖြစ်လို့လဲ"

"ဟိုလေ ... မေလဆယ့်ရှစ်ရက်ကို မမေ့နိုင်သောနေ့တစ် နေ့ဆိုပြီး ဦးဝန်ဇင်း ရေးရင် ပိုကောင်းမှာနော်"

"ဘာဖြစ်လို့"

"ဦးဝန်ဇင်းက တကယ်မမေ့ဘူး မဟုတ်လား"

"သာကီ"

"ရှင်"

"ညည်း ဘာပြောမှာလဲ၊ ပြောစမ်း၊ ညည်း ငါ့ကိုဘာပြော ချင်တာလဲ"

သာကီက လက်မ,ကိုက်ရင်းက ပြုံးစိ ပြုံးစိဖြစ်လာ ဘာ ...

"ဦးဝန်ဇင်းကို ဘာမှမပြောချင်ပါဘူး"

"နေစမ်းပါဦး၊ မေလဆယ့်ရှစ်ရက်နေ့က မင်း အသံသွင်းဖို့ ရှိလို့ မနက်ပိုင်းအချိန် ကန်ဆယ်လ်လုပ်တဲ့နေ့ပဲ"

"အိမ်း"

ဝန်ဇင်းက မျက်မှောင်ကုတ်၍ စဉ်းစားနေပါသည်။ သာကီခင်လေးရဲ့ မျက်နှာကိုလည်း အကဲခတ်နေပါသည်။ သူ့ကို ပြောနေတာမှန်း သိသည်။ မေဆယ့်ရှစ်ဟာ ဝန်ဇင်းအတွက်မမေ့ နိုင်သော နေ့တစ်နေ့ဖြစ်မှန်း သာကီ ဘယ်လိုများ သိသွားတာလဲ။

"ကဲ ... အဲဒီခေါင်းစဉ် ငါ မကြိုက်ဘူး၊ 'စာကြည့်တိုက်' ဆိုတဲ့ ခေါင်းစဉ်နဲ့ရေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဦးဝန်ဇင်းကလည်း ခက်တယ်၊ မနေ့ကလည်း စာတွေသေချာကျက်ထားရက်သားနဲ့"

"စာတွေကျက်ထားတာ စာတွေရတာဟာ ညည်းဖို့ပဲသေ သာကီရဲ့၊ ငါ့ဖို့မှ မဟုတ်တာ"

ဝန်ဇင်း အသံက နူးညံ့ချိုသာနေပါသည်။ ယောဘ် ဆရာဟာ စာကောင်းကောင်းလုပ်လျှင်၊ စိတ်ဝင်တစား မှတ်မှ နာယူလျှင်၊ သေချာကျက်ထားလျှင် စိတ်သဘောတွေကောင်းပြီး ချိုသာနူးညံ့စွာ ဆက်ဆံတတ်တဲ့ ဆရာဆိုတာ သာကီ သိနေပြီ ဒါကြောင့် သာကီသည် ဦးဝန်ဇင်းကို တရင်းတနှီး စကားပြော ပြောခွင့်ရဖို့ ခင်မင်ရင်းနှီးဖို့ စာကို အာရုံစိုက်လုပ်လာမိလေသည်။

"ကဲ ... စကားက သိပ်များချင်တယ်၊ ရေးတော့ စာကြည့် တိုက်"

"ဦးဝန်ဇင်း"

"ဘာလဲ ... မရေးဘူးလား"

"ရေးပါမယ်၊ မရေးခင်လေး မေးစရာရှိလို့"

"ဘာတုန်း"

"ဟိုလေ ... အဲဒီ မေလဆယ့်ရှစ်ရက်နေ့တုန်းက ဦးဝန်ဇင်း ကို ပန်းစည်းလှလှကြီးတစ်စည်း ဖလော်ရယ်လ်ဆိုင်က လာရွေးသွားတာ တွေ့လိုက်တယ်"

"အဲဒီတော့ ! "

"အဲဒီတော့ ... ဟိုလေ ..."



"ဘာလဲ ... အဲဒီပန်းစည်းမျိုး အော်ဒါလုပ်ရင် ဘယ်လောက် ကျလဲ သိချင်လို့လား၊ အဲဒီအစည်းမျိုးဆိုရင် တစ်သောင်း ကိုးထောင်ကျတယ်၊ ဆိုင်ဖုန်းနံပါတ် ယူမလား"

သာကီက နှာခေါင်းတစ်ချက် ရှုံ့ကာ ဝန်ဇင်းကို ကြည့်လိုက်ရင်း ...

"မယူပါဘူး၊ အဲလို ပန်းစည်းမျိုး ချစ်သက်လက်ဆောင် ပေးရမယ့်သူလည်း မရှိပါဘူး"

"ဒါဆိုလည်း ဘာဖြစ်လို့ လျှာရှည်နေတာလဲ"

သာကီက ဦးဝန်ဇင်းကို မေးထောက်ကာ ခပ်စိုက် စိုက်ကြည့်လိုက်ရင်း ...

"ဦးဝန်ဇင်း ... မယမုန်နဲ့ ဘာဖြစ်လို့ ပြတ်သွားတာလဲ ဟင်"

ဝန်ဇင်း မျက်နှာမှာ စိတ်အနှောင့်အယှက်ဖြစ်တဲ့ အရိပ်အယောင် သိသိသာသာ ဖြတ်ပြေးသွားပါသည်။ သူ့ရဲ့ကြည် လင်နူးညံ့နေသော စိတ်တို့ ဝေသီမှုန်မှိုင်းသွားဟန်ရပြီး သက်ပြင်း ကြီးတစ်ချက်ကိုလည်း ခပ်နင့်နင့် ရှိုက်လိုက်ကာ ...

"ဒီကိစ္စက မင်းနဲ့ဘာဆိုင်လို့လဲ"

ဘယ်လိုလုပ်သိလဲ၊ ဘာလဲ၊ ညာလဲ မမေးဘဲ ဦးဝန်ဇင်းကို အသည်းတယားယားနှင့်ပင် ကိုယ့်ဟာကိုယ်ပြောဖို့ သာကီက ဆုံးဖြတ်ရကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မယမုန်နဲ့ သာကီ ခင်တယ် ဦးဝန်ဖင်းရဲ့"

"ခင်လည်းပဲ မင်းနဲ့ ဒီကိစ္စနဲ့တော့ မဆိုင်ပါဘူး"

"ဆိုင်တယ်လို့လည်း ဘယ်သူကမှ မပြောပါဘူး၊ ခင်တဲ့အကြောင်းသာ ပြောပြတာပါ၊ ကိုယ့်ရဲ့အသိအကျွမ်းတွေထဲက နှစ်ယောက်က ဓာတ်လမ်းဟောင်းလေးတွေ ပတ်သက်မှု ရှိဖူးတာ မမျှော်လင့်ဘဲ သိရတော့ ထူးဆန်းနေလို့ပါ၊ မယမုန်တို့မိသားစုနဲ့ အဘိုးပါ ခင်တာဆိုတော့ ခင်တာကြာပါပြီ၊ သာကီကို ပထမဆုံး အခွေကတည်းက မယမုန်ရဲ့အစ်ကို ကိုရော်နယ်လ်တို့၊ မယမုန်ရဲ့မောင် ကိုပူတူးတို့ သူတို့စတူဒီယိုမှာ အသံဖမ်းပေးခဲ့ကြတာ ...

ဒီလိုခင်တဲ့ မိသားစုနဲ့ ဦးဝန်ဖင်းက ပတ်သက်မှုရှိခဲ့တယ်ဆိုတာ အံ့သြစရာဖြစ်နေတာပေါ့ ဦးဝန်ဖင်းရဲ့"

"ဒီလိုပဲ ဖြစ်တတ်တာပဲလေ၊ ဒီလူနဲ့ ဟိုလူ ပြန်သိ၊ ဟိုလူနဲ့ဒီလူ ပြန်သိ၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပဲလေ"

"x x ဒီကမ္ဘာမြေကြီးက ကျဉ်းတယ် x x x
ဒီလိုလူတွေက ပြောတော့လေ x x x
x x x တစ်ချိန်ချိန် ပြန်တွေ့ခွင့်ရနိုင်မယ် x x x
အို ... စိတ်အားတင်းကာနေ x x x မျှော်လင့်မိတယ်လေ"

ရုတ်တရက်ထပြီး စီးပိုင်နက်ရှိုင်း ရှတသောအသံလေးနှင့် သီချင်းညည်းလိုက်တဲ့ သာကီခင်လေးရဲ့ ဆွေးလျလျ ပြောင်းစပ်စပ်ရောနေတဲ့ မျက်နှာလေးကို ဝန်ဖင်းက စူးစိုက်ကြည့်





လိုက်ရင်းက ကိုယ့်ခံစားချက်နှင့်လည်း တစ်ထပ်တည်းကျနေတာမို့ ရင်ထဲမှာ လှုပ်ခတ်သွားပါသည်။

ကိုယ်တိုင်တောင် ယောကျ်ားတစ်ယောက်တန်မဲ့ အချစ်ကို ဆုံးရှုံးရစဉ်က ဘယ်လိုခံစားခဲ့ရသလဲ။ အသည်းကွဲရတယ်ဆိုတဲ့ ဝေဒနာဟာ တော်တော်ဆိုးရွားတာပဲလေ။ ခုထက်ထိတောင် ဒဏ်ရာသေချာကျက်ချင်သေးလို့လား။ အလွမ်းအဆွေးတွေ၊ အထီးကျန်ခြင်းတွေ၊ မေ့မရတဲ့ အဖြစ်အပျက်တွေ၊ အိပ်ရေးပျက်အာ လူးလွန့်မိုးလင်းခဲ့ရတဲ့ညတွေ၊ နောက်ထပ် နောက်ထပ် ပြောမပြနိုင်တဲ့ ခံစားချက်တွေ။ ဒါတွေထဲမှာ ခုထိ မွှန်းကာ နစ်အာ အလူးအလဲ လက်ပစ်ကူးခတ်ရဆဲ မဟုတ်လား။

သူကလေးဟာ မိန်းကလေး။ အသည်းကွဲရတဲ့အခါ အတော်ခံစားရရှာပေမည်။ ပြီးတော့ ဖေးမနှစ်သိမ့်နိုင်တဲ့ အဖော်အလျော် မိသားစုဆိုတာတွေလည်း ကိုယ့်လိုပဲ သူ့မှာမရှိ။ ဝန်ဖင်းက သာကီကို ကရုဏာသက်မိကာ ရင်ထဲမှာ လှုပ်ရှားလှိုင်းခတ်သွားမိသည်။ သီချင်းညည်းလိုက်ပုံလေးကိုလည်း သနားကာအသံလေးကိုပါ နားထဲစွဲနစ်သွားရပါသည်။

"မင်းအသံက ကောင်းလှချည်လား သာကီ"

သာကီက ရှက်ရိပ်စွန်းတဲ့ မျက်နှာနှင့်ပင် နှာခေါင်းလေးရှုံ့ရင်း ...

"ဟွန်း ... ဦးဝန်ဖင်းကလည်း၊ ကျွန်မသီချင်းကို တစ်ခါမှ နားမထောင်ဖူးဘူးပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ဝန်ဇင်းက ပြုံးရင်း ...

"အမှန်အတိုင်း ပြောရရင် ကိုယ် ခုခေတ်သီချင်းခွေတွေကို လုံးဝကို နားမထောင်ဖြစ်တာ၊ Age ကွာနေတော့ ခုခေတ် သီချင်းတွေက ကိုယ့်အတွက် သိပ်သစ်နေတယ်"

"အသက်လည်း ဒီလောက်ကြီး ကြီးရင့်သေးတာ မဟုတ်ဘဲ နဲ့"

"အသက်က မရင့်ဘဲ နားကရင့်နေတာ ထင်တယ်"

"သာကီ့သီချင်းလေးတွေက Slow Rock ... Soft Rock လေးတွေပါ ဦးဝန်ဇင်းရဲ့၊ ဦးဝန်ဇင်းအတွက် နားမစွဲနိုင်တဲ့ ဟစ်ပ်ဟော့ပ်လို ရက်ပ်လိုဟာတွေ မဟုတ်ပါဘူး၊ ရိုးရိုး သီချင်းတွေပါ"

ဝန်ဇင်းက သူ့သီချင်းကို နားမထောင်မှု၍ အောင့် သက်သက် ဖြစ်နေတဲ့ သာကီ့ကို တောင်းပန်သလိုအပြုံးနှင့် ...

"မင်းသီချင်းကို နားထောင်ကြည့်ဖို့ အစီအစဉ် ရှိပါတယ် အားမပေးလို့ ဘယ်ဖြစ်တော့မလဲ၊ မဟုတ်ဘူးလား"

"ဟွန်း ... ကဲပါ၊ စကားတွေက ဦးတည်ချက်တွေပြောင်း ကုန်ပြီ၊ လျှောက်လွဲပစ်နေတယ် တစ်ခါတည်း"

စူပွပွပြောတဲ့ သာကီ့လေသံဟာ ဆိုးနွဲ့နွဲ့အသံပေါက် နေသည်။ ဒါဟာ တကယ်တော့ သာကီ့လေ, သာကီ့စတိုင်ပဲ မဟုတ်ပါ။ သာကီခင်လေး ဆိုးတယ်ဆိုတာ အေးတိအေးစက် ပေတိပေကတ် ဆိုးပုံမျိုးပါ။ အဘိုးကိုတောင် ဆိုးတာနွဲ့တာမဟုတ်





တဲ့ သာကီဟာ ဝန်ဇင်းကိုကျရင်ဖြင့် တစ်ခါတစ်ရံမှာ ဘယ်လို ကြောင့်များ ဆိုးနွဲ့တဲ့အကြည့်တွေ၊ စကားလုံးတွေ၊ လေသံတွေ သုံးမိလိုက်သလဲ ကိုယ်တိုင်ပင် စဉ်းစားမရလိုက်ပါ။

"မင်းက ဘာကိုဦးတည်နေတာလဲ။ ဩော် ... သိပြီ၊ တကယ် ဦးတည်ကတာက စာစီစာကုံး ခေါင်းစဉ်ရွေးဖို့ ဟုတ်တယ် မဟုတ်လား"

"ဟား ... ဦးဝန်ဇင်းကလည်း ရစ်တယ် တကယ်ပဲ၊ စိတ် ဖိစီးတယ်"

ခေါင်းကို စိတ်မရှည် လက်မရှည် ကုတ်ပြီး ညည်း လိုက်ပုံကြောင့် ဝန်ဇင်းက ပြုံးချင်တာကြီးကို အောင့်ထားလိုက်ရပါ သည်။

"မယမုန်နဲ့အကြောင်းကို မေးနေတာပါ"

"ကျွတ် ...၊ အဲဒါက မေးစရာမှ မဟုတ်တာ၊ မင်းနဲ့ငါက ဆရာနဲ့ တပည့်ကွ၊ မင်းက ဘော်ဒါတွေများ ထင်နေလား၊ ဆရာတပည့်က အချစ်ရေးတွေ အသည်းကွဲခြင်းအကြောင်း တွေ ဆွေးနွေးဖလှယ်စရာလား"

"အာ ... ဦးဝန်ဇင်းက အရမ်းအောက်တာပဲ၊ သာကီနဲ့ ဦးဝန်ဇင်းနဲ့က ဆရာတပည့်လည်း မဟုတ်ဘူး"

သာကီက သူ့မျက်နှာကို ရှေ့ကိုတိုးပြကာ လက်ညှိုး နှင့် ညွှန်ရင်း မျက်လုံးပြူး၍ ပြောသည်။ မကျေမနပ်လေသံနှင့် ပင် ...

www.burmeseclassic.com



"ဒါကြောင့် အစကတည်းက နားလည်မှု ယူပြီးသား၊ ဆရာရယ်လို့ မဟုတ်ရဘူးဆိုတာ၊ ဦးဝန်ခင်းက ကတိလည်း မတည်ဘူး။ မိတ်ဆွေသူငယ်ချင်း ဘော်ဒါလိုပဲ ဆက်ဆံမယ်လို့ ပြောပြီးသား၊ ကိုယ့်ရဲ့စီနီယာတစ်ယောက်အဖြစ်တော့ သတ်မှတ်တယ်လေ၊ သဘောကတော့ ကိုယ့်ထက်အရင် ဆယ်တန်းအောင်သွားတဲ့ အစ်ကိုကြီးတစ်ယောက်ဆီ ကိုယ်က ဆယ်တန်းမအောင်ရသေးလို့ စာမသိတာ နားမလည်တာမေးတဲ့ သဘောပဲ"

"ကိုယ့်ထက်အရင် ဆယ်တန်းအောင်တဲ့ အစ်ကိုကြီး ... ဟုတ်လား ... ငါက၊ ဟား ဟား၊ မင်းနဲ့ကျမှပဲ ငါ့ရာထူးလည်း လျှော့တော့တယ်နော် သာကီခင်လေး၊ ကျောင်းမှာ ငါ့ကို ကလေးတွေက အရမ်းကြောက်ကြတာ"

"ကြောက်ပါဘူး"

သာကီက ပါးကိုဖောင်းပြီး ခပ်တိုးတိုး အထွန့်တက်လိုက်သည်။

"မင်းဆီမှာတော့ ငါက မင်းထက် ဆယ်တန်းစောအောင်တဲ့အဆင့်ပဲလား ... ဟုတ်လား"

"အိမ်း"

"အင်းလေ ... ချင်းချက်ပါ မင်းကတော့၊ ဒါပေမဲ့နော် မင်း သိထားဖို့က ငါက စာတော်တဲ့ကျောင်းသားကျောင်းသူကိုဆိုရင် သူတို့စားတဲ့ ပန်းကန်တောင် ဆေးပေးရ ဆေး





ပေးရ၊ ဖက်ကြောဆွဲပေးရ ဆွဲပေးရ၊ ကိုယ့်ကတောင် အနှိပ်တာခံပြုစုပြီး အောက်ခြေသိမ်း လုပ်ပေးရလည်း ဘယ်လိုမှ မနေဘူး"

သာကီက မျက်ခုံးမွှင်ကာ ပြုံးဖြီးဖြီးလေးနှင့် ပခုံးကို ပုတ်ပြရင်း ...

"ဒါဖြင့် ... လာလေ၊ ဟောဒီမှာ ဖက်ကြောလေး၊ ဟဲ ... ဟဲ"

"မင်းကို ငါက ဖက်ကြောဆွဲပေးရအောင် မင်းက စာအရမ်းတော်နေလို့လား၊ ပြောတာ သေချာနားထောင်ဦးလေ"

"အွန်း ... တပည့်ချင်းတူတူ မျက်နှာလိုက်တယ်"

"ဘာမှမျက်နှာမလိုက်ဘူး၊ စာတော်မှ ငါက အောက်ခြေသိမ်း ဖြည့်ဆည်းပေးချင်တာကို ပြောပြတာ၊ စာမတော်ရင်တော့ ငါက စကားလည်း အချိန်ကုန်ခံ အဖက်လုပ်ပြောချင်တာ မဟုတ်ဘူး၊ မင်းကိုကျတော့ ချင်းချက်သဘောထားပြီး ကိုယ့်ဘက်ရောက်အောင် ရသလောက် ဆွဲခေါင်ဆွဲခေါ်ကြည့်မယ့်သဘောပဲ ထားထားတာဝါ၊ မင်းက ဆရာမဟုတ်ဘူး ဘော်ဒါပဲ၊ သူငယ်ချင်းပဲဆိုလည်း အိုကေပဲရတယ်၊ ဒါပေမဲ့ တွဲခေါ်တဲ့သူကိုတော့ စိတ်မညစ်စေနဲ့ပေါ့ကွ"

"အခု စိတ်မညစ်ဘူးမို့လား"

"ညစ်တာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများ ညစ်စရာ ရှိနေလို့လဲ၊ ဒီနေ့ဆို စာတွေဆိုလိုက်ရတာ ဖြူးလို့ ဖြောင့်လို့ဟာကို၊ သူ့ဟာသူ သူ့ရည်းစား အသည်းခွဲသွားလို့ စိတ်ညစ်နေတာနဲ့ လာရောချနေတယ်"

ဝန်ဖင်းသည် ရယ်တောင် ရယ်ချင်လာပါသည်။ ဒီကောင်မလေးနဲ့တော့ လုံးဝမလွယ်ပါ။ သူငယ်ချင်းပြော ပြောနေတော့တာကို စည်းကမ်းတင်းကျပ် ကိုင်တွယ်ပြီး ဟန့်ဖို့ ကိုယ်တိုင်ကလည်း မစဉ်းစားမိဘဲ ကိုယ်ပါရောလို့ စိတ်လက်ပေါ့ပါးလွတ်လပ်နေမိတာ။ တကယ်ဆို ကိုယ့်မှာ ဒီလိုအားမနာစတမ်း မကြောက်မရွံ့နိုင်ဘဲ ကိုယ့်ကိုပြောဆိုရဲတဲ့သူ အရှားသားမို့ ဒီလို အပြောအဆိုတွေကို ကြားတောင် မကြားဖူးတာကြာပေါ့။

ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကလေးတွေကို စာသင်သူဖြစ်နေကာ တစ်ဆက်တည်း တောက်လျှောက်နှင့် ခုဆိုကျောင်းအုပ်နေရာတောင် ဖြစ်နေတဲ့အခါ ကလေးတွေကတင်မက ဆရာဆရာမတွေကပါ ရိုန်လန့်ရိုသေစွာ တလေးတစားသာ ပြောဆိုကြတာ။ ရိုကျိုးတဲ့လေသံတွေကိုချည်း နားထောင်နေရတာ ဘယ်နှနှစ်လောက်တောင် ရှိပြီလဲလို့။ သူငယ်ချင်း အပေါင်းအသင်းဆိုတာတော့ ရှိပေမယ့် ကိုယ်ကလည်း အချိန်အားလပ်လှတဲ့သူ မဟုတ်၍ အမြဲတွေ့ဆုံတွဲဖက်ပြီး မနေနိုင်။

ကိုယ်ကလည်း ကိုယ့်အလုပ်အကိုင် ကိုယ့်ရာထူးနေရာနှင့် လိုက်...တင့်တယ်အောင် ခပ်တည်တည်နေရတော့ သည်ဖြစ်ရာ ပြောင်တာ နောင်တာ ပျက်တီးပျက်ချော်ပြောတာ





ဖြစ်ဆိုတာ ရိသဲ့သဲ့ရွဲ့တာ၊ အငေါ်တူးတာမျိုးတွေကို ပြောမယ့် မရှိ၍ မကြားရတာ ကြာလှနေပါပြီ။ ခုမှပဲ ဒေါ်သာကီခင်လေး ...တ အထူးတဆန်း ကြားရနေတော့သည်ဖြစ်ရာ ရှေ့ပိုင်းကြားကာ ...တော့ အောင့်သက်သက် ဖြစ်ရမလို၊ နားထဲထောင့်ပြီး စိတ်ပဲ ...ရမလား၊ ပြန်ပဲပေါက်ရမလား ကိုယ့်မှာ အခက်အခဲကိုဖြစ် ...ဝင်။

ခုတော့ လဲ့နဲ့ရီလာတဲ့အခါ နားယဉ်နေပြီ။ ဆရာလို ...ဆက်ဆံဘဲ အပေါင်းအသင်း မိတ်ဆွေလို ပြောချင်တိုင်းပြော ...တာကိုက အဆန်းတကြယ်တစ်မျိုးဖြစ်ပြီး ဒီအပြောလေးတွေ ...နှစ်သက်ကျေနပ် သဘောကျနေပါပြီ။ သူ့စိတ်ထဲလည်း ပေါ့ ...ွက်လက်သည်။ အသစ်အဆန်းသော အတွေ့အကြုံကို ဖြစ်စေ ...သည်။ မှန်တာဝန်ခံရရင် သာကီကို စာသင်ရင်း တွန်းတူ ရည်တူ ...မသေအပြောခံရတာကို သူ သာယာပျော်ရွှင်နေမိပါသည်။

"ဘာဆိုင်လို့လဲ၊ ငါ့ဟာငါ ရည်းစားကွဲတာက ကြာကြာလှပြီဟာကို"

"မနေ့တစ်နေ့ကပဲ ရည်းစားကို ပန်းစည်းကြီး သွားဆက်ခဲ့ပြီးတော့များ ဦးဗျတ္တရယ်၊ ဗိလင်က ဒီနေ့ထိ မှိုက်ခေတ်တုန်းများ မသိဘဲ နေမလား"

"ကဲ ... မင်း တစ်စီစာကုံးရေးမှာလား၊ အရည်မရ အဖတ်မရတွေ ပြောမှာလား သာကီ၊ မင်းကို စာသင်ရတာပဲ လေ ချော့သင်နေရတာ၊ အချိန်တွေ တအားကုန်တယ်"

www.burmeseclassic.com



"စာစီစာကုံး ရေးမှာယ်၊ ဒါပေမဲ့ မယမုန်နဲ့ ဘယ်လိုဖြ
သွားလဲ သိချင်တယ်"

"ဘာဖြစ်လို့ သိချင်ရတာလဲ"

"အကြောင်းပြချက် မရှိဘူး"

"အကျိုးလည်း မရှိဘူးလေ"

"ဦးဝန်ဇင်း ... မယမုန်တို့ ခြံတံခါးမှာ ပန်းစည်း
သွားချိတ်တဲ့ လုပ်ရပ်ဆိုရင်ကော အကျိုးရှိလို့လား"

"ကျွတ် ... မင်းနဲ့စကားပြောရတာ အရမ်းလက်ဝင်တယ်"

"ဦးဝန်ဇင်းနဲ့ စကားပြောရတာလည်း အရမ်းစိတ်
တယ်"

"ကဲ ... တော်တော် ... စာကြည့်တိုက် ခေါင်းစဉ်နဲ့
စာကုံး စ,ရေးတော့ မယ်မင်းကြီးမ ခေါ်သာကီ"

သာကီက ဘောလ်ပဲင်ကို ကောက်ကိုင်ကာ စာ
ပေါ်ရေးဖို့ အသင့်တင်ရင်း ...

"တစ်နေ့တော့ ဦးဝန်ဇင်းနဲ့ မယမုန် အကြောင်း ပြော
မှာ မဟုတ်လားဟင်၊ သာကီက သိချင်ပြီဆိုရင် ဆက်တိုး
စက္ကန့်တိုင်း သိချင်နေတာ မေ့မရတော့ဘူး၊ မယမုန်ဆီ
သွားမေးရင် ကောင်းမလားလို့တောင် တွေးမိပေ
ဦးဝန်ဇင်းဆီကပဲ ပိုကြားချင်တာ၊ ဦးဝန်ဇင်းနဲ့ သာကီ
ဘဝချင်း အဖြစ်အပျက်ချင်း အသည်းချင်း တူလို့





ဝန်ဇင်းက သက်ပြင်းကြီး အရှည်ကြီး ဆွဲချကာ
သာကီကို စိုက်ကြည့်နေရာမှ ...

"ဒီလကုန်စစ်မယ့် လပတ်မှာ ဘာသာစုံ ခြောက်ဆယ်ကျော်
ရင် မင်းကို ငါ့ဇာတ်လမ်း ပြောပြမယ်"

❣ ❖ ❣



www.burmeseclassic.com

www.burmeseclassic.com



၇.

မိုးဦးရာသီမို့ ဘော်ဒါကလေးတချို့ နှာစေးချောင်းဆိ
တုပ်ကွေးဖျားတာမျိုး ဖြစ်ချင်ကြသည်။ ယောကျ်ားလေးဆောင်
ဖျားနေတဲ့ ကလေးသုံးယောက်၊ မိန်းကလေးဆောင်က တစ်ယော
တို့အတွက် ဒီနေ့ နံနက်စောစောမှာ လူနာလာကြည့်ပေးဖို့ သွားခေ
ထားတဲ့ ဆရာဝန်မ ဘော်ဒါဆောင်ပေါ်က ဆင်းလာတာ
ဝန်ဇင်းက အခြေအနေမေးရင်း သွားနှုတ်ဆက်ပါသည်။

"ကလေးတွေ ကောင်းသွားပြီလား ဒေါက်တာ"

"ကောင်းနေပါပြီ ဆရာကြီး၊ အဖျားမရှိကြတော့ပါဘူ
ကောင်မလေးကတော့ ဒီမနက် ဗိုက်နည်းနည်းအောင့်တ
ပြောတယ် ဆရာကြီး၊ သူ နှစ်ရက်လောက် အစာကော
ကောင်း မစားလို့လည်း ဖြစ်နိုင်ပါတယ်၊ ဆရာမကို ဆေ
ပြုတ်လောက်ပဲ တိုက်ပေးဖို့ ပြောခဲ့ပါတယ်၊ ဆေးလည်
ပေးခဲ့တယ်၊ လိုမှ ဖုန်းဆက်လိုက်ပါ ဆရာကြီး"





သူ့ထက် ငါးနှစ်ခြောက်နှစ်ကြီးဦးမည့် အသက်လေး
ယ်နားနီး ဆရာဝန်မကပင် သူ့ကို ဆရာကြီးဟုခေါ်သည်။
ကျောင်းရဲ့ အုပ်ချုပ်သူ ကျောင်းအုပ်ဆိုတော့ အသက်အရွယ် ဘယ်
ောက်ပဲဖြစ်ဖြစ် အားလုံးက ဆရာကြီးလို့သာ အသိအမှတ်ပြု
ကြတာပါ။ ဒါကို ဟိုဂျစ်ကပ်ကပ် ခေါ်သာကီ သိပုံလည်းမရှိ။
တ်ဝင်စားပုံလည်းမရှိ။ ဆရာကြီးမပြောနဲ့ "ဆရာ"လို့တောင်
ခေါ်ချင်ဘူးတဲ့လေ။ "ဦးဝန်ဇင်း"တဲ့။

ဝန်ဇင်းက သူ့ဟာသူ တွေးမိရင်း ပြုံးမိသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဆရာဝန်မ ပြန်သွားလျှင် ဝန်ဇင်းက ကိုးတန်းစာ
င်ခန်း၊ ဆယ်တန်းစာသင်ခန်းတချို့ကို လှည့်စစ်ဆေးလိုက်ပါ
ည်။ နံနက်စောအိပ်ရာထမှာ နာရီဝက် တရားထိုင် ဘုရားရှိခိုး၊
ီးရင် ဘရိတ်ဖတ်စား၊ ပြီးလျှင် စာသင်ချိန်တွေ စပါပြီ။ ကိုး
န်းဘော်ဒါတွေက ဦးရေအစိတ်လောက်သာရှိပြီး ဆယ်တန်း
ာရက ခုနစ်ဆယ်ကျော် ရှိတာပါ။

ခြံကျယ်ကြီးထဲမှာ ဒီအချိန်ဆိုရင် စာသင်ခန်းအသီး
း၌ စာသင်နေကြပြီ။ ဘော်ဒါဝင်းဟာ ငြိမ်ဆိတ်ပြီး စည်းကမ်း
ဝပ်နေပါသည်။ စာသင်ခန်းတွေ လှည့်ကြည့်ပြီးတဲ့နောက်
ိုဆောင်ဘက်နှင့် ထမင်းစားဆောင်၊ အဝတ်တွေ လျှော်ဖွပ်နေ
ာနေရာ၊ မီးစက်နေရာ စသဖြင့် တစ်ဝင်းလုံးနဲ့အောင် ခပ်သွက်
က် စစ်ဆေးပြီးတဲ့နောက် ရုံးခန်းကို ပြန်လာခဲ့ပါသည်။

www.burmeseclassic.com



"မောင်စိုင်းနောင်ရေ"

"ဗျာ ... ဆရာကြီး"

"ဒေါ်မြင့်မြင့်ခင်ဆီမှာ မနေ့က ငါစစ်ခိုင်းထားတဲ့ အင်္ဂ
လွှာတွေ သွားတောင်းခဲ့ပါဦး၊ နေ့ကျောင်းသူ မသာကီး
လေးရဲ့ အဖြေလွှာတွေ ပေးလိုက်ပါလို့၊ ငါးရှက်
အင်္ဂလိပ်စာမပါ ငါးစုံ"

"ဟုတ်ကဲ့ ဆရာကြီး"

သာကီ့ကို ဘာသာစုံ ဝန်ဇင်းပဲ သင်ကြားစာမေး ပါ။ ခြောက်ဘာသာအတွက် ဒီက ဆရာ ဆရာမခြောက်ယော ဝင်ဟဲ့ ထွက်ဟဲ့ ကြိုဟဲ့ ပို့ဟဲ့နှင့် သာကီ့အိမ်မှာ တစ်ဘာသာ ယောက်နှုန်း သင်နေဖို့ အခြေအနေမပေးတဲ့အတွက် ဝန်ဇင် အားလုံးကို သင်ကြားလိုက်တာပါ။ နှစ်ပေါင်းကြာရှည် ဘော ကျောင်းဖွင့်ထားပြီး ဒီစာတွေ ဒီဆရာ ဆရာမတွေနှင့် ထိ နေရတာမို့ ဝန်ဇင်းဟာ တခြားဘာသာတွေနှင့်လည်း မ မစိမ်းပါ။ သင်နေကျ အင်္ဂလိပ်စာလောက် မဟုတ်ပေ အားလုံးကို သင်နိုင်ခဲ့သည်။

အားနေလျှင် စာသင်ခန်းတွေ အပြင်ကနေ ဆ ဆရာမတွေ စာသင်နေတာကို သွားရပ်ကြည့်ပြီး လေ့လာနေ ဆရာ ဆရာမ တစ်ယောက်ယောက် ပျက်ကွက်လျှင် ဝန်ဇင် Relieving ဝင်ပေးနိုင်ပါသည်။ အစားဝင်သင်ပေးနိုင်ခဲ့ပါသ





ခုတော့ သာကီ့ကို အစအဆုံး သင်ရတော့မှာမို့ တချို့ဘာသာ ပ်တွေရဲ့ အချို့သော အခန်းတွေကို ပိုပြီးကျွမ်းကျင်ပိုင်နိုင်အောင် န်ဇင်းက ပိုလေ့လာသည်။

ဆရာစာသင်နေတဲ့ အခန်းထဲ နောက်ဆုံးခုံလွတ်မှာ င်ထိုင်ပြီး စာသင်ပုံ ရှင်းပုံကို ကိုယ်ပါ အရင်သင်ယူသည်။ ဆရာကြီးအခန်းထဲ လာထိုင်နေတော့ ကျောင်းသားတွေလည်း ငြိမ်ဝပ်ပိပြား၊ ဆရာလည်း ပိုဂရုတစိုက်ရှင်း။

ဆရာကြီးအတန်းကို လာထိုင်စစ်နေတယ် ထင်ကြ ာ ဖြစ်ပေမယ့် ဝန်ဇင်းကတော့ သိပ်မကျွမ်းတဲ့အခန်းကို သူပါ င်သင်တာ။

ဒါကို သာကီ့ထံ ပြန်သင်ရသည်။ တကူးတက လေးအနက် ပိုလေ့လာပြီး သာကီ့အတွက်လည်း အာရုံပိုစူးစိုက် ာ ဂရုစိုက်နိုင်ခဲ့သည်။ ဒါပေမဲ့ သာကီ့ကို လပတ်စာမေးပွဲစစ် တဲ့အခါမှာတော့ ကိုယ်ကျွမ်းကျင်တဲ့ အင်္ဂလိပ်စာအဖြေလွှာကိုပဲ န်ဇင်း စစ်ပါသည်။

တခြားဘာသာတွေအတွက် သူ့ထက် အမှတ်ပေး ည်းမျဉ်း ပိုနားလည်မည့် သက်ဆိုင်ရာ ဆရာ ဆရာမတွေကိုသာ သီးသီး စစ်ခိုင်းပါသည်။ ဒါမှ သာကီ တကယ်ရနိုင်မည့်အမှတ် ို သိရမှာ။

"ရပါပြီ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



မောင်စိုင်းနောင် လာတင်ပေးတဲ့ အဖြေလွှာစာရွက်တွေကို ဝန်ဇင်းက စိတ်လှုပ်ရှားစွာ ခပ်သွက်သွက် ဖြန့်ကြည့်လိုက်ပါသည်။ သူစစ်တဲ့ အင်္ဂလိပ်စာတော့ သာကီက ခြောက်ဆယ့်ရှစ်မှတ် ရပါသည်။ သူက အဲသလောက်တောင် မှန်းမထားပါ။

သင်္ချာ ခြောက်ဆယ့်ခြောက်၊ မြန်မာစာက ခြောက်ဆယ့်နှစ်၊ ဇီဝဗေဒက ခြောက်ဆယ်၊ ရူပဗေဒက ခြောက်ဆယ့်နှစ်၊ ဓာတုဗေဒက ငါးဆယ့်နှစ်တဲ့။ ဓာတုဗေဒက အားလုံးထဲမှာ အားနည်းသည်။ ဒါပေမဲ့ ကျန်တဲ့ဘာသာအားလုံး ခြောက်ဆယ်ကျော်တာကို ဝန်ဇင်း အံ့အားသင့်နေမိပါသည်။

ကျေလည်းကျေနပ်ကာ မျက်နှာက ပြုံးရွှင်မြနေသည်။ စုစုပေါင်း အမှတ်သုံးရာခုနစ်ဆယ်။ ဒါဟာ သာကီခင်လေးအတွက်ဆိုရင် အင်မတန် အခြေအနေ ကောင်းတာပင်။ ဒီလောက်ရလိမ့်မယ်လို့ကို ထင်မထားမိတာပါ။ ဒီလောက်ရနိုင်တဲ့ အနေအထားရှိပါလျက် ဒီလောက် ဆက်တိုက်ကျရှုံးနေတာဟာ သူပြောတဲ့အတိုင်း တကယ်ပဲ ခြစ်ချပစ်ခဲ့တာ မှန်ပါလိမ့်မည်။

ဖိဖိစီးစီး အပတ်တကုတ် စာကျက်နေတာကို မမြင်ရဘဲနှင့်တောင် အမှတ်တွေဟာ စုတ်စုတ်ပြတ်ပြတ်မပါ။ ဒီလထဲ စာမေးပွဲမှာတော့ သာကီက မေလကစစ်တာထက် ပိုကြိုးစားထားသူ သိသည်။ မေလတုန်းကတော့ အီးရော အီးရောနှင့် လေးဆယ်ကျော်တွေချည်းသာ။ အဲဒီလေးဆယ်ကျော်ရမှတ်တွေဟာ ဒီကလေးမ စာကျက်ပုံတောင်မရဘဲ ဝန်ဇင်းသင်တုန်း နားထောင်မှတ်သားတာလောက်နှင့် ဖြေတဲ့သဘောပင်။





ဉာဏ်လေးကောင်းပါလျက် နှမြောစရာကောင်းအောင် ကိုယ့်ဘဝကိုယ် နစ်မွန်းအောင် လုပ်ထားတာ၊ တမင်တကာ ခြစ်ချခဲ့တာ ဆိုတာကို ဝန်ဇင်း မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေရာက အခုတော့ ယုံကြည်လောက်၍ ယုံလိုက်ရပြီ။ ကျက်ရင်ရတဲ့ ဒီမိန်းကလေးဟာ ဒီလပတ်မှာ သူ စပ်စပ်စုစု သိချင်တဲ့အကြောင်းအရာနှင့် လောင်းကြေးထပ်ကာ အတော်လေး ဖိဖိစီးစီး ကျက်လိုက်ပုံရပါရဲ့။

ဝန်ဇင်းသည် ရင်ထဲမှာ ပီတိတဖွားဖွားနှင့် တစ်ချိန်လုံး ပြုံးနေမိပါသည်။ ဒီကောင်မလေးကိုလည်း သဘောကျနေမိသည်။ သနားလည်း သနားစရာ။ လူကိုရှိသေရကောင်းမှန်းမသိဘာမသိ (မောက်မာရင့်ကျော်တာလည်း မဟုတ်ဘဲ၊ ရိုးရိုးသားသားဖြူဖြူစင်စင်နှင့်ပင်) ဆရာကို သူငယ်ချင်းပေါင်း လာပေါင်းနေတဲ့ ကောင်မကလေး။

သင်းကလေးကို အပြစ်ရှာဖွေမည်ဆိုလျှင် စိတ်လေပြီး စိတ်အလိုလိုက်တတ်တာကို တွေ့ရပါမည်။ မိန်းမပျိုကလေးတစ်ယောက်စိတ်ဟာ ဆွေးသလိုလို လွမ်းသလိုလို အသည်းကွဲသလိုလိုနှင့် အချစ်ကို ငတ်မွတ်တောင့်တကာ ကိုယ့်အချစ်အကြောင်း သူများအချစ်အကြောင်း ဒါတွေပဲ ခေါင်းထဲတစ်ချိန်လုံး အမျှင်မပြတ် တွေးနေတယ် ဆိုရင်တော့ ဘယ်ကောင်းပါတော့မလဲ။ ဒါပေမဲ့ သူ့အနေအထားကလည်း သူ့အပေါ် ချစ်ခင်ယုယကြည့်ရှုမယ့်သူကို လိုအပ်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက် မပြောနဲ့ ယောကျ်ားတစ်ယောက် အဖို့မှာတောင် နှလုံးသားကို လှိုက်လှဲနွေးထွေးစေသူဆိုတာ လိုက် လိုအပ်ပါသည်။ နို့မို့ရင် အေးစက်စက် လူတစ်ယောက်ဖြစ်နေမှာ ပေါ့။ အထီးကျန်သော ရင်ခွင်ကို နွေးထွေးစေတဲ့ အဖော်ဆိုတာ လိုအပ်ချက်တစ်ခုပါ။

"တီ တီ တီ"

ရုံးခန်းစားပွဲက ဖုန်းမြည်လာ၍ ဝန်ဇင်းက ကောက် ကိုင်လိုက်ရင်း ...

"ဟယ်လို ... အမိန့်ရှိပါခင်ဗျာ"

"ဆယ်မိုင်ကုန်းဘော်ဒါကပါလား"

"ဟုတ်ပါတယ် ခင်ဗျ"

"ဘော်ဒါကျောင်းသား အပ်ချင်လို့ပါ"

"ဩော် ... ကျောင်းသားသစ် လက်မခံတော့ပါဘူး ခင်ဗျာ အချိန်အများကြီး နောက်ကျနေပါပြီ၊ ကျွန်တော်တို့က မနှစ်ကတည်းက ကြိုတင်နာမည်စာရင်းပေးထားတဲ့ထဲက လက်ခံလိုက်တာ အများစုပါ၊ ဒီနှစ်အတွက်ဆိုရင် နောက် အကျဆုံး ဖေဖော်ဝါရီလမှာ ကျောင်းလာအပ်ရပါမယ် ခင်ဗျာ"

"အိမ်ကို ဟုမ်းမ်ကျူရှင်အဖြစ်ရော"

"အဲဒါတော့ လက်မခံပါဘူးခင်ဗျ၊ အိမ်လိုက်မသင်ပါဘူး"





"ဒါဖြင့် အဆိုတော်သာကီခင်လေးကိုကျတော့ ဘာဖြစ်လို့ လက်ခံပြီး သွားသင်နေတာပါလဲ"

"ခင်ဗျာ ..."

"သူ့ကျတော့ အိမ်သွားသင်တယ် မဟုတ်လား"

"အခုပြောတာ ဘယ်သူပါလဲ ခင်ဗျာ"

"သာကီခင်လေး ကိုယ်တိုင်ပါ ... ဟင်း ဟင်း ဟင်း"

"ဟာ ... မင်း လူကြီးကို နောက်ပြောင်စရာလား၊ အချိန် တွေ သိပ်ပိုနေရင် စာကျက်နေပါလား"

ဝန်ဇင်းက စိတ်တိုသွားကာ ရှက်ရမ်းရမ်းပြီး ဟောက် ခဲ့လိုက်ပါသည်။ ရယ်လည်း ရယ်ချင်လာပါသည်။ အဆိုတော် ဒီဒီ အသံကို ဘယ်လိုလုပ်ပြီးပြောလဲ မသိ၊ လုံးဝအသံပြောင်း နေတာကြောင့် မှတ်ကိုမမှတ်မိတာပါ။ ဗရုတ်မ။

"ဟာ ... ဦးဝန်ဇင်းကလည်း အချိန်နည်းနည်းပါးပါး ပိုပေမယ့် အဲဒီအချိန်ပိုတိုင်းတော့ စာကျက်နေနိုင်ပါ့မလား သေရချည်ရဲ့၊ ဦးဝန်ဇင်းနဲ့ စကားပြောတာနဲ့တစ်ပြိုင်နက် ဦးဝန်ဇင်း ပါးစပ်ထဲမှာ စာနဲ့ပတ်သက်တာတွေပဲ ပြောမို့ အပြည့် ... ဟူး"

"စိတ်ဖိစီးတယ်ပေါ့"

"ဒါပေါ့"

"မင်းပဲ စိတ်ဖိစီးတတ်လား၊ ငါကော စိတ်မဖိစီးတတ်ဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ"

"တကူးတက ဖုန်းဆက်ပြီး နောက်စရာလား"

"နောက်တယ်ဆိုတာ တစ် ... ကိုယ်နောက်တဲ့သူကို ကိုယ်ခင်လို့၊ နှစ် ... နောက်လိုက်ပြီးရင် ပျော်ရမယ်ထင်လို့၊ ကိုယ်အရေးမထားတဲ့သူကို ဘယ်သူက အချိန်ကုန်ခံ အလုပ်ရှုပ်ခံပြီး နောက်ပြောင်မနေပါဘူး ဦးဝန်ဇင်းရဲ့"

"ဒါဖြင့် ငါက သိပ်ကျေနပ်သင့်တယ်ပေါ့"

"အိမ်း"

"ကဲ ... မင်း ငါ့ကို နောက်ဖို့သက်သက် နှောင့်ယှက်ဖို့သက်သက် အချိန်ကုန်ခံပြီး ဖုန်းဆက်တာလား ဟုတ်လား"

"မဟုတ်ပါဘူး ဦးဝန်ဇင်းရာ၊ ဟိုလေ ... အမှတ်တွေ သိချင်လို့ပါ"

စိုးရိမ်စိတ်စောတဲ့ အသံလေးနဲ့ပြောတဲ့ သာကီ့စကားကြောင့် ဝန်ဇင်းက တစ်ဖက်မှာ တစ်ကိုယ်တည်း ကျိတ်ပြုံးနေမိပါသည်။ ရမှတ်ကို စိတ်ဝင်တစားရှိနေတဲ့ ကျောင်းသူတစ်ယောက်ဆိုရင် မျှော်လင့်ချက် ရှိနေသေးတာပေါ့လို့လည်း ကျေနပ်မိပါသည်။

"ဒီနေ့ မင်းဆီ ငါလာရမှာပဲဟာ၊ အဲဒီကျ သိရမှာပဲဟာကို တကူးတက ဖုန်းဆက်မေးနေရသေးလား၊ သိရမှာပေါ့၊ ခဏနေရင်"

"ဦးဝန်ဇင်းကလည်း ကျွန်မ ရင်တွေတုန်နေလို့ပါ"





"တုန်မနေနဲ့၊ အချိန်တန်ရင် ပြောမှာပေါ့"

"အခု မသိရဘူးလားဟင်"

"ဒီအချိန်က မင်းနဲ့ပတ်သက်တဲ့အချိန် မဟုတ်ဘူးလေ၊ ဒီဘော်ဒါအတွက်ပေးရမယ့်အချိန်"

"အလိုတော် ... ဦးဝန်ဇင်းက ကြီးကျယ်လိုက်တာ"

"ဟဲ့ ... ငါ နင့်ဆရာ၊ ဆရာကို ဘယ်လိုပြောနေတာလဲ"

"ဆရာ မဟုတ်ဘူး၊ အစ်ကိုကြီးလောက်ပဲ သဘောထားတယ်၊ မပြောရင်နေပေါ့၊ ခဏနေရင်လည်း ပြောရမှာကို များ ကိန်းခန်းကြီးနေတာ၊ တကယ်ပဲ စိတ်ဖိစီးတယ်"

စူပွတဲ့အသံနှင့်ပြောကာ ဖုန်းချသွားတဲ့ သာကီ့ကြောင့် ဝန်ဇင်းမှာ စိတ်လည်းတိုရမလို ဖြစ်မိပေမယ့် နောက်ဆုံးတော့ ခေါင်းတယမ်းယမ်းနှင့်သာ တစ်ယောက်တည်း ရယ်မောနေမိပါသည်။ သာကီတစ်ယောက် သူ့အမှတ်ကို ရင်တုန်တုန်နှင့် သိချင်နေတယ်ဆိုတဲ့ အဖြစ်ကို ကြည်နူးပီတိဖြစ်မိပါသည်။

စာသင်ချိန် သူ့အိမ်ကို ထွက်အလာမှာတော့ ဝန်ဇင်းက လမ်းကနေ Dutch Lady တံဆိပ် စထရော်ဘယ်ရီနွားနို့ဘူး တစ်ဒါဇင်ကို ဝင်ဝယ်လာခဲ့ပါသည်။ စာသင်ရင်း ခဏတဖြုတ် Break ပေးရင် ဒီနို့ဘူးလေးတွေပဲ မက်မက်မောမောသောက်တတ်တဲ့ သာကီ့ကို သူ ဂရုပြုမိနေခဲ့တာပါ။

အိမ်ကိုရောက်သည်နှင့် သူက ခါတိုင်းလို အပေါ်ထပ်ကို တန်းတက်မသွားဘဲ တံခါးလာဖွင့်တဲ့ ကောင်မလေးကို ...



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးရှိလား သမီး"

"ဟုတ်ကဲ့ ဆရာ၊ ရှိပါတယ်"

ကောင်မလေး သွားပြောပေး၍ ခဏတွင်းချင်း ဦးမောင်မောင်ရန်အောင် ထွက်လာကာ ...

"ဆရာ ... ထိုင်ပါ၊ ဘာများပြဿနာရှိလို့လဲ မသိဘူး"

အဘိုးလုပ်သူဟာ သူ့မြေးကို တော်တော်အယုံအကြည် ရှိပုံရသည်။ ခါတိုင်း စာသင်စရာရှိတာသင်ပြီး သူ့ကို မတွေ့ဘဲ ကိုယ့်ဟာကိုယ် ပြန်သွားတတ်တဲ့ ဝန်ဇင်း၊ အခု သူ့ကို တွေ့ဖို့ တောင်းဆိုတယ်ဆိုတာနှင့် တစ်ခုခုတိုင်ဖို့ပဲ ယူမှတ်လိုက်ပုံရကာ မျက်စိမျက်နှာ မကောင်းလှဘဲ ရှိရှာပါသည်။

"ကျွန်တော်လည်း မနက်က ဂေါ့ဖ်သွားရိုက်တာ၊ ခုလေးတင်ပဲ ပြန်ရောက်တယ် ဆရာ၊ ခုပဲရေမိုးချိုးပြီးစရှိတာပါ။ သာကီနဲ့ ဘာများပြဿနာ ..."

"ဘာပြဿနာမှ မရှိပါဘူး အန်ကယ်လ်၊ ကျွန်တော်လည်း ခုမှရောက်တာပါ။ ဒီနေ့ စာသင်ချိန်က အခုမှစတာပါ"

"သြော်"

ဒီအဘိုးဟာလည်း မြေးမကို ချစ်တော့ချစ်ပုံရပေမယ့် ယောက်ျားပီပီ အောက်ခြေသိမ်း သိတတ်ခြင်းနှင့်တော့ အချစ်ကို ပြတတ်ပုံ မရပါ။ တိုင်မ်တေဘယ်လ်ဆွဲစဉ်က သူလည်းပါပေမယ့် စာသင်ချိန်တွေကိုလည်း မှတ်မိပုံ မရပါ။ သက်ကြီးရွယ်အိုရွယ် ရောက်လာပေမယ့် အိမ်တွင်းအောင်းပြီး ပျင်းပျင်းရိရိ စိတ်ဓာတ်





ကျကျ နေတတ်ပုံ မရပါ။ ဂေါ့ဖ်ရိုက်တဲ့အခါရိုက်၊ အသင်းအဖွဲ့ လုပ်ငန်းတွေ သွားတဲ့အခါသွား၊ သူ့ဟာနှင့်သူပင် အချိန်မလုံလောက်ပဲ ရှိပုံပင်။

မြေးမအတွက် သီးသန့်အချိန်မပေးနိုင်တာကို ဝန်ဇင်းကိုယ်တိုင် မြင်နေရသည်။ ညစာစားချိန်လောက်မှ တစ်ယောက်နဲ့ တစ်ယောက် တွေ့ကြ။ တစ်ခါတစ်ရံ ညစာတောင် အတူမဆုံဘူးလို့ သာကီ ပြောဖူးသည်။

မြေးမ,ဖြစ်သူ သူ့သဘော သူဆောင်နေတာလည်းမပြောနှင့်။ အဘိုးကလည်း သူ့သဘော သူဆောင်နေသူပင်။

"ဒီလ လပတ်စာမေးပွဲ စစ်ထားတဲ့ အမှတ်တွေ အန်ကယ့်လ်ကို ပြချင်လို့ပါ"

"သြော် ... ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့"

ဝန်ဇင်း ဖိုင်လ်ထဲက အဖြေလွှာတွေ ထုတ်နေဆဲတွင် ...

"ခုမှ သင်ကြားရေးကလည်း နှစ်လသာသာ ရှိသေးတော့ အမှတ်တွေ ဘာတွေ မကောင်းသေးရင်လည်း ဆရာ့အနေနဲ့ စိတ်မပျက်ပါနဲ့ဦးလို့ ကျွန်တော်က တောင်းပန်ပါတယ်ဗျာ၊ နှစ်ကုန်စာမေးပွဲဖြေတဲ့အထိ တာဝန်ယူပေးပါ ဆရာ ရယ်၊ ဟိုးတစ်နှစ်က ဆရာမလို သာကီ စာမကျက်လို့ဆိုပြီး စာသင်ရပ်လိုက်တာမျိုး ဖြစ်မှာစိုးလို့ပါ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်တော့ ကျွန်တော်နဲ့ သာကီ တော်တော်လေး သဘောတူညီမှု နားလည်မှု ယူထားတာပါ၊ ဆရာစိတ်ရှည်ရှည်လေးတော့ စောင့်ကြည့်ပေးပါဦးလို့”

ဝန်ဇင်းက လက်ထဲက စာရွက်တွေကို ကိုင်ကာ ဦးမောင်မောင်ရန်အောင် စကားဆုံးတဲ့အထိ ပြုံးပြီးစောင့်နေပေးပြီးမှ ...

“အန်ကယ်လ် ... သာကီ့အမှတ်တွေ ကောင်းပါတယ်”

“ခင်ဗျာ”

ဦးမောင်မောင်ရန်အောင်က စာရွက်တွေကို လှမ်းယူကာ စေ့စေ့စပ်စပ် ငုံ့ကြည့်ရင်း ...

“ခြောက်ဆယ့်နှစ်၊ ဟာ ... ခြောက်ဆယ့်ရှစ်၊ ဟာ ... ဘာသာစုံနီးပါး ခြောက်ဆယ်ကျော်နေပါလား ဆရာ”

“ဟုတ်ပါတယ်၊ ကယ်မစ္စတြီကလွဲရင် အားလုံးခြောက်ဆယ်ကျော် ရပါတယ် အန်ကယ်လ်၊ ကယ်မစ္စတြီလည်း ငါးဆယ့်နှစ်မှတ်ဆိုတော့ အရမ်းတော့ အခြေအနေမဆိုးဘူး ခင်ဗျ”

“ယုံတောင် မယုံဘူး ဆရာ၊ ခြောက်ဆယ်ကျော်တွေဖြစ်နေတာ၊ ဟိုးတစ်နှစ်က ဆရာမကတော့ စစ်တိုင်း လေးဘာသာ ငါးဘာသာ ကျနေလို့ တော်တော်စိတ်ခတ်ကျတာ၊ ကျွန်တော်လည်း အတိုင်အတောချည်း ခံခဲ့ရတာပါ၊ ဒီတစ်ခါ ဆရာနဲ့တော့ အတိုင်အတောသံ သိပ်မကြားရ



တော့ ဆရာပဲ ကိုမင်းစိန် မျက်နှာနဲ့ သည်းညည်းခံနေလို့များလားလို့ စိတ်တထင့်ထင့်နဲ့ပဲ နေရတာ ဆရာ”

“တိုင်ရလောက်အောင် သာကီခင်လေး စည်းကမ်းပျက်တာ စကားနားမထောင်တာတွေ မရှိပါဘူး အန်ကယ်လ်၊ သာကီက နည်းနည်း ဂျစ်ကပ်ကပ် လုပ်ချင်တာ ခေါင်းမာတာ၊ သူ့စိတ်ပဲ သူ့အမှန်ထင်တာတွေ ရှိပေမယ့် ဗီဇသန္ဓေကောင်းပါတယ်၊ ဒါကိုလည်း ကျွန်တော် ချော့မော့လိုက် ခြောက်လှန့်လိုက်နဲ့ ဆွဲခေါ်လာရင်းက ဂျစ်ကန်ကန်တောင် လျော့လာပါတယ်၊ အခြေအနေက အကောင်းဘက်မှာ ရှိပါတယ်၊ ဘာပြဿနာမှလဲ ပြောပလောက်အောင် မရှိပါဘူး အန်ကယ်လ်”

“ကျေးဇူးတင်ပါတယ် ဆရာရယ်၊ တော်တော် အံ့သြတုန်လှုပ်မိတာပါ၊ ဆရာ့ကျေးဇူးကိုလည်း မမေ့ပါဘူး ဆရာ၊ သူ့အမေကြားရင်လည်း စိတ်ချမ်းသာရှာမယ်၊ သူ့အမေလည်း သာကီ့ပညာရေးကြောင့် တော်တော်စိတ်ဓာတ်ကျရှာတာ၊ တစ်ခုခု ပြောပြန်လည်း သာကီက ကပ်ဖဲ့တိုက်ချင် တိုက်တာ၊ နောက်ပိုင်းကျတော့ သူ့အမေလည်း ဘာမှသိပ်မမေးမြန်းတော့ဘူး၊ ဘာမှလဲ သိပ်တွန်းအားမပေးတော့ဘူး”

“အခုအခြေအနေကို သာကီ့အမေကို အကြောင်းကြားပေးပါ အန်ကယ်လ်”

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ … ဆရာကအကြောင်းကြားပါ ဆိုရင် အကြောင်း ကြားလိုက်ပါ့မယ်”

“သူ့ဘက်ကသာ ကပ်ဖဲ့တိုက်ချင်တိုက်မယ်၊ ဂျစ်ကန်… လုပ်ချင်လုပ်မယ်၊ သူ့ကိစ္စ သူ့ပညာရေးကို စိတ်မဝင်စ… တာကိုကျတော့လည်း သူက မကြိုက်ပြန်ဘူး၊ အမေကလည်း… အမြဲစိတ်ဝင်စားနေတယ်ဆိုတာ သူ့ကို သိစေချင်လို့ပါ”

“သဘောပေါက်ပါတယ် ဆရာ၊ ဆရာ့ကိုလည်း သိပ်ကျေး… တင်တယ်ဗျာ၊ အရင်ကဆို သာကီဟာ စာကိုလုံးဝမတို့… တာ၊ ကားတစ်စင်းနဲ့ လျှောက်ပြီးသွားချင်ရာ သွားနေ… ပဲ၊ အိမ်ကိုမကပ်တာ၊ ခုတော့ အတော်ပုံစံပြောင်းနေပြီ”

“စာသင်ချိန်လည်း အချိန်စာရင်း ခွဲထားလိုက်တော… ထွက်ချင်သလိုထွက်ဖို့တော့ အချိန်မရတော့ဘူးပေါ့၊ ဒါ… သူ့စိတ်ကိုတော့ သိပ်အချုပ်အနှောင်မဖြစ်အောင် သူ့သီ… ကိစ္စတို့ ဘာတို့ရှိရင် ကျွန်တော် ညှိပြီးလွှတ်ပေးပါတယ်”

“ဆရာက သူ့ကိုကိုင်တွယ်နိုင်ပုံရတယ်၊ ဆရာ့ကို ဘယ်… ကျေးဇူးဆပ်ရမှန်းတောင် မသိပါဘူး”

“ကျေးဇူးဆပ်ဖို့ မလိုပါဘူး အန်ကယ်၊ ကျွန်တော်ကို… ဘိုင်ကိုက စာမေးပွဲ မအောင်ချင်ဘူးဆိုတဲ့ ကလေး… ယောက်ကို စာမေးပွဲ အောင်ချင်အောင် ကြိုးစားဖိုင်း… ဖေးမနေရတာကို အော်ပရေးရှင်းတစ်ခုလို စိတ်ဝင်… ဖြစ်နေတာပါ၊ ကိုယ့်ဘော်ဒါကျောင်းမှာ ပုံမှန်သင်နေရ…





နဲ့ မတူတဲ့ စိန်ခေါ်မှုအသစ်အဆန်း တစ်မျိုးလို စိတ်ဝင်စားစရာ ဖြစ်နေတာပါ အန်ကယ်လ်”

ဝန်ဇင်းက နို့ဘူးကတ်နှစ်ကတ်ကို မ,ကာ နေရာမှ ထရင်း …

“တက်လိုက်ဦးမယ် အန်ကယ်လ်၊ သူ့ကိုတောင် အမှတ် ပြောမပြရသေးဘူး”

“ဒီ … နို့ဘူးတွေက !!”

“အမှတ်ကောင်းလို့ မုန့်ဝယ်ကျွေးတဲ့ သဘောပါ၊ ဆုချတာ ပေါ့ အန်ကယ်လ်”

ဦးမောင်မောင်ရန်အောင်သည် ဝန်ဇင်းရဲ့ကျောပြင်ကို ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြုံးကြီးကြည့်ကာ ကျန်ရစ်ပါသည်။

အပေါ်ထပ် စာသင်ခန်းထဲရောက်လျှင် စားပွဲမှာ အသင့်ထိုင်စောင့်နေတဲ့ သာကီမျက်နှာက စုပုပ်ပုပ် ရှိနေပါသည်။ ဝန်ဇင်းကို ခပ်တည်တည်ပဲ ကြည့်နေကာ ဘောလ်ပင်ကိုကိုက်ထားသည်။ ဝန်ဇင်းက နို့ဘူးတွေကို သာကီ့ရှေ့ ချပေးလိုက်ပါသည်။

“ရော့”

“… … …”

“ဆုပေးတာနော်”

သာကီက မျက်ခုံးနည်းနည်း တွန့်သွားပြီး …

“ဘာဆုလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အမှတ်တွေက မဆိုးလို့"

"အားလုံး ခြောက်ဆယ်ကျော်လား"

"ရော ... ကြည့်"

"ပြောပါ၊ ရင်တုန်နေလို့ပါလို့ ဆိုနေမှ"

"တစ်ဘာသာလိုတယ်"

"ဘယ်ဟာလဲဟင်"

"ကယ်မစ္စတြီ"

သာကီက နှာခေါင်းရှုံ့သွားရင်း ...

"ထင်သားပဲ၊ ကယ်မစ္စတြီဖြေတဲ့နေ့က အရှမ်းမှမရတာ"

သိရပြီးမှ သာကီက အဖြေလွှာတွေကို ကောက်ယူကြည့်ပါသည်။ တစ်ရွက်ချင်းလှန်ကာ ဘာတွေမှားလဲ မှန်လည်း စိတ်ဝင်တစား ကြည့်နေတဲ့ သာကီ့ကို ဝန်ဇင်းက စိုက်ကြည့်နေပါသည်။ ဒီကောင်မလေးမှာ စာမေးပွဲအောင်လိုစိတ် ရှိကိုရှိပါသည်။ ဒါနဲ့မှား ဘာကြောင့် ခြစ်ခြစ်ချခဲ့ရတာပါလိမ့်။

အားလုံးကြည့်ပြီးလျှင် သာကီက ရှုံ့တွတွမျက်နှာလေးနှင့် ...

"တစ်ဘာသာက လာတစ်နေသေးတယ်"

"နောက်လကျရင် ကောင်းသွားမှာပါ၊ စိတ်ဖိစီးမနေနဲ့"

"ဦဝန်ဇင်း"

"အင်း"





"ကယ်မစ္စတြီက ငါးဆယ့်နှစ်ပဲ ရပေမယ့် ခြောက်ဘာသာလုံး အဲဗရေ့ချ်(ပျမ်းမျှ)ပြန်ကြည့်လိုက်ရင် ခြောက်ဆယ်ကျော်တယ်နော်"

"အင်း ... ဟုတ်ပါတယ်၊ အဲဗရေ့ချ်ခြောက်ဆယ်ကျော်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အများကြီးတော်တယ်လို့ ဆိုနိုင်တယ်"

သာကီက ဝန်ဇင်းကို မျက်လုံးလေး စောင့်ကပ်ပြီး အပြုံးလေးနှင့် ကြည့်လိုက်တဲ့ အမူအရာလေးကို ဝန်ဇင်း အံ့သြပြီး ငေးစိုက်ကြည့်နေမိခိုက် ...

"အဲဒီတော့ အဲဗရေ့ချ် ခြောက်ဆယ်ကျော်တယ်ဆိုရင် ဦးဝန်ဇင်းရဲ့ အသည်းကွဲစာတ်လမ်းကို နားထောင်ခွင့်ရသင့်တာပေါ့နော်"

"ဩော် ... သူက ဒါကို စိတ်ဝင်စားပြီး အမှတ်ကို အရေးတကြီး သိချင်နေတာကိုး"

"အင်းပေါ့၊ ရှင်းရှင်းပြောရရင် ဦးဝန်ဇင်း အကြောင်း နားထောင်ချင်လို့ကို စာကိုကြိုးစားပမ်းစားလေး လုပ်ထားရတာ"

"ဟား ... မင်းကတော့လေ၊ ကိုယ့်စာကိုယ် လုပ်တာပဲ မျှော်လင့်ချက်က ထားနေသေးတယ်"

"ထားရတာပေါ့၊ အရှမ်းသိချင်တာ၊ ပြောပြပါနော် ... လို့ ဦးဝန်ဇင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်"

"မရဘူး၊ ပြောရမှာပဲ"

ဝန့်ဇင်းသည် သာကို့ကိုကြည့်ကာ ရင်ထဲတစ်မျိုးလေး လှုပ်ရှားမိသည်။ ဆိုးနွဲ့ဟန်နှင့် စိုက်ကြည့်နေတဲ့ အကြည့်က သူ့ စိတ်တို့ကို ဖြားယောင်းလိုက်သလိုပင်။

❣ ❖ ❣





၈

ဝန့်ဇင်း ငယ်ငယ်က နှစ်တန်းအောင်တဲ့အထိ ယောက်ျားလေးကျောင်း တစ်ကျောင်း၊မှာ နေခဲ့ဖူးပေမယ့် သုံးတန်း ရောက်တဲ့နှစ်မှာ ဖေဖေက ဝန့်ဇင်းကို ယောက်ျားလေး၊ မိန်းကလေး ဆိုတဲ့ နာမည်ကြီးကျောင်းတစ်ကျောင်းကို ပြောင်းပါသည်။ အဲဒီကျောင်းဟာ ယမုန် ရှိနေတဲ့ကျောင်းပင်တည်း။

ယမုန့်အဖေ ဦးခင်မောင်လတ်က ခုမှသာ စီးပွား ရေးသမား။ ဆယ်တန်းအောင်စဉ်က ဝန့်ဇင်းရဲ့အဖေနှင့် တူတူ [illegible]ဝင်သည်။ ဆေးတက္ကသိုလ်မှာ တောတောပေပေနှင့် လမ်းသရဲ [illegible]လို့နေတဲ့ ဦးခင်မောင်လတ်ဟာ ပင်ကိုဉာဏ်ကောင်း စာတော် မယ့် ဆယ်တန်းတုန်းက ဦးမင်းဝန်နှင့်အတူ စာကျက်ပြီး မင်းဝန် အတင်းဆွဲခေါ်ရာ ဆေးတက္ကသိုလ်ထိ ပါလာခဲ့သလို [illegible]ဝါနိုင်တော့ပါ။

www.burmeseclassic.com



ဆယ်တန်းထိကတော့ ကလေးလိုပဲ ရှိကြသေးတာ မင်းဝန်က အတင်းစာကျက်ခိုင်းရင် ခင်မောင်လတ်လည်း ကျက် ရတော့တာသာ။ တက္ကသိုလ်ရောက်တော့ အပေါင်းအသင်းလည်း ပိုစုံလာကာ မင်းဝန် ပြောစကား သိပ်နားမထောင်တော့ဘဲ လေ ရင်း လေရင်းက 2nd MB (ဒုတိယနှစ်)မှာ စာမေးပွဲကျသည်။ နောက်နှစ်ပါ ထပ်ကျပြီး ဆေးတက္ကသိုလ်က ထွက်သွားရော ဦးခင်မောင်လတ်က ရိုးရိုးဘွဲ့တစ်ခုပဲ ယူလိုက်ပြီး စီးပွားရေ လောကထဲ ခြေစုံပစ်ဝင်ရာက ကြွယ်ဝချမ်းသာသွားတော့တာပါ

ဦးခင်မောင်လတ် ဆရာဝန်ဖြစ်မလာပေမယ့် ဒေါ် တာမင်းဝန်နှင့်တော့ အခင်ဆုံးသူငယ်ချင်းတွေ ဖြစ်ဆဲပင်။ ဝန်ဇင်း ကိုလည်း နီးရာကျောင်းလေးမှာ ထားမနေဘဲ ကျောင်းကောင်း ကောင်းမှာထားဖို့ ဦးခင်မောင်လတ်ကပဲ ဖေဖေ့ကို အကြံပေး တာပါ။ သုံးတန်းမှာ ကျောင်းစ,ပြောင်းလိုက်တော့ ယမုန်နှင့် အခန်းထဲ ဝန်ဇင်း ရောက်သည်။

"သမီး ... ဒါက ဖေဖေ့သူငယ်ချင်းရဲ့သား၊ ကျောင်းသ သစ်ဆိုတော့ သူ့မှာ ဒီကျောင်းမှာ သူငယ်ချင်း မရှိသေး ဘူး၊ သမီးက ခင်ခင်မင်မင် ခေါ်ပြောနော်၊ သူငယ်ချင်း တွေပဲပေါ့၊ ဟုတ်လား သမီး"

ကြည်ကြည်ဖြူဖြူ ဖော်ဖော်ရွေရွေ ပြုံးပြလိုက် ယမုန့်ကို အဲဒီတုန်းကတည်းက သူ စတင်ခင်မင်တွယ်တာခဲ့ ပါ။ ယမုန်က စိတ်ထားဖြူစင်တဲ့အပြင် စိတ်သဘောထားလည်း ကောင်းပါသည်။ သုံးတန်း လေးတန်း ငါးတန်း သုံးနှစ်လောက် အတူ ကျောင်းတက်ပြီးချိန်မှာ ယမုန်နှင့် ဝန်ဇင်းက သံယောဇဉ် ကြီးတဲ့ သူငယ်ချင်းတွေ ဖြစ်ခဲ့ပြီ။

ဝန်ဇင်း ငါးတန်းနှစ်မှာပင် မေမေ ဖွဲ့စဖောက်တာ ပင်။ မေမေက ရိုးအေးပြီး နုံ့နှင့် ဆရာဝန်ဘဝကလာတာမို့ ဖေဖေ့ကို ကြောက်ရပါသည်။ ဖေဖေ့ကို ဘာမှမပြောရဲရှာ။ ဖေဖေ့ ကို ပြောပေးခဲ့တာက ဦးခင်မောင်လတ်။ ဦးခင်မောင်လတ်ဟာ မေမေ့ကိုပင် သူကိုယ်တိုင် အသိပေးပြီး ဖေဖေ့ကို ဂရုစိုက်ထိန်းဖို့ သတိပေးခဲ့တာ။ သူ ဘယ်လိုပဲ သတိပေးပေး မေမေက ငိုယိုရုံ သာလွဲပြီး ဖေဖေ့အပေါ် ဘာမှမပြောဆိုနိုင်ပါ။

ဦးခင်မောင်လတ်ဟာ မေမေနှင့် ဝန်ဇင်းအပေါ် အကြင်နာ သက်ရောက်ခဲ့သည်။ ဝန်ဇင်းကို သူ့သားသမီးတွေနှင့် အန်းတူ ဗလာစာအုပ်တွေ လွယ်အိတ်တွေ ဝယ်ပေး၊ ကျောင်း ဝတ်စုံဝယ်ပေးနှင့် လက်ဆောင်လေးတွေ ဝယ်ပေးတတ်ပါသည်။ ခြေလှမ်းပျက်နေတဲ့ ဖေဖေဟာ သူနှင့်ဓာတ်လမ်းရှိတဲ့ ဆရာဝန်မ ရဲ့ ထောက်ပံ့မှုနှင့်ပဲ ဝန်ဇင်း ဆယ့်နှစ်နှစ်သားမှာ အင်္ဂလန်ကို သွားတော့သင် ထွက်သွားပါသည်။

အဲဒီကတည်းကစပြီး ဖေဖေ့ကို ဆုံးရှုံးလိုက်ရတာ ပြန်မတွေ့လိုက်ရတာ အခုထိ။ ဖေဖေဟာ မေမေဆုံးတော့ မပြော နှင့် အဘိုးဆုံးတော့ပင် ပြန်မလာတော့ပါ။ ဖေဖေ ထွက်သွားကတ ည်းက စားဝတ်နေရေးကအစ ခက်ခဲခဲ့တဲ့ ဝန်ဇင်းတို့သားအမိ





www.burmeseclassic.com

www.burmeseclassic.com



ကို ဦးခင်မောင်လတ်က များစွာကြည့်ရှု ထောက်ပံ့ခဲ့ပါသည်။ ဝန်ဇင်းတို့သားအမိဟာ ဆယ်မိုင်ကုန်းက အဘိုးခြံထဲမှာ တဲလေး တစ်လုံးထိုးပြီး သွားကပ်နေခဲ့ကြပေမယ့် စားဖို့သောက်ဖို့ကိုတော့ ကိုယ်တိုင်ရှန်းကန် ရှာကြံရပါသည်။

ဖေဖေနှင့် လက်ထပ်ပြီးကတည်းက နာ့စ်အလုပ်မှ ထွက်ခဲ့ရတဲ့ မေမေဟာ နာ့စ်ပြန်လုပ်ဖို့ မလွယ်ကူခဲ့ပါ။ ရရာကြုံရာ အလုပ် ဝင်လုပ်ခဲ့ရတာက သားအမိနှစ်ယောက်ဝမ်းကို အနိုင်နိုင် ဖြည့်တင်းရသည်။ အဲဒီအချိန်ကစပြီး ဦးခင်မောင်လတ်ရဲ့ဝန်ဇင်း ကျောင်းစရိတ် တစ်ကိုယ်ရည်စရိတ် ထောက်ပံ့ကူညီမှုတွေဟာ ဘယ်လောက်အတိုင်းအတာ ရှိတယ်ဆိုတာ ဝန်ဇင်း အတိအကျ မသိနိုင်ပါ။

အသက်နှစ်ဆယ် ဘွဲ့ရတဲ့အချိန်မှာတော့ ဝန်ဇင်း အင်္ဂလိပ်စာကျူရှင် စ,ပြပြီ။ ဝင်ငွေလေးနည်းနည်းရပြီ။ ပထမ ဦး ဆုံးရတဲ့ သူ့ရဲ့ဝင်ငွေကို မေမေ့ကို ထိုင်ကန်တော့တော့ မေမေ က ဦးခင်မောင်လတ်ကို သွားကန်တော့ခိုင်းခဲ့တာကို သူ မမေ့ပါ။ ဝန်ဇင်းနှင့် ယမုန်ဟာ တက္ကသိုလ် ဒုတိယနှစ် ဆယ့်ရှစ်နှစ်အရွယ် တွေလောက်မှစပြီး ချစ်သူတွေဖြစ်ခဲ့ကြကာ ဝန်ဇင်း ဦးခင်မောင် လတ်ကို ပထမဆုံး ဝင်ငွေနှင့် သွားကန်တော့တဲ့ အချိန်မှာတော့ ယမုန်တို့ အိမ်တွင်းရေးမှာ ပဋိပက္ခတွေ စ,ခဲ့ပြီ။

ဒါတွေကို ဝန်ဇင်း နောက်မှပြန်သိရတာပါ။ ဦးခင် မောင်လတ်နှင့် ယမုန်က ဖွင့်မပြောဘဲ နှုတ်ပိတ်ခဲ့မှတော့ ဝန်ဇင်း





အဖို့ သိစရာအကြောင်း မရှိ။ ယမုန့်အမေဟာ ဦးခင်မောင်လတ် ကို ဝန်ဇင်းအမေနှင့် ယိုးစွပ်ခဲ့သည်ဟု ဆိုသည်။ ဦးခင်မောင်လတ် က ငြင်းဆန်ရင်း လင်မယား ရန်ဖြစ်ရခြင်း အကြိမ်ကြိမ်တွင် ယမုန်သည် ဝန်ဇင်းနှင့် ချစ်သူတွေ ဖြစ်နေခဲ့တာကို အမေထံဖွင့် မဟာရဲခဲ့ပါ။

ဝန်ဇင်း အင်္ဂလိပ်စာ အမ်မ်အေတန်း တက်နေတုန်း မေမေ ဆုံးပါသည်။ မေမေ ဆုံးလည်း ယမုန့်မေမေရဲ့ပဋိပက္ခ တို့က ရပ်တန့်မသွားပါ။ ဒါတွေကို ဝန်ဇင်း ဘာမှမသိခဲ့ရ။ ပြန် တွေးကြည့်လိုက်လျှင် သူ့ရင်တွင် နာနေသည်။

အရိုးသား အသန့်စင်ဆုံး နေထိုင်ခဲ့တဲ့ မေမေ့ ဂုဏ်သိက္ခာတို့ကို ယမုန့်အမေဟာ မှိုချိုးမျှစ်ချိုး စော်ကားခဲ့သူ ပင်။

ဘာမှမသိတဲ့ ဝန်ဇင်းကတော့ လစဉ် တစ်လတစ် ကြိမ်လောက် ယမုန်တို့အိမ်ကို သွားပါသည်။ အန်ကယ်လ်ဦးခင် မောင်လတ်အတွက် စားကောင်းသောက်ဖွယ် တစ်ခုခု လက်ဆောင် ဆေးရင်း ရောက်စမြဲပါ။ ဟိုးအရင်ကတည်းက သူ့ကို ခပ်တည် တည်သာ ဆက်ဆံတဲ့ ယမုန့်အမေကိုတော့ မာနကြီးတဲ့အမျိုးသမီး တစ်ယောက်လို့ပဲ သိထားတာပင်။ တစ်စထက်တစ်စ နောက်ပိုင်း မှာ ပိုမိုဆက်ဆံရေး တင်းမာပြတ်တောက်လာတဲ့ အခါမှာတော့ "ယမုန်နှင့် သူ့ကို သဘောမတူနိုင်ဘူး ထင်ပါရဲ့"ဟု စိတ်မ ကောင်း ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယမုန်တို့ အခြေအနေနှင့် သူ့အခြေအနေကလည်း ပြောပလောက်အောင်ပဲ ကွာခြားသည်ဖြစ်ရာ ဝန်ဇင်းက ယမုန့်အမေ အပေါ် စိတ်မကွက်ပါ။ သားသမီးကို ဆင်းစီးမြင်းရံစေလိုမှာ ဟာ မိဘတိုင်းရဲ့မမွတာပဲ။ သူ့ဘက်ကသာ ယမုန့်ကို လက်ထပ် ယူဖို့ တင့်တယ်တဲ့ အခြေအနေထိ ကြိုးစားရလိမ့်မည်လို့ပဲ ဆုံး ဖြတ်ထားခဲ့သည်။

ယမုန့်ရဲ့အစ်ကိုတွေ မောင်တွေ၊ ယမုန့်အမေတို့ကို သည်းညည်းခံ အောက်ကျို့ပြောဆို ဆက်ဆံပါသည်။ အဆင့် အတန်း ခွဲရင်လည်း ခွဲထိုက်လို့ပဲလို့ နားလည်ထားခဲ့ပါသည်။ ယမုန့်အမေကိုတော့ ပိုပြီးတော့ပင် ကျို့ယို့ပျပ်ဝပ်ခဲ့တာပါ။ အဲဒီ ကနေ ဝေးကွာကြရဖို့ ကံကြမ္မာဖန်လာတော့ သူနှင့် ယမုန်ရဲ့ ခေတ် လမ်းကို အဘွားကြီး သိသွားခဲ့ပါတော့သည်။

မြို့ထဲမှာ လက်တွဲလျှောက်နေရင်းကြီး ပက်ပင်းတိုး တာဖြစ်၍ ရှောင်မရ ပုန်းမရ ငြင်းမရ ညာမရပါ။ ယမုန့်အမေ ဟာ မြို့လယ်ကောင် လူသွားလမ်းမကြီးပေါ်မှာ ဝန်ဇင်းရဲ့ပါးကို ဖြန်းခနဲ ရိုက်ချကာ "အောက်တန်းစား"လို့ သုံးလုံးတည်း ကျွ ရင့်ပြီး ယမုန့်လက်ကိုဆွဲ၍ ကားပေါ်တင်ခေါ်သွားခဲ့သည်။

ဒါကို ဝန်ဇင်းက မရှက်နိုင် မနာနိုင်ပါ။ သဘော မတူမှာကို မျှော်လင့်ပြီးဖြစ်ပါသည်။ သို့ပေမဲ့ "အောက်တန်းစား" လို့ ခေါ်သွားတာကိုတော့ ရင်ထဲ နာကျင်မိသည်သာ။ ရင်မှာနာ ပေမယ့် အပြင်မှာ နာကြည်းမနေနိုင်ပါ။ ဘယ်ကိုမှ မထွက်





မသွားရတော့တဲ့ ယမုန့်ကိုလည်း သနားကာ သူလည်း နေထိုင်မရ အောင် ဖျပ်ဖျပ်လူး ခံစားနေရသည့် နေ့တွေထဲက တစ်ရက်မှာ ယမုန်တို့အိမ်ကို အရဲစွန့် ရောက်သွားခဲ့ပါသည်။ ဦးခင့်မောင်လတ် ကိုရော အန့်တီဒေါ်ခင်စိုးအေးကိုရော တောင်းပန်မည်။ ဇိုင်ကန် တော့မည်။ သူ့ကို အချိန်တစ်ခု သတ်မှတ်ပြီး ကြိုးစားခွင့်ပေးဖို့ တောင်းဆိုမည်ရယ်လို့ သူ ဆုံးဖြတ်ထားပါသည်။

အဲဒီအချိန်က ဘော်ဒါမှာလည်း ကျောင်းသားဦးရေ များစွာနှင့် အောင်မြင်အခြေခိုင်လာပြီဖြစ်တဲ့အတွက် ဘဘဦးမင်းစိန် ကို ပေးစရာရှိတဲ့ ကြွေးမြီတွေ တတိတိဆပ်ပြီးသွားခဲ့လျှင် သူ့ အခြေအနေက တိုးတက်မြင့်မား ပြည့်စုံလာဖို့ပဲ ရှိတော့တာလေ။ ယမုန့်ကို တင့်တင့်တယ်တယ် လက်ထပ်ယူပြီး ချမ်းချမ်းသာသာ ထားနိုင်တော့မှာလေ။

သို့ပေမဲ့ သူ့မျှော်လင့်ချက်တို့ ကျိုးပဲ့ကြေမွခဲ့ရပါ သည်။ ဒေါ်ခင်စိုးအေးဟာ သူ့ကို အဆင့်အတန်းချင်း ကွာခြားလို့ သဘောမတူရုံမက,ခဲ့တာ အဲဒီတော့မှပဲ သူ သိခွင့်ရတော့တာဖြစ် သည်။

"မင်းအမေလည်း ယမုန့်အဖေဆီက မသေမချင်း ချုစား သွားခဲ့တာ မဝသေးလို့လား ... ဟုတ်လား၊ မင်းက ဘယ်လို မျက်နှာပြောင်ပုံမျိုးနဲ့ ယမုန့်ကို ဆက်ကြံရဲတာလဲ၊ ငါး တို့သားအမိရဲ့ ဗိုက်ထဲမှာ ငါ့သားသမီးတွေ စားရမယ့် အထဲက ခွဲကျွေးခဲ့ရတာတွေ တစ်ပုံကြီး ရှိခဲ့တာပါ၊ နင့်အမေ



www.burmeseclassic.com

www.burmeseclassic.com



နောက်မိန်းမယူပြီး နင်တို့ကို ပစ်သွားကတည်းက နင်တို့သားအမိတာဝန်ကို ယမုန့်အဖေ ယူထားတာ ငါမသိဘူး မျှား မှတ်နေလား ...

သူများပစ္စည်းဥစ္စာငွေကြေး အချောင်အလွယ်ရတာကို တော်တော်အရသာတွေ့နေတာပေါ့ ဟုတ်လား၊ ဦးခင်မောင်လတ်သမီးကို ကြံစည်လိုက်ရင် ဒီဦးခင်မောင်လတ်လည်း ငါ့ကိုဆက်ပြီး တစ်သက်လုံး ထောက်ပံ့ပေတော့ဆိုတဲ့ အကြံလား”

“မေမေ ... မေမေရယ်၊ မပြောပါနဲ့ မေမေရယ်၊ ဒီလိုမပြောပါနဲ့၊ ဝန်က ဒီလိုလူစား မဟုတ်ပါဘူး မေမေရယ်”

ယမုန် လူးလှိမ့်ငိုကြွေးနေပုံလေးကို ကြည့်ရင်း သူ့မျက်ရည်တွေလည်း ပေါက်ပေါက်ကျခဲ့ရပါသည်။ မမျှော်လင့်တဲ့ စကားတွေကို ရုတ်တရက်ကြားနာရကာ Shock ဖြစ်သွားသလို အသက်ရှူရပ်မတတ် ရင်မှာဆို့နင့်နေခဲ့သည်။

“အန်တီရယ် ... ကျွန်တော် ယမုန့်ကို ပြည့်စုံအောင် ထားနိုင်မှ လက်ထပ်ယူမှာပါ၊ ယမုန့်အတွက် ကြိုးစားနေတာပါ၊ ကျွန်တော် ယမုန့်ကို အမှန်တကယ် မြတ်နိုးတာပါ၊ အန်တီ ထင်နေတာတွေ တစ်ခုမှ ‘မဟုတ်ရပါဘူး”

“ဘာမဟုတ်ရမှာလဲ၊ ဟုတ်တယ်၊ ဦးခင်မောင်လတ်မှာ ငါတစ်ယောက်လုံး ငုတ်တုတ်ရှိရက်နဲ့ နင်တို့သားအမိ ချမြှူးစားခဲ့တာလေ၊ ငွေကိုမနမြောဘူးဟဲ့၊ လုပ်ပုံကို အထင်





သေးတာ သိလား၊ ယမုန့်ကို ပြည့်စုံအောင် ထားနိုင်လည်း အထင်မကြီးပါဘူး၊ နင် ဒီအလုပ်အကိုင်နဲ့ စီးပွားရှာနိုင်တာ ငါ့ယောကျ်ားက ပညာဆက်သင်ပေးခဲ့လို့ ထောက်ပံ့ခဲ့လို့ မဟုတ်လား၊ ဒီကရတဲ့ အကျိုးစီးပွားနဲ့များ ယမုန့်ကိုယူဦးမယ်ပေါ့ ...

တယ်ဟုတ်ပါလား၊ မင်းဟာက ငါးကြင်းဆီနဲ့ ငါးကြင်းကြော် ဆိုသလို ဖြစ်နေပါလား၊ မင်းအရင်း တစ်ပြားမှ မပါဘဲနဲ့လေ၊ မင်းတို့သားအမိကို ထောက်ပံ့နေတုန်းက ငါ မသိခဲ့လို့မှတ်ပါ၊ သိများသိရင် အဲဒီကတည်းက မင်းဒီအိမ်ရိပ်ကို နင်းခွင့်မရဘူး၊ ယမုန့်ကို အိပ်မက်ထဲက တောင် မမျှော်လင့်နဲ့၊ သူ့ကိုလည်း ငါပြောပြီးပြီ၊ ကိုယ့်ဖအေဆီက ချူစားထားတဲ့ မိန်းမရဲ့သားနဲ့ ငါ့တစ်သက် သဘောမတူနိုင်ဘူးဆိုတာ၊ ရှက်တတ်ရင် ယမုန့်ကို ထပ်မမျှော်လင့်နဲ့၊ သိက္ခာရှိတယ်ဆိုရင် ဒီလောက်အပြောအဆို ခံရတာကိုနာပြီး နောင် ... ဘယ်သောအခါမှ မျက်နှာချင်း လာမဆိုင်နဲ့”

စကားလုံးတွေက အသည်းကို ဓားတုံးတုံးနှင့် ကြိတ်လှီးချနေသည်နှယ်။ သူ မျက်ရည်ပေါက်ပေါက်ကျကာ ခေါင်းငုံ့နားထောင်ခဲ့ပါသည်။

မေမေက ရပ်ကလေးလှသည်။ ရိုးအသည်။ ဦးခင်မောင်လတ် ပေးကမ်းသော အကူအညီအချို့ကို (ဘယ်လောက်မှန်း



www.burmeseclassic.com

www.burmeseclassic.com



သူ လုံးလုံးမသိပေမယ့်) မေမေ လက်ခံရယူခဲ့ဖူးတာကိုလည်း သိပါသည်။ ဖေဖေ့ရဲ့အချစ်ဆုံးသူငယ်ချင်းရဲ့ စောင့်ရှောက်မှုအဖြစ် အစ်ကိုကြီးတစ်ယောက်က နှမငယ်ကို ကြည့်ရှုပုံမျိုးကဲ့သို့ မေမေ သဘောထားခဲ့မှာ သေချာပါသည်။

ငြင်းရကောင်းစေရဲ့ဆိုတဲ့ မာန်မာနလည်းမရှိ။ ငြင်းနိုင်အားလည်း မရှိအောင် မေမေ့မှာ ဘဝရပ်တည်ရေး ခက်ခဲခဲ့ပုံရပါသည်။ အန်ကယ်လ်ဦးခင်မောင်လတ်ထံမှာလည်း ဝန်ဇင်းတို့သားအမိကို ကူညီစောင့်ရှောက်နေပေမယ့် မရိုးမသား အရိပ်အယောင်ဆိုတာမျိုး လုံးဝကိုမမြင်မတွေ့ခဲ့ရတာပါ။ နဂိုစိတ်ရင်းကိုက ကောင်းတာပါ။

"အန်တီ ... ကျွန်တော့်ကို ကြည့်ရှုစောင့်ရှောက်ခဲ့တဲ့ အန်ကယ်လ်ရဲ့ စိတ်ရင်းစေတနာကို ကျွန်တော် ခုထိယုံကြည်ပါတယ်၊ ဘယ်တော့မှလဲ ကျေးဇူးမမေ့ပါဘူး၊ ဒါပေမဲ့ ဒီငွေတွေ ကျွန်တော် အခု အားလုံးပြန်ဆပ်ပါ့မယ်"

"အမယ်လေး ... လုပ်မနေပါနဲ့၊ ဘယ်သူကမှလဲ တွက်ချက်မှတ်သားထားတာ မဟုတ်ဘူး၊ လာပြန်မဆပ်နဲ့ မဆူဘူး၊ မင်းကိုသာ ယမုန်နဲ့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူးဆိုတာ သိစေချင်တာ၊ နောက်ကို ယမုန်နဲ့ မပတ်သက်နဲ့ ဒါပဲ၊ ယမုန်နဲ့လည်း ငါသဘောတူတဲ့သူ ရှိတယ်၊ မင်းထိဆုကြီး တစ်နှစ်ဆက်တိုက် လတိုင်းပေါက်လည်း သူ့စည်းစိမ်ချမ်းသာကို မမီဘူး၊ သူ ယမုန်ကို ထားနိုင်သလောက်





ဘယ်တော့မှ ထားနိုင်မှာ မဟုတ်ဘူး၊ ကုန်ကုန်ပြောမယ်၊ ငါတို့မိသားစု ရှိတယ်လည်း မမှတ်နဲ့၊ မင်းရှိတယ်လည်း ငါတို့မမှတ်ဘူး"

ဝန်ဇင်းသည် သုံးလေးငါးရက် နလန်မထူနိုင်အောင် ဖြစ်ခဲ့ပါသည်။ အစာမျိုချလို့ မဝင်။ အိပ်လို့မရ။ အဘိုးပင် ရိပ်မိခဲ့ပါသည်။ ကိုယ့်ဘက်က ဆက်သွယ်လို့ရသည်ဖြစ်၍ ယမုန့်အဆက်အသွယ်ကိုသာ စောင့်မျှော်နေခဲ့ရင်း တစ်လလောက်ကြာတဲ့အခါမှာတော့ ယမုန့်ထံက ဖုန်းလာခဲ့ပါသည်။

"ဝန်ဇင်း ... ငါတို့ လမ်းခွဲလိုက်ကြစို့နော်"

"ယမုန် ... နင် ငါ့ကို ဘယ်လိုသဘောထားလိုက်လို့လဲ၊ နင့်အမေ ပြောတဲ့ စကားတွေ နင်ပါ သံသယဖြစ်နေပြီလား"

"နင်တို့သားအမိကို ငါ ဘယ်လိုမှ သဘောမထားပါဘူး၊ ဒါပေမဲ့ ဖေဖေ့ကို ယုံရမလား၊ မယုံရမလား၊ ငါမသိဘူး"

"အန်ကယ်လ်က ငါတို့အပေါ် စေတနာဖြူစင်ခဲ့ပါတယ် ယမုန်ရယ်၊ ငါက မေမေ့သားပါ၊ မေမေနဲ့ အန်ကယ်လ် ခြေလှမ်းမှားရင် မရိပ်မိဘဲ နေမလား၊ ရှင်းပြရတာကိုတောင် ငါ့ရင်တွေ နာလှပြီ၊ လူတစ်ယောက်တိုင်းမှာ သူ့သိက္ခာနဲ့ သူ ရှိပါသေးတယ် ယမုန်၊ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ချိုးချိုးဖဲ့ဖဲ့ မပြောသင့်ပါဘူးဟာ၊ နင့်အမေ စွပ်စွဲတာက ရက်စက်ပြင်းထန်လွန်းတယ်။ မဟုတ်ဘဲနဲ့တောင် ငါ



www.burmeseclassic.com

www.burmeseclassic.com



လဲသေချင်အောင် ရှက်တယ်၊ ငါ့အသည်းတွေ ဆုတ်ဖြဲ
ဖွဲ့ခံရသလို နာကျင်တယ်"

"ငါသိပါတယ်၊ နင် မေမေ့ကို နာကြည်းမယ်ဆိုတာလည်း ငါ နားလည်ပါတယ်၊ အကောင်းဆုံးကတော့ ငါတို့လမ်းခွဲလိုက်တာပဲ"

"နင်က လမ်းခွဲမယ်လို့ ဆုံးဖြတ်တယ်ပေါ့"

"ဟုတ်တယ် ဝန်ဇင်း"

"ကောင်းပြီ ယမုန်၊ လမ်းခွဲကြတာပေါ့၊ ဒါပေမဲ့ နင့်အ
ပိုက်ဆံတွေကို ငါ ပြန်ပေးဆပ်ချင်တယ်၊ ဒါကိုတော့ နင်
တို့လက်ခံသင့်တယ်"

"ဖေဖေက လတိုင်း တစ်လဘယ်လောက် ထောက်ခဲ့
မို့လို့လား၊ မုန့်ဖိုးလေးပေးလိုက် လိုတာလေးဖြည့်ဆည်း
လိုက် လုပ်ခဲ့မှာကို နင်က ဘယ်လိုတွက်ပြီး ဘယ်လော
ပြန်ဆပ်မှာလဲ ဝန်ဇင်း၊ အဲဒါတွေကို မေ့လိုက်ပါဟာ
မေမေက နင်နဲ့ငါ ပြတ်ပြီဆိုပြီး သူ့ဟာနဲ့သူ သွားအေ
ပြုပြီ၊ နင် ဒီငွေတွေ လာဆပ်လိုက်ခြင်းအားဖြင့် အသ
တွေဖြစ် သွေးတွေပြန်ဆူပြီး ဖေဖေနဲ့ပြဿနာက တ
ပြန်စ,လာပါဦးမယ် ...

အားလုံးပြီးလိုက်ချင်ပြီ ဝန်ဇင်း၊ နင်နဲ့ငါ ကံမပါ
လို့ပဲ သဘောထားလိုက်ပါဟာ၊ ငါ့ကိုလည်း မေ့လိုက်
ငါလည်း မေ့လိုက်မယ်"





ဝန်ဇင်းသည် ယမုန့်အမေကိုလည်း နာကြည်းသည်။ ယမုန့်ကိုလည်း နာကြည်းပါသည်။ သူ့မှာ(အဘိုးကလွှဲလျှင်)ချစ်ရမယ့်သူရယ်လို့ တစ်ယောက်မှ မရှိတဲ့ဘဝမို့ သူ့ကိုမေ့လိုက်မယ်လို့ပြောတဲ့ ချစ်ရသူကိုပါ နာကြည်းမိပါသည်။ လမ်းခွဲရတာတောင်မှ အစွပ်အစွဲ အပြောဆိုခံပြီး အောက်ကျနောက်ကျ လမ်းခွဲရတာ။ တွေးလိုက်တိုင်း နစ်နာလှသည်။

❦ ❖ ❦

သာကီက ကျောခိုင်းထားတဲ့ ဝန်ဇင်းရဲ့ကျောပြင်ကို ငေးစိုက်ကြည့်ရင်း ဝမ်းနည်းခြင်းနှင့် ရင်ထဲ လှုပ်ခတ်လှိုက်ဖိုလာသည်။ တစ်လုံးချင်း ပြောပြနေတဲ့ ဦးဝန်ဇင်း အသံက မသိမသာ တုန်ယင်နေပါသည်။ အဟောင်းတွေ အသစ်ဖြစ်ရခြင်းက သူ့ရင်ချင်ကို အသစ်တစ်ဖန် နာကျင်အောင် ကျိတ်ခြေနေပုံရပါသည်။

ဘာသာစုံ ခြောက်ဆယ်ကျော်ရင် ပြောပြရမယ်ဆိုပြီး အလောင်းအစားတစ်ခုလိုလုပ်ရင်း ပြောဖြစ်ခဲ့တာ ဖြစ်ပေမယ့် အားထောင်နေရင်းက သူဟာ ဘယ်တုန်း ဘယ်ကာလကတည်းကများ ဒီအဖြစ်အပျက်တွေကို တစ်စုံတစ်ယောက်ထံ ရင်ဖွင့်ချင်နေခဲ့ပါလိမ့်ဟု စိတ်မကောင်းခြင်းကြီးစွာ ရိုပ်စားမိရလောက်အောင် ဦးဝန်ဇင်းရဲ့စကားလုံးတွေက အသက်ပါနေခဲ့သည်။ ဒီနေ့အဖို့



www.burmeseclassic.com

www.burmeseclassic.com



တော့ စာသင်ချိန်အပြီးမှာ တစ်ဆက်တည်း စကားတွေပြောနေ ဖြစ်ကြတာ မှောင်ရီတောင် သမ်းခဲ့ပြီ။

ယောက်ျားတစ်ယောက် ဒီလောက်ဖြစ်နေတာဟာ ဟိုးရင်ထဲမှာ ဒီထက်ဆယ်ဆမက ရှိနေလို့။ ဦးဝန်ဇင်းလိုလူဟာ အပိုဆာဒါး သိုင်းဝိုင်းချဲ့ထွင်သူမှ မဟုတ်တာ။ သူ့ထက်အများ ကြီးငယ်တဲ့ မိန်းမငယ်တစ်ယောက်ထံမှာ ရင်ဖွင့်နေမိတာပါလား ဆိုတာကိုပင် မျက်နှာပူပို့ ရှိန်ဖို့ သူ မေ့သွားပုံရသည်။

ဦးဝန်ဇင်း နာကျင်ကြေကွဲနေတာကို နောက်ကနေ ရိပ်မိနေရင်း ကိုယ်ပါ တစ်ထပ်တည်းကျသော ခံစားချက်တွေနှင့် မောနင့်လာပါသည်။ သာကီ့ရင်ထဲပါ ကတုန်ကယင်ဖြစ်လာသည် လာဘ်မကောင်းလိုက်တာ။ ကိုယ်လိုပဲ အသည်းကွဲနေခဲ့သူတစ် ယောက်နှင့်မှ တိုက်ဆိုင်ဆုံစည်းလာရတယ်လို့။ ဦးဝန်ဇင်း ဒီလို ခံစားနေရတာမြင်တော့ သာကီ ငိုချင်လာပါသည်။ နောက်ကနေ ဦးဝန်ဇင်းရဲ့ကျောပြင်ကို ရင်ခွင်နှင့်အပ်ကာ သိုင်းဖက်ရင်း ... ကလေးမေ့မှိထားချင်တဲ့ ဆန္ဒမျိုး ရုတ်တရက် ဘာကြောင့်များ ဖြစ်ပေါ်ခဲ့ပါလိမ့်။

"ဦးဝန်ဇင်း"

"... ... ..."

"ဦးဝန်ဇင်း ဒါတွေပြောရတာ အရမ်းစိတ်ပင်ပန်းသွားပြီ လား၊ သာကီ တောင်းပန်ပါတယ်၊ သာကီ စပ်စုမိတယ်"





ဝန်ဇင်းက ကျောခိုင်းထားရာမှ သာကီ့ဘက်လှည့် လိုက်ပါသည်။ မျက်နှာကို ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျပဲ အပြုံးရိပ် ဆင်ထားကာ ...

"ညည်းစကားနဲ့ ပြောရရင်တော့ စိတ်ဖိစီးတယ်ပေါ့"

"သာကီ တောင်းပန်ပါတယ်"

"မလိုပါဘူး၊ ရပါတယ်၊ ဒီအကြောင်းတွေကို မင်းကို ကိုယ်ပြောပြရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ လောကကြီး မှာ အထီးကျန်နေတာ ငါတစ်ယောက်တည်း၊ အသည်းကွဲ နေရတာ ငါတစ်ယောက်တည်း၊ မပျော်ရွှင်ရတာ ငါတစ် ယောက်တည်း၊ နာကျင်နေတာ ငါတစ်ယောက်တည်းဆို ပြီး စိတ်ဒုက္ခတွေ ဖိစီးနေတာမျိုး မင်းကို မဖြစ်စေချင်လို့...

အသည်းကွဲဇာတ်လမ်းလေးတစ်ပုဒ် ဆိုတာတော့ လူတိုင်းမှာ ရှိတတ်ကြတာချည်းပဲဆိုတာ မင်းကို ပြောချင် တာ၊ ဒါဟာ အချိန်တန်တော့လည်း ဘာမှမဟုတ်ဘူးဆိုတာ မင်းကို သိစေချင်တာ၊ နာကျင်မှုက နာကျင်မှုသတ်သတ်၊ ကိုယ့်ရည်ရွယ်ချက်က ရည်ရွယ်ချက်သတ်သတ် တစ်ကဏ္ဍ စီ ခွဲထားနိုင်ရမယ်ဆိုတာ ပြောပြချင်တာ"

"အချိန်တန်တော့ ဘာမှမဟုတ်ပါဘူးဆိုတာ ဦးဝန်ဇင်း အတွက် သေချာလား"

"သေချာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှလဲ မဟုတ်တော့ဘဲနဲ့ ဘာဖြစ်လို့ လေးနှစ်ကြာတဲ့ အထိ ပန်းစည်းကြီး အမှတ်တရ ပို့ပေးချင်နေသေးရတာ လဲ”

“မင်းကလည်း၊ တစ်ခါ မတော်တဆ မြင်ပြီးတာနဲ့ ဒီ အကြောင်းအရာကိုပဲ ပြန်ရစ်လို့ မဆုံးတော့ဘူး၊ ကျွတ်”

“ဟုတ်တယ်လေ၊ သာကီက ဘာမှမဟုတ်တော့ဘူးဆိုတာ မမှန်ပါဘူးလို့ စောဒကတက်ချင်တာ၊ အရမ်းချစ်ခဲ့ရတာ ပဲဟာ၊ ခုချိန်ထိမှ ခံစားလို့ မပြီးနိုင်သေးတာ၊ လောကကြီး မှာ အမေကြီးတွေက ဘာဖြစ်လို့ ဆိုးနေတာလဲဟင် _ ဦးဝန်ဇင်း”

ဝန်ဇင်းက ရယ်မောမိကာ ...

“အမေတိုင်းက ဒီလိုချည်းပဲတော့ ဘယ်ဟုတ်ပါ့မလဲ”

“မိုးဝေရဲ့အမေကကျတော့ သာကီကို တစ်သက်လုံး ဆယ် တန်းအောင်မှာ မဟုတ်တဲ့ မိန်းမတဲ့၊ စိတ်က လေလွင့်နေ တာတဲ့၊ သူ့သားက ကြိုက်တာကို ဖျတ်ခနဲချက်ချင်းပြတ် ကြိုက်လို့တဲ့၊ အရမ်းလွယ်တဲ့ မိန်းမတဲ့၊ အဖေကလည်း နောက်အိမ်ထောင်နဲ့၊ အမေကလည်း နောက်အိမ်ထောင် အိမ်ထောင်ရေး အရှုပ်အရှင်းကိစ္စတွေနဲ့ မိသားစုတဲ့၊ အလွယ် စား အပေါစားပေါ့ ဦးဝန်ဇင်းရယ် ...

ဒက်ဒီတို့ မာမီတို့ သူတို့ဟာသူတို့ နောက်မိန်း နောက်ယောက်ျားယူကြတာ သာကီနဲ့ ဘာဆိုင်လို့





ဦးဝန်ဇင်းရယ်၊ သူတို့အဆွေအမျိုးတွေကတော့ တစ်လင် တစ်မယားစနစ်နဲ့ အိမ်ထောင်ရေး သာယာခိုင်မြဲကြတယ် ပေါ့၊ ဟွန်း ... သူတို့အိမ်ထောင်ရေးက ခိုင်ရင်တော့ခိုင် မြဲမယ်၊ သာယာ မသာယာတော့ မိုးဝေ အဖေကို သွား မေးရမှာ၊ သူ့အမေကြီးက နိုင်ထားတာ သူ့အဖေဟာပြား နေတာပဲတဲ့ ... ဟား ဟား ...

ရုံးမှာ ဝင်ထွက် အလုပ်ခွင်ကိုလိုက်ချဲ၊ တကယ်တမ်း ဂရိတ်သူဌေးကြီးအနေနဲ့ အလုပ်တွေ ကုန်းရုန်းတိုးချဲ့လုပ် ကိုင်နေရတာက သူ့အဖေ၊ နာမည်ထွက်တော့ သူဌေးမ ကြီး ဒေါ်ဝင့် နာမည်ပဲ ထွက်တာလေ၊ သူ့အဖေခမျာ အမြဲစိတ်ဖိစီးနေရလို့ မျက်ခုံးကြီးက အမြဲရှုံ့ပြီး နဖူးမှာ ကန့်လန့်တွေရော ဒေါင်လိုက်တွေရော အရစ်တွေ အရစ် တွေချည်းပဲ၊ သူတို့အိမ်ထောင်ရေး ခိုင်မြဲနေပေမယ့် သာယာ တဲ့ပုံတော့ မပေါ်ပါဘူးနော်”

“နေပါဦး”

ဝန်ဇင်းက ကုလားထိုင်နောက်မှီမှာ လက်ထောက် သိုက်ရင်း ...

“ကောင်လေးအမေက မင်းကို စိတ်လေတယ် ဘာညာနဲ့ တစ်သက်လုံး ဆယ်တန်းအောင်မှာ မဟုတ်ဘူးဆိုတဲ့အထိ နှိမ်နှိမ်ချချ ပြောတာတောင်မှ မင်းဆီမှာ ဆယ်တန်းအောင် ချင်စိတ် ရှိမလာဘူးလား၊ မခံချင်စိတ် မဖြစ်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဟင်း ... ဒါတော့ မင်း အတော်ညံ့တယ်၊ မင်းမှာမျ
မရှိတာပဲ"

"မာနရှိပါတယ်"

"မရှိလို့ပေါ့"

"ဦးဝန်ဇင်း"

"အင်း"

"စာမေးပွဲကို သာကီ ဘာဖြစ်လို့ မအောင်အောင် ဖြေနေလဲ
သိလား၊ တစ်နေ့နေ့ကျတော့ ဦးဝန်ဇင်းကို ပြောပြမယ်လို့
ပြောခဲ့တယ်လေ"

"အင်းလေ၊ ပြောပါဦး"

"အဲဒီမိန်းမကြီးက ပြောတယ် ဦးဝန်ဇင်းရဲ့၊ ဆယ်တန်း
အောင်ရင် သူ့သားနဲ့ ပေးစားမယ်တဲ့လေ ... ဟာယ"

သာကီ့မျက်နှာလေးဟာ သရော်ကမော်နှင့် ခပ်မဲ့မဲ့
ပျက်တီးပျက်ချော်။

ဝန်ဇင်းက သာကီ့ကို နားမလည်နိုင်သလို စိုက်ကြည့်
နေမိသည်။

"ဆယ်တန်းတောင် အောင်အောင်မဖြေနိုင်တဲ့ မိန်းမဆို
ဘယ်အောင်မလဲတဲ့၊ စိတ်ကလေလွင့်နေတာတဲ့၊ ဆယ်တန်း
သာအောင်ရင် မိုးဝေနဲ့တောင် ပေးစားလိုက်ဦးမှာတဲ့ ...





အဟား၊ အဲဒါကြောင့် သာကီက မိုးဝေကို ပြောလိုက်တယ်
လေ၊ အောင်ရင် နင်နဲ့ပေးစားမယ်ဆိုလို့ ငါဆယ်တန်း
အောင်အောင် မဖြေတော့ဘူးလို့"

ဝန်ဇင်းက ခေါင်းကို ခါးခါးသီးသီး သဘောမတူစွာ
ရမ်းပစ်လိုက်ရင်း ...

"အဲဒါ မင်း အကြိမ်ကြိမ် အထပ်ထပ် ရှုံးတာပေါ့၊ မင်း
မှားနေပြီ သာကီ၊ မင်းက မအောင်အောင် ဖြေနေတယ်
ဆိုတော့ မိုးဝေကို မယူချင်ဘူးဆိုတဲ့ သဘောလား"

"ဟုတ်တယ်၊ အဘွားကြီးက ပေးစားမယ်ဆိုရင် ပိုမယူချင်
ဘူး"

"မင်းက မိုးဝေကို မယူချင်တာနဲ့ပဲ တမင်စာမေးပွဲကိုကျ
အောင် လုပ်နေတယ်ဆိုတော့ ဒီအဘွားကြီးစကားနဲ့ညီ
အောင် ကိုယ့်ဘဝနဲ့ရင်းပြီး လိုက်နာနေရာကျတာပေါ့၊
မင်း တကယ်လုပ်ရမှာက စာမေးပွဲကို အောင်အောင်ဖြေ၊
ပြီးရင် အဘွားကြီးကိုပြော၊ စာမေးပွဲအောင်တယ်၊ ဒါပေမဲ့
အန်တီ ပေးစားမယ့် အန်တီ့သားကို မယူနိုင်ဘူးလို့၊ အဲဒါ
မှ မင်းဘက်က နိုင်တာပေါ့၊ ခုဟာကြီးက နှစ်ထပ်ကွမ်း
ရှုံးနေတာပဲ ... ကျွတ်၊ မင်း အတော်ညံ့တာပဲ"

ဝန်ဇင်း စကားကြောင့် သာကီက တွေတွေဝေဝေ
လေး ငြိမ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါဆိုရင် အရှုံးထဲက အမြတ်ထွက်အောင် လုပ်ခဲ့တယ်၊ လူဆိုတာ အရှုံးထဲကနေ ရနိုင်သလောက် အမြတ်ရအောင် ကြိုးစားရတယ် သာကီ၊ ဒါမှ ကိုယ့်ဘဝမှာ အကျိုးရှိနိုင်တော့မှာပေါ့၊ ရလာတဲ့အရှုံးကို လည်စင်းပြီး ခံယူနေရင် အဲဒီမြောင်းထဲကနေ ဘယ်တော့တက်ရမှာလဲ"

"ဦးဝန်ဇင်း ... မယမုန်တို့ အမေကို ပိုက်ဆံဆပ်ပြန်လား"

"သူတို့မှ မယူတာ၊ လက်မခံတာ၊ အဲဒါကြောင့် ကိုယ့်အစီအစဉ်နဲ့ကိုယ် သူတို့အကြွေးကျေအောင်၊ ကိုယ့်စိတ်ငြ သိမ့်နိုင်အောင် လုပ်တယ်၊ ကိုယ်တို့ဘော်ဒါကျောင်းမှာ ငွေရေးကြေးရေး အခက်အခဲ အကျပ်အတည်းရှိလို့ မတတ်နိုင်ပေမယ့် ပညာကြိုးစားတဲ့ ကျောင်းသူ ကျောင်းသား ဆယ်ယောက်လောက်ကို နှစ်တိုင်း ပညာဒါနပြုထားတယ်_

အဲဒီထဲမှာ သူတို့အမျိုးပါတာ နှစ်ယောက်ရှိပြီ၊ မနှစ်ကတစ်ယောက်၊ ဒီနှစ်တစ်ယောက်၊ ဒီကလေးတွေကိုလည်း ဒေါ်ခင်စိုးအေး အမျိုးမို့လို့ ပညာဒါနပြုတာလို့ ပြောထားတယ်၊ မနှစ်ကတစ်ယောက်ကတော့ သူ့ဟာသူ လာအပ်တာပါ၊ ယမုန်တို့အမျိုးမှန်း အရင်ကတည်းက သိထားလို့ ကျောင်းလခ လုံးဝမယူဘဲ မနှစ်က ဘော်ဒါမှာ တစ်နှစ်လုံး အလကားထားလိုက်တယ်၊ သူတို့ကလည်း ယမုန်တို့





အမျိုးပေမယ့် သာမန်လူတန်းစားတွေပဲဆိုတော့ ဒီလို အလကားထားပြီး ပညာဒါန ပြုတာကို ဝမ်းသာကြတယ်...

သူတို့ဆီကနေတစ်ဆင့် သတင်းကြားလို့ ထင်တယ်၊ ဒီနှစ်ကလေးကတော့ ဒေါ်ခင်စိုးအေးတို့နဲ့ အမျိုးပါဆိုပြီး ကျောင်းလာအပ်တာ၊ စုံစမ်းကြည့်တော့ ဟုတ်တယ်၊ အမျိုးတော်တယ်၊ အဲဒါကြောင့် သူ့ကိုလည်း ကျောင်းစရိတ်ကင်းလွတ်ခွင့် ပေးထားတယ်"

သာကီ့မျက်နှာက အပြုံးကလေးနှင့် ဝင်းပနေလေသည်။

"မိုက်တယ်၊ ဦးဝန်ဇင်း လုပ်ပုံလေးက လှတယ်၊ အဲဒါကို သူတို့ရော သိကြရဲ့လားဟင်၊ အဓိက အဲဒီအဘွားကြီး"

"သိပုံရတယ်"

"ဦးဝန်ဇင်းနဲ့ လမ်းခွဲကြတဲ့နှစ်ပဲ ဖြစ်မှာ၊ လွန်ခဲ့တဲ့လေးနှစ်ဆိုတော့လေ၊ အဲဒီနှစ်မှာပဲ မယမုန်တို့ စီးပွားနည်းနည်းကျသွားတယ်"

"ဟုတ်လား ... ဘာဖြစ်လို့လဲ"

"အန်ကယ်လ် ထောင်ခဏကျတယ်၊ အချုပ်ခံရတယ်ပေါ့၊ စီးပွားရေးကိစ္စနဲ့ ငွေရေးကြေးရေး နားလည်မှုတွေလွဲမှားပြီး မှားပြီး အချုပ်ခံရတာမျိုးပါ၊ အန်ကယ်လ်လွတ်ဖို့

www.burmeseclassic.com



အဘိုးတောင် သူ့တပည့်တွေကို တောင်းဆိုပြီး ဝိုင်းကူညီပေးခဲ့ရသေးတယ်၊ အဲဒီနောက်ပိုင်းကျမှ သာကီနဲ့ပါ မယမုန်တို့ ခင်သွားတာ ...

သာကီ့ ပထမခွေကို ကိုရော်နယ်လ်တို့က ပိုက်ဆံမယူဘဲ အသံဖမ်းပေးခဲ့တာလေ၊ အဲဒီနောက်ပိုင်းမှာ မယမုန်တို့ နည်းနည်းစီးပွားကျတယ်၊ အန်ကယ့်လ်ကိစ္စနဲ့လည်း တော်တော်ငွေကုန်လူပန်း ဖြစ်သွားလို့လေ၊ အန်တီလည်း နည်းနည်းတော့ မာန်ကျသွားပုံပါပဲ၊ မယမုန်ကိုတော့ အရမ်းချမ်းသာတဲ့ လူတစ်ယောက်နဲ့ စပ်ထားတာပဲ ဦးဝန်ခင်းရဲ့"

"ဆော့ဖ်ကားစီးတဲ့ တစ်ယောက်လား"

"ဟင် ! ဦးဝန်ခင်း သိတယ်ပေါ့"

"နှစ်ခါ သုံးခါ တွေ့ဖူးလို့ပါ"

သာကီက ဦးဂန်ခင်းကို အကဲခတ်ရင်း ...

"မယမုန်က သိပ်စိတ်အားထက်သန်ချင်ပုံ မရပါဘူး"

"သူ စိတ်အား ထက်သန်သန် မသန်သန်၊ မထူးပါဘူး သာကီရဲ့"

သာကီက ဝန်ခင်းရဲ့မျက်လုံးများထဲ အဖြေရှာသည့် စေ့စေ့စပ်စပ် ကြည့်နေရင်း ...

"ဒါဖြင့် ... ဟိုနေ့က ..."





"ကိုယ့်စိတ်ကိုယ် ဖြေသိမ့်တာပေါ့၊ မမေ့နိုင်သေးခင်တော့ ဒီလိုကိစ္စမျိုး ရှိနေဦးမှာပေါ့၊ မင်းလည်း နားလည်ပါတယ်"

ဝန်ခင်းနှင့် သာကီ တစ်ယောက်ကို တစ်ယောက် အမှတ်မထင်ပင် ကရုဏာကြည့်နှင့် အပြန်အလှန် ကြည့်မိကြသည်။

❣ ❖ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၉

ထိုနေ့က ဦးဝန်ဇင်း ပေါ်မလာတဲ့အခါ သာကီတစ်ယောက် စာသင်ခန်းထဲမှာ စောင့်ရင်း စောင့်ရင်း နေမထိ ထိုင်မသာဖြစ်လာကာ ဦးဝန်ဇင်းရဲ့ရုံးခန်းကို ဖုန်းလှမ်းခေါ်လိုက်ပါသည်။

"ဆရာကြီး အပြင်ခဏ သွားပါတယ် ခင်ဗျာ၊ ဘယ်သူပါလဲ၊ ကိစ္စရှိရင် မှာခဲ့ပါ၊ ပြန်ပြောပေးပါ့မယ်"

"ကျွန်မ သာကီခင်လေးပါ၊ ဦးဝန်ဇင်း Guide လုပ်ပေးနေတဲ့ ကျောင်းသူပါ၊ ဦးဝန်ဇင်း အချိန်မပျက်စဖူး ပျက်လို့ပါ၊ အဲဒါကြောင့် ဆက်မေးကြည့်တာ"

"သြော် ... ကျွန်တော် ပြန်ပြောပြပေးပါ့မယ် ခင်ဗျာ"

သာကီက ဖုန်းကိုချပြီး မတင်မကျ ဖြစ်နေမိပါသည်။ ဦးဝန်ဇင်းက သူပျက်ကွက်မည်ဆိုလျှင် ဘာပဲဖြစ်ဖြစ် အကြောင်းကြားမည့်သူပါ။ ဆယ့်မိနစ်လောက် နောက်ကျမှာကို





တောင် ဖုန်းဆက်ပြောထားတတ်တဲ့သူပဲ။ မဆက်တာဟာ တမင်မဆက်တာလို့ ထင်နေမိသည်။ တမင်မဆက်တာဆိုရင် ဘာကြောင့်ဖြစ်နိုင်လဲ။

မနေ့က ပြောကြဆိုကြတဲ့ စကားထဲမှာ ဦးဝန်ဇင်းစိတ်ကို ထိခိုက်နောင့်ယှက်တဲ့စကားမျိုး သာကီ ပြောမိသလား။ မပြောမိဘူးတော့ ထင်တာပင်။ သာကီဟာ သိချင်တာကို စပ်စပ်စုစု မေးမိတာပဲ ရှိပါသည်။ အမှတ်ခြောက်ဆယ်ကျော်တာကို အခွင့်ကောင်းယူပြီးတော့လေ။ သူစိမ်းတစ်ယောက်ရဲ့ အတိတ်က နှလုံးသားရေးရာကို တူးဆွမိတယ်ဆိုတာ လွန်လွန်းရာများကျသွားလား။

ဒါပေမဲ့ ဦးဝန်ဇင်း မဖြေချင်ရင် တစ်ချက်ပိတ်ဟောက်လိုက်ရုံနှင့် ပြီးသွားမှာပဲလေ၊ အခုက ဦးဝန်ဇင်း ကိုယ်တိုင်က လိုလိုလားလား တမ်းတမ်းတတ တသသနဲ့ ပြောပြသွားတာမျိုးပါ။ ခုလို ပြန်ပြောင်းပြောပြ ရင်ဖွင့်ရတဲ့ အရသာဟာ ကာယကံရှင်ကို ဝမ်းနည်းဝမ်းသာနှင့် ပေါ့ပါးချောင်ချိ လွတ်လပ်မှုတစ်မျိုး ဖြစ်စေတာလေ။ ပြောပြစရာလူ မရှိရင်တောင် တမျို့မျို့တနင်နင်နှင့် လေးနင့်မွန်းကျပ်နေရမှာ။

ဦးဝန်ဇင်းဟာ သူ့ရဲ့ကျိတ်မြိုနေတဲ့ အနာဒဏ်ရာတစ်ခုကို ဖောက်ချလိုက်သလိုမျိုး နာကျင်ပေမယ့် လိုလိုလားလားပြောပြ ရင်ဖွင့်သွားတာ သာကီ သိသားပဲ။ ပြီးတော့ မနေ့ညနေက သာကီတို့နှစ်ယောက်သား စကားမပြောနိုင်ဘဲ တစ်ခဏတိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ရွာ ထိုင်နေမိကြသေးတယ်လေ။ တစ်ယောက်ကိုတစ်ယောက် လည်း ကိုယ်ချင်းစာတဲ့စိတ်နှင့် ကြင်နာသနားနေမိခဲ့ကြတာ။

ဦးဝန်ဇင်းပင်လျှင် သာကီ့ကို စကားပြောဆိုတဲ့လေသံတို့က တစ်မူထူးခြားပြီး နူးညံ့ပျော့ပျောင်း သိမ်မွေ့နေခဲ့တာ။ အဲဒီညနေ တစ်ခဏလေးကို သာကီ မက်မောယစ်မူး ကျန်ရစ်ခဲ့ရတာ။ မရှက်တမ်း ဝန်ခံပြောရမယ်ဆိုရင် သာကီ့ရင်ထဲ ဖြစ်နေတဲ့ဆန္ဒဟာ မျက်စိတစ်ဆုံး ရေပြင်ဖြစ်နေတဲ့ ကမ်းခြေတစ်ခုရဲ့ ဆည်းဆာတိမ်တောက်ချိန်မှာ မိုးကုပ်စက်ဝိုင်းစွန်းထဲ နစ်ဝင်နိမ့်ကျသွားတော့မယ့် နေဝန်းနီနီကြီးကို ဦးဝန်ဇင်းနဲ့ နှစ်ယောက်သား စကားမပြောဘဲ လက်တွဲရပ်ရင်း ဆွေးတနင့်နင့် ငေးကြည့်နေလိုက်ချင်တဲ့စိတ်ပါ။

ဘယ်လောက် သာယာကြည်နူးစရာ ကောင်းလိုက်မလဲလို့ ထင်မိသည်။ ဦးဝန်ဇင်း ရင်ထဲတော့ ဘယ်လိုဖြစ်နေမယ် မပြောတတ်ဘူးပေါ့။ ဘာပဲဖြစ်ဖြစ် "မနေ့ညနေခင်း" ကာလလေးမှာတော့ ဦးဝန်ဇင်းကို စိတ်အနှောင့်အယှက် ဖြစ်စရာတွေ သာကီ မလုပ်လိုက်မိတာ သေချာပါတယ်။ ဦးဝန်ဇင်း စိတ်ဆိုး စိတ်ခုသွားစရာ ဘာမှမရှိနိုင်ပါဘူး။

"အဘိုး"

သာကီက အဘိုးထံ သွားလိုက်ပါသည်။

"ငါ့မြေး ... ဒီနေ့ ဆရာ မရှိဘူးလား"

"မလာလို့ အဘိုး"





"ဟုတ်လား၊ နေမျှားမကောင်းလို့များလား၊ ပျက်လေ့မှ မရှိတာ"

"နေမကောင်း ဖြစ်နေလားတော့ မသိဘူး၊ ကျောင်းရုံးခန်းဖုန်းကို ဆက်ကြည့်တော့လည်း သူ့စာရေးက ဘာမှမပြောဘူး၊ အပြင်ခဏသွားတယ်တဲ့"

"ဒါဖြင့် တစ်ခုခု အလုပ်များ အလုပ်ရှုပ်နေတယ်နဲ့ တူပါရဲ့"

"ဒါဆိုရင်လည်း သူ ဖုန်းတော့ဆက်မှာပေါ့ အဘိုးရဲ့"

"ငါ့မြေးက ဘာလုပ်ချင်လို့လဲ"

"ဦးဝန်ဇင်း ဟဲန်းဒ်ဖုန်းနံပါတ် အဘိုး သိလား"

"မသိဘူး ငါ့မြေးရဲ့၊ သူပေးထားတဲ့ သူ့ရဲ့အဒရက်စ်ကတ်မှာကိုက အော့ဖစ်စ်ဖုန်းပဲ ပါတယ်"

"ဒါဖြင့် အဘိုးဦးမင်းစိန်တော့ သိမယ်ထင်တယ်"

"သူက သူ့ဟဲန်းဒ်ဖုန်းနံပါတ်ကို သိပ်ပေးလေ့မရှိဘူးတဲ့၊ သိနေရင် ကျောင်းအပ်ချင်တာတွေ ကွန်ပလိန်းတွေ ဖုန်းတွေ တဒီးဒီး လာနေမှာပေါ့၊ သူလည်း သူ့လွတ်လပ်ချိန် အားလပ်ချိန်လေးနဲ့ ပရိုက်ဗိတ်စီလေး ရှိချင်သေးမှာပေါ့ ငါ့မြေးရဲ့"

"ဒါပေမဲ့ သာကီ ဆက်ချင်တာ"

"ဦးမင်းစိန်လည်း မေးလို့မကောင်းပါဘူး သမီးလေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကလည်း"

"သူ ပျက်ကွက်တာပဲ ငါ့မြေးရယ်၊ သူ အကျိုးအကြောင်း ဆက်လာမှာပါ၊ နည်းနည်းစောင့်ကြည့်လိုက်ပေါ့"

"သာကီက အဲလိုမျိုး စိတ်ရှည်တတ်တဲ့သူမှ မဟုတ်ဘဲနဲ့ အဘိုးကလည်း၊ သာကီပဲ ဆက်လိုက်ချင်တာ"

"ဩော် ... သမီးတော် ဒီနေ့ အနားယူလို့ ရသွားသေး တယ်လေကွယ်"

"အနားမယူချင်ပါဘူး၊ နားမှ မနားချင်တာ"

အဘိုးက ခေါင်းမာပေကတ်နေတဲ့ သာကီ့ကို ဘာ မပြောတော့ဘဲ သည်းခံပြုံးနှင့်သာ သူ ဖတ်လက်စဂျာနယ် ဆ ဖတ်နေပြီ။ သာကီက ဦးဝန်ဇင်း ဆုံးမထားတဲ့ စကားတစ်ခွ ကို သတိရကာ အဘိုးကို ပြဿနာဆက်မရှာချင်တော့ပါ။ ကို ရဲ့တစ်ဦးတည်းသော အဘိုးကို စိတ်ချမ်းသာအောင် ထားရမ ဆိုတဲ့ ဆုံးမစကားလေ။ သာကီ့အတွက် အဘိုးရယ်လို့ ဖြစ်တ ရှိနေပေးတာကိုက ဆပ်မကုန်နိုင်တဲ့ ကျေးဇူးတဲ့။ ဒီအဘိုး သာကီ့ကို ဘာမှအကျိုးမပြုနဲ့ဦး ရှိနေတာကိုက ကြီးစွာသေ အကျိုးတဲ့။

အဘိုးကို တစ်ခုခု ဂျစ်ကန်ကန်လုပ်မည်။ ဂျိုတိ မည် စိတ်ကူးတိုင်း ဦးဝန်ဇင်း စကားကို သတိရပြီး တွေးလို လျှင် အဘိုးကို ရစ်ရမှာ ဝန်လေးသွားပါသည်။ သနားသွာ သည်။ ဒီအဘိုး မရှိတော့မှာကိုလည်း ကြောက်သွားပါသ





ဒါကြောင့် ဆက်ဂျိမတိုက်ဖြစ်တော့ဘဲ စိတ်လျှော့လိုက်တာ အကျင့် တောင်ရနေပါပြီ။

ခုလည်း သာကီက အသာတကြည် လှည့်ထွက်လာ ပါသည်။ ကျောင်းကိုပဲ နောက်တစ်ကြိမ် ထပ်ဆက်ပြီး ခုနက ဘာရေးကိုပဲ ဦးဝန်ဇင်း ဟဲန်းဒ်ဖုန်းနံပါတ် တောင်းကြည့်တော့ ...

"ကျွန်တော်တို့ ဆရာကြီး ဟဲန်းဖုန်းနံပါတ်ကို ပေးခွင့် မရှိပါဘူး ခင်ဗျာ"

သာကီက ဖုန်းကို စိတ်တိုတိုနှင့် ဆောင့်ချပစ်မိ သည်။ သေလိုက်ပေါ့။ ပေးခွင့်မရှိရင် သေလိုက်။ သာကီသည် အခန်းထဲ လက်နောက်ပစ်ကာ ဟိုလျှောက် ဒီလျှောက်လုပ်ရင်း ခရီးမရှနှင့် ရင်ထဲ တစ်မျိုးကြီး ဖြစ်နေသည်။ တွေ့ချင်ပါသည် ဆိုနေမှ။ ဘာများဖြစ်နေသလဲ သိချင်ပါသည် ဆိုနေမှ။

ဟဲန်းဒ်ဖုန်းနံပါတ် ပေးမထားဘူး ဆိုတာက သိပ် ပြီး ကြီးကျယ်လွန်းတယ်။ ကျောင်းသားမိဘတွေရဲ့ ကွန်ပလိန့်တွေ နဲ့ နားမပူချင်လို့ ဆိုပေမယ့်လည်း သာကီ့ကိုတော့ ပေးသင့်တာ ပေါ့။ သူ့ကို အဲလိုပြောရင် ခပ်တည်တည်ရုပ်နဲ့ "မင်းကပိုဆိုး သေးတယ်"လို့ ပိတ်ပြောပစ်မှာများ ကြားယောင်ပါသေးရဲ့။

ထိုနေ့တစ်နေ့လုံး ပေါ်မလာသော ဦးဝန်ဇင်းကြောင့် သာကီ အသက်ရှူတောင် မဝသလို အလူးအလိမ့် ဖြစ်နေပါသည်။

❣ ❖ ❣



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် အအံ့သြဆုံးကတော့ နှစ်ပေါင်းများစွာရှိပြီး ကြာသပတေးနေ့တိုင်း မပျက်မကွက် တစ်ရက်မှမသွားဘဲ ကျော်မသွားခဲ့တဲ့ ဘုရားကို ဒီနေ့ မသွားဖြစ်ခြင်းပါ။

မျက်စိနှစ်လုံးက အကျင့်သားရပြီး နိုးနေပေမယ့် နိုးနိုးချင်း သတိရတာက ဘုရားမှာ မိုးဝေကို သွားတွေ့ဖို့မဟုတ်ဘဲ ဦးဝန်ဇင်း ဒီနေ့ရော လာပါ့မလားဆိုတဲ့ အတွေးဖြစ်သည်။ ဦးဝန်ဇင်း မျက်နှာကို မြင်ယောင်ကာ ဘာကြောင့် မလာပါလိမ့်ဆိုတာကို တလှုးလှုး တလိမ့်လိမ့် စဉ်းစားရင်းကမှ မိုးဝေကိုမြင်ရဖို့ ဘုရားသွားရမှာပါလားလို့ သတိရသည်။

ချက်ချင်းပင် "မသွားဘူးကွာ၊ မမြင်ရလည်း ဘာဖြစ်သေးလဲ"လို့ ရဲရဲတောက် တွေးပစ်လိုက်ကာ ခါတိုင်းလို လူးလာထ၊ ရေချိုးခန်းဆီပြေး၊ မျက်နှာသစ်တာ မြန်မာဆန်ဆန်ဝတ်တစ်စုံ ရှာဖွေရွေးချယ်ဝတ်တာတွေ အတွက် ပြေးလွှားပျာယာခတ်မနေတော့ဘဲ သစ်တုံးလို ငြိမ်ပြီးတော့သာ မလှုပ်မယှက် နေမိသည်။

ဦးဝန်ဇင်း ... မိုးဝေ ... ဦးဝန်ဇင်း ... မိုးဝေ ... ဦးဝန်ဇင်း ... ဦးဝန်ဇင်း ... မိုးဝေ ... ဦးဝန်ဇင်း ... ဦးဝန်ဇင်း ... ဦးဝန်ဇင်း ...။





ဘာဖြစ်လို့ မလာတာလဲ ဦးဝန်ဇင်းရဲ့။ အကျိုးအကြောင်းတောင် မပြောဘဲနဲ့လေ။ အကြောင်းလှမ်းကြားလောက်တဲ့ အရေးပါမှုမျိုး မရှိပါဘူးလို့ သတ်မှတ်ထားတာလား။ သာကီက လုံးလုံးမသိပေမယ့် ဟိုတစ်နေ့က စိတ်ကွက်စရာ တစ်ခုခုများ ဖြစ်သွားခဲ့တာလား။

သာကီက ကျောင်းဖုန်းကို ခေါ်ပြန်ပါသည်။

"ဟယ်လို ... အမိန့်ရှိပါ ခင်ဗျာ"

"ဦးဝန်ဇင်းနဲ့ ပြောချင်လို့ပါ"

"ဩော် ... ဟို ... ဆရာကြီးက ကိစ္စလေးတစ်ခုရှိနေလို့၊ ပြောစရာရှိတာ ကျွန်တော်နဲ့ မှာခဲ့နိုင်ပါတယ် ခင်ဗျာ၊ ဘယ်သူများ ဆက်တာပါလဲ"

ကြည့်စမ်း၊ အဲဒါ ဘာအချိုးအချိတ်လဲ၊ လုံးဝပုန်းရှောင်နေတဲ့ အချိုးအချိတ် မဟုတ်လား။ မနေ့ကတည်းက ရှောင်နေတာ၊ ခုထိပဲ ဖုန်းတွေမကိုင်သေးတဲ့သဘော။ သာကီ့ကို အဲသလိုလုပ်ရင် အင်မတန် အသည်းယားပြီး ဖွတ်တရွတ် မရမနေ မဖြစ်ဖြစ်အောင်လုပ်ဖို့ လှုံ့ဆော်တွန်းအားပေးသလို ဖြစ်လာတတ်သည်။

"ကျွန်မ သာကီခင်လေးပါ၊ မနေ့ကလည်း ကျွန်မဆက်တာ ဦးဝန်ဇင်းကို ပြောမပြဘူးလား"

"ကျွန်တော် ဆရာကြီးကို ပြောပြလိုက်ပါတယ် ခင်ဗျာ"

ဒီတော့ ဦးဝန်ဇင်းကိုက ရှောင်နေတာပေါ့။

"အခုလည်း ထပ်ပြောလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ၊ ကျွန်တော် ထပ်ပြောလိုက်ပါ့မယ် ခင်ဗျ"

သာကီသည် ထိုင်လို့မရ၊ ထလို့မရ။ ဒေါသထွ
သလိုလို စိတ်မကောင်း ဖြစ်သလိုလိုနှင့် ပေါက်ကွဲချင်နေပါသည်
ဦးဝန်ဇင်းဟာ သာကီရဲ့ Guide တစ်ယောက်ပဲ မဟုတ်လာ
Guide မလာတဲ့ကိစ္စကို ဘာကြောင့် ဒီလောက် နေထိုင်မရ ဖြ
နေမိတာလဲ။ ဖြစ်ရာအကြောင်းရှိရဲ့လားလို့ ကိုယ့်ကိုယ်ကို
တအံ့တသြ ဆန်းစစ်ကြည့်ပါသည်။

မသိပါ။ သာကီ တခြားဟာတွေ နားမလည်
ဦးဝန်ဇင်း သာကီကို မပြောမဆိုနှင့် သာကီ့ထံ မလာတာကို
မရပ်နိုင်ပါ။ မဖြစ်မနေ တွေ့လို့ရအောင် လုပ်မည်လို့ တစ်
ထိုး ဆုံးဖြတ်မိချိန်မှာ မိုးဝေကိုတော့ သတိအရသားပင်။ ဒါ
မိုးဝေကိုတွေ့ရဖို့ ဒီအချိန်မှာ အရေးမကြီးဘဲ ဖြစ်နေပါသည်

ဘာကြောင့် ဒီလောက်တောင် အသည်းနှလုံး
မရိုးမရွ ဖြစ်နေတာလဲလို့ စဉ်းစားချိန်မှာ မိုးဝေနှင့် ဦးဝန်ဇင်း
အာရုံထဲ ယှဉ်တွဲချိန်ထိုးကြည့်မိတဲ့အခါ ကိုယ့်ကိုယ်ကိုယ် အ
စုံ နားလည်တယ် မဟုတ်ပေမယ့် ခုလောလောဆယ်မှာ
မိုးဝေဟာ ဖွဲတစ်မှုန် မြူတစ်မှုန် ဖြစ်နေပြီး ဦးဝန်ဇင်းက အ
အကြီးဆုံး ဖြစ်နေတာပင်။

တခြား ဘာကိုမှ အာရုံဝင်စားလို့ မရဘဲ ထိုင်
ထချည် လုံလျောင်းချည် လမ်းလျှောက်ချည်နှင့် ဖြောင်းဆန်
ကို ဖြစ်နေမိတဲ့အဆုံး သာကီသည် ဂျင်းဘောင်းဘီလေး





သဲကား ကားနှင့် ဆယ်မိုင်ကုန်းဘက် ထွက်လာပါသည်။ သူ့လိပ်
ာကိုလည်း အတိအကျ မသိရပေမယ့် ပြောစကားတွေထဲမှာ
တော့ လမ်းမကြီးပေါ်မှာပဲ တည်ရှိတာ သိထားပြီးသား မဟုတ်
သား။

လေဆိပ်မီးပွိုင့်ကျော်လာအပြီး အရင်ဆုံးတွေ့တဲ့
ဆိုင်ခန်းရှုပ်ရှုပ် လူရှုပ်ရှုပ်နေရာဆီ ကားကိုထိုးကပ်လိုက်ကာ ...

"ဒီနားမှာ ဆယ်မိုင်ကုန်းဘော်ဒါ ဆိုတဲ့ ဆယ်တန်း
ဘော်ဒါ ..."

"ရှေ့မှာ"

စကားတောင် မဆုံးလိုက်ရ။ ဖြေတဲ့သူက တန်းဖြေ
ာပင်။

"တန်းတန်းသာသွားလိုက် ဘယ်ဘက်မှာ ဆိုင်းဘုတ်ထောင်
ထားတာပဲ၊ အလွယ်တကူ တွေ့ပါတယ်"

"ကျေးဇူးပါပဲရှင်"

တန်းတန်းမတ်မတ် အလွယ်တကူ ရောက်လာတဲ့
ဆယ်မိုင်ကုန်းဘော်ဒါဆိုတဲ့ ခြံဝင်းကြီးရှိရာ ချိုးကွေ့ဝင်မသွားဘဲ
လမ်းညာဘက်မှာပဲရပ်ကာ ဘော်ဒါခြံကြီးကို မျက်နှာချင်းဆိုင်ပြီး
ကြည့်နေမိသည်။ သစ်ပင် ပန်းပန်တို့နှင့် ခြံကြီးက အုပ်ဆိုင်းလှပ
ာ အတွင်းမှာ အဆောက်အအုံပုံပင်။ နှစ်ထပ်ဆောင် တစ်ထပ်
ဆောင်တွေ မြင်နေရသည်။

"ဟော ... ဟိုမှာ သူ့ကား"

www.burmeseclassic.com



ကားနှစ်စီး သုံးစီးထဲမှာ သူ့ဂျစ်ကား အနက်အစိမ်းကျားကိုလည်း မြင်လိုက်ရပါသည်။ ရှိရဲ့သားနဲ့ ဘာကြောင့်သူ မလာတာလဲဆိုတာကို နားမလည်ခြင်းကြီးစွာ စဉ်းစားရင်း နည်းနည်းတောင် ဝမ်းနည်းလာသည်။ ဘာကို စိတ်ဆိုးသွားလို့လဲမှ တွေးမရတာ။ ဒီခြံရှေ့ကားရပ်မိတာနှင့်ကို နှလုံးခုန်သံတွေက စည်းချက်မမှန်။

ဖွဖွကလေးခုန်လိုက်။ လှုပ်လှုပ်ရှားရှား ပူပူလောင်လောင် အကြမ်းပတမ်းခုန်လိုက်။ ပူနွေးဖိုလှိုက်လာလိုက်။ ရှိန်းမြအေးစိမ့်သွားလိုက်။ ကြောက်တယ် ဦးဝန်ဇင်းရယ်။ အော်များထွက်မလားလို့ တွေးပြီး ကြောက်မိတယ်။ တကယ်လို့ အော်ထွက်ရင်လည်း သာကီ ဘာလုပ်မိလို့လဲလို့ ငိုရင်းမေးချလိုက်ဖို့ ဝန်မလေးပါဘူး။

သာကီသည် ချိတုံချတုံ ဖြစ်နေရင်းက အကြံရကာ ဖုန်းကိုထုတ်၍ နံပါတ်တစ်ခု နှိပ်လိုက်ပါသည်။

"ဟယ်လို ... မယမုန်လား"

"ဟုတ်ပါတယ်"

"သာကီပါ မယမုန်"

"သြော် ... သာကီ၊ ပြော"

"ဟိုဟာပါ မယမုန်၊ ဦးဝန်ဇင်း ဟဲန်းဒ်ဖုန်းနံပါတ်များ သိလားလို့"

တစ်ဖက်က တိတ်သွားကာ ခဏနေမှ ...





"တို့ မသိပါဘူး"

"ဟုတ်လို့လား မယမုန်ကလည်း၊ ဒီမှာ စာကျူက်ရင်းတန်းလန်းနဲ့ ဘယ်အပုဒ် သူဆက်ကျက်ခိုင်းသွားမှန်း မေ့သွားလို့ ဖုန်းဆက်မေးမလို့ဥစ္စာ"

ဘာကြောင့် လိမ်မိပါသလဲ။ ဘာကြောင့် လိမ်မိတယ်ဆိုတာ ကိုယ့်ဟာကိုယ်လည်း နားမလည်ပါ။

"သူနဲ့ စာသင်နေပြီးတော့ သူ့အိမ်တို့ ကျောင်းတို့ဖုန်းတွေ မသိဘူးလား သာကီရဲ့"

"အဲဒါတွေ သိတယ်၊ မိုးတွေ ခုတလောသည်းလို့ ဖုန်းလိုင်းတွေ ပျက်နေတယ်၊ ခေါ်မရလို့ပေါ့၊ ရရင် ခေါ်ပြီး ပြောပြီးပြီပေါ့လို့၊ အဲဒါကြောင့် ဟဲန်းဒ်ဖုန်းနံပါတ်တောင်းတာပေါ့၊ ဟဲန်းဒ်ဖုန်းနံပါတ်ကို မေးမထားမိဘူး"

"တို့လည်း မသိဘူး သာကီရဲ့"

"မယမုန်ကလည်း မဖြစ်နိုင်တာကို"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ တို့နဲ့ သူနဲ့ အဆက်အသွယ်ရှိတုန်းက သူက ဟဲန်းဒ်ဖုန်းမှ မရှိသေးတာ၊ ဟဲန်းဒ်ဖုန်းလည်း မရှိဘူး၊ အခု သူစီးနေတဲ့ ဂျစ်ကားလေးလည်း မရှိဘူး သာကီရဲ့၊ ဟိုတောင်းအေ့စ် ဇုန်ကားလိုဟာမျိုးပဲရှိတာ၊ တို့နဲ့ပြတ်သွားပြီးနောက်မှ ဂျစ်ကားလည်း ရှိလာတာ၊ ဟဲန်းဒ်ဖုန်းလည်း ရှိလာတာ"

သာကီသည် အကြံအိုက် စိတ်တိုသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မယမုန်က ဦးဝန်ဇင်းနားမှာ ဘူပိတ်နေတာဖြစ်ရမယ်၊ မယမုန်နဲ့လည်းပြတ်ရော တိုးတက်ထွန်းကားလာရောဆိုတဲ့ သဘောပေါ့"

"အဲ့ရမ်း အရေးကြီးလို့လား"

"ကြီးတာပေါ့၊ အရမ်းအရေးကြီးလို့ပါဆိုနေ"

"ဒါဖြင့်ရင်တော့ နံပါတ်တစ်ခု မှတ်လိုက်"

"ဟုတ်"

"09518----"

"ဟင် ... ဟဲန်းဒ်ဖုန်းနံပါတ် မသိဘူးဆို၊ ဒါက ဟဲန်းဒ်ဖုန်းမဟုတ်လို့ ဘာလဲ"

"ဒီဖုန်းနံပါတ်က ဝန်ဇင်းရဲ့ဖုန်းနံပါတ် ဟုတ်,မဟုတ်တို့လည်းသိချင်နေတာ၊ ဒါပေမဲ့ လှမ်းဆက်ပြီး ဝန်ဇင်းဖုန်းလားလို့မေးရင် တို့က သူ့ကို လှမ်းဆက်သွယ်ရာကျမှာစိုးလို့ သူ့ဖုန်းလို့ ထင်တဲ့အဆင့်မှာပဲ ရှိတယ်"

"ဟင် ... လျှို့ဝှက်သဲဖိုတွေပေါ့၊ ဒါဖြင့် ဒီနံပါတ် ဘယ်ကသိတာလဲ"

"ဒီနံပါတ်လား"

"အင်း ... ပြောပါဆို မလျှို့နဲ့၊ သိချင်တယ်"

"တို့ရဲ့ ဒီနှစ်မွေးနေ့နဲ့ မနှစ်က မွေးနေ့တွေပေါ်မှာ ဒီနံပါတ်ကနေ မက်ဆေ့ချ်လေးတွေ ရောက်လာခဲ့တယ် သာကီ"





သာကီသည် ရင်ထဲ သိမ့်ခနဲ တစ်မျိုးလေး ဖြစ်သွားရပါသည်။ မယမုန်အသံလေးက ညွတ်နူးဆွေးလျကာ ညည်းညူနေသံလေးနှင့် တူသည်။

"မ,ဆီကို မဲ,မသိတဲ့ ဖုန်းတစ်ခုကနေ ဘာ့သ်ဒေးဝစ်ရှ်လုပ်မယ့်သူမျိုး မရှိပါဘူး၊ ဝစ်ရှ်လုပ်တဲ့သူတွေ ရှိပေမယ့် ဘယ်သူလုပ်တာဆိုတာ တို့သိတယ်၊ ဘယ်ကမှန်းသိတဲ့ နံပါတ်အဆန်းတစ်ခုက ဝစ်ရှ်လုပ်နေတာကို သူများလားလို့ ထင်နေမိတာ၊ ဒါကြောင့် မသေချာဘူး သာကီ၊ ဝန်ဇင်းဖုန်းလားလို့ လှမ်းမေးကြည့်ပေါ့"

"........."

သာကီ ဘာမှပြန်မပြောနိုင်ဘဲ ဖုန်းထဲမှာ ဆေ့ဗ်လုပ်လိုက်တဲ့ နံပါတ်လေးကို ပြန်ကြည့်နေမိပါသည်။ မယမုန်ထင်သလိုပါပဲ။ ဒါဟာ ဦးဝန်ဇင်း ဖုန်းလို့ သာကီလည်း ချက်ချင်းပဲ ထင်လိုက်မိတာပါပဲ ဦးဝန်ဇင်းရယ်။

"သာကီ"

"ဟုတ်ကဲ့"

"တို့ကို တစ်ခုတော့ လုပ်ပေးပါ"

"........."

"သူ့ဖုန်း မဟုတ်ရင် ပြီးရော၊ တခြား ဘယ်သူ့ဖုန်းဆိုတာလည်း တို့ မသိချင်ပါဘူး၊ ဝန်ဇင်းရဲ့ဖုန်းနံပါတ်မှန်ရင်တော့ အဲဒါ သူ့ဖုန်းဆိုတာ တို့ဆီ ဖုန်းဆက်ပြီး အတည်ပြုပေးပါ"

www.burmeseclassic.com



သာကီသည် ရင်ထဲဆွေးတေးတေးရှိကာ စကားမပြန်နိုင်။

"နော် ... သာကီ"

"ဟုတ်"

"ဒါပဲနော်"

မယမုန်က ဖုန်းအရင်ချသွားသည်။ သာကီက ဖုန်းကိုင်၍ တစ်ခဏ ငိုင်နေမိပါသည်။ သူတို့နှစ်ယောက် သိပ်ချစ်ခဲ့ကြမှာပဲ။ ချစ်လျက်နှင့် မဆုံစည်းရဘဲ ကွဲကွာနေရတာ ထင်ပါရဲ့။ ဒီတော့လည်း ဘယ်လိုလုပ်ပြီး စိတ်က ပြတ်တောက်နိုင်မတဲ့လဲ။ တကယ်တော့ ဒီအဖြစ်အပျက်ဟာ သာကီနဲ့ မိုးဝေအတိုင်းပဲ မဟုတ်လား။ သာကီကော မိုးဝေကို မေ့လို့လား။

ဦးဝန်ဇင်းကို မယမုန် တစ်ယောက် မေ့နိုင်ပုံမရတာ၊ ဦးဝန်ဇင်းကလည်း မယမုန်ကို လုံးဝမမေ့နိုင်သေးတာ၊ ဒါတွေကို ဘာကြောင့် တင်မျိုးလေး ဆွေးနေမိတာပါလဲ။ ကိုယ်လည်း တကယ်တော့ ဒီအတိုင်း ဖြစ်ခဲ့တာပဲ မဟုတ်လား။ ဒါပေမဲ့ ... ဒါပေမဲ့ အခုကော ဖြစ်နေဆဲပဲတဲ့လား။

သာကီက ဆေ့ဗ်လုပ်ထားတဲ့ နံပါတ်လေးကို နှိပ်ခေါ်လိုက်ပါသည်။ တစ်ဖက်မှာ အတန်ကြာ ခေါ်မြည်နေပါသည်။ အတော်ကြာမှ ...

"ဟယ်လို"





သာကီလည်းကုပ်နားမှာ နှုတ်ခမ်းကိုကပ်ပြီး ဖွဖွထူးလိုက်သလို ဆည်ကုပ်တစ်ဝိုက်လုံး ကျင်စက်ပြီး ကြက်သီးမြမြထကာ ဖိန်းရှိန်းသွားပါသည်။ ဦးဝန်ဇင်း။ လူဆိုးကြီး။ ဒါ သူ့အသံပဲ။ သာကီ မသိဘဲ နေပါ့မလား။

"ဟယ်လို ... ပြောပါခင်ဗျာ"

သာကီက သက်ပြင်းတစ်ချက်ချရင်း ...

"ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

"ဟယ်လို"

"ဟယ်လို"

"ဟယ်လို ... ဘယ်သူလဲ"

"ကျွန်မ လူဆိုးထိန်းကြီးပါ။ လူဆိုးကြီး ဦးဝန်ဇင်းကို မိအောင်လိုက်ဖမ်းနေတာ၊ အခုဖုန်းကိုင်တာ လူဆိုးကြီးဦးဝန်ဇင်းပဲ မဟုတ်လား"

တစ်ဖက်က ခဏငြိမ်နေပြီးလျှင် တသိမ့်သိမ့်နှင့် ရှိုက်ကာ ရှိုက်ကာ တိုးတိုးရယ်နေတဲ့ အသံကို ပြုံးတုံ့နားထောင်မိရင်း သာကီ မျက်ရည်လည်လာမိလေသည်။ သူ့အသံကြားရတာ ပျော်လိုက်တာ။ ကြည်နူးလိုက်တာ ဦးဝန်ဇင်းရယ်။ အဆက်အသွယ်ပြတ် တစ်ရက်နဲ့ တစ်ပိုင်းလောက် နေရအပြီးမှာ မမျှော်လင့်ဘဲ မသေချာတဲ့ ဖုန်းထဲက ရှင့်ရယ်သံကို ကြားလိုက်ရခြင်းဟာ ထူးဆန်းလှန်းတဲ့ ကြည်နူးခြင်းတစ်မျိုးကို ပေးတယ်ဆိုတာ အံ့ဩရောပဲရှင်။

www.burmeseclassic.com

www.burmeseclassic.com



"သာကီ ... မင်း ဒီဖုန်းနံပါတ် ဘယ်ကရလဲ ညီမ"

ခေါ်ပြန်ပြီ ညီမလို့။ နှလုံးသားကို ဆုပ်ညှစ်လိုက်သလိုပဲ။ သိပ်နားဝင်ချိုသွားတာပဲ။ သာကီ ဘာဖြစ်နေတယ်ဆိုတာကို သာကီ တဖြည်းဖြည်း သိလာပြီ။ ဝမ်းနည်းမိတယ် ဦးဝန်ဇင်းရယ်။

"ဟင် ... ဘယ်ကရလဲ၊ ငါလည်း မပေးဘဲနဲ့"

"မပြောဘူး"

သာကီ့ အသံက အောင့်သက်သက် ဆောင့်အင့်အင့် နိုင်နေသည်။

"အဟင်း ဟင်း၊ တကယ်က မင်းကမှ လူဆိုးမ၊ ငါကလူဆိုးကြီး မဟုတ်ဘူး၊ လေသံကြီးက ဆိုးလိုက်တာ၊ ကြောက်ဖို့ တောင်ကောင်းတယ်"

"ဦးဝန်ဇင်းသာ ဆိုးတာ၊ မလာနိုင်ရင်လည်း ဦးဝန်ဇင်းရယ် သာကီရေ ငါ နှစ်ရက်မလာဘူးဟေ့၊ သုံးရက်မလာဘူးဟေ့ လို့ လှမ်းပြောလိုက်လို့ ရပါတယ်၊ ခုတော့ လူမှာဘယ်လောက် စိတ်ပူရလဲ၊ ဘယ်လောက်နေရခက်လဲ"

တစ်ဖက်တွင် ဝန်ဇင်းသည် သာကီ့ ပြောပုံလေးကြောင့် ရင်ထဲတစ်မျိုးလေး ခပ်နင့်နင့် ခံစားလိုက်ရပါသည်။ အခုကိုပဲ ငါ မင်းကို သတိရနေတာ၊ မင်း စာကျက်ရဲ့လားလို့ တွေးနေတာ။ ငါမလာတာနဲ့ပဲ ပျော်ပြီး ကားတစ်စီးနဲ့ လျှောက်လိမ့်နေပြီလား စဉ်းစားနေတာလို့ သူကလေးကို ဘယ်လိုများဖွင့်





ပြောရမည်နည်း။ သတိရတယ် ဆိုတာက သူ့အကြောင်း တစ်ခုတ်တရ တွေးမိတာ။ လွမ်းတယ်ဆိုတာက တွေ့မြင်လိုစိတ်ပါ နောက်ကကပ်ပါလာတာ။ ဒီတော့ ငါ မင်းကို သတိရနေရုံ မကဘူး သာကီ။

"အဲလို အလကား စိတ်ပူနေမှာစိုးလို့ကို ကိုယ်က ဖုန်းမဆက်တာ"

"ဘာဆိုင်လို့လဲ ဦးဝန်ဇင်းကလည်း"

"ဖုန်းဆက်ရင်လည်း ဘာကြောင့် ညာကြောင့် ဆိုတာကို မဟုတ်တာတွေ ညာမပြောချင်ဘူးလေ၊ အမှန်အတိုင်းပြောရင်လည်း မင်းက စိတ်ပူမှာ ငါသိတော့ ..."

"ဦးဝန်ဇင်း ... ဦးဝန်ဇင်း နေမကောင်း ဖြစ်နေတာလား‌ဟင်"

"ဟော ... တွေ့လား"

"ဦးဝန်ဇင်း ဘာဖြစ်နေတာလဲ ... ပြော၊ မပြောရင် အခုချက်ချင်း ရောက်လာမှာ"

"တွေ့လား၊ လုပ်ပြီ တဖွတ်တရွတ်တွေ၊ ဘာမှစိတ်မပူနဲ့၊ ဟိုတစ်နေ့က မင်း ဆီကအပြန် ညနေမှောင်သွားတယ် မဟုတ်လား၊ ဒီမှာ ကလေးတွေအတွက် ဝါရာတို့ ခရင်မေးလ်အက်စ်တို့ ဘာဘာညာညာ အိမ်သုံးဆေးလေးတွေ ကုန်နေလို့ လမ်းမှာ ဆင်းဝယ်တာ၊ ကားရပ်တဲ့ပလက်ဖောင်းကနေ ဟိုဘက်ပလက်ဖောင်းကို လမ်းကူးလိုက်တာ၊ ကားတိုက်ခံရ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သာကီ့ အသံကြီးကြောင့် ဝန်ဇင်းမှာ ရှုံ့တောင်ရှုံ့မဲ့မိကာ ...

"ငါ ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး၊ ခြေထောက်အဆင် လွဲရုံပဲ၊ ရောင်ရုံပဲ"

"အဲဒါ ဖြစ်တာပဲပေါ့၊ အဲဒါ ဖြစ်တာပဲဟာ"

"သာကီ"

"ဦးဝန်ဇင်း ... သာကီ ဦးဝန်ဇင်းခြံရှေ့မှာ သိလား၊ အခု ဝင်လာပြီ၊ တစ်ယောက်လွှတ်လိုက်ပါ၊ ဦးဝန်ဇင်း နေတဲ့ အိမ်မသိဘဲ အဆောင်တွေပေါ် မှားတက်မိကုန်မယ်၊ ဒါပဲ_ ဒါပဲ"

"သာကီ ... ဟိတ် ... သာကီ"

ဝန်ဇင်းမှာ ရှုပ်ယှက်ခတ်သွားရပါသည်။ သာကီ့ထံ တစ်ယောက်လွှတ်။ သူ့ကို တစ်ယောက်က ထူတွဲပြီး အိပ်ရာထဲ က ထွက်နိုင်အောင်လုပ်။ သူ ဧည့်ခန်းဆီ ထွက်လာချိန်မှာ သူ့ အိမ်လေးရဲ့ တံခါးပေါက်ဝ၌ မျက်လုံးဝိုင်းနှင့် ရပ်နေသော သာကီ့ကို မြင်ရကာ စိတ်တိုရပါသည်။

"မင်းကတော့နော် ...၊ မင်းကတော့နော်လို့ပဲ ပြောတော့မယ် ကဲ ... ထိုင် ... ထိုင်၊ ဘာကိုမှ တစ်ဆုံးအရှည် မတွေး သိလား၊ စိတ်က ဒက်ခနဲ ကူးလိုက်တာနဲ့ လူကနောက် လှုပ်တစ်ပြက် ပါပြီးသား"





"ခြေထောက်ကြီးက အကြီးကြီး"

ဝန်ဇင်း ဝင်ထိုင်တဲ့ ဆက်တီခြေရင်းကြမ်းပေါ် ဒူး တုပ်လာထိုင်ရင်း ရောင်ကိုင်းနေတဲ့ ခြေကျင်းဝတ်က ပတ်တီးကို ရွရွလေးကိုင်လိုက်တဲ့ သာကီကြောင့် ဝန်ဇင်းက ခြေကိုရုပ်ရင်း ...

"ခုပေါ်ထိုင်လေ၊ သွား၊ ရတယ်၊ အူ့ဟာသူသာ နည်းနည်း ပါးပါးရောင်နေတာ၊ ငါ ဘာမှမဖြစ်ဘူး"

"အထဲမှာ ကျိုးသွား အက်သွားရင်ရော"

"ဓာတ်မှန်ရိုက်ပြီးပါပြီ သာကီရယ်၊ မဆိုစလောက်လေး အက်ရာထင်တာ"

"အိုး ... အက်ရာထင်တာကိုများ မဆိုစလောက်လေးတဲ့"

"ဟုတ်တယ်လေ၊ ဆယ်ရက်နားရင် ရပြီ"

"အဲဒါကို လှမ်းအကြောင်းကြားရင် ဘာဖြစ်သွားမှာမို့လဲ ဟင်၊ ဦးဝန်ဇင်း ကိုယ်တိုင်ဆက်ဖို့ မလိုပါဘူး၊ တပည့် တွေ ဆက်ခိုင်းပေါ့၊ ဒါပေမဲ့ စိတ်က ထင့်ကို ထင့်နေတာ သိလား"

"သိကုန်ရင် သတင်းမေးကြတာတို့၊ ဘာတို့ အလုပ်တွေ ရှုပ်ကြ၊ ကိုယ့်ဆီလည်း လူနာမေးဧည့်သည်တွေ ဝင်ဟယ် ထွက်ဟယ်နဲ့ ကလေးတွေပါ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဘယ်မိတ်ဆွေ ဘယ်အသိအကျွမ်းကိုမှ မပြောတာ၊ မင်းကိုမှ မပြောဘဲ ချန်ထားတာ မဟုတ်ပါဘူး သာကီရယ်၊ သိရင် ခုလိုရောက်လာမှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရောက်လာမှာပေါ့၊ မသိတော့ကော ရောက်မလာလို့လား၊ ဒီခြံရှေ့မှာ ရောက်နေတာ ဘယ်လောက်ကြာပြီထင်လဲ၊ ဖုန်းဆက်တော့လည်း ဝေ့လည်ချောင်ပတ် ပြေနေတော့ ဘာအကျိုးအကြောင်းမှ မသိရတာ၊ မနေတတ်ပါဘူး"

ဝန်ဇင်းက မျက်ရည်ရစ်ဝဲလာတဲ့ သာကီ့မျက်ဝန်း အစုံကို ကြည့်ခဲ့နေရာက မျက်နှာလွှဲကာ ခပ်ဖော့ဖော့ ရယ်မောလိုက်ရပါသည်။

တော်တော်ပူလောင် ပျာယာခတ်သွားတာ သေချာတဲ့ သာကီ့ မျက်နှာသွင်ပြင်ဟာ ခုထိကို Serious ဖြစ်နေဆဲ။

"မောင်စိုင်းနောင်ကိုလည်း ဘယ်သူ့ကိုမှ ဒီလိုဖြစ်ပါတယ် အိပ်ရာထဲလည်း နားနေပါတယ်လို့ မပြောနဲ့၊ ကြည့်ကျက် ပြောလို့ မှာထားလိုက်တာပါ"

"အို ... ဒါပေမဲ့ သာကီ့ကိုတော့ ဒီလိုလုပ်လို့ မရဘူး တာ အခု ဦးဝန်ဇင်း သိပြီပဲဟုတ်လား၊ သိသိ မသိသိ စိ က မအောင့်အည်းနိုင်ရင် သာကီတတော့ ရောက်လာမှာပဲ"

"အဲဒါကို ပြောတာပေါ့၊ အဲဒါ ဆိုးတာလေ၊ ငါဆို တစ်ယောက်တည်းနေတာ၊ တပည့်တွေကလည်း ယောကျ် လေးတွေ၊ အဝတ်လျှော် ထမင်းချက်အဖွဲ့ မိန်းမကြီး ကလည်း သတ်သတ်တစ်ဆောင် နေကြတာ၊ ဒီအိမ် ကို မင်း ဝင်တာ ထွက်တာ ကြည့်ကောင်းပါ့မလား၊ စားကြည့်ပေါ့၊ မင်းက မိန်းကလေး၊ ပြီးတော့ မင်းတို





ရင် လူတွေက အဆိုတော်မှန်း သိနေကြတာ၊ စကားလုပ်ပြောစရာဖြစ်ရင် မင်းပဲ နစ်နာတာ ...

ခုလို ဖွတ်ရောက်လာတာ မကြိုက်ပါဘူး၊ ဖုန်းအရင်ဆက်ပြီး လာရ မလာရ ခွင့်လေးဘာလေး တောင်းပါဦးလား၊ ဘာမှတောင် မပြောရသေးဘူး၊ လူက ခြံရှေ့ရောက်နေပြီ၊ ဖုန်းလည်းပိတ်ရော လူက ခြံထဲအရောက်ပဲ၊ တိုင်မင်ကို ကိုက်လို့၊ မင်း ဘယ်လိုမိန်းကလေးလဲ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတဲ့ အတွေးမျိုး တွေးတတ်ဦးမှပေါ့"

"တခြားလူမှ မဟုတ်တာ၊ ဦးဝန်ဇင်းပဲဟာ"

သာကီက မပွင့်တပွင့် စောဒကတက်သည်။

"ငါက ဘာထူးပြီး ကြီးကျယ်ခမ်းနား မြင့်မြတ်နေလို့လဲ"

"မသိဘူး၊ မသိပေမယ့် ဦးဝန်ဇင်းကို တခြားယောကျ်ား သူစိမ်းတစ်ယောက်လို့ သာကီ ဘယ်တုန်းကမှ မစဉ်းစားဘူး၊ စဉ်းစားလို့ကို မရပါဘူး"

ဝန်ဇင်းက စူပုပ်ဆိုးနွဲ့သော မျက်နှာလေးကို တစ်ချက်ခိုးကြည့်ရင်း သက်ပြင်းခိုး၍ ရှိုက်ရပါသည်။

"သူစိမ်းက သူစိမ်းပေါ့၊ ဘာမှအထွန့်တွေ တက်မနေနဲ့"

"ဦးဝန်ဇင်းက ခုလိုရောက်လာတာ သာကီ့ကို ခုလောက်မျက်နှာကြီးက တင်းနေတာပါ၊ အခုမမျှော်လင့်ဘဲ ရောက်လာတာသာ မယမုန်ဆိုရင်တော့ ဦးဝန်ဇင်း ပျော်နေမှာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



တွေးလို့များတောင် မကြည့်ဖူးတဲ့အတွက် ဝန်ဇင်းက တစ်ခဏ တွေဝေသွားရပါသည်။ ယမုန်။ ခြေထောက်ထိမိတဲ့ နောက်ပိုင်း သူ့ခေါင်းထဲ ယမုန့်ကို တစ်ချက်တောင်မှ မစဉ်းစား မိသေးပါလား ဆိုတာ ကိုယ့်ဘာသာ သတိပြုမိသည်။

သာကီ့ကို ဖုန်းဆက်ပြောရမလား၊ မပြောဘဲနေ မလား၊ သာကီ မသိတာက ပိုကောင်းတယ် ထင်ပါရဲ့၊ သာကီ စာမှကျက်ပါ့မလား၊ သာကီများ မတော်တဆ ရောက်ချလာ လား စသဖြင့် သာကီ့ကို ခေါင်းစဉ်တပ်သော အတွေးတွေ ဒီနှစ် ရက်လောက်အတွင်း အကြိမ်ကြိမ် အထပ်ထပ် တွေးနေမိပြီ "ယမုန်"လို့ ခေါင်းစဉ်တပ်ကာ ဘာတစ်ခုမှ မတွေးမိပါလား။

ကျောင်းကို Round လုပ်ပြီး မစစ်နိုင်တာတို့၊ သူ စာသင်ချိန်ကို နှစ်ရက်ထက်ပိုအပျက်မခံချင်တာတို့၊ ဆေးခန်း နောက်တစ်ကြိမ် ပြန်ပြဖို့တို့၊ ဆရာ ဆရာမများ လခပေးရက် ဖြစ်နေ၍ နောက်မကျအောင် အိပ်ခန်းထဲထိ အလုပ်တွေ စိုင်းနော နဲ့အတူ လုပ်ရတာတို့ စသဖြင့် သူ့မှာမအားမလပ်ဘဲ ဝေနှာပြ ရတာကို စိတ်မရှည်အောင် ဖြစ်နေရတဲ့အထဲမှာ သာကီ့ကိုတော့ ကြားဖောက် ကြားဖောက် ဆိုသလို သတိရ တွေးမိကာ ယမုန် ကိုတော့ မေ့ကိုနေတာ နှစ်ရက်စလုံးပါ။

အဲဒါ ဘယ်လိုဖြစ်တာပါလိမ့်။ ယမုန့်ကို ဝေနှာအ ရာရချိန်မှာ သူ မတောင့်တ၊ မတမ်းတမိတာ ဘာကြောင့်ပါလိမ့်





ခုနေ ယမုန်ရောက်လာရင် သာကီ မေးသလို ပျော်နေမှာသေချာ လား။ ဟင့်အင်း။ အခု တစ်ထိုင်တည်းမှာ ယမုန် ရောက်လာ ဘယ်လို့ တွေးကြည့်မိတာတော့ မပျော်သွားတာ အမှန်ပင်။ ဘာ ဖြစ်လို့လဲတော့ သူလည်း မသိ။

မေးခွန်းထုတ်ပြီးနောက် သူ့ကို အကဲခတ်နေတဲ့ သာကီ့ မျက်ဝန်းထဲက ခံစားချက် အရိပ်အယောင် တချို့ကြောင့် သူ့နှလုံးသားထဲ မွှန်းကျပ်လာသည်။ မင်း ငါ့ကို ဒီလိုမကြည့်စမ်း ပါနဲ့ သာကီရယ်။ မင်းရဲ့စိတ်ကို တလွတ်တလပ် မလွှတ်လိုက် စမ်းပါနဲ့။

"ဦးဝန်ဇင်း"

"……… "

"ဦးဝန်ဇင်း ဟဲန်းဒ်ဖုန်းကို ဘယ်သူ့ဆီက သိနိုင်မလဲလို့ စဉ်းစားလိုက်တော့ သာကီ့ခေါင်းထဲ မယမုန်ကို အရင်သတိ ရမိတာ။ ဒါကြောင့် သူ့ကိုလှမ်းမေးမိတယ်။ သူက သူနဲ့ ပြတ်တဲ့အချိန်အထိ ဦးဝန်ဇင်း ဟဲန်းဒ်ဖုန်းမကိုင်လို့ သူ နံပါတ်မသိပါဘူးတဲ့၊ ဒါပေမဲ့ ..."

သာကီ့ အသံလေးက ကတုန်ကယင် ဖြစ်နေ ယောင်ရှိသည်။ မျက်လုံးလေးတွေက မှော်လင့်ချက် ကင်းမဲ့နေ ယ့် နှုတ်ခမ်းလေးကိုတော့ သတိရတိုင်း တစ်ချက် တစ်ချက် စိုက်ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဒါပေမဲ့ ဒီဖုန်းနံပါတ်ကိုတော့ ဦးဝန်ဇင်း ဖုန်းနံပါတ်လို့ ထင်နေတယ် ဆိုပြီး သာကီ့ကို ပေးတာပါ၊ သူ့မွေးနေ့မှာ မက်ဆေ့ဂျ်ရောက်လာတတ်တဲ့ ဖုန်းတဲ့၊ သူက ဦးဝန်ဇင်း ဖုန်းလို့ပဲ ထင်နေတာ မှန်နေတာပေါ့၊ ချစ်တဲ့သူချင်းဟာ စိတ်ချင်းအလိုလို ဆက်သွယ်မိနေကျပဲ ထင်တယ်နော် ဦးဝန်ဇင်း၊ ဦးဝန်ဇင်း ထူးသံကြားလိုက်ရတဲ့ အချိန်မှာ သာကီ မအံ့သြတော့ပါဘူး၊ ဒါ ဦးဝန်ဇင်းဖုန်းပဲ ဖြစ်မှာ ဆိုတာ ခေါ်နေကတည်းက သာကီလည်း သိနေခဲ့ပါတယ်”

❣ ❖ ❣



## ၁၀

စင်ပေါ်မှာ ပါဖောမင့်စ်အပြည့်နှင့် သီဆိုနေတဲ့ သာကီကို ဝန်ဇင်း တအံ့တသြ ငေးစိုက်ကြည့်နေမိခဲ့သည်။ သူ စာမေးလို့မရတဲ့အခါ စိတ်တိုတိုင်း စာအုပ်နှင့် ဇက်ပိုးကို အုပ်နေကျ၊ ဒီထက်ဆိုးကာ နှစ်ကြိမ် သုံးကြိမ် မရရင်တော့ နားရွက်ဆွဲပြီး ထိုင်ထဒဏ်ပေးနေကျ မိန်းကလေးဟာ သာမညောင်ည ကျောင်းသူလေး မဟုတ်ဘဲ စင်ပေါ်မှာ သူ ခံစားချက်အပြည့်နဲ့ ဟစ်ကြွေးတာကို အောက်ကနေ ခုန်ပေါက်ဟစ်အော် အားပေးရတဲ့ ဂီတ အတောင့်သားနှင့် အောင်မြင်နေတဲ့ အဆိုတော်လေး ဆိုတာကို သူ မေ့မေ့နေသည်။

သာကီ့စိတ်ကို တက်ကြွအောင် ဆွဲတင်တဲ့အခါမှာ “မင်းက သာမန်လူ မဟုတ်ဘူးနော်၊ အောင်မြင်နေတဲ့ တစ်ဦးတစ်ယောက်”လို့ဆိုပြီး အားပေးမိပေမယ့် တကယ်တမ်းတော့ များစွာသော အချိန်တို့မှာ သာကီဟာ အောင်မြင်တဲ့ အဆိုတော်တစ်ယောက်ဆိုတာ မေ့လျော့နေမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"သာကီ ... သာကီ"

သီချင်းတစ်ပုဒ် အဆုံးမှာ အောက်ကနေ သာကီ နာမည်ကို အတိုင်အဖောက်ညီညီ ဟစ်အော်ဂုဏ်ပြုကြကာ ...

"အသည်းတစ်ခြမ်း ... အသည်းတစ်ခြမ်း ဆိုပါ"

သူတို့ နားထောင်ချင်တဲ့ သီချင်းနာမည်ကိုလည်း အော်ဟစ်ပွဲတောင်းကြပါသည်။ သာကီသည် ဂျင်းဘောင်းဘီနှင့် ဂျင်းဝေ့စ်ကုတ်ဝမ်းဆက်နှင့်။ ဝေ့စ်ကုတ်အောက်က ရှီးကော်လာ စပို့ရှပ်လက်ရှည် အနက်အကျပ်လေးနှင့် လုံလုံခြုံခြုံ ခပ်ရိုးရိုးလေး ပဲ ဝတ်ထားပါသည်။ လက်တစ်ဖက်ကို မိုးပေါ်မတ်မတ်ထောင် မြှောက်ကာ ...

"အသည်းတစ်ခြမ်း ဆိုပြရမှာလား"

"ဆိုပါ"

"နားထောင်မှာလား"

ဝန်ဇင်းသည် သာကီ့ကို သဘောတကျပြုံးကာ ကြည့်နေမိပါသည်။ သာကီ့ကို စာသင်ရပြီး မကြာခင်မှာပင် သာကီ့သီချင်းခွေကိုတော့ နားထောင်ဖြစ်ခဲ့ပါသည်။ စတိတ်ရှိုးကို တော့ ကြည့်ဖို့ စိတ်ကူးမရှိခဲ့ပါ။ သူ ဘယ်သူ့ရှိုးပွဲမှလဲ ကြည့်ခဲ့ တာမဟုတ်။ ဒါပေမဲ့ သာကီက စာမေးပွဲအမှတ်နှင့် ထုံးစံအတိုင်း အလောင်းအစားပြုကာ အမှတ်များရင် လိုက်ကြည့်ရမယ်လို့ တောင်းဆိုခဲ့တာမို့ ဝန်ဇင်း လိုက်ကြည့်ဖြစ်ခဲ့တာပါ။





မျှော်စင်ကျွန်း ဆိုတာလည်း ခုမှပဲ ရောက်ဖူးတာ။ ဒီလို လဟာပြင်ရှိုးပွဲကိုလည်း ခုမှပဲ ကြည့်ဖူးတာ။ သီချင်းဆိုနေ ရတာကို ပျော်နေလိုက်တဲ့ သာကီ။ ရှာန်ဝင်စားမှုအပြည့်နှင့် စိတ်ပါလက်ပါ သီဆိုဖျော်ဖြေသွားတာပင်။ သာကီ ဒီလောက် ဆိုတတ်မှန်း ဖျော်ဖြေတတ်မှန်း ဝန်ဇင်း မသိခဲ့ပါ။

"မိုက်တယ်ကွာ"

ဘေးက ကောင်ကလေးတွေထဲက ရေရွတ်ကျိုးကျူး သိက်သံပင်။

"အေးကွာ၊ အခွေသစ်လည်း မထွက်ဘူး၊ တစ်နှစ်တောင် ရှိပြီကွာ၊ ခွေထပ်မလုပ်ဘူးလား မသိဘူး"

"နောက်နှစ် နွေအထိ ထွက်မှာမဟုတ်ဘူး၊ ဒီနှစ် သာကီ က ဆယ်တန်းပြန်ဖြေမှာတဲ့"

"ဟုတ်လား၊ ဟိုတစ်ခါ အင်တာဗျူးတုန်းက မဖြေတော့ ဘူးဆို"

ကိုယ့်ဘေးမှာ ကြားနေရတာတွေကို ဝန်ဇင်းက အားရွှင့်ရင်း ပြုံးနေမိပါသည်။ သာကီကတော့ စင်ပေါ်မှာ စိတ်ပါ လက်ပါ သီဆိုဟစ်ကြွေးလျက်။

"တီတီ ... တီတီ"

ဖုန်းမြည်လာသံကြောင့် ဘေးကလူတွေ လှည့်ကြည့် သွားတာမို့ ဝန်ဇင်းက ခပ်မြန်မြန် ဖွင့်ကိုင်လိုက်ပါသည်။ ဂီတသံ ဆူညံသွားကြောင့် နားတစ်ဖက်ကို ပိတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ဟယ်လို"

"ဝန်ဇင်း"

"ဟယ်လို ... ဘယ်သူပါလဲ"

"ဝန်ဇင်း ... ယမုန်ပါ"

ဝန်ဇင်းသည် အံ့အားတသင့် ငြိမ်သွားရပါသည်။ ပတ်ဝန်းကျင်က ဆူညံနေတဲ့ လူသံတွေ ပေါက်ကွဲကျယ်လောင်လှတဲ့ တီးဝိုင်းက ဂီတသံတွေဟာ ရုတ်တရက် အသံတိတ်သွားသလိုပင်။ ယမုန် ...။ ဘာကြောင့် သူ့ထံဖုန်းဆက်လာပါသလဲ။

"ဝန် ...၊ တို့ ယမုန်ပါ".

"ဩော် ... ကိုယ် အပြင်ရောက်နေလို့ ယမုန်၊ တအားဆူညံနေလို့၊ ခဏကြာမှ ပြန်ဆက်ပေးရမလား"

"ရပါတယ်၊ ရှင်အပြင်ရောက်နေတာလည်း သိပါတယ်"

"ဟုတ်လား၊ ဆူညံသံတွေ ကြားနေရလို့ ထင်တယ်"

"ဟင့်အင်း၊ ဝန့်ကို တို့ လှမ်းမြင်နေရတာပါ"

"ဟင် ... ဟုတ်လား၊ ယမုန် ဒီနားမှာလား"

"ဟုတ်တယ်"

"ရှိုး လာကြည့်တာလား"

"အင်း ... ပွတူးတို့ အတင်းခေါ်တာနဲ့ ပါလာတာ။ ဝန့်ဒီဘက်မှာ၊ ရှင့်ရဲ့ဘယ်ဘက် နောက်နားကျကျမှာ"

ဝန်ဇင်းက ဘယ်ဘက်ခြမ်းလှည့်ကာ ရှာဖွေရင်း မှောင်ရိပ်တစ်နေရာမှာ ဖုန်းလေးနားမှာအပ်ရင်း ရပ်နေတဲ့ ယမုန်



ကို တွေ့လိုက်ရပါသည်။ သူ့ထံ မပြုံးမရယ်လေး လှမ်းကြည့်နေသော ယမုန့်ကိုမြင်လျှင် သူ့ရင်တွင် တင်းကျပ်ကျပ် ဖြစ်လာသည်။ ဘယ်လိုပင်ဖြစ်စေ ငယ်ချစ်ဟောင်းဆိုတာတော့ ငယ်ချစ်ဟောင်းပါပဲ။

"သာကီ့ကို လိုက်အားပေးတာပေါ့ ... ဟုတ်လား"

"အင်း ... ဟုတ်တယ်၊ အမှတ်ကောင်းရင် သူ့ရှိုးပွဲ လိုက်ခဲ့ရမယ်လို့ တောင်းဆိုထားတာ၊ အခုမှ အမှတ်ကောင်းတာနဲ့ ကြည့်ဖူးအောင် လိုက်လာကြည့်တာ"

"ဒီနှစ် သာကီ စာရနေတာပေါ့၊ ဟုတ်လား"

"အင်း ... မဆိုးပါဘူး၊ ရပါတယ်၊ အရင်နှစ်တွေတုန်းက သူ ရတော့ရမှာပါ၊ ဖြေရင်သာ တလွဲတချော်တွေ လုပ်လာတာ ထင်ပါရဲ့၊ ကိုယ့်ကြောင့် မဟုတ်ပါဘူး၊ သူ့ပင်ကို ဉာဏ်ကိုက ကျက်ရင် ချက်ချင်းရတာပါ"

"ရှင်တော်တာလည်း ပါတာပေါ့ ဝန်ရယ်၊ အနည်းဆုံးတော့ စာကျက်ချင်အောင် စည်းရုံးသိမ်းသွင်းနိုင်တယ်လေ"

"ဒီဖုန်းနံပါတ်က ကိုယ့်ဖုန်းဆိုတာ သာကီက Confirm ကွန်ဖမ်းမ်လုပ်ပေးတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ် ဝန်၊ ဒါပေမဲ့ ယမုန် သိတော့ သိနေတာပါ"

"အန်ကယ်လ် နေကောင်းလား ယမုန်"

"ဖေဖေ နေကောင်းပါတယ်၊ မေမေကတော့ ဆွေးတိုးငယ်"

"ခါတိုင်းရော ရှိုးပွဲ လာကြည့်နေကျလား"

www.burmeseclassic.com



မေမေ့အကြောင်း ပါတာနှင့် သိသိသာသာ စကားလွှဲဖယ်ပစ်လိုက်မှန်း ယမုန် သိပါသည်။

"ကြည့်ခဲ့ပါတယ်၊ ဒီပွဲရှိမှန်းတော့ စောစောကတည်းကလည်း သာကီက ပြောပြထားပြီး လာခဲ့ပါလားလို့ ခေါ်ထားတာရယ်၊ ပြီးတော့ ပွတ္တူးတို့ကလည်း ခေါ်နေတာနဲ့"

တကယ်တော့ ယမုန်သည် သာကီ့စကားတစ်ခွန်းကြောင့်လည်း လိုက်လာဖြစ်တာ ပါသည်။ "ဒီပွဲကို ဦးဝန်ဇင်းကို သာကီက ရအောင်ခေါ်မှာ"ဆိုတဲ့ စကားတစ်ခွန်းပါ။ ဝန်ဇင်းကို တွေ့မြင်ချင်တဲ့ဆန္ဒ ရင်ထဲတစ်နေရာမှာ ကိန်းအောင်းနေသလို သာကီခေါ်တဲ့ ဒီလိုနေရာမျိုးကို ဝန်ဇင်း တကယ်ပဲ လိုက်လာမလားဆိုတာလည်း သိချင်နေမိတာပါ။

ခုတော့သိရပြီ။ ဝန်ဇင်း တကယ်ပဲ လိုက်လာခဲ့တာပဲ။ သာကီရဲ့စကားတချို့ထဲမှာ ဝန်ဇင်းအပေါ် ရင်းနှီးပိုင်နိုင်မှုတွေ ပေါ်လွင်နေတာကိုတော့ သတိထားမိနေခဲ့ပါသည်။ သူတို့နှစ်ယောက်အကြားက ဆက်သွယ်ရင်းနှီးမှုဟာ ဘယ်လောက်အထိအောင် ခိုင်မာမြဲမြံနေသလဲ ယမုန် မရိပ်စားတတ်ပါ။

"ယမုန့်ဘက်က ကိုယ့်စကားကိုယ် စ,ဖောက်ဖျက်ပြီး ဖုန်းခေါ်လိုက်မိတဲ့အတွက် တောင်းပန်ပါတယ် ဝန်၊ မမျှော်လင့်ဘဲ ဝန့်ကို လှမ်းမြင်လိုက်လို့ ခေါ်မိသွားတာပါ"

ဝန်ဇင်းက သက်ပြင်းရှိုက်ရင်း ...





"ဖုန်းခေါ်လိုက်တဲ့အတွက် ကိုယ်က မကျေနပ်စရာ မရှိပါဘူး ယမုန်ရယ်၊ တောင်းပန်စရာ မလိုပါဘူး"

"ဘာပဲဖြစ်ဖြစ် ငါက လွန်ခဲ့တယ် မဟုတ်လား"

"နင် ဘာမှမလွန်ပါဘူး ယမုန်"

စကားပြန်စပြောစ,မှာ စိမ်းသက်သက် ခပ်ထောင့်ထောင့် ရှိနေခဲ့တဲ့ အသုံးအနှုန်းတို့ဟာ ပြောရင်းက အရင်လေယူလေသိမ်းအတိုင်း တရင်းတနှီး ပြန်ဖြစ်လာပါသည်။

"ဘာပဲဖြစ်ဖြစ် နင့်ဘက်က မရပ်ခဲ့မိဘူးဗျာ"

"ငါ့ဘက်က ရပ်ချင်တိုင်း ရပ်လို့မရဘူးဆိုတာ ငါနားလည်ပါတယ်"

"နင် မေမေ့ကိုတော့ စိတ်နာမှာပဲနော်"

"... ... ..."

"ငါ နားလည်ပါတယ် ဝန်"

ယမုန့်အသံက တိုးတိတ် တုန်ယင်နေပါသည်။ ဘာလို့ ဖုန်းခေါ်လိုက်မိပါလိမ့်။ မေမေပျောက်ပျောက်နှင့် နှစ်နှစ်ကြာ နေလာပြီးကာမှ။ စကားပြန်ပြောဖြစ်ပြန်တော့ ငြိမ်သက်နေတဲ့ ရင်ထဲအသည်းနှလုံးတွေ လှုပ်ရှားရသည်။ တကယ်တော့ နိုင်နေတာပါ။ မကြာခင်ကအထိ။ မကြာခင်ကတော့ သာကီနှင့် ဝန်ဇင်းတို့ရဲ့ ပတ်သက်မှုကို အမှတ်မထင် သိခွင့်ရခဲ့ကာ သာကီ့ထံမှာ ဝန်ဇင်းအပေါ် မြတ်နိုးလေးစား အားကိုးမှုတွေ မိန်းမချင်း

www.burmeseclassic.com



ရိပ်မိနိုင်လောက်အောင် ထင်ထင်ရှားရှား တွေ့ခဲ့ရတာမို့ ယမုန်ရဲ့ တည်ငြိမ်စပြုသော ဝေဒနာကန်ရေပြင်ထဲ ခဲသေးလေးတွေနှင့် ပစ်ပေါက်သလို နိုးလိုးခုလု စတင်ခံစား လှုပ်ရှားလာမိတာ။

အမှန်တော့ မကောင်းတတ်ဘူးဆိုတာ မရှိရင်၊ ငဲ့ကွက်ထောက်ထားစရာလည်း မရှိရင် သူ့အတွက် မတည်ငြိမ် နိုင်သေးတာကိုလည်း မရှက်ရင် "နှင်းနဲ့သာကီ ဘယ်လောက်ထိ ပတ်သက်နေပြီလဲဟင်"လို့ မေးလိုက်ချင်ပါသည်။

"ဟိုတလောက လှည်းတန်းမီးပွိုင့်မှာ နှင်းပါလာတဲ့ ဆော့ဖ် တစ်စီးနဲ့ ကားချင်းယှဉ်မိတယ်"

"အင်း ... ငါလည်း မြင်ပါတယ်"

ဝန်ဇင်းက ဆက်မမေးပါ။ ယမုန်ကလည်း ဆက်မ ပြောပါ။

"ဝန် ... နှင်း အခု ဘယ်ကိုသွားနေတာလဲ၊ ပြန်တော့မှာ လား"

"အင်း ... သာကီ သီချင်းဆိုတာပြီးရင် စင်ဘေးနားညီ လာခဲ့လို့ သာကီက ချိန်းထားတယ်"

"သာကီက နှင်းနဲ့တူတူ လာတာလား"

"ဟုတ်တယ်"

"နှင်း ပြန်ပို့ရမှာပေါ့နော်"

"အင်း ... ငါပြန်ပို့ရမယ်"





"နှင်း အရမ်းအထီးကျန်မဆန်ဘဲ ခုလို မိတ်ဆွေအပေါင်း အသင်းနဲ့ နွေးနွေးထွေးထွေး ရှိတာကို ငါ တကယ်ဝမ်းသာ ပါတယ် ဝန်၊ ဒါပဲနော်"

ယမုန့်ရဲ့ နောက်ဆုံးစကားဟာ ဆွေးမြည့်ဝမ်းနည်း ရိပ် သီသီရစ်သန်းနေတာ ဝန်ဇင်း ရိပ်မိလျက် သူ့ရင်ထဲပါ ဆွေး မြည့်ရပါသည်။

❣ ❖ ❣

အင်းယားကန်ဝင်းထဲ ကားထိုးဝင်လိုက်လျှင် အကြော် ဆိုင်မှာ ထိုင်စောင့်နေသည့် သာကီက အပြေးကလေးထ,လာပါ သည်။ ကားပေါ်က အဆင်းပင် မစောင့်ဘဲ ကားပြတင်းမှခါးကိုင်း ကာကြည့်ရင်း ...

"မလာများ မလာတော့ဘူးလားလို့"

"လာမယ်ပြောထားတာပဲ၊ လာမှာပေါ့ သာကီရဲ့"

စာမေးပွဲအတွက်လည်း ကျန်းမာရေး ကောင်းနေ အောင် ကြီးကြီးမားမား လေ့ကျင့်ခန်းလည်း မလုပ်နိုင် မလုပ်အား တဲ့ သာကီ့ကို မနက်ထ,ပြေးဖို့ စ,တိုက်တွန်းတာက ဝန်ဇင်း။

"ဦးဝန်ဇင်းလည်း လာပြေးရမယ်၊ ထိထားတဲ့ ခြေကြောင်း ဝတ် ပိုပြီးကြံ့ခိုင်လာအောင်လေ"

"ကိုယ်က နေ့တိုင်းမှန်မှန် မလာနိုင်ဘူး သာကီ"



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်း မလာနိုင်ရင် လာနိုင်တဲ့နေ့လာပေါ့၊ သာကီလည်း ဦးဝန်ဇင်း လာပြောတဲ့နေ့မဲ့ ပြေးမယ်"

"အဲသလိုတော့ မလုပ်နဲ့လေ၊ မင်းတို့အိမ်က နီးနီးလေးရယ်ပဲ၊ နေ့တိုင်း ပုံမှန်ပြေးပေါ့၊ ငါမလာနိုင်လို့ မင်းလည်း မပြေးတာ အဓိပ္ပာယ်မရှိဘူးလေ၊ မိုးလည်းကုန်စပြုနေပြီ၊ မင်းအတွက်က ဘာမှအပန်းလည်းမကြီးဘူး၊ ငါကအဝေးကြီး လာရမှာမို့ပါ"

"ဟင့်အင်း ... ဦးဝန်ဇင်းလည်း လာရမယ်"

"တချို့ရက်တွေဆိုရင် မနက်အစောကြီး ကိုယ်က အဆဲမ်ဘလီသဘောမျိုး ကလေးတွေကို ခန်းမမှာ စကားပြောရတာ ရှိသေးတယ် သာကီ"

"အဲဒါ တစ်ပတ်ကို ကိုးတန်းတစ်ရက်၊ ဆယ်တန်းတစ်ရက်ပဲ မဟုတ်လား၊ အဲဒီနှစ်ရက်တည်းကို ရှောင်ပြီး ကျန်တဲ့ရက်တွေ လာပြေးပေးပေါ့"

"သူ မသိတာကို မရှိဘူး"

"ဒါပေါ့၊ သိတာပေါ့၊ ဦးဝန်ဇင်း စကားတွေထဲက မှတ်မှတ်ထားတာ"

ဤသို့ဖြင့် ဆယ်မိုင်ကုန်းက ဝန်ဇင်းသည် ငါးမိုင်ခွဲက အင်းယားကန်စပ်ကို သာကီနှင့် အဖော်ပြုပြေးဖို့ ရောက်ရောက်နေခဲ့ရပါတော့သည်။

"ဆယ့်ငါးမိနစ်တောင် နောက်ကျနေတာ"





"အင်း ... နာရီကြည့် မှားသွားလို့ပါ"

သာကီက လက်ထဲကိုင်ထားတဲ့ ရေဘူးကလေးကို သူနဲ့အဖော်ခေါ်လာတဲ့ အိမ်ကကောင်မလေးထံပေးရင်း ကန်ပေါင်လျှောက်လမ်းဆီ ဝန်ဇင်းနှင့်အတူ လျှောက်ခဲ့သည်။ ဖက်ဖူးစိမ်းနဖူးစည်း၊ ဖက်ဖူးစိမ်း စပို့ရှပ်လေးနှင့် ဘောင်းဘီစက အဖြူလေး ဝတ်ထားသော သာကီရဲ့ပုံစံလေးက လန်းဆွင့်နေပါသည်။

"ဦးဝန်ဇင်း"

"အင်း"

"ဟိုနေ့က သာကီ ဝယ်ပေးတဲ့ စပို့ရှပ်လည်း မဝတ်ရသေးဘူး"

ဝန်ဇင်းက ပြုံးရင်း ...

"သာကီ့ စပို့ရှပ်က မရမ်းစေ့ရောင်လေး၊ သိပ်လှနေတော့ မဝတ်ရဲသလိုပဲ"

"အာ ... ဝတ်ပါ ဦးဝန်ဇင်းကလည်း"

"ပြီးတော့လည်း"

"ပြီးတော့ ဘာဖြစ်လဲ"

"သာကီ့မှာလည်း ဆင်တူ မိန်းကလေးဝတ် ဝယ်ထားတာ မဟုတ်လား"

"အင်းလေ"

"ကိုယ်ဝတ်လာရင် သာကီနဲ့မတော်တဆ ဆင်တူဖြစ်နေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တော့ ဘာဖြစ်လဲ"

"ဟာ ... ချိန်းဝတ်ထားသလို ရှက်စရာကြီးပေါ့"

"ရှက်စရာလား ဦးဝန်ဇင်းကလည်း၊ ဦးဝန်ဇင်း ဆင်တူ မဖြစ်ချင်ရင် သာကီက အဲဒီအကျႌဝတ်မယ့်နေ့ကျ ဝတ်မယ် လို့ ပြောပါ့မယ်၊ အဲဒီနေ့ကို ရှောင်ဝတ်ပေါ့လို့"

သာကီ့လေသံက ခပ်ချွဲချွဲလေး။ နှုတ်ပြီး ဘာမှလိမ်း ကျံမထားတဲ့ မျက်နှာဖြူဥဥလေးကို ဝန်ဇင်း မျက်နှာလွှဲထားလိုက် ပါသည်။ ဘာကြောင့်များ ကိုယ့်ကိုလာပြီး ငြိတွယ်ချင်နေသလဲ သာကီရယ်။ သူ ရိပ်မိနိုင်ပါသည်။ ဒီကိစ္စမှာ မလည်ဝယ်လှမယ့် အတုံးအ,အတော့လည်း မဟုတ်ရပေ။

သူ့ခမျာ သူသိပ်ချစ်တဲ့ ချစ်သူကြောင့် အသည်း... ကွဲပြီး ဝမ်းနည်းအထီးကျန်တုန်း သူ့နံဘေး ရောက်လာတဲ့ ... လည်း အထိုက်အလျောက် အထင်ကြီး လေးစားအားကိုးတဲ့... တစ်ယောက်အပေါ် မတော်တဆ တွယ်တာငြိနှောင်မိသွားပုံ... သူ့မှာ သိပ်ခင်တဲ့ ယောကျာ်းလေး အပေါင်းအသင်းလည်း... ဘယ်မှလဲ သိပ်မသွားဖြစ်ဘဲ အသံသွင်းကိစ္စ သီချင်းကိစ္စကလွဲ... အိမ်မှာပဲ။

ဒီအရွယ် မိန်းကလေးတစ်ယောက်အဖို့ စိတ်... ယိမ်းယိုင်မယ်ဆိုလည်း ယိမ်းယိုင်ချင်စရာဖြစ်အောင် နေ့နေ့... တွေ့နေရတာက ဝန်ဇင်းနဲ့ပဲ မဟုတ်လား။





"နော်လို့"

"အင်း"

"ဝတ်နော်"

"အင်းပါ"

"သာကီကလေ ဦးဝန်ဇင်း မလာတော့ဘူးပဲ ထင်တာ၊ မယမုန်တို့အလှူဆွမ်းကျွေးကို ရောက်သွားပြီထင်တာ"

"အာ ... ကိုယ်က သူတို့ဆွမ်းကျွေး ဘာဖြစ်လို့ ရောက် ရမှာလဲ"

"မယမုန် မဖိတ်ဘူးလား၊ သာကီနဲ့ အဘိုးကိုတောင် လှမ်းဖိတ်တယ်"

"ကျုပ်ကို ဖိတ်မလား ဒေါ်သာကီရဲ့၊ မသိတာ ကျနေတာပဲ"

"သိသွားလေ၊ မယမုန်က ခုတလော ဦးဝန်ဇင်းဆီ ဖုန်းဆက် ဆက်နေတယ် မဟုတ်လား"

ဝန်ဇင်းက အံ့အားသင့်ကာ ...

"ဘယ်သူပြောလဲ"

"မယမုန်ပဲ ပြောတာလေ၊ ဟုတ်တယ် မဟုတ်လား"

"အင်းပါ ... ဒါပေမဲ့ တစ်ခါတစ်ရံပါ၊ အမြဲမဆက်ပါဘူး၊ သူ့အိမ်မှာ ခုတလော သူ့အမေလည်း နေမကောင်း၊ ပွဲတူးကလည်း ဆေးဝါးငြိတယ်ဆိုလားပဲ၊ စိတ်ညစ်စရာ တွေ သူ့မှာသိပ်ဖိစီးတဲ့အခါ တစ်ခါတစ်ရံ စိတ်ပြေလက် ပျောက် ဆက်ပုံရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာကြောင့် ဆက်ဆက်လေ၊ ဆက်တာက အဓိကပဲ၊ ဟို အရင်က လုံးဝမဆက်တာပဲဟာ၊ ကြည့်ရတာ အန်တီ ကြီး လျှော့သွားရင်တော့ ဦးဝန်ဇင်းနဲ့ မယမုန်ကိစ္စ အိုကေပြန်ဖြစ်သွားမယ် ထင်တယ်နော်”

“ဟား … မင်းပြောပုံကတော့၊ နေမကောင်းတဲ့ လူကြီး ကျွာ”

“ဒါပေမဲ့ ဦးဝန်ဇင်းတို့အတွက် အန်တီစိုး တစ်ယောက် ခလုတ်လို ဖြစ်နေတာပဲလေ”

“ဒါပေမဲ့ ယမုန့်အတွက်ကျတော့ တန်ဖိုးမဖြတ်နိုင် မိခင် မဟုတ်လား သာကီရဲ့၊ ဒီလိုမဖြစ်စေချင်ပါဘူး”

“ဟွန်း … သိပ်ချစ်တာပဲနော်”

“မဟုတ်ဘူးလေ၊ ချစ်တာထက် ထားသင့်တဲ့စိတ်ထား ပြောတာပါ၊ ဒါနဲ့ ယမုန်က ကိုယ့်ဆီ ဖုန်းဆက် သာကီ့ကို ပြောတယ် … ဟုတ်လား”

“အင်း”

သာကီက ပြုံးနေလိုက်ပါသည်။ မြွေမြွေချင်း ဦးဝန်ဇင်းရယ်၊ သာကီ သိပါတယ်။ မယမုန်ဟာ သူနဲ့ဦးဝန် အနည်းငယ် အဆက်အသွယ် ပြန်ရှိတယ်ဆိုတာကို သာကီ တမင်သိစေတာပါလေ။ သူ့ရင်ထဲ သာကီ မြင်တာပေါ့။ သူလည်း ပဲ သာကီ့ရင်ထဲကို မြင်တာပဲလေ။ သာကီ ဦးဝန်ဇင်းကို တွယ်





အားကိုး သံယောဇဉ်ကြီးလာသမျှ အရမ်းလိုအပ်တာကအစ သာကီ ကလည်း မယမုန်ကို ပြောတာကိုး။

“ဘယ်လိုသဘောမျိုးတွေ ပြောတာလဲ”

“ဘာလို့ သိချင်တာလဲ”

“သြော် … မေးကြည့်တာပါ၊ သာကီလို ကလေးကို ဘာ ဖြစ်လို့ လာပြောပြလဲလို့ပါ”

“သာကီကလည်း ကလေး မဟုတ်ဘူး၊ ကလေး မဟုတ်တာ မယမုန်လည်းသိလို့ လာပြောတာပေါ့”

“ဟင်”

“ဦးဝန်ဇင်းကို ငါ ပြန်ဆက်သွယ်နေတယ်နော် ဆိုတာ သာကီ့ကို သတိပေးတဲ့ သဘောပေါ့၊ သာကီ သိပါတယ်”

ဝန်ဇင်းသည် ဘာပြောရမှန်း မသိ နှုတ်ဆွံ့သွားရပါ သည်။ သာကီကတော့ လက်ပိုက်ကာ ဖြည်းဖြည်းလျှောက်ရင်း ဝန်ဇင်းကို ကျွမ်းရရပင် မော့ငေးကြည့်သည်။

“ဦးဝန်ဇင်း ကားနဲ့တိုးမိပြီး ခြေထောက်ထိမိတဲ့အချိန်မှာ ဦးဝန်ဇင်း ဖုန်းနံပါတ်ကို မယမုန်ဆီက ရတဲ့အချိန်ကစပြီး မယမုန်နဲ့ သာကီနဲ့ မကြာမကြာ ဖုန်းပြောဖြစ်ကြတယ်၊ ဖုန်းပြောတိုင်းလည်း သာကီတို့နှစ်ယောက်ကြားမှာ နှစ် ယောက်လုံး ပြောချင် ကြားချင် စိတ်ဝင်စားတဲ့ Subject က ဦးဝန်ဇင်း အကြောင်းပဲလေ …



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ဆက်ဆံတွေ့ဆုံနေရတာ ပတ် သက်ရင်းနှီးနေရတာက သာကီ ဖြစ်နေတော့ သာကီမှာ ပြောစရာ အချက်အလက်အသစ်တွေ ပိုများတယ်၊ သာကီ ကလည်း ပြောမိတယ်၊ မယမုန်ကလည်း ကြားချင်တယ် အဲသလို ပြောဖြစ်ရင်းကနေ သာကီနဲ့ မယမုန်ကြားမှာ တစ်ယောက်ကိုတစ်ယောက် နားမလည်နိုင်တာလေးတွေ ရှိလာတယ်"

"ဘာတွေလဲ"လို့ ဝန်ဇင်း မမေးရဲပါ။ ခုတော့ ယမုန်ဟာ သူ့ထံ ဘာကြောင့် ဖုန်းပြန်ဆက်ပြီး အဆက်အသွယ် အမျှင်တန်းပြန်တာလဲ ဆိုတာ ဝန်ဇင်း သဘောပေါက်ပါပြီ။ ... တို့မိန်းကလေးနှစ်ယောက်ချင်းကြားက စကားတွေကိုလည်း အ... အကျ မဟုတ်ပေမယ့် ဘယ်လိုပုံစံမျိုးတွေ ဖြစ်မလဲဆိုတာ ဝန်... နားလည်နိုင်သည်။

"အမှတ်ကောင်းရင်"ဆိုတာနဲ့ ချုပ်ကိုင်တဲ့ သာ... တောင်းဆိုချက်လေးတွေကို သူကိုယ်တိုင် လိုလိုလားလား လ... ရင်း လိုက်လျှောရင်းက သူနဲ့ သာကီရဲ့ဆက်ဆံရေးဟာ ရင်... နွေးထွေးပြီး တစ်စတစ်စ ချည်နှောင်လာပါသည်။ ဝန်ဇင်းရဲ့... ထဲမှာလည်း သာကီ့ကို သူကိုယ်တိုင်က အလိုလိုက် ဖြည်... လိုတဲ့ဆန္ဒ ရှိကို ရှိနေတာပါ။

တတ်နိုင်သမျှတော့ သူ့အပြောအဆို အနေအ... ဆက်ဆံရေးတို့ကို တည်ကြည်ရင့်ကျက်ဆောင် သူဂရုစိုက်ပါ...





ဒီကြားထဲကပဲ သူ့ရဲ့မေတ္တာ စေတနာတို့ တစ်ဖွန်းတစ်စ လှစ်ခနဲ ပေါ်လွင်သွားခဲ့တဲ့ အခါတွေလည်း ရှိခဲ့မှာပေါ့။ သေချာတာက တော့ သင့်တော်သည်ဖြစ်စေ မတော်သည်ဖြစ်စေ၊ ဝန်ခံသည်ဖြစ်စေ ခံသည်ဖြစ်စေ ဝန်ဇင်းနှင့် သာကီတို့ရဲ့ရင်ထဲကိုယ်စီ အသီးသီးမှာ ခံစားချက်ချင်း ဆက်သွယ်ချက် တစ်စုံတစ်ရာ ရှိနေတာပင်တည်း။

"ဦးဝန်ဇင်း"

"အင်း"

"ဦးဝန်ဇင်း မယမုန်ကို သိပ်ချစ်မှာပဲနော်"

"... ... ..."

"မယမုန်ကလည်း ချစ်စရာ သိပ်ကောင်းပါတယ်၊ စိတ်ကောင်းရှိပြီး စိတ်ထားလည်း နူးညံ့တယ်၊ မယမုန် ခုလို ဖုန်းပြန်ဆက်ဆက်နေတော့ ဦးဝန်ဇင်း အရမ်းပျော်မှာပဲ နော်"

"... ... ..."

"အလုပ်ထဲပဲ နှစ်မြှုပ်ထားတဲ့ ဦးဝန်ဇင်းရဲ့ဘဝလည်း နည်းနည်းပြန်ပြီး အဓိပ္ပာယ်ရှိလာမှာပါ"

သာကီက လူကြီးလေးလို ခပ်ညည်းညည်းပြောနေ ...သည်။

"ကဲ ... ကဲ၊ ဒေါ်သာကီ အရေးမပါတာတွေ ဖြတ်စို့၊ ပြေးမယ် လာ၊ လမ်းချည်း ဓိမ်ဆွဲလျှောက်လာတာ ဟိုဘက် ထိပ်ရောက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် … သာကီက ဖိမ်မဆွဲပါဘူး၊ သာကီ့ခြေလှမ်းက ရှေ့ကြောနေတယ်လေ၊ ဒီမှာလေ ဦးဝန်ဇင်းက ဖိလင်လေးနဲ့ လျှောက်နေတာလေ"

သာကီက ရှေ့တစ်လှမ်း နှစ်လှမ်း ကြောလောက်မှ ဝန်ဇင်းဘက် တည့်တည့်လှည့် မျက်နှာချင်းဆိုင်ကာ နောက်ပြန်လျှောက်ရင်း ခြေထောက်တွေကို ညွှန်ပြကာ ပြုံးစပ်စပ်လေးပြော နေတာကို ဝန်ဇင်းကလည်း အပြုံးနှင့် ချစ်စနိုး ပြန်ကြည့်နေမိဆဲ နောက်ပြန်လျှောက်နေတဲ့ သာကီသည် နောက်ကလူတစ်ယောက် နှင့် ဖျတ်ခနဲ သွားတိုက်မိပါသည်။

"အမယ်လေး"

သာကီက အလန့်တကြားလေး ရေရွတ်ကာ ပခုံး ကျုံ့၍ ရှောင်ထွက်မည် ပြင်လိုက်တာကို အရှောင်မခံဘဲ နောက် ကနေ သာကီ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်တဲ့ လူရွယ်ရဲ့ အပြုအမူကြောင့် ဝန်ဇင်း မျက်ခုံးကြီးပင့်ကာ နားထင်နားရင်းအထိ ပါ ပူထူသွားသယောင် ရှိလေသည်။

"ဟော့ကောင်"

တကယ်တော့ သာကီနှင့် ဒီကောင် ဝင်တိုက်မိ အကြောင်းကို မရှိပါ။ သာကီ ဝန်ဇင်းကို မျက်နှာချင်းဆိုင် နောက်ပြန်လေး‌စ,လျှောက်လိုက်စဉ်က ဒီကောင်ဟာ သာကီ့နောက် မှာ မရှိ။ ကန်စပ် ကွန်ကရီအုတ်ပေါင်တန်းပေါ် ရပ်နေတာ အ

ကနေ ဆင်းလာပြီး သာကီ့နောက်ကို ဝင်ရပ်လိုက်တဲ့အတွက် သာကီနှင့် တိုက်မိလိုက်တာဖြစ်ပြီး ဒီထက်ပိုကာ သာကီ့ပခုံးလေး တွေကိုပါ ဆုပ်ကိုင်လိုက်တဲ့ အခါမှာတော့ …။

မကျေမချမ်း ဆတ်ဆတ်ခါသွားတဲ့ ကိုယ့်ခံစားချက်ကို ကိုယ်အံ့အားသင့်ရင်း ကြားကပင် ဝန်ဇင်းက ဒေါသတွေ တလိပ်လိပ်ထ,ကာ …

"ဟော့ကောင် … မင်း ဘာလုပ်တာလဲကွ"

သာကီက ရုန်းထွက်တာကိုပင် ဒီကောင်က ပခုံးကို တင်းတင်းဆုပ်ကိုင်ထားလိုက်ကာ အလွှတ်မပေး။ သာကီသည် အလန့်တကြားနှင့် ကိုယ်ကိုတွန့်လိမ် ရုန်းကန်ထွက်ကာ ဝန်ဇင်း နံဘေး အပြေးကပ်လိုက်ပြီး ဝန်ဇင်းရဲ့လက်ဖျားကို ဆုပ်ဆွဲထား လိုက်ပါသည်။

"ဟင်"

သာကီ့ဘယ်လက်က ဝန်ဇင်း ညာလက်နှင့် ဆုပ်တွဲ ထာ သာကီ့ညာလက်က ဝန်ဇင်းရဲ့ထိုညာလက်ကိုပဲ လှမ်းပြီး အားကိုးတကြီး ဖက်ထားလိုက်တဲ့ ပုံစံနှင့် မျက်နှာချင်းဆိုင် ဖြစ် သွားသူကို ဒေါသတငြီးငြီး လှမ်းကြည့်လိုက်တဲ့ သာကီ့ထံက အာမေဋိတ်သံလေးက ခပ်တိုးတိုး လွင့်ကျလာသည်။

ထိုလူရွယ်က ခြေကိုချဲချဲရပ်ရင်း လက်နှစ်ဖက်ကို ပိုက်ထားလိုက်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



"မိုး"

သာကီ့နှုတ်မှ ရေရွတ်သံနှင့်အတူ သာကီ့လက်က လေးနှစ်ဖက်လုံးသည် ဝန်ဇင်းထံ အားကိုးတကြီး တွဲဖက်ချိတ်ဆက်ထားရာမှ တဖြည်းဖြည်းချင်း ပြေလျော့ကာ အသာအယာဖြုတ်ထွက်သွားလေသည်။

ရန်လိုနေတဲ့ ဝန်ဇင်းရဲ့ရုပ်သွင်ဟာလည်း အံ့အားသင့်တဲ့အသွင်အပြင်သို့ ပြောင်းလဲသွားကာ သူ့ရင်ထဲမှာ သိသိသာသာ လစ်ဟာသွားပါသည်။ ဘယ်လိုခံစားလိုက်ရတယ် ဆိုတာ ပြောမပြတတ်ဘဲ မြတ်နိုးတန်ဖိုးထားတဲ့ အရာတစ်ခု လက်ကမတော်တဆ လွှတ်ကျကွဲသွားတာကို ကြောင်တက်တက်နှင့် နှမြောတသနေမိသလို လူတစ်ကိုယ်လုံး ငြိမ်သက်သွားရပါသည်။

"မိုး"လို့ သာကီ့နှုတ်က ထွက်လာတဲ့ အသံဖွဖွကလေးနဲ့တင် သူဟာ ဒီနေရာမှာ လူပိုသက်သက် ဖြစ်သွားပြီဆိုတာကို သူ သဘောပေါက်တဲ့အပြင် သာကီ့ကို ဒီလူ့ရှယ်လက်မှ ကာကွယ်စောင့်ရှောက်ဖို့ မလိုအပ် ဆိုတာကိုလည်း အသေအချာနားလည်ရလေသည်။

"ဘယ်လိုလဲ သာကီ"

"ဘာကို ဘယ်လိုလဲလည်း"

"သြော် ... နေကောင်းတယ်နော်၊ စာတွေရတယ်နော် အဆင်ပြေတယ်နော် ဆိုတဲ့ မေးခွန်းတွေအားလုံးကို ပေါင်းမေးလိုက်တဲ့ သဘောပါ"





"အားလုံး အဆင်ပြေပါတယ်၊ နင်ရော ! "

"သိပ်အဆင်မပြေဘူး"

မိုးဝေက ပခုံးတစ်ချက်တွန့်၍ ဖြေသည်။

"နင်ကန်ပေါင်မှာ လူကြီးလူကောင်း အဖော်တစ်ယောက်နဲ့ ပြေးနေတယ်ဆိုတဲ့ သတင်းကို ယူလာတဲ့သူက ငါ့အစ်မလေ၊ ငါက အိမ်မှာ အားလုံးကို သိစေထားတာက သာကီခင်လေးမှာ ငါကလွဲလို့ တခြားဘယ်ယောက်ျားမှ ခေါင်းထဲထည့်စရာ မရှိဘူးလို့လေ၊ ငါ့အမေ ငါ့အစ်မတွေကလည်း သူတို့ခွဲလို့သာ နင်နဲ့ ငါနဲ့ ကွဲနေပေမယ့် နင့်မှာ ငါကလွဲလို့ တခြားလူ ဘယ်တော့မှ ရှိမလာဘူးလို့ပဲ ယုံကြည်ကြတာလေ"

သာကီ့မျက်နှာက နာကျင်သွားကာ ...

"နင်တို့မိသားစုက အတွက်ကြီးလုချည်လား မိုးဝေ"

"အဲဒါ နင် အရင်ကတည်းက သိသားပဲ မဟုတ်လား သာကီ၊ အခုမှမှ မဟုတ်တာ၊ ဘာပဲဖြစ်ဖြစ် နင့်မှာ ငါပဲ ရှိတာလို့ ငါက လေတစ်လုံး မိုးတစ်လုံး ရိုက်ထားပြီးမှ ငါ့အစ်မက နင့်ကို လောကသစ်မှာ သာယာကြည်နူးနေတဲ့ ပုံစံမျိုးနဲ့ တွေ့လာခဲ့တာ၊ ငါ့အဖို့ အဆင်မပြေဘူးပေါ့ ...

ငါ့အမေကအတွက်၊ ငါ့အစ်မကအတွက်၊ ဒါတွေ နင်လည်းသိ ငါလည်းသိပဲလေ၊ ဒီအတွက်တွေ ကြားထဲကပဲ ငါတို့ ချစ်ခဲ့ကြ၊ တွဲခဲ့ကြ၊ လက်တွဲဖြုတ်ခဲ့ကြတာပဲ၊ ငါ့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနဲ့ အတွက က ခွဲလို့မှ မရတာ၊ အထူးတဆန်းမှ မဟုတ်တာ"

"နင် ကန်ပေါင်ကို ဘာလာလုပ်တာလဲ"

"ဘာလုပ်ရမှာလဲ၊ နင့်ရဲ့လောကသစ် ကမ္ဘာသစ်ကို လာကြည့်တာပေါ့"

သာကီက သက်ပြင်းတစ်ချက် ချလိုက်ရင်း ဝန်ဇင်းကို လှည့်မော့ကြည့်ကာ ...

"ဦးဝန်ဇင်း ... သူက မိုးဝေတဲ့၊ ဒေါက်တာမိုးဝေပေါ့"

ဝန်ဇင်းနှင့် မိုးဝေ တစ်ယောက်ကို တစ်ယောက် ခေါင်းတစ်ချက်စီ ညိတ်ပြလိုက်ပါသည်။

"မိုးဝေ ...၊ ဦးဝန်ဇင်းက ငါ့ရဲ့ Guide"

မိုးဝေက ခေါင်းတညိတ်ညိတ် လုပ်နေသည်။ Guide ဆိုတော့လည်း Guide ပဲ ထားပါတော့လေ ဆိုတဲ့ စကားမျိုး သူ့မျက်ဝန်းတွေက ပြောနေသလိုပင်။

"ငါ့ရဲ့ကျေးဇူးရှင်လည်း ဟုတ်တယ်"

"နင် ဒီနှစ်အောင်သွားရင် ငါ့ရဲ့ကျေးဇူးရှင်ပါ ဖြစ်လာမှာပေါ့"

"မဆိုင်ပါဘူး"

"ဆိုင်တယ်လေ၊ ဆိုင်တာ နင်အသိဆုံးပဲ"

"ငါ စိတ်မဝင်စားဘူး မိုးဝေ၊ နင် ငါ့ကို ဘာများမှတ်နေ လဲ၊ နင့်အမေ ငါ့ကိုဖွဲ့တဲ့ စကားတစ်ခွန်းကို အဟုတ်မှတ်





ပြီး ခွေးသေကောင်ပုပ်ကို လဒမျှော်သလို မျှော်တလင့်လင့် ဖြစ်နေမယ်များ ထင်နေလို့လား၊ ကဲ ... ပြောစမ်းပါဦး၊ အခု နင့်အမေကို ဘယ်လို လှည့်ဖြားပြီး ထွက်လာပြီး တော့ ဦးကျော်တောင် မပါဘဲ ငါ့ဆီ လာခွင့်ရခဲ့တာလဲ လို့"

"ဦးကျော် ပါတယ်၊ ကားပေါ်မှာ"

"ဩော် ... ဟား ဟား ... ဒါကြောင့် ထင်တော့ ထင်သား၊ မိုးဝေ တစ်ယောက်တည်းတော့ ငါ့ဆီလာခွင့် မရနိုင်ပါဘူး လို့"

မိုးဝေ မျက်နှာက နီမြန်းနေပါသည်။ သူတို့ဘက် မလှည့်ဘဲ ကန်ဘက်လှည့်ကာ အသက်ရှူလေ့ကျင့်ခန်းပဲ လုပ်နေ သလိုလို လုပ်နေမိတဲ့ ဝန်ဇင်းဟာ သာကီ့ကို ထားရစ်ခဲ့ပြီး လက် လွှတ်စပယ်တော့ ထွက်မသွားချင်ပါ။ ရင်ထဲမှာ ခပ်နင့်နင့်ခံစား နေရတဲ့ ဆုံးရှုံးမှုတစ်ခုကို အံ့အားတသင့် ဝမ်းနည်းရခြင်း သူနေ သားမကျသေးပါ။

သာကီ့စကားတွေထဲမှာ နာကြည်းခြင်းတွေ ပြည့်သိပ် နေပေမယ့် အဲဒီနာကြည်းခြင်းတွေ ကြားထဲမှာပဲ သံယောဇဉ်တွေ သည်း အပြည့်အသိပ် ပျော်ဝင်နေတာ မြင်နေရတာပေါ့။ စိတ်မှာ ချင်ယောင် ဆောင်ထားတာတတ်တာဖြစ်တဲ့ စိတ်ပျော့သူကလေးဟာ ဒီကောင်လေးရှေ့မှာ မဟုတ်ရင်တော့ တိတ်တိတ်လေး ခိုးငိုနေမှာ သေချာသလောက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"သာကီ ... နင့်ကို ငါ တစ်ခွန်းပဲ ပြောမယ်"

"... ... ..."

"ငါ ဆရာဝန်ဖြစ်သွားပြီ"

"အဲဒီတော့ ! "

"အဲဒီတော့ ဘာဖြစ်ရမလဲ၊ ငါ့ခြေထောက်ပေါ် ငါရပ်လို့ရပြီပေါ့"

သာကီ့ မျက်ခုံးတွေပင့်ပြီး နှုတ်ခမ်းလေးပါ အဟောင်းသားဟာသွားရပါသည်။ မိုးဝေရဲ့စကားအဓိပ္ပာယ်ကို သာကီသာမက ဝန်ဖင်းတောင် နားလည်ပါသည်။ ဝန်ဖင်း ကိုယ်တိုင်လည်း အံ့အားသင့်ကာ သာကီဘက် မသိမသာတစ်ချက် ဖျတ်ခနဲကြည့်မိသည်။

ဒီစကားကို အငိုက်မိသွားလိုက်တာ။ ကြက်သေ,သေသွားလိုက်တာ။ ဘာတစ်ခွန်းမှ မတုံ့ပြန်နိုင်အောင် ဖြစ်သွားတဲ့အပြင် မျက်နှာပြင်က ခံစားချက် သွင်ပြင်ပါ တဖျပ်ဖျပ်ပြောင်းလဲသွားလေသည်။

အင်း ...။

ဒါ မင်းမျှော်လင့်နေတဲ့အရာ မဟုတ်လား သာကီ။

"ငါ့ခြေထောက်ပေါ် ငါရပ်လို့ မရသေးခင်တုန်းက ငါ ဒီလိုဆုံးဖြတ်ချင်တယ်ဆိုရင်တောင် နင့်ကို ငဲ့ရမယ်လေ ငါတို့ကိစ္စက ငါ့အမေတစ်ဖက်တည်းက သဘောမတူတာ





မကတော့ဘူး၊ နင့်အဘိုးကပါ သဘောမတူတော့တာ မဟုတ်လား"

သာကီက မိုးဝေကိုမယုံကြည်နိုင်သော မျက်ဝန်းများနှင့်ကြည့်ကာ ...

"နင်က တကယ်ပဲ နင့်ခြေထောက်ပေါ် မရပ်နိုင်သေးတာ တစ်ခုတည်းကြောင့် ငါ့ကို စွန့်ပစ်တာ ... ဟုတ်လား၊ ရောမချစမ်းပါနဲ့ မိုးဝေရယ်၊ နင်ကိုက သတ္တိမရှိခဲ့တာပါ၊ ရွှေဇွန်းကိုက်ပြီး ရွှေရေတကောင်းကရေကို သောက်နေရတဲ့ဘဝကနေ နင် ဆင်းမလာရဲတာ မဟုတ်လား၊ နည်းနည်းတောင် လျော့ကျဖို့ သတ္တိမရှိတာ မဟုတ်လား ...

အခုမှ ငါ့ဘေးမှာ လူတစ်ယောက်မြင်မှ နင့်သတ္တိက ချောင်ကြိုချောင်ကြားကနေ သွေးရူးသွေးတန်း ထွက်လာတာ မဟုတ်လား မိုးဝေ၊ ဒါ နင် တကယ်သတ္တိရှိလာတာမှ မဟုတ်တာ၊ သာကီခင်လေးဟာ နင်မှ နင်ပဲလို့ နင်ထင်ရာကနေ တခြားတစ်ယောက်လည်း ရှိနေနိုင်ပါလားလို့ နင် ပူလောင်လာတော့မှ လက်လွှတ်မပေးနိုင်တဲ့ အတ္တတွေ ထွက်လာတာလေ ...

နင်တို့ရဲ့မိသားစုရဲ့မိရိုးဖလာအတ္တတွေ၊ ဟား ဟား ... ခုမှပဲ နင်ဟာ ဒေါ်ဝင့်ကြီးရဲ့သား ပီသလာတာပါလား မိုးဝေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးဝေ မျက်နှာက နီမြန်းနေကာ ...

"နှင်ထင်ချင်သလို ထင်နိုင်တယ်၊ နှင် ပြောချင်သလို ပြောနိုင်တယ်၊ ဒါပေမဲ့ ငါနှင့်ကို သံယောဇဉ် မပြတ်ဘူး ဆိုတာ ခုမှထ,ပြောတာ မဟုတ်ဘူး၊ နှင့်ကိုတွေ့တိုင်းပြော ခဲ့တာ"

"မတွေ့ရင် လိုက်ရှာမပြောခဲ့ပါဘူး မိုးဝေရယ်၊ နှင်က ငါ့အနားရောက်တာ ဒီတစ်ခါ ပထမဆုံးပါ၊ ငါကသာ နှင့်အနား ရောက်ရောက်လာတာ၊ ငါ့ကိုတွေ့မှ အညောင်း ပြေ အညာပြေ ပြောတဲ့စကားတွေကို စာရင်းလာမလုပ်ပါ နဲ့၊ ငါ့ကိုမတွေ့ရင် ဘယ်တော့မှ လိုက်ရှာတွေ့ချင်စိတ် မဖြစ်ဘဲ ပစ်ထားနိုင်တာပဲ မဟုတ်လား"

"အဲဒါ နှင့်ကို ငါယုံတာ၊ ငါယုံလို့၊ ဝေးလည်းသွေးအေး မသွားဘူးလို့ နှင့်ကို ငါက စိတ်ချမိတာကိုး၊ ခုတော့ နှင် က စိတ်မှမချရတာ"

"ဪ ... နှင် ရည်းစားတစ်ထောင် ထားနေတာကျတော့ ရော"

"ရည်းစားကို မဟုတ်တာ"

"ငါကကော ရည်းစားထားနေလို့လား"

"ရည်းစားဆိုတာထက် အများကြီးပိုပြီး နှင့်ဘဝကို သိမ်း ပိုက်ထားပြီ မဟုတ်လား၊ ငါ နှင့်ကို ဒီမှာလာကြည့်တော့





သုံးရက်ရှိပြီ၊ နှင်ပျော်နေတာ၊ နှင်ကြည်နူးနေတာ၊ လုံးဝ မညာနဲ့၊ ဘာမှမဟုတ်ရင် ငါ ခုလိုဖြစ်နေစရာတောင် မလိုဘူး၊ နှင် ဒီလူကို ချစ်နေတယ်"

မိုးဝေက အံကြိတ်အော်လိုက်လျှင် ဝန်ဇင်း နှလုံး ခုန်သံက တဒုတ်ဒုတ်နှင့် ပြင်းထန်ကျယ်လောင်လာကာ သူ တစ်ခုခုများ ဝင်ပါသင့်သလားလို့ သာဂီထံ တစ်ချက်ကြည့်လိုက် ပါသည်။ နှာကျင်ကြေကွဲနေတဲ့ မျက်နှာကလေးနှင့် မျက်ခမ်းစပ် မှာ မျက်ရည်ဥခိုတွဲပြီး ပေါက်ခနဲ ပြုတ်ကျတော့မယ့် သာဂီ့ အနေအထားကို မြင်လိုက်လျှင် ...

"ဒီမှာ ... ညီလေး၊ မင်း မှားနေပြီ"

"ဘာမှားနေတာလဲ"

"မင်းစကားတွေ မင်းထင်တာတွေ မှားနေတယ်ကွ"

"ဘာဖြစ်လို့ မှားရမှာလဲ၊ ခင်ဗျားရုပ်က ဟိမ်တဲ့ရုပ်မှမ ဟုတ်တာ၊ မမှားဘူးဆိုတာ ခင်ဗျား သိကိုသိပါတယ်၊ ခင်ဗျား သာဂီခင်လေးကိုသိတာ ဘယ်နှလရှိပြီမို့လို့လဲ၊ အချိန်တိုပါသေးတယ် ဦးဝန်ဇင်း၊ သာဂီ့စိတ်ကို ခင်ဗျား ကွက်တိမမှန်းနိုင်သေးပါဘူး၊ မသိသေးပါဘူး"

ဘာဖြစ်လို့ မသိရမှာလဲ။ သိတာပေါ့ ငါ့လူရယ်။ ဒါ သိပါတယ်။ မသိချင်ယောင်ဆောင်နေပေးဖို့ပါ။ သာဂီ ... င်းကို သိပ်ချစ်ခဲ့တယ်ဆိုတာကိုလည်း သိနေလို့၊ မင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ အများကြီး ကျန်နေသေးတာကိုလည်း သိနေလို့။ ငါနဲ့ နီးစပ်မှုအပေါ် လိုအပ်တာထက် သူ မသာယာမိအောင် မသိချင်ယောင်ဆောင်ရတာပါ။

သာကီဟာ သနားဖို့ ကောင်းပါတယ် မိုးဝေ။

"ဘယ်လိုပဲ ဖြစ်ဖြစ်ပါလေ၊ ဒီနေရာကြီးက လူလည်းရှင် တယ်၊ သာကီဟာ လူသိတဲ့ ဆယ်လဲဘရစ်တီးစ်တစ်ယော လေ၊ သာကီ သိက္ခာမကျရအောင် ကူညီဖို့ မင်းမှာလည် တာဝန်ရှိတယ်၊ ပြောချင်တာတွေ အိမ်ကိုလာပြီး ဤ ရရ ပြောလို့မရဘူးလား"

"ဘယ်လိုလုပ် ပြောလို့ရမလဲဗျ၊ သူ့အဘိုးကလည်း ကျွ တော့်ကို သာကီနား မကပ်ဖို့ နှင်ထုတ်ထားတာပဲဟာ"

"ဒါပေမဲ့ ဒီနေရာမှာတော့ ဒီထက်ပိုပြီး အခြေအ မဖြစ်သင့်တော့ဘူး၊ တခြားတစ်နည်းနဲ့ အေးအေးဆေး ဖြေရှင်းပါလား၊ ဒီတစ်ထိုင်တည်းမှာလည်း ဘယ်လိုပြ မျိုးမှ ချက်ချင်းလက်ငင်း အဖြေထွက်သွားနိုင်တာမှ မ တာ"

မိုးဝေက ဝန်ဇင်းကို စူးစူးရဲရဲ ကြည့်နေပါသ

"ဟုတ်တယ် မိုးဝေ၊ နင် ပြန်တော့"

"နင် အရမ်းပြောင်းလဲနေတာ နင့်ကိုယ်နင် သိရဲ့ သာကီ"





သာကီက တွေဝေနေသလို ငိုင်နေပါသည်။ ဝန်ဇင်းက ဘာမှမပြောတော့ဘဲ ဤနေရာမှ သူ အရင် စတင်ထွက်ခွာဖို့ ပြင်လိုက်ပါသည်။ ဘယ်သူ့ကိုမှ နှုတ်ဆက်မနေတော့ဘဲ ခြေလှမ်းကျဲများနှင့် ညင်ညင်သာသာ စထွက်လာကာ ခပ်ဖြည်းဖြည်း ပြေးလာခဲ့ပါသည်။ နောက်ဘက်မှာ ကျန်ရစ်တဲ့ သူတို့နှစ်ယောက် ပြေလည်အောင် ဆက်ညှိရင် ညှိပါစေလို့ သဘောထားခဲ့ပေမယ့် တစ်မိနစ်အတွင်းမှာပင် သူ့ကို အမိုပြေးလိုက်လာတဲ့ သာကီ ခြေသံနှင့်အတူ သာကီက သူနှင့်ဘေးချင်းယှဉ် ရောက်လာခဲ့ပါသည်။



❦ ❖ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

တတ်နိုင်သလောက် သူ့ဘဝမှာ အရာရာကို ဆင်ခြင်တွေးခေါ်ခြင်းနှင့်ယှဉ်၍ ဆုံးဖြတ်တတ်ခဲ့ပေမယ့် တစ်ခါတစ်တော့လည်း ကောင်း,မကောင်း သင့်,မသင့်၊ ကိုယ့်ဆန္ဒရှိ,မရှိစသည်တို့ကို ရေရှည်မျှော်ကြည့်၍ စဉ်းစားဆုံးဖြတ်ချိန်မရရတ်တရက်ချက်ချင်း ဆုံးဖြတ်ချက် ချလိုက်ရသည်တို့လည်း ရှိတတ်ပါသည်။

"ဒီနေ့ ဆော်ဒါမှာ တချို့ကလေးမိဘတွေ ခေါ်တွေ့ဖို့ အစီအစဉ်ရှိတယ်၊ မင်းဆီ မလာဖြစ်ဖို့များတယ်"

သာကီ့ကို ကြိုပြောထားခဲ့သည်။ ဒီဇင်ဘာလစာမေးပွဲကို သာကီ့ကိုတော့ လဆန်းနားကတည်းက စစ်ထားလိုက်ပြီးပြီ။ ကျောင်းမှာတော့ ရက်နှစ်ဆယ်လောက်မှ စ,စစ်ဆေးပါသည်။ အဲဒီရလဒ်တွေထဲက အခြေအနေ မကောင်းသည့် ကလေးတချို့ရဲ့ မိဘတွေကို ဒီနေ့ ခေါ်တွေ့တဲ့အစီအစဉ် ရှိသည်။





သာကီ့ကို ပြေလကုန်လောက်ကမှ စ,လက်ခံခဲ့ပေမယ့် သာကီရဲ့စာသွားနှုန်းကမြန်ကာ (အနှစ်နှစ်ကလည်း သင်ထားပြီးသားဖြစ်၍)လိုက်နိုင်တဲ့အတွက် ကို့စ်တွေက ပြတ်နေသလောက် ရှိပါသည်။ ကျောင်းမှာကတော့ လူများစု ရောနှောဆွဲခေါ်ရတဲ့အတွက် ခပ်ဖြည်းဖြည်း သွားနေရရာ သာကီ့လောက် မပြီးသေး။ ဒီတော့ သူ့မှာ ကျောင်းဘက်ကို နည်းနည်းပိုအာရုံစိုက်နေရပါသည်။

" ဟွန့် ... ဦးဝန်ဇင်းက သာကီ့အချိန်တွေကိုပဲ ခိုးနေတာပဲ၊ သူ့ကျောင်းကိုပဲ အာရုံပိုစိုက်တယ်"

"သာကီက ဘာမှမကျန်သလောက်ပဲ သာကီရဲ့၊ ကျောင်းမှာက ဇန်နဝါရီလကုန်ပြတ်ဖို့ တော်တော်တွန်းနေရတာ"

"ရှေ့တစ်ပတ်ကလည်း သာကီ့ကို တစ်ရက် ဖျက်သေးတယ်လေ"

"အဲဒါက သူတို့ဖြေထားတဲ့ထဲက အမှားတွေရှင်းပြ၊ အမှန်ကိုပြန်ပြောပြဆိုတာ စာမေးပွဲဖြေပြီးပြီးချင်း လုပ်ပေးရတာမို့ ဖျက်ရတာ၊ အခုက မိဘတွေတွေ့ဖို့ သာကီရဲ့"

"ဘယ်အချိန်စ,မှာလဲ"

"မနက်ကတည်းကပဲ"

"နေ့လယ်လောက်ကျ ပြီးရင်ပြီးသွားမှာပဲဟာ၊ ညနေပိုင်းလာပေးပေါ့"

"ပြီးရင်တော့ လာမှာပေါ့ သာကီရဲ့"

www.burmeseclassic.com



"သာကိုကို သူ့ဘော်ဒါကလေးတွေလောက် ဂရုမစိုက်ဘူး လို့ အဘိုးဦးမင်းစိန်ကို တိုင်မယ် သိလား"

သာကိုခြိမ်းခြောက်မှုကြောင့် ဝန်ဇင်းက ရယ်နေရပါသည်။

တကယ်တမ်း မိဘတွေနဲ့တွေ့တဲ့ကိစ္စဟာ နံနက်ရှစ်နာရီကတည်းက စ,တာမို့ နေ့လယ်ဆယ့်တစ်နာရီခွဲလောက်မှာ ပြီးပြတ်သွားပါသည်။ ဒီနေ့မလာနိုင်ကြောင်း အကြောင်းကြားထားတဲ့ မိဘသုံးဦးကလွဲရင် အစုံအစေ့လာသွားပြီဖြစ်၍ ဝန်ဇင်း နေ့လယ်ထမင်းစားလိုက်ပြီးလျှင် သာကိုထံ သွားလို့ရနေပါပြီ။

ထမင်းခပ်သွက်သွက် စားလိုက်ဖို့ အိမ်ဘက်ပြန်အလာ ဟဲန်းဒ်ဖုန်းက မြည်လာသည်။ ဖုန်းကိုကြည့်လိုက်တော့ ယမုန်။ ဝန်ဇင်းက သက်ပြင်းတစ်ချက်နှင့် ဖုန်းဖွင့်လိုက်ပါသည်။

"ဝန်"

ခေါ်လိုက်တဲ့အသံမှာ ငိုသံပါနေသည်။ ကတုန်ကယင် ဖြစ်နေသည်။

"ယမုန် ... ဘာဖြစ်လို့လဲ"

"ဝန် ... ဝန်များ အားသလားလို့၊ အကူအညီလေး တစ်ခုလောက် ယမုန် ... ယမုန် တောင်းချင်လို့ပါ"

"ဘာလဲ ယမုန် ကိုယ်စာသင်ဖို့တွေတော့ ရှိတယ်လေ ဘာကိစ္စရှိလို့လဲ"





ဝန်ဇင်းထံက ချက်ချင်းလက်ငင်း "ကူညီမှာပေါ့"ဆိုတဲ့ စကား ပြန်ထွက်မလာ၍ ယမုန် အားငယ်ဝမ်းနည်းသွားပုံပေါ်ကာ ရှိုက်သံတွေ တဆက်ဆက် ထွက်လာပါသည်။ ဝန်ဇင်းက စိုးရိမ်တကြီး ဖြစ်သွားရကာ ...

"ဘာဖြစ်လို့လဲ ပြောဦးလေ ယမုန်"

"ခုနကပဲ မေမေ ... မေမေလေ ..."

"အန်တီ ဘာဖြစ်လဲ ယမုန်"

"မေမေ လေဖြတ်သွားလို့ ဆေးရုံကားခေါ်ပြီး ဆေးရုံပို့ရတာ၊ အခု "........."မှာ ဆေးရုံတင်ထားပြီ ဝန်၊ ယမုန် ... ယမုန်နဲ့ အဒေါ်တစ်ယောက်ရှိပါတယ်၊ ဒါပေမဲ့ ဘာလုပ်လို့ ဘာကိုင်ရမယ် မသိဘူး ဝန်၊ မေမေ့ ဆရာဝန်ကြီးက တစ်ခုခုဆိုရင် ဒီမှာတက်လို့ ပြောလို့ ဆေးရုံတင်လိုက်ပေမယ့် သူ့ကို ဆေးရုံက ဆက်သွယ်ပေးထားတာ၊ ခုထိတော့ ရောက်မလာသေးဘူး ...

ဒီမှာရှိတဲ့ တာဝန်ကျ ဆရာဝန်ပဲ၊ လိုတာလေးတော့ လာလုပ်ပေးပါတယ်၊ ဒါပေမဲ့ ဘာတွလိုအပ်လို့ ဘယ်လို လုပ်စရာတွေ လိုတယ်ဆိုတာ ကိုယ်လည်း ဗဟုသုတမရှိတော့၊ ဘာလုပ်ပေးဖို့ ညာလုပ်ပေးဖို့လည်း မတောင်းဆိုတတ်ဘူး၊ မေမေက သတိမလည်ဘူး ဝန်ရယ်၊ ဆရာဝန်တို့ နာ့စ်တို့လည်း လာကြည့်လိုက်၊ ပြန်ထွက်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ယမုန် ... ယမုန် ဘာလုပ်ရမှန်းမသိတော့ အရမ်းအား
လည်းငယ် ...”

ယမုန့်အသံဟာ ငိုသံပါနေရာက ငိုသံပဲ ဖုံးသွားကာ စကားလုံးတွေ ထွက်မလာတော့ပါ။

“ယမုန် အန်ကယ်ရော”

“ဖေဖေနဲ့ ကိုကိုက မြင်းခြံကို သွားတာ နှစ်ရက်ရှိပြီ၊ ဟိုမှာ ဖေဖေတို့ ဆီစက်တစ်ခုရောင်းဖို့ကိစ္စ သွားတာလေ၊ ငါးရက်တစ်ပတ်ကြာမယ် ပြောတာ၊ ယမုန်ဖုန်းခေါ်တာ တော့ မရသေးဘူး၊ ပူတူးကတော့ ဝန်သိတဲ့အတိုင်း စိတ်ကျန်းမာရေးဆေးရုံမှာလေ၊ ယမုန် ... ကိုဇော်သစ်ကို ဆက်ပါသေးတယ်”

ဇော်သစ် ဆိုသူဟာ ဆာ့ဖ်နှင့် ရောက်လာတတ်သူမှန်း ယမုန့်အမေ သဘောတူထားသူမှန်း ဝန်ဇင်း သိထားပါသည်။

“သူလည်း စင်ကာပူသွားနေတယ်၊ ဝန့်ကို လှမ်းအပူမကောင်းချင်ပေမယ့် ယမုန်”

ဝန်ဇင်းသည် ရှိုက်ကြီးတငင် ဖြစ်နေတဲ့ ယမုန့်အသံကြောင့် ရင်ထဲမှာ နာကျင်လာပါသည်။ စကားပြောရင်းက အားကိုးတဲ့သူထံမှာ ပိုပြီးအားငယ်ဝမ်းနည်းမိသလို အငိုကိုတိတ်လို့ မရပုံပင်။





“မေမေ ... မေမေက ရုတ်တရက် လဲသွားတာ၊ ခုထိ သတိမရသေးဘူး ဝန်”

“ငါ အခုချက်ချင်း လာခဲ့မယ် ယမုန်”

ဝန်ဇင်းက ဖုန်းပိတ်ကာ ထမင်းကိုပင် မိုးတိုးမတ်တတ်နှင့် သုံးလေးငါးလုတ် ဝင်ရုံ၊ ဗိုက်ထဲအစာရှိရုံ ကမန်းကတန်းဝါးမျိုပစ်ပြီး 'ချက်ချင်းပဲ“.........”ပုဂ္ဂလိကဆေးရုံဆီ ထွက်လာခဲ့ပါသည်။ ဟိုရောက်တော့ ယမုန် ဝမ်းနည်းအားငယ်ချင်စရာပင်။ အခန်းကလည်း မရသေး၍ လေးယောက်တွဲအခန်း အရင်ယူထားရသည်။ အခန်းကျဉ်းကျဉ်းထဲမှာ လူနာလေးခုတင် လူနာရှင်လေးစုံနှင့် နေစရာ ထိုင်စရာလည်း ကျဉ်းကျပ်ကာ နာ့စ်တွေလည်း ဝင်ချည်ထွက်ချည်။

ဒေါ်ခင်စိုးအေးဟာ ခုတင်မှာ သတိမလည်သေး။ ဆေးတော့ သွင်းနေသည်။ ဝန်ဇင်း တာဝန်ကျဆရာဝန်ထံသွားမေးမြန်း၊ ဒီဆေးရုံမှာ ထိုင်တယ်လို့ သိထားတဲ့ သူငယ်ချင်းဆရာဝန်တစ်ယောက်ထံ ဖုန်းလှမ်းဆက်၍ ဘာတွေလိုအပ်သလဲမေးမြန်းကာ အကူညီတောင်းတော့ ယမုန့်ကိုလည်း ဆယ်တန်းတုန်းကတည်းကသိတဲ့ ထိုသူငယ်ချင်းက ဆေးရုံကို ရောက်လာဆေးပါသည်။

ဆေးမှာ လာကြည့်ရှုမေးမြန်း စီစဉ်ဆောင်ရွက်ပေးသည့် ဆရာဝန်တစ်ယောက် ရောက်လာတော့ အားတက်စရာပင်။ ပြနေကျ သမားတော်ကြီးထံကိုလည်း ဆက်သွယ်ကာ အရေးပေါ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်ထားနှင့်သည်တို့ကို ထိုသူငယ်ချင်းကပဲ မေးမြန်းပေးပါသည်။ သမားတော်ကြီး အတိအကျ သုံးချင်တဲ့ဆေးက ဤဆေးရုံမှာ ပြတ်နေ၍ ဝန်ဇင်းက တခြားဆေးရုံတစ်ခုမှ ပြေးဝယ်ရပါသည်။

လိုတဲ့ဆေးတွေရဖို့၊ အခန်းရဖို့၊ ဆရာဝန်ကြီး မြန်မြန်လာကြည့်နိုင်ဖို့၊ မြင်းခြံကို ဖုန်းဆက်နိုင်ဖို့ စသဖြင့်ကိစ္စတွေက မြန်မြန်ဆောင်ရွက်နိုင်လေ ကောင်းလေ။ ပြေးလွှားနေတုန်း သာကီထံမှ ဖုန်းဝင်လာပါသည်။

"ဟယ်လို"

"ဦးဝန်ဇင်း လာမှာလား၊ မလာဘူးလား ပြော"

အပူအပင်မရှိတဲ့ သာကီအသံက ရွှင်ပျမြူးသွက်နေသည်။

"ကိုယ် မလာနိုင်တော့ဘူး သာကီ"

"ဟာ ... ဘာဖြစ်လို့လဲကွာ ဦးဝန်ဇင်းကလည်း၊ ဘယ်အချိန်ပဲ ..."

"ကိုယ် အရမ်းအလုပ်ရှုပ်နေလို့ ဒါပဲနော်"

ဝန်ဇင်းက ဖုန်းကိုလိုင်းဖြတ်လိုက်ပါသည်။

❣ ❖ ❣





အဲဒီနေ့က တစ်နေကုန်လုံး ညမိုးချုပ်တဲ့ အထိ "........"ဆေးရုံမှာပဲ အချိန်ကုန်ကာ ယမုန် လိုအပ်တာတွေ ကူညီနေခဲ့သည်။ ယမုန့်အဖေဆီလည်း အသက်အသွယ်ရ၍ အကျိုးအကြောင်းပြောပြတဲ့အတွက် ယမုန့်အဖေက ညတွင်းချင်း ကားနှင့်ပြန်ခဲ့ပါသည်။ အစ်ကိုဖြစ်သူကိုပဲ အရောင်းအဝယ်ကိစ္စအတွက် ထားရစ်ခဲ့သည်။

နောက်နေ့မနက်မှာ ဝန်ဇင်းက ယမုန့်ထံ ဖုန်းဆက်ကာ ဘာလိုအပ်သေးလဲ မေးမြန်းပါသည်။

"အခု ဘာမှမလိုပါဘူး ဝန်၊ ဖေဖေလည်း ကိုးနာရီခွဲဆယ်နာရီရောက်လာမယ်လို့ ယမုန့်ဆီဆက်တယ်၊ ညကလည်း ဆရာကြီးညွှန်ကြားထားတာတွေနဲ့ အခုဆက်လုပ်ကိုင်ပေးနေကြပါတယ်၊ ကျေးဇူးအရမ်းတင်ပါတယ် ဝန်ရယ်၊ ဝန်လည်း ကျောင်းကိစ္စတွေနဲ့ ဒီနေ့မလာရင်လည်း မလာပါနဲ့ ဝန်"

"အန်တီ့အခြေအနေရော ဘယ်လိုလဲ"

"မေက အခြေအနေ သိပ်မကောင်းလှပါဘူး ဝန်ရယ်"

"တစ်ခုခု အကူအညီလိုရင် ပြောလေ ယမုန်၊ ငါလည်း အားတဲ့ရက် လာခဲ့ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ဝန်ရယ်"

အဲဒီနောက်တော့ ဝန်ဇင်းသည် သာကီအိမ်သွားတဲ့အချိန်သွား၊ သူ့အချိန်ဇယားအတိုင်း နှစ်ရက် သုံးရက် လှုပ်ရှားနေဖြစ်ကာ ယမုန့်အမေကိုစွတွေ ဘာတွေလဲ သာကီနှင့် စကားစပ်ကာ ပြောပြမနေဖြစ်ခဲ့ပါ။ တစ်နေ့ သာကီဆီ ရောက်တဲ့မနက်ခင်းမှာ သူ စားပွဲဆီ ဝင်ထိုင်လိုက်သည်နှင့် သာကီက မျက်နှာလေးသေသေနှင့် ...

"ဦးဝန်ဇင်း ဟိုတစ်နေ့က ဘော်ဒါကကျောင်းသားမိဘတွေနဲ့ တွေ့ရလို့ သာကီဆီ မလာဖြစ်ဘူးပေါ့နော်"

"အင်းလေ၊ အဲဒါ သာကီ သိပြီးသားပဲဟာ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ အဲဒါ ဦးဝန်ဇင်း သာကီကို ညာပြောတာလို့ထင်လို့"

ဝန်ဇင်းက မျက်မှောင်ကုတ်ကာ သာကီကို ကြည့်မိသည်။

"ညာပြောတာ မဟုတ်လားဟင်"

သာကီက ဝန်ဇင်းကို စူးစိုက်ကြည့်နေပါသည်။

"ငါက မင်းကို နေ့ရင်းထိုင်ရင်း ဘာကိစ္စနဲ့ ညာပြောရမှာလဲ၊ ကျောင်းသားမိဘတွေနဲ့ တွေ့စရာရှိလို့ မင်းဆီမလာတော့တာပေါ့ မရှိရင် လာမှာပေါ့"

"ဒါဖြင့် မယမုန်နဲ့ '.........'ဆေးရုံမှာ သူ့အမေကို ဆေးရုံသွားတင်ပေးတယ်ဆိုတာ မဟုတ်ဘူးလား ဦးဝန်ဇင်း"





ဝန်ဇင်းက စိတ်နည်းနည်း ရှုပ်ထွေးသွားရင်း ...

"အဲဒါလည်း ဟုတ်တယ်"

"ဘယ်ဟာက အမှန်လဲဟင်"

"နှစ်ခုလုံး အမှန်ပဲ"

"မနက်ကိုးနာရီလောက် အန်တီစိုး လေဖြတ်သွားတာ၊ ဦးဝန်ဇင်းက ဆေးရုံလိုက်တင်ပေးတယ်ဆိုရင် ကလေးမိဘတွေနဲ့တွေ့တယ်ဆိုတာ ဘယ်မှန်တော့မလဲ"

ယမုန်နှင့် သာကီကြားမှာ စကားတွေဟာ မသိမသာကွဲလွဲနေတတ်မြဲပင်။ ယမုန်က သာကီကိုပြောလျှင်လည်း အဖြစ်မှန်ထက် နည်းနည်းကလေး လိုနေတတ်ကာ သာကီက ယမုန့်ကိုပြောတဲ့စကားတွေဟာလည်း အမှားလို့ မစွပ်စွဲနိုင်ရုံ နည်းနည်းလေး ဘောင်ခတ်ချည်နှောင်လိုက်တာမျိုးတွေရှိသည်။ ဝန်ဇင်းက ရှုပ်ထွေးသွားတဲ့စိတ်မှာ စိတ်မရှည်မှုပါ စွက်ကာ ...

"နေစမ်းပါဦး၊ မင်းကို ငါကဘယ်အချိန် အိပ်ရာကထပြီး ဘယ်နနာရီကနေ ဘယ်နနာရီထိ ဘာလုပ်ပါတယ်၊ ဘယ်နနာရီ မိဘတွေနဲ့တွေ့ပြီး ဘယ်နနာရီ ဘယ်ကိုသွားပါတယ်၊ အသေးစိတ် သံတော်ဦး တင်နေရမှာလား၊ အစီရင်ခံနေရမှာလား၊ မင်းကို အဲဒီနေ့ ငါမလာနိုင်ဘူးလို့ ပြောတယ်၊ အချိန်ဖျက် ခွင့်တိုင်ထားတယ်၊ ငါခွင့်ယူထားတဲ့နေ့ ငါဟာငါ ဘယ်ဟာပြီး ဘာလုပ်လုပ် ဘယ်ပြီးဘယ်သွားသွားပေါ့၊ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သာကီ မျက်နှာပျက်ကာ ငယ်သွားရပါသည်။

"သာကီ ... အဲလို ဆိုလိုတာ မဟုတ်ပါဘူး"

"ပြီးတော့ ငါ့ကိုယ်ရေးကိုယ်တာ ငါ့လူမှုရေးကိစ္စ ငါဘာလုပ်ခြင်း မလုပ်ခြင်းကို မင်း ဝေဖန်စရာမလိုဘူးထင်တယ် သာကီ"

သာကီ ခေါင်းငုံ့သွားကာ ဝန်ဇင်းရဲ့လေသံမာမာကြောင့် ဝမ်းပမ်းတနည်း မျက်ရည်များ ပေါင်ပေါ်သို့ ပေါက်ခနဲ ပေါက်ခနဲ လွင့်ကျလာပါသည်။ အဲသလို ငိုသွားတော့ ဝန်ဇင်း စိတ်မကောင်းပြန်။ သို့ပေမယ့် ဒီလိုမှ တင်းတင်းပိတ်ပြောမထားရင်လည်း ဒီကလေးမဟာ ခုနောက်ပိုင်းမှာ သူ့ဘဝရဲ့အရေးအရာ အတော်များများ၌ စွက်ဖက်လာသည်။

ဒါကိုမကြိုက်လို့လားဆိုတော့ မဟုတ်ပါ။ သူကိုယ်တိုင်ကလည်း မတားဆီး မပိတ်ပင်ဘဲ ဝင်ရောက်စွက်ဖက်ပြောဆိုခွင့်ပြုထားသလို ဖြစ်ခဲ့တယ် မဟုတ်လား။ သူတို့နှစ်ယောက်ရဲ့ ပတ်သက်မှုဟာ သာမန်ရင်းနှီးပတ်သက်မှု တစ်ခုမှ ကျော်ကာ သံယောဇဉ် ပိုပိုနဲ့ ထဲထဲဝင်ဝင် ချည်နှောင်နေတာပဲ မဟုတ်လား။

သာကီ့ကြောင့် သူ့စိတ်တို့ လှုပ်ရှားခဲ့ရတာတွေ ကြည်နူးခဲ့ရတာလေးတွေ၊ ပူလောင်ရတာ အေးမြရတာတွေ အမျိုးမျိုး ရှိခဲ့ပြီ မဟုတ်လား။ သာကီ့ရင်ထဲမှာလည်း ဒီအတိုင်းရှိနေတာ သူ မသိဘဲ နေပါ့မလား။ လိုအပ်တာထက်ပိုကာ ပါဝင်စွက်ဖက်တာကို ကြည်ဖြူခဲ့ပါလျက် တမင်တကာပင် ပြဿနာမရှည်အောင် မြန်မြန်ရပ်အောင် ပိတ်ပြောပစ်ရတာပါ။



"ငါတို့နှစ်ယောက်ကြားထဲက ခင်မင်ရင်းနှီးမှုက အချိန်များများနဲ့ တိုးပွားရင့်သန်လာတယ်၊ ဒါပေမဲ့ ပတ်သက်မှုတိုင်းမှာ စည်းရှိတယ် သာကီ"

သာကီသည် ဝမ်းနည်းစွာ ဝန်ဇင်းကို မျက်လွှာပင့်ငေးစိုက်ကြည့်သည်။

"အဲဒီစည်းကို မကျော်ရဘူး၊ အဲဒါစည်းကမ်းပဲ"

သာကီ သိသားပဲ။ သူငယ်ချင်းအတွက် စည်းတစ်မျိုး၊ မိတ်ဆွေအတွက် စည်းတစ်မျိုး၊ ချစ်သူတွေအတွက်က စည်းတစ်မျိုး၊ လင်မယားတွေအတွက်လည်း စည်းတစ်မျိုးမဟုတ်လား။ ပတ်သက်မှုတစ်ခုနဲ့ တစ်ခုအတွက် စည်းတစ်ခုနဲ့ တစ်ခုကမတူညီဘူးလေ။ အခု သာကီနဲ့ ဦးဝန်ဇင်းကြားက စည်းက ဘယ်လိုစည်းလဲ၊ ဘယ်လိုပတ်သက်မှုအတွက် ဦးဝန်ဇင်း သတ်မှတ်တဲ့စည်းလဲ။

ဦးဝန်ဇင်း သတ်မှတ်ထားတဲ့ ပတ်သက်မှုနဲ့ သာကီသတ်မှတ်ထားတဲ့ ပတ်သက်မှုအဆင့်တွေချင်း တူချင်မှတူမှာပေါ့။ ဒီတော့ ဦးဝန်ဇင်း မကျော်လိုတဲ့စည်းနဲ့ သာကီ မကျော်လိုတဲ့စည်းဟာ တစ်ထပ်တည်း ဘယ်ကျမလဲ။ ဦးဝန်ဇင်းက သာကီ့အတွက် စည်းကို နောက်ဆုတ်သတ်မှတ်ထားပေမယ့် သာကီက ဒီထက်မကသော တစ်ဖက်သတ် ပတ်သက်မှုနဲ့ စည်းကို ရှေ့နည်းနည်းတိုးသတ်မှတ်ထားတာ ဖြစ်နေရင်ကော ...။

www.burmeseclassic.com

www.burmeseclassic.com



ဦးဝန်ဇင်းရဲ့ စည်းကနေ သာကီ ကျော်တယ်လို့ ဦးဝန်ဇင်း ထင်နေချိန်မှာ သာကီက သာကီ့စည်းနောက်မှာပဲ ရှိနေသေးတာပါ။ သာကီ မကျော်သင့်ဘူးထင်တဲ့ စည်းကို သာကီ မကျော်သေးပါဘူး။

ဒါပေမဲ့ ဦးဝန်ဇင်းကို ချစ်လို့ ဆိုးနွဲ့ချင်တာအပြင် ကလန်ကဆန် ဆန့်ကျင်မှုမျိုးတော့ မလုပ်ချင်ပါဘူး။ သာကီခင်လေးဟာ အရင် သာကီခင်လေး မဟုတ်တော့ပါဘူး။

"သာကီ နားလည်ပါတယ်၊ ဦးဝန်ဇင်း မကြိုက်ရင် သာကီ နောက်ကို အဲသလို ဖွက်ဖွက်ဖက်ဖက် မပြောတော့ပါဘူး"

သာကီ့ အသံလေးက တုန်နေသည်။

"မဟုတ်ဘူးလေ၊ ကိုယ်မကြိုက်လို့ ဆိုတာထက် မင်းနား လည်အောင် ပြောပြတာပါ၊ မင်းငိုတော့ ဘယ့်စိတ်ကောင်း ပါ့မလဲ"

သာကီ့ဆီလာမယ့်ရက် တစ်ရက်ပျက်တာကိုတော သည်းညည်းမခံချင်အောင် နေ့တိုင်း တွေ့ချင်နေမိတာ။ ဦးဝန်ဇင်း ရဲ့အချိန်စာရင်းမရှိတဲ့ နေ့တွေမှာတောင်မှ မနေတတ်သလို ဖြ နေမိတာ၊ အချိန်စာရင်းရှိရက်နဲ့ တခြားအကြောင်းတစ်ခုကြော ပျက်ရတယ်ဆိုတာကို အတော်နားလည်မှု ပေးရတာပါ။ ဒါ မယမုန်က ...





"အဲဒီနေ့က ဝန့် ရောက်လာပေလို့ပေါ့ သာကီရယ်၊ နို့မို့ တော့ တို့တစ်ယောက်တည်း ဒုက္ခရောက်ရချည်ရဲ့၊ စိတ်ပူ လွန်းလို့ ဘာမှကို မလုပ်တတ် မကိုင်တတ်တော့ဘူး၊ ချက်ချင်း ဝန့်ကို ဖုန်းဆက်ခေါ်လိုက်ရတာ၊ သူရောက်လာ မှပဲ ဆေးရုံတင်တာကအစ အားလုံး အဆင်ပြေပြေဖြစ်တော့ တာ၊ မ,ကတော့ မျက်ရည်ချည်းကျနေမိတာ၊ အရေးဆို ဝန်က ရှေ့ကရပ်တည်ပေးလို့ အားကိုးရလို့သာပဲ၊ မရှိတဲ့ ဆေးရှာတာ၊ သူ့သူငယ်ချင်း ဆရာဝန်ကို လှမ်းခေါ်တာ ဆရာကြီးနဲ့ ဆက်သွယ်ပေးတာတွေအကုန် ဝန်ပဲ အားလုံး လုပ်သွားပေးတာ၊ ညမိုးချုပ်ကြီးမှပဲ သူလည်း ပြန်ရတော့ တယ်"

မယမုန်ထံက အဲဒီစကားကြားတော့ အသည်းထဲ ပိုးဝင်သလို ရှစ်ရှစ်နှင့် မခံမရပ်နိုင်တွေ သဝန်တိုနေမိတာပါ။ အဘိုးကို မယမုန်အဖေက လမ်းမှာတွေ့ရင်း အကျိုးအကြောင်းပြော ပြတဲ့အတွက် မနေ့ကမှ သာကီလည်း သိရပြီး မနေ့ညဘက်က မယမုန်ထံ သတင်းမေးတဲ့ဖုန်း လှမ်းဆက်လိုက်တာလေ။

သူ့အမေအတွက် သောကတွေ ဖိစီးနေတဲ့ကြားက ကို ဝန်ဇင်းနှင့် ပတ်သက်တာတွေကိုတော့ ကြည်နူးပီတိလေးနှင့် ပြောသွားနိုင်သေးတဲ့ မယမုန် စကားကြောင့် သာကီ့မကျေမချမ်း ဖြစ်မိတာ။ မယမုန် ကိစ္စအတွက် သာကီ့ အချိန်ကို ဖျက်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ တကယ်တော့လည်း စဉ်းစားကြည့်လိုက်ရင် သာကီ သဘောထားသေးမိတာပါ။

သဘောထားသေးတယ် ဆိုတာကလည်း ဦးဝန်ဇင်း တခြားအပေါင်းအသင်း မိတ်ဆွေကို တစ်နေကုန် ညမိုးချုပ်မကာ လို့ သာကိုကျူရှင်ချိန်တွေဖျက်ပြီး ကမ္ဘာတစ်ဆုံး လိုက်ကူညီပဒေ ဦး သာကီ သဘောထားမသေးပါဘူး။ မယမုန်မို့လို့ ဦးဝန်ဇင်း သိပ်ချစ်တဲ့ ငယ်ချစ်ဟောင်းမို့လို့ပါ။

"မယမုန်က သူ့ဆီမှာ မိုးလင်းက မိုးချုပ်လို့ ပြောလို့ သာကီ့ကို ဦးဝန်ဇင်း ညာတယ်ထင်လို့ သာကီ ဝမ်းနည်းတာပါ။ သာကီ တောင်းပန်ပါတယ်"

"မိဘတွေနဲ့တွေ့အပြီး နေ့လယ် ထမင်းစားချိန်မှ သူ့ဆီ ရောက်တာ"

ဝန်ဇင်းက ဖြေရှင်းစကား လွှတ်ခနဲ ပြောလိုက်ပြီ မှ အတိအကျ မပြောလည်း ဘာဖြစ်မှာမို့လဲလို့ သူ့ကိုယ်သူ အာ မလို အားမရ ဖြစ်မိသည်။

❣ ❖ ❣





❧ ၁၂ ❧

ဇန်နဝါရီလလယ်မှာ ဒေါ်ခင်စိုးအေး ဆုံးသွားပါသည်။ ဆုံးတဲ့ရက်ရဲ့ နောက်တစ်နေ့ သတင်းစာမှာ နာရေးကြော်ငြာ ပါလာလျှင် သာကီသည် နံနက်စာ Breakfast ဝိုင်းမှာ အဘိုးကို ကြော်ငြာပြရင်းက ဦးဝန်ဇင်းတော့ မနေ့က ဆုံးဆုံးချင်းလောက် ကတည်းက သိမှာပဲလို့ တွေးနေမိပါသည်။ မယမုန်က အကြောင်း ကြားမှာ မလွဲဘူးလို့ သာကီ သေချာနေသည်။

"ဦးနောက်သွေးကြောပေါက်ပြီး လေဖြတ်သွားတာပြော တယ်၊ နေမယ်ဆို နေနိုင်သေးတဲ့ အသက်အရွယ်ပဲ၊ သွေး တိုးတာများ ကြောက်စရာ တယ်ကောင်းပါလား၊ ဟား ... နောက်ဖေးမီးဖိုချောင်အုပ်စုလည်း ဟင်းချက်သတိထားစမ်း ဟေ့၊ အငန်တွေ အချိုမှုန့်တွေ အဆီအပြားတွေ လျှော့ကြ စမ်း"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကတော့ အလုပ်သမားတွေကိုပါ လှမ်းသတိပေးရင်း တကျွတ်ကျွတ် စုတ်သတ်ကာ စိတ်မကောင်း ဖြစ်နေသည်။ သာကီကတော့ အတွေးထဲ နစ်နေပါသည်။ ဒီအသုဘကြောင့် ဦးဝန်ဇင်းရဲ့ အကြင်နာတွေဟာ မယမုန် အပေါ် ဒလဟောစီးဆင်းပြိုကျတော့မှာ မလွဲတည်း။ သူများကတာရဲ့ မိခင် နာရေးကို ကရုဏာသက်တဲ့စိတ်ကတစ်ကန့်၊ ဒီနာရေးကြောင့်ပဲ ဦးဝန်ဇင်းနဲ့ မယမုန်တို့ကြားက စည်းပါးပါးလေး ပျက်ပြယ်ပျောက်ကွယ်သွားမှာ စိုးရိမ်စိတ်က တစ်ကန့်ပင်။

Breakfast စားပြီးတာနှင့် ဦးဝန်ဇင်းထံ ဖုန်းဆက်ကာ ...

"ဦးဝန်ဇင်း ဒီနေ့ လာမှာလား"

"လာမှာပေါ့၊ ဘာဖြစ်လို့လဲ သာကီ၊ မင်း ကိစ္စရှိလို့လား"

"ဟင့်အင်း ... မရှိပါဘူး၊ မယမုန်တို့ အသုဘအိမ်များ သွားမှာလားလို့"

"မနက်ဖြန် အသုဘပို့မှာပဲ၊ ဒီနေ့ မသွားပါဘူး"

သာကီက ခပ်ပြုံးပြုံး ကျေနပ်ကာ ဖုန်းချလိုက်သည်။ ဦးဝန်ဇင်း အချိန်တန်လို့ အိမ်ရောက်လာတဲ့အခါ ...

"သာကီ ... မနက်ဖြန်တော့ အသုဘပို့တဲ့ အချိန်ပိုင်း ဖျက်မယ်နော်၊ ညနေဘက် ပြန်ဝင်မယ်"

"အင်းပေါ့၊ အဘိုးနဲ့ သာကီလည်း အသုဘပို့ရမှာပဲလေ"

"အဘိုး သူ့ဘာသာ ပို့ပစေပေါ့၊ မင်း မပို့နဲ့တော့လေ"





"ဟင် ... ဘာဖြစ်လို့လဲ"

"အဘိုးက တစ်အိမ်သားလုံးနဲ့ ခင်တာ၊ မင်းက ယမုန်နဲ့ပဲ ခင်တာလေ"

"အာ ... ဘာဆိုင်လဲ၊ အန်ကယ်လ်နဲ့ပဲ နည်းနည်းစိမ်းတာ၊ အန်တီစိုးနဲ့လည်း ခင်တာပဲ၊ မယမုန်ရော ကိုရော်နယ်လ်ရော၊ ကိုပွတူးရော အားလုံးနဲ့ ခင်တာလေ၊ တူတူသီချင်းဆို အသံဖမ်းနေတာ မခင်ဘဲ နေမလား"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ဆယ်တန်းဖြေမယ့် ကျောင်းသူက ဒီအချိန်မှာ သာရေးနာရေးတွေ သွားမနေနဲ့တော့၊ ကိုယ့်အမျိုးလည်း မဟုတ်ဘူး မိတ်ဆွေပဲမို့လား၊ ကဲ ... ရော့၊ ဒီမှာ ကြည့်စမ်း၊ ပြီးခဲ့တဲ့အပတ်ကဖြေတဲ့ မက်စ်၊ ဖစ်စ်စစ်၊ ကယ်မစ္စတြီ၊ တစ်ခုမှ အမှတ်မကောင်းဘူး၊ ကိုယ့်အဖြေလွှာကိုကြည့်စမ်း၊ အင်္ဂလိပ်စာတစ်ခုပဲ ငါ့ကြောက်လို့ ပုံမှန်ခုနစ်ဆယ်အတိရတယ် ...

ညကပဲ အဲဒါတွေထိုင်ကြည့်ရင်း မင်းကို စာကျက်ချိန် ထပ်မြှင့်ပြီး အပိုတွေ ရပ်ပစ်ရတော့မယ်လို့ ငါ စဉ်းစားနေတာ၊ နောက်ပြီး မင်းက ဖေဖော်ဝါရီ ၁၄ ချစ်သူများနေ့တစ်ရက်တော့ မြရိပ်ညိုရှိုး ဆိုပါရစေပြောထားသေးတာ ငါ ခွင့်ပြုထားတယ်လေ၊ ရှိုးဆိုမယ်ဆိုရင် မင်းရှေ့မှာ နှစ်ရက် သုံးရက်က တစ်နေ့ကုန် မဟုတ်တောင် ခဏ

www.burmeseclassic.com



တစ်ဖြုတ် ခဏတစ်ဖြုတ်နဲ့ ကွိစိကွစိကိစ္စတွေက ရှိ...

သေးတာ ...

ဒီဘာမှမဟုတ်တဲ့ မိတ်ဆွေအသုဘကိုတော့ ...

ကုန်ခံ လိုက်ပို့မနေနဲ့တော့၊ ရေဝေးထိတောင် သွား...

ပြန်တာနဲ့ တစ်နာရီခွဲ နှစ်နာရီက ပုပ်သွားတာ၊ မင်းမ...

လို့ မပါလို့လည်း မိတ်မပျက်ပါဘူး၊ မင်းအဘိုးဖို့...

သာကီက ဝန်ဇင်းကို မကျေနပ်တဲ့ မျက်လုံး...

ကြည့်နေပါသည်။ သာ့ကိုမျက်စိဒေါက်ထောက်အောက်မှာ...

သူ မယမုန်နဲ့ ဆက်ဆံရမှာ ရှိုးတိုးရှန့်တန့် မလွတ်လ...

လို့ပဲ ဖြစ်မှာပေါ့လို့ စိတ်ထဲ ယုံကြည်နေသည်။

"ဘာမျက်လုံးကြီး ပြူးကြည့်နေတာလဲ၊ အန်က...

လည်း ငါ သေရွာမှာသွားမှာ၊ နိုးပြီးလိုက်လာဖို့ စိ...

နဲ့၊ မင်းလိုက်ချင် ပို့ချင်တာကို စာလုပ်ဖို့ရှိလို့ ငါ...

တယ်ဆိုတာ ယမုန့်ကိုလည်း ငါ ပြောပြမယ် ဟုတ်...

ဝန်ဇင်းက ချော့မော့ဖျောင်းဖျသံနှင့် ဆို...

ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ လိုက်ကိုမလိုက်...

သာကီဟာ သူ့အဖြေလွှာပေါ်က အမှတ်တွေကိုလည်း ...

တာမို့ စာဒဂကလည်း မတက်ရဲ။ ဟိုးအရင် သာကီ...

ဘယ်သူ့မှ ဂရုမစိုက် စကားနားမထောင်တဲ့ ပုံစံဟာ ...

က ချောင်တိုးပျောက်ကွယ်သွားလိုက်မှန်း မသိ။



" ကဲ ... ကဲ ... စာလုပ်မယ်၊ ငါ့ကိုလာကြည့်မနေနဲ့၊ ဘာပြောချင်သေးလဲ ... ပြော"

" ... ... ... "

"ကဲ ... ဒါဖြင့် နက်ဖြန်အသုဘကို လိုက်ပို့ပြီး နောက်လ ရှိုးပွဲကို မဆိုတော့ဘဲ ဖျက်ပစ်မလား ပြော"

ဒါတော့ ဘယ်လဲလုယ်နိုင်ပါ့မလဲ။ ယှဉ်လို့ရတဲ့ဟာ ...။ အသုဘပို့ချင်နေတာကိုက အန်တီစိုးကြီးကို ချစ်လွန်းလို့ ...တ်ဘဲ ဦးဝန်ဇင်းနှင့် မယမုန် သူတို့နှစ်ယောက်အဆုံကို တစ် ... မမြင်ဖူး မကြုံဖူးလို့ မျက်စိတပ်အပ် အကဲခတ်ချင်လို့ပင်။

"ကဲ ... ဒါဖြင့် စာလုပ်တော့"

သာကီက နှုတ်ခမ်းကို ပွစိ ပွစိ တွန့်ကာ အသံမ ...က်အောင် ရေရွတ်ရင်း စာအုပ်ကို အသံမြည်အောင် ဆွဲထုတ် ...လှောနေသည်။ လုပ်ပစေ။ ဒီလောက် ဆန္ဒပြမှုမျိုးကို ဝန်ဇင်း ...မျက်ကွယ်ပြုပြုထားပါသည်။

သူ့ကို အသုဘမပို့ခိုင်းတာကို သူ ဘယ်လိုထင်မြင် ...ဆနေလဲဆိုတာ သာ့ကို မျက်လုံးကြီးများထဲမှာ ဝန်ဇင်းတွေ့ ...သည်။ သူ့ဟာသူ ထင်ချင်သလို ထင်ပါစေ။ ဝန်ဇင်းရဲ့တကယ့် ...ဘာရီးမှာ သာကီကို အချိန်မပုပ်စေလိုတဲ့ စိုးရိမ်ပူပန်ခြင်းအစစ် ...ကြင့်ပင်။ ဆယ်တန်းဖြေမယ့်သူတွေအဖို့ ဒီ ဇန်နဝါရီ ဖေဖော် ...နှစ်လဟာ နည်းနည်းလေးမှ အလဟဿအချိန်ပုပ်မခံသင့် ...တဲ့ အချိန်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီရှိုးပွဲကို နားလည်မှုနှင့် ခွင့်ပြုပေးထား လိုက်ရတာ။ ဝါသနာရှင်အဆင့် မဟုတ်တော့ဘဲ ပရော်ဖက်ရှင် နယ်လ်အဆင့် ဖြစ်နေပြီမို့ ပိတ်ပင်ဖို့လည်း မသင့်လို့ပင်။

"မနက်ဖြန် မနက်ပိုင်းကို ဒီအခန်း(၁၄)မော်ဒန်ဖစ်စစ် ပြန်ကျက်ထား၊ ညနေဘက်လာရင် ပြန်စစ်မယ်၊ ဟုတ် လား"

"ဦးဝန်ဇင်း"

"ဘာလဲ"

"ဦးဝန်ဇင်းက သာကီ့ကို ဂုဏ်ထူးများ မှန်းနေတာ ဟုတ်လား၊ အောင်အောင်တောင် မဖြေနိုင်တဲ့သူကို ဂုဏ် မှန်းသင်နေရင် မောသွားမှာပေါ့၊ လွှတ်သင့်တဲ့အခန်း ပြီး လျှော့ပေးသင့်တဲ့အခန်း လျှော့ပေးပေါ့"

"မင်း ဂျိမတိုက်ချင်လာနဲ့၊ ငါ့ရာဇဝင်မှာ လွှတ် လျှော့တာ မပါဘူး၊ မင်း စာမေးပွဲကျနေတာလည်း ညံ့လို့ ကျနေတာ မဟုတ်ဘူး၊ ငါ သိတယ်လေ၊ စာမလုပ်တာတောင် လေးဆယ်ဖိုး တင်နေမှာစိုးပြီး ခြစ်ချနေတာ"

"ရှူး"

သာကီက နှုတ်ခမ်းစုကာ တိုးတိုးပြောဖို့ ပြရင်း မျက်စောင်းကြီးနှင့် ...

"အဘိုးကြားအောင် ကုန်းမတိုက်နဲ့လေ"





"ကြားအောင်လည်း မပြောပါဘူး၊ မင်းအဘိုး ရင်ကျိုးရှာ မှာစိုးလို့၊ မင်းအနေအထားက လေးနှစ်တောင် ဒီစာတွေ သင်ဖူးထားတာ၊ အကုန်သိနေတာချည်းပဲ၊ ဒီနှစ်အသစ်ဖြစ် နေတဲ့ ချက်ပ်တာ တချို့ကလွဲရင် မင်း အားလုံးကိုသိပြီး တတ်ပြီးသား၊ ဂုဏ်ထူးမှန်းသင်တယ် ဘာဖြစ်လဲ၊ အင်္ဂလိပ်ရှ် နဲ့ဘိုင်အိုက မင်း ဂုဏ်ထူးထွက်ကို ထွက်ရမယ့်ဟာ၊ မက်စ် ဖစ်စစ်စ်နဲ့ ကယ်မစ္စတြီက မင်းမလျှမ်းရင် မပျင်း ရင် ဂရုစိုက်ရင် ထွက်နိုင်တယ်"

"အား ... အဲလိုကြီး လူကိုချုပ်နှောင်သလို မပြောနဲ့ကွာ၊ ရှက်တယ်၊ ဂုဏ်ထူးထွက်နိုင်တယ်လို့ လာမပြောနဲ့၊ အဲလို တာဝန်ကြီးကို မသယ်ပိုးချင်ဘူး၊ စိတ်ဖိစီးတယ်"

"ဆယ်တန်းဖြေမယ့်သူဟာ ဆယ်တန်းဖြေမယ့်အလျောက် စိတ်ဖိစီးမှာပဲ၊ ဖိစီးပစေ၊ သူသူကိုယ်ကိုယ် ဖိစီးတာ၊ တော်တော့ ... စောဒက မတက်နဲ့၊ စိတ်လေဖို့လည်း မကြံနဲ့၊ စာမေးပွဲက နီးနေပြီ"

"ဘယ်မှာ စိတ်လေဖို့ ကြံလို့လဲ"

"မင်း ..."

ဝန်ဇင်းက သာကီ့ကို လက်ညှိုးညွှန်ကာ မျက်နှာ ထားတင်းတင်းနှင့် ခဏမျှ ပြောဖို့အားယူနေပြီးမှ ပြောကိုပြော မည် ဆုံးဖြတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆီကို ခုတလော မိုးဝေ ဖုန်းဆက်ဆက်နေတယ် မဟုတ်လား"

"ဟင်"

သာကီက မျက်လုံးလေး ဝိုင်းစက်၊ ပါးစပ်လေးဟ၊ ကာ အံ့ဩနေပြီး ...

"ဦးဝန်ဇင်း ... ဘယ် ... ဘယ်ကသိတာလဲ၊ ဘယ်သူပြောလဲ"

"ငါ သိတာပေါ့၊ မင်း ငါ့ကို ဖုံးလို့ ညာလို့မရဘူး"

"ဘယ်လိုလုပ်သိလဲ ပြောပါ၊ ဒီကိစ္စကို သာကီ ဘယ်သူ့ကိုမှ မပြောတာ၊ ဦးဝန်ဇင်း သိစရာ အကြောင်းကိုမရှိဘူး"

"အေး ... မင်း မပြောပါဘူး၊ အရေးမပါတာတွေတော့ ချေးရော သေးရော ဗလွတ်ရွတ်တောက် လျှောက်ပြောနေပြီးတော့ မင်းရဲ့စာမေးပွဲအတွက် အနှောင့်အယှက်ဖြစ်မယ့်ကိစ္စကျတော့ မပြောဘဲ ဖုံးထားပေါ့ ... ဟုတ်လား"

"ဘယ်လိုအနှောင့်အယှက် ဖြစ်မှာလဲ"

"ခုကိုပဲ အမှတ်တွေကျပြီ၊ ဒီဇင်ဘာလလယ်က ကောင်းထားတဲ့အမှတ်တွေ ဇန်နဝါရီလလယ်မှာ ပြုတ်ကျကုန်တာ ဘာဖြစ်တာလဲ၊ မင်း စိတ်လေလို့ ပေါ့လို့ပေါ့၊ မင်းကိုက ဒီကောင်လေးနဲ့ ပတ်သက်ရင် အရူးစိတ်ပေါက်နေတာလေ၊ သူ့ကြောင့်ပဲ မင်းဘဝကို မင်းအနစ်မွန်းခံထားတာ၊ စာမေးပွဲကျအောင် လုပ်နေတာ သူ တရားခံပဲ"





"မိုးဝေ မဟုတ်ပါဘူး၊ မိုးဝေအမေ တရားခံပါ"

"တူတူပဲ၊ သူနဲ့ပတ်သက်တဲ့ အသိုင်းအဝိုင်းပဲ၊ အခုလည်း လပေါင်းများစွာ အဖတ်ဆယ် ဆွဲတင်ပြီး အများကြီးရင်းနှီးမြှုပ်နှံပြီးသား ဖြစ်နေတဲ့ မင်းကို ဒီကောင် ဖုန်းဆက်လာတာနဲ့ အမှတ်ပြုတ်ကျတော့တာပဲ"

"အမှတ်ပြုတ်ကျတာ သူနဲ့မဆိုင်ပါဘူး"

"သူနဲ့မဆိုင်လို့ ဘယ်သူနဲ့ဆိုင်ရမှာလဲ"

မယမုန်။

သာကီက စိတ်ထဲကကျိတ်ကာ အော်ဖြေလိုက်ပါသည်။ အပြင်တော့ အသံမထွက်ရဲပါ။ သာကီ့စိတ်ကို အနှောင့်အယှက် အပေးဆုံးဟာ မယမုန်ပဲ။ သူ့အမေ ဆေးရုံတက်တဲ့အချိန်ကစပြီး ဦးဝန်ဇင်းနဲ့ပတ်သက်ပြီး ပြောသမျှစကားတွေအားလုံးဟာ အပိုင်အနိုင်တွေချည်းသာ။ သူနဲ့ ဦးဝန်ဇင်း ကနေ့နက်ဖြန်ကိုပဲ လက်ထပ်တော့မယောင်ယောင် နီးပါးလောက်ကို ပြောဆိုနေပုံဟာ သာကီ့စိတ်ကို အနှောင့်အယှက် ဖြစ်စေတာ။

"စည်း"ကို မကျော်ရ ဆိုတဲ့ ဦးဝန်ဇင်းကိုလည်း သာကီ ဖွင့်မမေးရဲ။

"ဘာမဟုတ်ဟုတ်ဒီဒီ လွှဲချမနေနဲ့ သာကီ၊ မင်း ခံစားချက်ကို နားလည်ပါတယ်၊ မင်းလည်း အတော်များများ ရင်ဖွင့်ခဲ့တာပဲ၊ ဒါပေမဲ့ ဒီအချိန်မှာကတော့ အတွေးလေးတစ်ချက်လောက် လွှင့်မိရင်ပဲ ဆက်မျောသွားပြီး အလဟဿဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားမယ့် အချိန်တွေကို နှမြောပါ သာကီ၊ မင်းရဲ့နှလုံးသား ကိစ္စဟာ မင်းကိုယ်ပိုင်ဆုံးဖြတ်ချက်ပါ၊ ဟုတ်တယ်မှလား၊ နှစ်လလောက်ပဲ ရွှေ့ဆိုင်းထားပေးပါ ...

နောက်နှစ်လကျော်ရင် မင်းကို ငါ ဘာမှမချုပ်ချယ်တော့ပါဘူး၊ မင်းရဲ့အုပ်ထိန်းသူ အဘိုးသဘောတူရင် မင်းလုပ်ချင်တာ အကုန်လုပ်လို့ ရပြီ၊ ငါနဲ့ ဘာမှမဆိုင်တော့ဘူး၊ အခုကတော့ မင်းကို စာမေးပွဲအောင်ဖို့ ငါ တာဝန်ယူထားတဲ့ အချိန်မို့ပါ"

အလေးအနက် စိတ်ပါလက်ပါ တောင်းပန်သလို ပြောနေတဲ့ ဦးဝန်ဇင်းကို သာကီက လက်လေးပိုက်ကာ ကြည့်နေပါသည်။ ဦးဝန်ဇင်း ရင်ထဲမှာ စေတနာတွေကို အနှစ်လိုက် အတောင့်လိုက် မြင်နေရတဲ့အတွက်ကို ရှင့်ကိုပိုပြီး အားကိုးချင် ခင် တွယ်တာမိပြန်တယ်။

"ဘာငေးကြည့်နေပြန်တာလဲ၊ ပြောတာ နားလည်ရဲ့လား သာကီ"

"အိမ်း"

"မေးလိုက်ရင်တော့ တအိမ်းအိမ်းပဲ၊ ပြီးရင်လုပ်ချင်တာ လုပ်တာ"

"ဦးဝန်ဇင်း သိထားဖို့က မိုးဝေကို သာကီ ဖုန်းလုံးဝမဆက်ဘူး"

"သူကတော့ ဆက်တယ် မဟုတ်လား"





"သာကီ ဖုန်းပြန်ပြောပေမယ့် တစ်ကြိမ်မှာ ငါးမိနစ်လောက်ပဲ၊ ဦးဝန်ဇင်း ယုံချင်ယုံ မယုံချင်နေ၊ ပြောစရာစကားလည်း ဘာမှရှိတာ မဟုတ်ဘူး၊ တကယ်ကို ဘာမှမရှိတာ"

"မင်း သူနဲ့ ဖုန်းမပြောဘဲ မနေနိုင်ဘူးလား"

ဝန်ဇင်းသည် မေးခွန်းထုတ်လိုက်ပြီးမှ သူ့ကိုတွေတွေလေး ငေးစိုက်ကြည့်နေတဲ့ သာကီ့ကိုမြင်လျှင် သူ့ပါးစပ်ကို သူ ပိတ်ရိုက်ချင်မိပါသည်။ အဲသလောက်ထိတော့ သူ ဖါသင့်ရဲ့လား။ တားမြစ်သင့်ရဲ့လား။

"ဆောရီး ... ဆောရီး၊ ငါးမိနစ်လောက်ပဲ ပြောတာလောက်ဆိုရင် ကိစ္စမရှိပါဘူး၊ ပြောပြီးရင်သာ မပြီးနိုင် မပိုင်နိုင် အတွေးနယ်ကျယ်မနေနဲ့၊ ငါးမိနစ် စကားပြောတာ ဘာမှ မဖြစ်ပေမယ့် ပြောပြီးတဲ့နောက်ပိုင်း မင်းခေါင်းထဲမှာ ဒါပဲ နေရာဆက်ယူနေမှာက အချိန်ပုပ်တာ၊ အဲဒါကို စိတ်လေတယ်လို့ ပြောတာ"

"ဦးဝန်ဇင်း"

ဝန်ဇင်းက ဘာပြောဦးမှာလဲဆိုတဲ့ စိတ်မရှည်တဲ့ မျက်ခုံးတွန့်တွန့်ပင့်ပင့်ကြီးနှင့် ကြည့်သည်။ အဲဒီလို လူကြီးပုံလုပ်တတ်တာကို ချစ်တာ။

"တစ်ခုပဲ မေးမှာပါ၊ မိုးဝေ ဖုန်းဆက်တာ ဘယ်လိုလုပ်ပြီး သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုတစ်နေ့က စာသင်တုန်း ဖုန်းမြည်လာတော့ မင်းက အသံပိတ်ပစ်လိုက်တယ်လေ၊ ပြီးတော့ ဖုန်းကို ဆိုင်းလဲင့် လုပ်လိုက်တယ်လေ၊ ဆိုင်းလဲင့် လုပ်ထားလည်း ဟိုဘက်က ထပ်ခါ ထပ်ခါ ခေါ်နေတော့ ဖုန်းက ဗိုင်ဘရေးရှင်းနဲ့ တစ်စားပွဲလုံး တဇီဇီနဲ့ ပတ်ရွေ့နေတာ၊ မင်းကလည်း ဒီတိုင်း ပစ်ထားတာပဲ၊ ခဏနေတော့ မင်းရဲ့အင်္ဂလိပ်ရှိရမှတ်ကို အဘိုးကို လက်မှတ်ထိုးခိုင်းဖို့ မင်း ဆင်းသွားတုန်း ဖုန်းက ထပ်ခေါ်ပြန်ရော၊ ရွေ့ရင်း ရွေ့ရင်းနဲ့ ငါ့ဘက်တိုးလာတာနဲ့ စားပွဲအောက် ပြုတ်ကျမှာစိုးလို့ ကောက်ပြီး စားပွဲအလယ်ကောင်ကို ပြန်ချပေးတာ၊ ဒါပေမဲ့ ဖုန်းရဲ့ Screen ကိုတော့ ကြည့်လိုက်မိတယ်၊ အဲဒီမှာ Moe Wai လို့ ပေါ်နေတာလေ"

သာကီက နှုတ်ခမ်းကိုထော် နှာခေါင်းကိုရှုံ့ရင်း ...

"ဟွန်း ... ဦးဝန်ဇင်းက သူတစ်ပါးဖုန်းကို ကြည့်တဲ့သဘောပေါ့"

"ဒါတော့ မျက်စိက ရောက်သွားပြီး မြင်သွားတာ ဘာမှ မတတ်နိုင်ဘူးလေ၊ ငါ တမင်တကာတော့ ခိုးမကြည့်ပါဘူး ဒေါ်သာကီရယ်"

သူ့ကိုယ်သူ မလုံမလဲ ပြုံးနေတဲ့ ဝန်ဇင်းရဲ့မျက်နှာရာကို သာကီ ဘယ်လိုချစ်မိမှန်း မသိပါ။ ရင်ထဲ တသိမ့်သိမ့် နှုးလျှနေပါသည်။

❣ ❖ ❣



အိမ်ထဲဝင်လာတဲ့ ဦးမောင်မောင်ရန်အောင်နှင့် သာကီခင်လေးကို မြင်လျှင် ဝန်ဇင်းက မျက်ခုံးကြီးပင့်သွားရရင်း မကျေနပ်တဲ့ရုပ်ကြီးက အတော်ရှုံ့မဲ့မဲ့နိုင်တာမို့ သာကီက ရယ်ချင်သွားပါသည်။

"အဘိုး ... အဘိုး ... ဒီစားပွဲမှာ ထိုင်လိုက်စို့လေ"

ဝန်ဇင်းနဲ့ နီးတဲ့နေရာ မရောက်အောင် အဘိုးကို လက်တို့ပြောပေမယ့် ...

"ဟိုမှာ ခင်မောင်လတ်တို့ စားပွဲက လူမှမရှိတာ၊ ဆရာဦးဝန်ဇင်းလည်း အဲဒီမှာပဲလေ၊ လာ ... မြေး၊ အဲဒီကိုပဲ သွားမယ်"

သာကီက ရှုံ့တွလိုက်မိပါသည်။ မယမုန်ရဲ့အဖေ ဦးခင်မောင်လတ်နှင့် ဦးဝန်ဇင်းက စားပွဲတစ်ဝိုင်းတည်း ထိုင်နေတာ ဖြစ်ပါသည်။ မလှမ်းမကမ်း စားပွဲမှာတော့ မယမုန်က တခြားညှော်သည်တချို့နှင့် ထိုင်ညှော်ခံနေ၍ ဦးဝန်ဇင်းနှင့် သိပ်မနီး။

အဘိုးက သာကီ့ပခုံးကိုကိုင်ကာ ရှေ့တွန်းလွှတ်နေတာမို့ အဘိုး နောက်ကျောမှာ ကွယ်ဖို့တောင် မတတ်သာဘဲ သာကီဟာ ဦးဝန်ဇင်းနှင့် မျက်နှာချင်းဆိုင် ထည့်တည့်ကြီး လျှောက်သွားရပါသည်။ ကြိမ်းမောင်း ဆူပူချင်တဲ့ သဘောမကျ

www.burmeseclassic.com

www.burmeseclassic.com



တဲ့မျက်လုံးတွေနှင့် ခပ်တည်တည် လှမ်းကြည့်နေတဲ့ ဦးဝန်ဇင်းကို ပြန်မကြည့်ဘဲ မျက်လွှာလေးချပြီး ဣန္ဒြေရတဲ့ရုပ်လေးနှင့် စားပွဲမှာ ဝင်ထိုင်လိုက်ရပါသည်။

"ကြွပါ အန်ကယ်လ်၊ ဒီဘက်ထိုင်ပါ၊ သမီးလည်းထိုင်၊ ဒီဘက်စားပွဲကို မုန့်ပွဲအသစ်နှစ်ပွဲ ချပါဟေ့၊ လိုက်ပွဲ နံနံပင် အကြော် အစုံချပေး"

ဦးခင်မောင်လတ်က မုန့်ပွဲပြင်ဆင်ချပေးနေသူတွေ ထံ လှမ်းပြောလိုက်ပါသည်။ သာကီက မယမုန်ထံ မသိမသာ တစ်ချက်လှမ်းကြည့်မိလျှင် မယမုန်သည် ဦးဝန်ဇင်းနံဘေး သာကီ ထိုင်ချလိုက်တာကို ရတက်မအေးနိုင်သလို လည်ပင်းလေးရှည်ကာ လိမ်ကာ လှမ်းလှမ်းကြည့်နေလေသည်။ ထ,လာတော့မလို နေရာ ပြင်ထိုင်လိုက်ပေမယ့် ထိုစားပွဲက အမျိုးသမီးကြီးတစ်ယောက်က စကားလှမ်းပြောနေ၍ ထ,လာလို့မရ။

"မင်း ဘာဖြစ်လို့ ဇွတ်လိုက်လာတာလဲ"

"ရှင်"

သာကီက စားပွဲပေါ် လက်ပိုက်ရင်း ကိုယ်ကိုင်းကာ စေ့စေ့လှမ်းကြည့်ရင်း မေးလိုက်တဲ့ ဦးဝန်ဇင်း စကားကို နားမလည်သယောင် အူကြောင်ကြောင်နှင့် မျက်လုံးပေကလတ်လုပ်လိုက်ပါသည်။ အဘိုးနှင့် အန်ကယ်လ် ဦးခင်မောင်လတ်က စကားပြောနေကြပြီဖြစ်၍ သူတို့ဘက်တွင် အာရုံမရှိ။

"ပြောလေ"



"ဦးဝန်ဇင်းက ဘာမေးတာလဲ"

"မင်း ဘာလို့ လိုက်လာတာလဲလို့၊ မလိုက်ပါနဲ့ဆိုတာကို ဇွတ်လိုက်လာတယ်"

"ဟင် ... ဦးဝန်ဇင်း မလိုက်နဲ့ဆိုတာက သုသာန်ကိုမဟုတ်လား"

သာကီသည် ကြိုတင် စဉ်းစားထားတဲ့အတိုင်း နားမလည်သယောင် မလိမ့်တပတ် လုပ်လိုက်ပါသည်။ လက်မကို ကိုက်၍ မျက်လွှာပင့်ကြည့်ကာ ...

"ဦးဝန်ဇင်းက အသုဘမပို့နဲ့ဆို၊ အခုက ရက်လည်ဆွမ်းကျွေးဆိုတော့ သာကီက ..."

"ဟိတ် ... မင်း မလိမ့်တပတ် မလုပ်နဲ့ သာကီ၊ မလိုက်နဲ့ဆိုတာက အချိန်ပုပ်မခံစေချင်လို့ ပြောတာလေ၊ ရေခေးရယ် ရက်လည်ရယ် ခွဲခြားပြီး မလိုက်ခိုင်းတာမှ မဟုတ်တာ၊ မင်းရဲ့စာကျက်ချိန်တွေကို ထိခိုက်မယ့် ဘယ်လမ်းကိုမှ မသွားစေချင်တော့တာ"

"ဟင် ... သာကီက အသုဘပဲ မပို့ရမှာမှတ်လို့၊ အဘိုးကလည်း ငါ့မြေးလိုက်ဦးမှာလားဆိုတော့ သာကီက လိုက်မယ်လို့ ပြောလိုက်တာပါ ဦးဝန်ဇင်းရဲ့"

"မင်း ရှုသလိုလို ထုံသလိုလို လုပ်မနေနဲ့ သာကီ၊ မင်းတမင်လိုက်လာတာ ဘာကြောင့် မလိုက်စေချင်တယ်ဆိုတာ ပြောထားပြီးသားပဲဟာ"

www.burmeseclassic.com

"အဟင်း ဟင်း ... သာကီက မေ့ပြီး ယောင်ပြီး လိုက်လာ မိတာပါ ဦးဝန်ဇင်းရဲ့ ... ဟင်း ဟင်း"

"မြန်မြန်စားပြီး မြန်မြန်ပြန်"

"ဟာ ... ဒါတော့ အဘိုးပြန်မှ သာကီပြန်လို့ရမှာပေါ့"

"ကျွတ်"

စိတ်တိုနေတဲ့ ဦးဝန်ဇင်းကြောင့် သာကီက ကျိတ်ပြုံး ရယ်ချင်နေပါသည်။ ဒီလိုမှ လိုက်မလာရင် မယမုန်နဲ့ ဦးဝန်ဇင်း ရဲ့ဆက်ဆံရေးပုံစံကို သာကီ မြင်ခွင့်ရဖို့ မလွယ်ဘူးလေ။

"ကဲ ... ဒီလိုလုပ်"

"ဘယ်လိုလဲဟင်"

"အဘိုးက တကယ်လို့ အေးအေးဆေးဆေး နေချင်

တယ်ဆိုရင် မင်းကို ငါလိုက်ပို့မယ်၊ ငါနဲ့အတူပြန်မ

"ဟာ ... တကယ်နော်၊ ဒါပေမဲ့ သာကီ နှစ်ပွဲလော မှာနော်"

စိတ်ညစ်မသွားဘဲ ပျော်သွားတဲ့ သာကီ့ကို ဝန် က မျက်လုံးထောင့်နှင့် အမြင်ကတ်သလို ကြည့်နေဆဲ သာ စားပွဲဆီ မယမုန် ရောက်လာပါသည်။ သာကီ့ဟိုဘက် ဝင်ထိုင်လိုက်လျှင် နီးနီးနားနား အဆင်ပြေပါလျက်နှင့် နောက်ကဖြတ်၊ ဦးဝန်ဇင်းရဲ့နောက်ကလည်း ဖြတ်ကာ ဝန် ဟိုဘက်တစ်ဖက်ဆီမှာ ဝင်ထိုင်လိုက်ပါသသည်။ မယ





ရာယူပုံကြောင့် ဦးဝန်ဇင်းဟာ တစ်ဖက်တစ်ချက် လက်ဝဲရံ လက်ယာရံနှင့် ဖြစ်နေတော့တာပင်။

"ဇန် ... အချိုပွဲစား၊ လက်ဖက်စားဦးလေ၊ မုန့်ဟင်းခါး ကော နောက်တစ်ကျော့ စားဦးမလား"

"အား ... မစားတော့ပါဘူး၊ ဗိုက်ပြည့်နေပြီ"

"အချိုပွဲတွေစား"

ဝန်ဇင်း ရှေ့သို့ မုန့်အချိုပွဲ အမျိုးမျိုးသော ပန်းကန် တွေ ရွှေ့ပေးပြီးမှ ...

"သာကီ စားနော် ... ထည့်စား၊ အားမနာနဲ့"

"အားမနာပါဘူး၊ စားမှာပါ မယမုန်"

ယမုန်က မျက်နှာခပ်ချွမ်းချွမ်းနှင့် ဝန်ဇင်းကို ကြည့် ရင်း ...

"ဟိုစားပွဲက မေမေ့ငယ်သူငယ်ချင်းလေ၊ မိတ္ထီလာမှာနေတာ၊ သူ့သားမင်္ဂလာဆောင်ရှိလို့ ရန်ကုန်ရောက်နေတာ ဝန်ရဲ့။ ပြီးခဲ့တဲ့အပတ်ကမှ သူ့သားမင်္ဂလာဆောင်တာလေ၊ သူ့သား က အန်တီကကျတော့ ယမုန်တို့ အဒေါ်ပဲ၊ နှစ်ဝမ်းကွဲ၊ သူ့အမျိုးသားက သမိုင်းက ပါမောက္ခပဲ"

သာကီက စိတ်ထဲက ကျိတ်ကာ မယမုန်ကို မဲ့နေမိ ပါသည်။ အသံလေး ညောင်ညက်ညက်ဟာ တကယ့်ကို သည်း ဆဲ အူထဲစိမ့်ပြီး သနားချင်စရာပါ။ ဘာကီစွ သူက ဦးဝန်ဇင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးညာတကာတွေနှင့် မိတ်ဆက်ပေးနေရတာလဲ။ သူ့အဆွေအမျိုး အသိအကျွမ်းတွေကို ဦးဝန်ဇင်းက ဘာသိဖို့လိုလို့လဲ။

ဆွယ်တာအနက်လေးနှင့် မျက်နှာပြောင်ကလေးဟာ ချောမွတ်ပြောင်လက်လှပနေပြီး ထိုင်နေပုံလေးကိုက ကျို့ကျို့ယို့ယို့ လုံချည်ခြေဖျားအုပ်လေးနှင့် ယဉ်ကျေးသိမ်မွေ့သူလေးပေါ့။ တကယ်လည်း မယမုန်ဟာ အေးချမ်းတဲ့သူတစ်ယောက် ဖြစ်တာတော့မှန်ပေမယ့် ဦးဝန်ဇင်းရှေ့မှာတော့ နည်းနည်းကို အမူအရာ ပိုသလားလို့ ပိုပြီးသိမ်မွေ့နူးညံ့ပြနေသလားလို့။

"ယမုန်လည်း စားဦးလေ၊ စားတာ မတွေ့သေးဘူး"

"မစားချင်သေးပါဘူး ဝန်ရယ်၊ ရင်ပြည့်သလိုကြီး ဖြစ်နေတယ်၊ လူကလည်း မူးတူးတူးနဲ့ သံပရာရည်လေး သောက်ချင်နေတယ်"

"တစ်ယောက်ယောက်ကို ဖျော်ခိုင်းလိုက်လေ"

"နေပါစေတော့"

"ဘယ်ဟုတ်မလဲ၊ နှင် တစ်ခုခုလည်းစား၊ ဆေးလေးဘာလေးသောက်ပြီး ထူထောင်အောင် နေမှပေါ့၊ အခု မူးနေရင် သံပရာရည်သောက်ရင် သောက်လိုက်ပေါ့"

"ဒါပေမဲ့ ဒေါ်တင့်တို့ မိလုံးတို့က နောက်ရောက်နေတာ"

"ငါသွားပြောပေးရမလား"

"သာကီ ပြောပေးမယ်"





ဦးဝန်ဇင်းကြီးတစ်ယောက် ကိုယ်တိုင်ထ,ကာ မီးဖိုထဲ သံပရာရည် ဝင်ဖျော်ခိုင်းပြီး ယူလာကာ မယမုန်ကို Serve လုပ်ရတော့မှာ မြင်ယောင်နေပြီ။ ခုကိုပဲ ထ,မလို ထိုင်မလို လူကကြွနေပြီ။

"နေပါစေ သာကီ"

သာကီက ဟိုဘက်စားပွဲကို ပဲကြော်ပန်းကန်လာချပေးသော မယမုန်တို့နှင့် ဝမ်းကွဲတွေဖြစ်ပုံရသည့် မိန်းကလေးကို လက်လေးဖမ်းတို့လိုက်ကာ ...

"ညီမရေ ...၊ မယမုန်က နည်းနည်းမူးလို့တဲ့၊ နောက်ဖေးက ဒေါ်တင့်ကို သံပရာရည်ချဥ်ချဥ်လေး ချက်ချင်းဖျော်ပို့ပေးပါလို့ ပြောပေးပါနော်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကဲ ... အလွယ်လေးပါ။ မယမုန် ကိုယ်တိုင် အဲသလို မှာနိုင်ပါလျက် မမှာဘဲနဲ့ ဦးဝန်ဇင်းကြီး ထ,ကြိုးပမ်းပေးရအောင် ဖန်တီးနေတာ အမြင်ကတ်လို့ပါ။ သူ့အမေ အသုဘမှီ ဝမ်းနည်းဆုတ်နစ်နေမှာတော့ သနားပါရဲ့။ ဒါပေမဲ့ ဦးဝန်ဇင်းကို လိုတာထက်ပိုပြီး ပိုင်ကြောင်း ပြချင်နေတာကလည်း တစ်ကဏ္ဍ။

"တစ်လပြည့်ကျရင်လည်း ဆွမ်းကျွေးဦးမယ် ဝန်၊ အဲဒီကျလည်း လာဦးနော်"

တစ်လပြည့်ကိုဖိတ်ဖို့ စောလွန်းပါသေးတယ် မယမုန်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကြားထဲ ဝန် တစ်ရက်လောက် ဘယ်နေ့များ အားနိုင် ဦးမလဲဟင်၊ ယမုန် ကျောင်းမှာ ခွင့်ထပ်တင်ဖို့ အဖေ့ဖော်လိုက် ခဲ့ပေးပါလား ဝန်၊ ဝန်လည်း ကျောင်းထဲမရောက်ဖြစ်တာ ကြာရောပေါ့၊ ယမုန်တော့ ခွင့်ကို ရသလောက် ဆက်ယူပြီး မရတော့ရင်တော့ အလုပ်ထွက်လိုက်တော့မယ် စိတ်ကူး တယ်၊ အိမ်မှာ ယမုန် တာဝန်ယူရမှာတွေ ရှိသေးတယ်..."

ဒေါ်တင့်ကြီးက အသက်ကြီးလှပြီ၊ နားချင်ပြီ ပြော နေတယ်၊ သူ့ရွာကို ပြန်ချင်တယ်လေ၊ မိလုံးက ဘာမှ မချက်ပြုတ်တတ်ဘူး၊ ဖေဖေကလည်း အလုပ်သွား၊ ကိုကို က စတူဒီယိုဘက်ကူး၊ အိမ်မှာ လူမရှိဘူးလေ၊ မေမေရော တော့ အိမ်ရှင်မနေရာ ယမုန် ဝင်ရမှာပေါ့၊ ဝန်ရော ဘယ် လိုသဘောရလဲဟင်"

ရှင်တို့အိမ်တွင်းရေးကိစ္စကို ဦးဝန်ဇင်းက ဘာမျှ ဝင်ပြီး သဘောရနေရမှာလဲ မယမုန်ရယ်။

သာကီသည် မယမုန် စကားတစ်ခွန်းချင်းကို ရင်ထဲ က ကျိတ်ကျိတ်စောဒကတက်နေမိပါသည်။ ဦးဝန်ဇင်း ရုပ်ကြီး မယမုန်ကို သနားကရုဏာတွေ သက်နေတာသာ သိသာထင်ရှား နေပြီး မယမုန်ကဲ့သို့ နှုတ်သွက်လျှာသွက်တော့ မရှိ။

"အဆင်အပြေဆုံးကို စဉ်းစားလုပ်ရမှာပေါ့ ယမုန်"

"အလုပ်ထွက်ရမှာလည်း နှမြောတော့ နှမြောသား ဝန်ရဲ့





နှမြောရင်လည်း မထွက်နဲ့၊ ထွက်ရင်လည်းမနှမြော နဲ့ မယမုန်ရေ။ ဒါပဲရှိတယ်။

"ဝန် ဘယ်နေ့လာမှာလဲဟင်"

ဟော ...။ စကားတွေက ခုန်ကျော်လိုက်တာ။

"အင်း ... ကိုယ် ...၊ အင်း ... နင် သွားချင်တဲ့ရက်ကို နည်းနည်းကြိုပြောလိုက်လေ၊ အချိန်ထွက်အောင် လုပ်ထား လိုက်ရမှာပေါ့၊ ငါအားတဲ့နေ့ဆိုတာတော့ ပြောရခက်တယ်"

သာကီသည် စိတ်ပုပ်ချင်တာကို မအောင့်နိုင်တော့ ကာ မုန့်ဟင်းခါးပန်းကန်ကို ရှေ့တွန်းလိုက်ရင်း ...

"ဦးဝန်ဇင်း ... သာကီ ပြီးပြီ"

မယမုန်က သာကီ့ကို တစ်လှည့် ဝန်ဇင်းကိုတစ်လှည့် အကဲခတ်ရင်း ...

"ဘာလုပ်ဖို့လဲ ဝန်"

"သူ ပြီးရင် ပြန်မလို့လေ၊ လိုက်မလာပါနဲ့ဆိုတာ ဇွတ်လိုက် လာတာ၊ အန့်ကယ်လ်လည်း လာနေပြီပဲ၊ ညည်းနေခဲ့ပါ ဆိုတာ လိုက်ဖြစ်အောင် လိုက်လာတာ"

"အသုဘလည်း လိုက်မပို့ခဲ့ရတော့ သာကီက ခဏတော့ လာချင်သေးတာပေါ့၊ အဲဒါ ဦးဝန်ဇင်းက အတင်းပဲ အဘိုးကို မစောင့်တော့ဘဲ သူနဲ့ပဲပြန်ရမယ်တဲ့၊ ကဲ ... ရပြီ လေ ပြန်မယ်လေ"

ယမုန်က မျက်နှာပျက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သာကီ့ကို ပြန်ပို့ဖို့ ကားစီစဉ်ပေးရမလား"

"နေပါစေ ယမုန်၊ ငါလည်း ပြန်ရတော့မှာပဲ၊ အတန်းဝင်ဖို့ ရှိသေးတယ်"

"အဘိုး .. အဘိုး စကားအေးအေးဆေးဆေး ပြောရင်ပြောဦး၊ သာကီ ဦးဝန်ဇင်းနဲ့ ပြန်နှင့်မယ်၊ ဦးဝန်ဇင်းက မြန်မြန်ပြန်ပြီး စာကျက်တဲ့"

"အေး ... ကောင်းတာပေါ့၊ ပြန်နှင့်ကြလေ၊ အဘိုးက ခဏနေမှ ပြန်မယ်၊ သာကီ မပါရင် ဒီနားက မိတ်ဆွေတစ်ယောက်အိမ်တောင် ဝင်လို့ရသေးတယ်၊ သွား ... သွားကြ"

သာကီက ဦးဝန်ဇင်း ကားသော့ကို ကောက်ယူပေးလိုက်ပါသည်။

❣ ❖ ❣





## ၁၃

ယမုန့် သူငယ်ချင်းတစ်ယောက် အလုပ်လုပ်တဲ့ နိုမ့်နှံ့တင်သွင်းသော ကုမ္ပဏီတစ်ခုမှ ကျောင်းများ ဆေးရုံများကို လစဉ် ပရိုမိုးရှင်း လုပ်တဲ့အနေနှင့် နို့နှင့် အဟာရအစားအစာများ တိုက်ကျွေးတဲ့ အစီအစဉ်ရှိရာ ယမုန်နှင့် စကားဆက်စပ်ရာမှ ယမုန့် ဖိတ်ခေါ်မှုနှင့် ဆယ်မိုင်ကုန်းဘော်ဒါကို အဟာရတိုက်ကျွေးဖို့ စီစဉ်လာပါသည်။

ဘော်ဒါကျောင်းသား ကျောင်းသူ တစ်ရာကျော်ကို မစ်လ်ခ်ရှိတ်နှင့် နို့ဝေဖာ နေ့လယ်စာ လာကျွေးပေးဖို့ စီစဉ်တဲ့အတွက် ဝန်ဇင်းကလည်း ဝမ်းပန်းတသာ ကျေးဇူးတင်စွာ လက်ခံလိုက်ပါသည်။ နေ့လယ် ကော်ဖီဘရိတ်ခ်အချိန်မှာ ခါတိုင်းတော့ ကော်ဖီ၊ မိုင်လို၊ အိုဗာတင်း စတာတွေ တိုက်ကျွေးလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ထိုကုမ္ပဏီမှ လာတိုက်ကျွေးသော မစ်လ်ခ်ရှိတ်နှင့် ကုမ္ပဏီကထုတ်တဲ့ နို့ဝေဖာ။ ထိုနို့ဝေဖာထုပ်များကို ကလေးတွေကို အလကားကျွေးတာဖြစ်သလို ကလေးတွေကလည်း သူတို့စားဖို့ သူတို့ဘာသာ အထုပ်များစွာ ထပ်ဝယ်ပြီး အားပေးလိုက်ကြပါသေးသည်။

"ကျောင်းကို ခုလိုလာကျွေးပေးတာ ကျေးဇူးတင်ပါတယ်မဆ"

"ဟုတ်ကဲ့ ... နောက်နှစ်တွေလည်း အလှည့်ကျလာကျွေးပေးပါဦးမယ်၊ ကလေးတွေက နို့ဘူးတွေရော ဝေဖာထုပ်တွေရော အားပေးကြတာကိုလည်း ကျေးဇူးတင်ပါတယ်"

"ဆရေ ... ငါ အပြန်မလိုက်တော့ဘူး၊ ဒီမှာပဲ ခဏနေခဲ့ဦးမယ်၊ နောက်မှ ကိုယ့်ဘာသာ ပြန်တော့မယ်"

"ဒါဆိုလည်း နေခဲ့လေ ယမုန်၊ ဒါဖြင့် ကိုယ်တို့သွားပြီ"

သူတို့ကုမ္ပဏီကားကြီးတွေ ခြံဝင်းထဲက ထွက်သွားသွားတဲ့အခါ ယမုန်က ကျန်ရစ်ခဲ့ပါသည်။ နေခဲ့ဦးမယ်လို့ ဝန်ဇင်းကိုမပြောဘဲ နေရစ်ခဲ့တဲ့အတွက် နည်းနည်းတော့ စိတ်ကျဉ်းကျဉ်သွားပေမယ့် ဒီညနေက တခြားအရေးတကြီးအလုပ် မရှိ၍ ပျော်ပါသေးသည်။ တမင်တကာ ဒီအစီအစဉ်ကို သာကီအိမ် မသွားရဘဲနေ့မှာ စီစဉ်ထားတာမို့ သာကီ့ထံလည်း သွားဖို့မလိုအပ်။

"ရုံးခန်းထဲ လာလေ ယမုန်"





"ဟိုဘက်က ဝန်နေတဲ့ တိုက်ပြားလေး မဟုတ်လား၊ အေးအေးဆေးဆေး အိမ်ကိုပဲ သွားထိုင်စကားပြောမလား"

"ရုံးခန်းဘက်က မီးစက်နဲ့ဆိုတော့ အဲကွန်းလည်းရတယ်၊ ဖုန်းတွေ ဘာတွေ လာတာတို့ ကိစ္စတစ်ခုခု ရှိတာတို့ဆိုလည်း ရုံးခန်းထဲရှိတော့ အဆင်ပြေတာပေါ့၊ ရုံးခန်းထဲပဲထိုင်လို့ရပါတယ်၊ အားနာစရာ မရှိပါဘူး"

ယမုန်က ဝန်ဇင်းနောက်မှ ပါလာပါသည်။ ရုံးခန်းပေါက်ဝရောက်သည်ဆိုလျှင်ပင် ...

"မသာကီခင်လေး ဖုန်းဆက်တယ် ဆရာကြီး"

ယမုန်က စိုင်းနောင် စကားကြောင့် ဝန်ဇင်းထံလှည့်ကြည့်လာသည်။

"ဘာတဲ့လဲ"

"ဆရာကြီး ဟန်းဒ်ဖုန်း ပိတ်ထားလို့တဲ့၊ ကုမ္ပဏီက မုန့်လာကျွေးနေလို့ ဆရာကြီး အဲဒီမှာရှိနေရတာ ပြောလိုက်ပါတယ်၊ ခဏနေမှ ပြန်ဆက်မယ်တဲ့"

ဝန်ဇင်းက ခေါင်းညိတ်ကာ ရုံးခန်းထဲ ဝင်လာရင်း ပိတ်ထားတဲ့ဖုန်းကို ပြန်ဖွင့်လိုက်ပါသည်။

"ဝန် ဒီနေ့ သာကီ့ဆီ သွားရမှာလား"

"မသွားရပါဘူး၊ ဒီနေ့ သူ့အိမ် အချိန်ဇယား မရှိဘူး"

"ဒါဖြင့် ဘာဖြစ်လို့ သူဖုန်းဆက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ သူ့ထံမသွားရတဲ့နေ့တိုင်း ခုလိုပဲ ဆက်နေကျမို့ပေါ့။ ဖုန်းထဲကနေ စာမေးသယောင်ယောင်၊ စာဆိုသယောင်ယောင် တစ်ခုမဟုတ်တစ်ခု အကြောင်းရှာကာ ဆက်မြဲထုံးစံပင်။

"ဘာဖြစ်လို့ ဆက်တာလဲလို့"

"ကိစ္စတစ်ခုခုရှိလို့ နေမှာပေါ့၊ စာမေးချင်တာရှိလား မသိဘူး"

"တီတီတီ ... တီတီတီ"

ပြောရင်းတန်းလန်း မြည်လာတဲ့ ဟဲန်းဒ်ဖုန်းကို တစ်ချက်ကြည့်ပြီး ဝန်ဇင်းက ဖုန်းဖွင့်လိုက်ပါသည်။

"အင်း ... ပြော ..."

ယမုန်က ဝန်ဇင်းကို စူးစိုက်ကြည့်နေ၍ ဝန်ဇင်း စိတ်ထဲ ကျဉ်းကျပ်နေမိသည်။

"ဦးဝန်ဇင်း ... နို့မှုန့်ကုမ္ပဏီက ပရိုမိုးရှင်းပေါ့၊ ဟုတ်လား"

"အင်း"

"ဟွန်း ... သာကီတောင် သိရင်လာသောက်ချင်လိုက်တာ၊ သာကီလည်း ဆယ်မိုင်ကုန်းရဲ့တပည့်ပဲလေ ... ဟဲ ဟဲ၊ အဲဒီကုမ္ပဏီကထုတ်တဲ့ စက္ကူနို့ဘူးတွေလည်း သာကီ အရမ်းကြိုက်တာပဲ၊ ဒတ်ချ်လေဒီကဟာပြီးရင် ဒီနို့ဘူးပေါ့"

"အင်း ... ဘာပြောမလဲပြော"

"အွန် ... ဘာလဲ၊ ညှော်သည်ရှိလား ဦးဝန်ဇင်း"





"အင်း"

"ဒါများ၊ ညှော်သည်ကို ထိုင်စောင့်ဦးလို့ ပြောထားလိုက်လေ၊ အခု ဗဲရီးအင်ပေါ့တဲန့်ပါစဲင် ဆက်နေတာလို့၊ ခင်ဗျားက ဒုတိယဦးစားပေးပဲလို့ ဟဲ တဲ ... ပြောလိုက်၊ ပြောလိုက်"

"ညည်း စာမကျက်ဘူးလား"

"ကျက်ရင်းနဲ့ ပျင်းပျင်းရှိတာနဲ့ ဆက်လိုက်တာလေ၊ အိပ်ငိုက်ချင်သလိုရှိလို့ မျက်စိကျယ်အောင် ဟာသလေး ဘာလေး ပြောပေးပါဦး ဦးဝန်ဇင်း၊ ဟို ... အင်တာနက်ထဲက ဟာသတွေလေ၊ ရယ်ရတယ်"

"ကဲ ... ဒါပဲလား"

"ဟင့်အင်း၊ ဒါမပဲပါဘူး"

ဝန်ဇင်းဘက်က အင်း၊အင်းနှင့် တိုတိုတိသာ ပြောနေတဲ့ စကားတွေကို နားထောင်နေရင်း ယမုန်က ...

"ဝန် ... သာကီ မဟုတ်လား၊ ယမုန် ပြောစရာလေးရှိလို့ ခဏလောက်"

"သာကီ ... ခဏ ကိုင်ထားဦး"

သာကီသည် တစ်ဖက်က သဲ့သဲ့ဝင်လာတဲ့ မိန်းမသံနှင့် ကိုင်ထားဦးဆိုတဲ့ ဝန်ဇင်းစကားတို့ကြောင့် ဇဝေဇဝါလေး ဖြစ်နေဆဲပင် မယမုန်း အသံက ဖုန်းထဲက ပေါ်လာပါသည်။

"သာကီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်၊ ခြော် ... ညည်သည်ရောက်နေတာလဲ မယမုန်လား"

"အင်း ... ဝန်တို့ဆီမှာ ကလေးတွေ အပဟာရကျွေးတာကို လာကူပေးတာပါ"

"ပြီးသွားပြီဆို"

"အင်း ...၊ လာကျွေးတဲ့ ကုမ္ပဏီတော့ ပြန်သွားပါပြီ၊ တို့ကတော့ ဝန်နဲ့စကားပြောဦးမလို့ နေခဲ့သေးတာ၊ သာကိုကို ရော်နယ်လ်က ပြောနေတယ်၊ ရန်ပုံငွေအခွေထဲက သာကီ သီချင်းမှာ ခေါရပ်စ်အပိုဒ်က စာသားတစ်ကြောင်း အသံတိမ်သွားတာ ပြင်ရမယ်ဆိုလား"

"ဟင် ...၊ နောက်တစ်နေရာ ထပ်ဖြစ်လို့လား"

"မသိဘူး သာကီရဲ့"

"မဖြစ်တော့ပါဘူး မို့လား၊ စာသားတစ်ကြောင်း ပြန်ပြင်ရတာ လွန်ခဲ့တဲ့ တစ်ပတ်ကတည်းက ပြင်ပြီးပြီလေ၊ နောက်ထပ် ထပ်ပြင်စရာ နေရာလည်း မကျန်တော့ပါဘူး၊ သာကီ နာရီဝက်လောက် လာပြီးပြင်ဆိုသွားသေးတယ်လေ၊ အဲဒီနေ့က မယမုန်တို့ ခြံထဲမှာ ဟိုဆာ့ဖ်နဲ့လူတောင် ရောက်နေသေးတယ်လေ"

မှတ်ထား။ သာကီ သိပြီးသား ပြင်တောင်ပြင်ပြီးသား ကိစ္စကြီးကို ပြောဖို့ အကြောင်းပြပြီး ဦးဝန်ဇင်းထံက ဖုန်းယူပြောတာဟာ တကယ်တော့ "ငါ ဒီမှာရောက်နေတယ်"ဆိုတာကို





မထွာပ်တိုင်တက်တဲ့ သဘောပဲဆိုတာ သာကီသိတာပေါ့။ ဒါကြောင့် တမင်တကာပဲ ဆာ့ဖ်နဲ့လူကို စကားထဲ ထည့်ပြောလိုက်တာပါ။

"နိုင်ငံခြားက ပြန်လာလို့ လက်ဆောင်တွေ လာပေးတာ မဟုတ်လား၊ အိတ်ကြီးဆွဲဆင်းလာတာ တွေ့တယ်"

မဆီမဆိုင် စကားထဲ ထည့်ပြောလိုက်တဲ့ သာကီ့ကို ယမုန်ကလည်း ဒေါကန်သွားရပါသည်။ ဒါခြိမ်းခြောက်တဲ့လေသံပဲ။ ဒီစကားကို သူ ဝန်ဇင်းကိုလည်း ပြန်ပြောရင် ပြောမှာလို့ ဒက်ခနဲ တွေးမိပါသည်။

"အဲဒီအိတ်ကြီး မယူထားလိုက်ဘူး၊ ငြင်းလိုက်တယ်၊ အဲဒါရော တွေ့လား"

"ဟင့်အင်း ... သာကီ အဲလောက်ကြီး စိတ်ဝင်တစား မကြည့်မိပါဘူး၊ စာလုပ်စရာရှိသေးလို့ မြန်မြန်ပြန်သွားတာ"

"ဒီအချိန်မှာ ကိုယ့်စာပဲ ကိုယ်အာရုံစိုက်ပြီး လုပ်တာကောင်းပါတယ် သာကီရဲ့၊ မပေါ့နဲ့တော့နော်၊ စာမေးပွဲက သုံးပတ်လောက်လား လိုတော့တာ မဟုတ်လား၊ အခုကော ဝန့်ကို ဘာပြောဦးမလဲ၊ စာမေးမလို့လား"

သာကီက အောင့်သက်သက်နှင့် ...

"ဟင့်အင်း ... မမေးတော့ပါဘူး၊ မယမုန်လည်း ရောက်နေတော့ အနှောင့်အယှက် ဖြစ်နေပါ့မယ်၊ သာကီလည်း ဦးဝန်ဇင်းဆီ ညမှပြန်ဆက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သာကီက ရုတ်တရက် ဖုန်းချသွား၍ ယမုန်သည် ပြောချင်သလောက်တောင် မပြောလိုက်ရ။ မပြောရတာလည်း ကောင်းပါတယ်လေ။ တော်ကြာ ဝန်ဇင်းက သာကီနှင့် ယမုန့်ကြားက စစ်အေး ပဋိပက္ခကို ရိပ်မိနေပါဦးမည်။ သာကီ့ကို ယမုန် ကြည့်မရချင်အောင် ဖြစ်နေပေမယ့် ဒါကို ဝန်ဇင်း မသိစေလိုပါ။ သာကီ့အပေါ်မှာ ဝန်ဇင်း အထိုက်အလျောက် သံယောဇဉ်ကြီးတာ ယမုန် ရိပ်မိနေပါသည်။ ကိုယ့်အပေါ် အပြစ်မမြင်စေလိုပါ။

ဖုန်းကို ဝန်ဇင်းရှေ့ လှမ်းချရင်း ...

"သာကီက ဒေါ်ဝင့်သားနဲ့ ပြတ်သွားပြီလား"

ဒေါ်ဝင့် ဆိုသည်မှာ အလှူအတန်းတွေအတွက် နိုင်ငံတော်ကပေးတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေ ရထားသည့် သူဌေးမကြီး ဖြစ်ရာ လူတိုင်းသိကြတဲ့ အနေအထားမှာ ရှိပါသည်။

"အင်း ... ကိုယ် ကောင်းကောင်း မသိပါဘူး"

"သူတို့ချင်းက တော်တော်ချစ်ကြတာလေ၊ လူပြောများခဲ့သေးတာပဲ"

"ဒေါက် ... ဒေါက်"

တံခါးခေါက်သံနှင့်အတူ စိုင်းနောင်က ခေါင်းလေး ဝင်လာကာ ...

"ဆရာကြီး ... ဧည့်သည်လာပါတယ်၊ ကြိုတော့ ချိန်းမထားဘူးတဲ့ခင်ဗျ"

"ဘယ်သူတဲ့လဲ မောင်စိုင်းနောင်"





"ဒေါက်တာမိုးဝေတဲ့"

ဝန်ဇင်းသည် လူကို သတိဆွဲလိုက်သလို တောင့်တင်းသွားပါသည်။ သူက ဘာကိစ္စနဲ့လဲ။

"လွှတ်လိုက်ပါ မောင်စိုင်းနောင်"

ပြောပြီး ဝန်ဇင်းက နေရာကထ,ကာ ရုံးစားပွဲလုပ်ထားတဲ့ နေရာနံဘေးက ဆက်တီတွေဆီ လှမ်းလာနှင့်သည်။ ယမုန်ရှိနေတဲ့အတွက် စိတ်အနှောင့်အယှက် ဖြစ်မိကာ ယမုန့်ကိုလည်း ထွက်သွားဖို့ ရှောင်နိုင်းဖို့ မသင့်၍ စိတ်တွေညစ်အိုက်မိလေသည်။

"မင်္ဂလာပါ ဆရာ"

မိုးဝေက ဝင်ဝင်ချင်း နှုတ်ဆက်လိုက်ပါသည်။

"လာပါ ကိုမိုးဝေ၊ ဒီဘက်မှာထိုင်ပါ"

"ဧည့်သည်ရှိနေလား ဆရာ၊ စကားပြောလို့ အဆင်ပြေရဲ့လား"

"အား ... ရပါတယ်လေ၊ သူကလည်း သူစိမ်းသက်သက်တော့ မဟုတ်ပါဘူး၊ သာကီခင်လေးနဲ့လည်း ခင်တဲ့သူတစ်ယောက်ပါ"

"ဪ"

မိုးဝေက ခေါင်းတညိတ်ညိတ်နှင့် ဆက်တီမှာဝင်ထိုင်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



“တခြားမဟုတ်ပါဘူး၊ ပြောစရာလေးလည်း နည်းနည်းလေးပါပဲ၊ ဆရာ့ကိုတော့ ကျွန်တော် အနှောင့်အယှက်မပြုချင်ပါဘူး၊ ဒါပေမဲ့ ...”

မိုးဝေက ယမုန့်ဘက် ဝေ့ခနဲတော့ တစ်ချက်ကြည့်လိုက်၍ ယမုန်က ရှေ့နားမှာရှိတဲ့ စာအုပ်တစ်အုပ်ကို ဆွဲယူ၍ ဖတ်နေလိုက်ပါသည်။

“ဒါပေမဲ့ ဆရာက သာကီကို ကျွန်တော်နဲ့ ဖုန်းမပြောရဘူး ဆိုပြီး ပိတ်ပင်တယ်ဆိုတော့၊ အဲဒါ ဟုတ်လား ဆရာ”

ဝန်ဖင်းက စိတ်ပျက်စိတ်ရှုပ်ကာ မျက်နှာပူပူနှင့် သက်ပြင်းတစ်ချက် ကျိတ်ရှိုက်ရင်း ...

“အဲဒါက ခင်ဗျားရယ်၊ ဘယ်သူရယ်လို့ လူပုဂ္ဂိုလ်အပေါ်မှာ မူမတည်ပါဘူး ကိုမိုးဝေ၊ ကျွန်တော် သူ့ကို စာမေးပွဲသိပ်နီးလာပြီမို့လို့ အပိုဆာဒါး ဖုန်းပြောတာတွေကို တားမြစ်ထားပါတယ်”

“အပိုဆာဒါးလို့ ဆရာပြောလိုက်တယ်နော်”

“စာကလွဲရင် အပိုကုန်တဲ့ အချိန်တွေ တခြားကို မပေးချင်တဲ့ သဘောပါ”

“ဆရာက သူ့ကို Guide လုပ်ပေးနေတာလည်း လုပ်ပေးနေတာပေါ့၊ ဒါပေမဲ့ အသက်နှစ်ဆယ့်ငါးနှစ် မိန်းကလေးတစ်ယောက်ကို ပါစင်နယ်လ်ကိစ္စတွေအထိ ကိုင်တွယ်ချုပ်ချယ်လို့ ရလားလို့ပါ၊ သူက တခြားဆယ်တန်းကျေ





လို ဆယ့်ခြောက်နှစ် မဟုတ်ဘူးလေ၊ ဆရာ့ဘော်ဒါကလေးတွေကို ကိုင်တွယ်ထားပုံနဲ့တော့ ကိုင်တွယ်လို့ မဖြစ်ဘူးထင်တယ်”

မိုးဝေသည် တော်တော်လေး ရှူးရှူးရှားရှား ဖြစ်လာတာပင်။ တကယ် အမှန်က သူ တစ်ယောက်တည်းသိတဲ့ အချက်ကတော့ သူ ခုလိုပေါက်ကွဲနေတာဟာ သာကီနဲ့ ဖုန်းမပြောရလို့ တစ်ခုတည်းကြောင့် မဟုတ်။ သာကီရဲ့ပြောစကားတွေထဲမှာ သူ မြင်မြင်လာရတဲ့ ဒီလူ ဦးဝန်ဖင်းအပေါ် လေးစားမှု၊ အားကိုးမှု၊ တွယ်တာမှု၊ နာခံမှု၊ ဒီလူနှင့် ပတ်သက်လျှင် ဆတ်ဆတ်ထိမခံမှုတို့နှင့်အတူ ဒီလူ ဦးဝန်ဖင်းရဲ့ သာကီအပေါ် လွှမ်းမိုးအုပ်စိုးကြိုးကိုင်ထားနိုင်မှုတို့ကို သည်းမခံနိုင် လက်မခံနိုင်အောင် ဖြစ်လာတာ။

“သာကီခင်လေးကို ဒီက ကလေးတွေထက် အများကြီးလျှော့ပေါ့ကိုင်တွယ်တာပါ၊ သူက ပရော်ဖက်ရှင်နယ်လ် အောင်မြင်နေတဲ့ တစ်စုံတစ်ယောက်လည်း ဖြစ်နေတဲ့ အတွက် သူ့ကို လူကြီးတစ်ယောက်လို ဆက်ဆံတာပါ၊ ဘယ်တော့မှ ယတိပြတ် အမိန့်တစ်ခုနဲ့ မညွှန်ကြားပါဘူး၊ ဆွေးနွေးမှုနဲ့ပဲ ညွှန်ကြားတာပါ”

“ဘယ်လိုပဲ ဖြစ်ဖြစ်ပါ ဆရာ၊ ကျွန်တော်နဲ့ ဖုန်းမပြောရဘူးလို့တော့ ဆရာ ပြောခွင့်ရှိလား၊ ကျွန်တော်က လမ်းပေါ်က ကလေကချေတော့ မဟုတ်ဘူး ဆရာ၊ ဆရာဝန်

www.burmeseclassic.com



တစ်ဦးပါ၊ ပြီးတော့ ကိုယ့်ဟာကိုယ်လည်း ဆင်ခြင်ဉာဏ်ရှိပါတယ်၊ သာကီ့ ပျက်စီးရာ ပျက်စီးကြောင်းကိုလည်း ဆရာလိုပဲ မဖြစ်စေချင်တဲ့ သူမျိုးပါ၊ အဲဒီလို ကျွန်တော့်ကို ဖုန်းမပြောရဘူးလို့ သာကီ့ကို တားတယ်ဆိုတော့ ...”

မိုးဝေက လက်ကိုဖြန့်ကာ ပခုံးတွန့်၍ နားမလည်သယောင် စဉ်းစားရခက်သယောင် ဟန်ပါပါ ရယ်လိုက်ပါသည်။

“ကျွန်တော် ခုချိန်မှာ သာကီ့ကို ဖုန်းတွေရပ်နိုင်းတာက ဘယ်သူဘယ်ဝါဆိုတဲ့ အပေါ် မူတည်ပြီး ရပ်နိုင်းနေတာ မဟုတ်ပါဘူး ကိုမိုးဝေ၊ ဘယ်သူ့ကိုမဆို၊ အထူးသဖြင့် စကားပြောပြီးတဲ့နောက်၊ စကားပြောတဲ့အချိန် ဆယ်မိနစ်လောက်နဲ့ မကာမိအောင် ဆက်ပြီး အတွေးနယ်ချဲ့နေမယ့် ကိစ္စမျိုးကို ပိုတောင်ခွင့်မပြုနိုင်ပါဘူး၊ စိတ်တွေပြားပါတယ် အဲဒါအပြင် သာကီ့ကို ကျွန်တော်က စာတစ်ခုတည်းအောင်သင်ထားတာ မဟုတ်ပါဘူး၊ စာမေးပွဲအောင်ချင်လာအောင်ပါ စည်းရုံးထားရတာပါ၊ သူ့စိတ်တွေကို ယိမ်းယိုင်ထွေပြားစေပြီး မတော်တဆ ဆုံးဖြတ်ထားတာတောင်ကွေ့ကောက်လမ်းချော်သွားနိုင်မှာမျိုးဆိုရင် ...”

“နေပါဦး ခင်ဗျ၊ ကျွန်တော်က သူ စာမေးပွဲကျအောင်များဖျက်ဆီးနှောင့်ယှက်ထားမိသလား”

“သိပ်ဟုတ်တာပေါ့ ကိုမိုးဝေ၊ ခင်ဗျားရဲ့ဆွေမျိုးမိဘအသိုင်းအဝိုင်းက သာကီ့ကို စာမေးပွဲကျအောင် ဆိုတာထက်





စာမေးပွဲမအောင်ချင်အောင် မိုက်မဲတဲ့အထိ သွယ်ဝိုက်ဖိစီးနေတာပါ၊ ဒါကို ခင်ဗျားလည်း သိမှာပါ”

မိုးဝေ မျက်နှာက နီမြန်းကာ တင်းမာလာပါသည်။

“ခင်ဗျားက ကျအောင်ဖြေပါ၊ ခြစ်ချပါလို့ မှိုင်းတိုက်မှာ မဟုတ်ပေမယ့် ခင်ဗျားနဲ့ စကားပြောရင်းက သာကီ့ရဲ့ အရွဲ့တိုက် ဂျစ်တိုက်တဲ့စိတ်ကို လမ်းလွှဲလိုက်စေပြီး အဲဒီ ဆန္ဒမျိုးလည်း ဝင်သွားနိုင်တယ်”

ဝန်ဇင်းရဲ့လေသံတင်းတင်း မျက်နှာထန်ထန်ကို ယမုန်က တအံ့တသြ ငေးကြည့်နေမိပါသည်။ မိုးဝေ မျက်နှာကလည်း တင်းမာနီမြန်းနေသည်။

“ဘာပဲဖြစ်ဖြစ် ခင်ဗျား သိဖို့က ဦးဝန်ဇင်း၊ မိုးဝေဆိုတာ ဟာ သာကီခင်လေးရဲ့ တစ်ဦးတည်းသော ငယ်ကျွမ်းချစ်သူ၊ သာကီခင်လေးရဲ့ နှလုံးသားကို သိမ်းပိုက်ထားတဲ့သူ၊ ကျုပ်ကြောင့် သာကီခင်လေး အရွဲ့တိုက်ပြီး စာမေးပွဲကို ကိုးလိုးကန့်လန့် လုပ်သွားမှာမျိုး ခင်ဗျား လက်မခံနိုင်သလို ခင်ဗျားကြောင့် သာကီခင်လေး နှလုံးသား ယိမ်းယိုင်တွေဝေပြီး ဇဝေဇဝါ ဖြစ်လာမှာမျိုးလည်း ကျုပ်လက်မခံနိုင်ဘူး၊ ခင်ဗျား မဆွဲဆောင်ပါနဲ့ ဦးဝန်ဇင်း”

မိုးဝေက ထရပ်လိုက်၍ ဝန်ဇင်းကလည်း ထရပ်လိုက်ပါသည်။ ယောကျ်ားနှစ်ဦးလုံးရဲ့ မျက်နှာတွေဟာ တင်းမာခက်ထန်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ပြောချင်တာပြော ကိုမိုးဝေ၊ ဒါပေမဲ့ ခင်ဗျား ဘယ်လိုထင်ထင် ကျွန်တော်က သာကီခင်လေးကို ဒီနှစ်လုံးဝစိတ်ခါတ်အပျက်ခံမှာ မဟုတ်သလို စာမေးပွဲလည်း အကျခံမှာ မဟုတ်ဘူး၊ ခင်ဗျား ခုလိုလာပြောတယ် ဆိုကတည်းက သာကီခင်လေး ကျွန်တော့်စကား နားထောင်လို့ ဆိုတာ သိရတဲ့အတွက် ကျေနပ်တယ်၊ စာမေးပွဲပြီးတဲ့ နောက် ခင်ဗျားကြိုက်သလိုလုပ်၊ သာကီ လက်ခံမခံဟာ ကျွန်တော် ပူစရာထဲမှာ မပါတော့ဘူး"

မိုးဝေက အခံရခက်တဲ့ အပြုံးနှင့် ခေါင်းတဆတ်ဆတ် ညိတ်ရင်း ...

"ကောင်းပါပြီလေ၊ ခင်ဗျားအနေနဲ့ ပွဲလန့်တုန်း ဖျာခင်းတာမျိုး မဟုတ်ဘဲ ပွဲပျက်တဲ့အချိန် ဖျာလုပြေးတာမျိုး မဖြစ်ရင် ပြီးတာပဲ၊ ပွဲက တကယ်ပျက်တာ မဟုတ်သေးတော့ နေရင်းထိုင်ရင်း အလစ်သုတ်တဲ့သူ ဖြစ်နေဦးမယ် ဦးဝန်ဇင်း"

မိုးဝေက ရုံးခန်းထဲက ထွက်ခွာသွားပါသည်။ သာကီ လိုက်နေချိန်တုန်းက သူကပြေးပြီး သာကီ့ခြေလှမ်းတွေက ဆက် လိုက်ဘဲ ရပ်တန့်သွားတော့တဲ့ အခါကျတော့ ပူလောင် ပျာယာခတ် ပြီး ဂနာမငြိမ်နိုင်တော့အောင် ဖြစ်လာတာပင်။ အဲသလို ဖြစ်အောင် လည်း သာကီက ဘယ်လိုများ ဆွနေသလဲ။





ယမုန်ရှေ့မှာ ဒီစကားမျိုးတွေ မိုးဝေနှင့် အတုံ့အပြန် ပြောဆိုလိုက်ရတာအတွက်တော့ သူ တော်တော်မျက်နှာပူပါသည်။ အတန်ကြာ အခန်းမှာ တိတ်ဆိတ်နေပြီး ယမုန့်သက်ပြင်းချသံက အရင်ဦးဆုံး လွင့်ထွက်လာသည်။ ယမုန်က ဝန်ဇင်းနှင့် မျက်နှာချင်းဆိုင်၌ အသာအယာ လာရပ်လိုက်ကာ ...

"နင် ... သာကီ့ကို လျှော့မတွက်နဲ့ ဝန်"

ယမုန့်စကားရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကို သူ ရေရေရာရာ နားမလည်ပါ။

❣ ❖ ❣

www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ခုတော့ မယမုန်ဟာ သာကီတို့အိမ်ဘက် စက်ကျနေပြန်ပြီ။ အလုပ်ကလည်း ခွင့်ယူထားဆဲကာလဖြစ်တဲ့ မယမုန်ဟာ တစ်နေ့ တစ်နေ့ အချိန်ပိုကာ အားလပ်နေသည်။ သူ့ရဲ့တက္ကနစ်ကိုလည်း တစ်မျိုးတစ်ဖုံ ပြောင်းလိုက်ပါသည်။

"ဘဘကြီး ... သာကီ့ဖို့လည်း ပို့ပေးရင်း၊ ဘဘကြီးဖို့လည်း ယမုန် ထည့်ယူလာခဲ့တယ်၊ ယမုန် ချိုင့်လှယ်လိုက်မယ်နော်"

"ဘာတွေများတုန်း ယမုန်၊ ဟိုတစ်နေ့ကလည်း တစ်ခါ"

"ဟိုတစ်နေ့ကတော့ သာကီ ထမင်းစားလို့ မကောင်းဘူးလို့ ဝန်က ပြောတာနဲ့ ဘာလချောင်ကြော်လေး လုပ်လာပေးတာ၊ အခုကတော့ သာကီအိပ်ရေးတွေလည်း ပျက်နေတယ်မဟုတ်လား ဘဘကြီး၊ ဒါကြောင့် ယမုန်က စာမေးပွဲအတွက်





အားရှိအောင် ကြက်ကို ရေမထည့်ဘဲ အငွေ့နဲ့ပဲပေါင်းလာတာ ဘဘကြီး၊ အခုပါတဲ့အရည်က သူ့ဆီကပြန်ကျတဲ့ အဆီနဲ့ ပေါင်းခံရည်ကိုပဲ အဆီပြန်စစ်ခပ်ဖယ်ပြီး ထည့်လာတာ ဘဘကြီးရဲ့ ...

တစ်ကောင်လုံး ပေါင်းလာတာဆိုတော့ ဘဘကြီးလည်းစားနော်၊ ဘဘကြီးအတွက်လည်း အားရှိတာပေါ့၊ ချင်း ကြက်သွန်ဖြူ စပါးလင်တွေနဲ့ လုံးဝမညှီဘူး ဘဘကြီးရဲ့၊ သာကီလည်း အိပ်ရေးပျက်နေတာတွေ ကာမိအောင်လေ"

ရွှန်းရွှန်းဝေဝေလေးလည်း ယဉ်ယဉ်ကျေးကျေး ပြောတတ်လေရာ ...

"အေး ... အေး၊ ယမုန်တို့ ဦးဝန်ဇင်းတို့ သာကီ့ကို တော်တော်ဂရုစိုက်ပေးကြတာပဲ၊ ဘဘ ကျေးဇူးအင်ပါတယ်ကွယ်၊ သူ့ခများလည်း အပေါင်းအသင်းက နည်းရှာတော့ ဒါတွေပဲ အစ်ကို အစ်မလို ဖြစ်နေတော့တာပဲ"

"ယမုန်ရော ဝန်ရောက သာကီ့ကို ညီမတစ်ယောက်လိုပါပဲ ဘဘကြီးရယ်"

မယမုန်ဆီမှာ စေတနာမပါဘူးလို့တော့ သာကီမပြောသိုပါ။ မယမုန်ဟာ နဂိုကပင် သဘောကောင်းသူပဲ။ ဒါပေမဲ့ သာကီ့ကို စားစေချင်တာအပြင် အပိုပါနေတဲ့ အခြေအနေတွေက

www.burmeseclassic.com



တော့ သာကီစာသင်ချိန်တွေမှာ ဦးဝန်ဇင်း ရှိနေတဲ့အတွက် သူလာတွေ့ချင်တာ(ဦးဝန်ဇင်းအိမ်ကိုကျတော့ သွားမကောင်းဘူးလေ)။ အဘိုးရဲ့အမြင်မှာပါ ယမုန်နှင့် ဦးဝန်ဇင်း ပတ်သက်မှုကို နားလည်ရိပ်မိလာအောင် (ဒါသူများသမီးရည်းစားကြား ဝင်မရှုပ်နဲ့လို့ သာကီ့ကို တားမြစ်ရာရှိ တားမြစ်နိုင်အောင်)။ သူ ခုလိုလာလာပို့ပေးနေတာက အဘိုးနှင့် သာကီအတွက်လို့ ခေါင်းတပ်ထားတာမို့ မလာနဲ့လို့ ဦးဝန်ဇင်း တားမြစ်လို့မရတဲ့အပေါ် အခွင့်ကောင်းယူပြီး ပို့ပြီးပြီးချင်း မပြန်ဘဲ ဦးဝန်ဇင်းကို စကားစမြည်ပြောနေသေးတာ (သာကီ့အမြင်မှာ သူတို့အမြဲပတ်သက် ဆက်ဆံနေကြတယ်လို့ နားလည်အောင်)။

သာကီ့ကို အချဉ်တော့ မမှတ်လေနဲ့ မယမုန်ရေ၊ ဒါပေမဲ့ မယမုန် လုပ်နေသမျှကို သာကီ တားဆီးပိတ်ပင်ဖို့ အကြောင်းပြချက်ကောင်းကောင်းမရှိ။ အားနာလို့ ဆိုတာကလွဲပြီး တားလို့မကောင်း။

ဒီလောက် ကိုယ့်အပေါ် စာမေးပွဲဖြေခါနီး ဂရုတစိုက် လာလုပ်နေတဲ့ စေတနာထားသူကို သာကီ မိုက်ရိုင်းလို့မရ။

မြွေမြွေချင်း ခြေမြင်ဆိုတဲ့စကားက အလကားသက်သက်မဟုတ်။ သာကီနှင့် မယမုန်ဟာ သူ့ရင်ထဲကိုယ်မြင်၊ ကိုယ့်ရင်ထဲသူမြင်။ ဒီနှစ်ယောက်တည်းမှာ စာမေးပွဲနားကပ်နေလို့



အိမ်ပြင်ထွက်ဖို့ မဖြစ်ဘဲ ခြေချုပ်ကျနေပြီး ပြောမယ်ဆို ဒုတိယလူလို့လည်း ခေါ်နိုင်တဲ့ သာကီ့ဘက်က လှုပ်ရှားရပိုပြီး ဆောင်ကျဉ်းပါသည်။

ဒီတော့ သာကီသည် အောင့်သက်သက်နှင့်သာ မယမုန်ကို ငိုင်ကြည့်နေရသလိုပင်။ ပြီးတော့ အသက်သုံးဆယ်ကျော်နှင့် အသက်အစိတ်ဟာလည်း ဘာပဲဖြစ်ဖြစ် အနည်းဆုံးငါးနှစ်ကျော် အတွေ့အကြုံချင်းတော့ ကွာပြန်တာပင်။

"သာကီ တော်တော်ပိန်သွားတာပဲ၊ မိုးအလင်းတွေများကျက်နေလား"

ဒီလိုဆိုလျှင် ဦးဝန်ဇင်းကြီးက မျက်မှောင်တွန့်ပြီး...

"ဘယ်ကလာ၊ သူလား မိုးအလင်းကျက်မှာ၊ သန်းခေါင်ကျော်တောင် မနေပါဘူး ယမုန်ရဲ့၊ ဆယ့်နှစ်နာရီလောက်ထိပဲ ကျက်တာပါ"

"ဒါဖြင့် မိုးမလင်းခင် ပြန်ထတယ် ထင်တယ်"

"ခြောက်နာရီမှထ,တာ၊ တစ်နေ့ အိပ်ချိန်ခြောက်နာရီမပြည့်ရင် မူမကခေါင်းမူးတယ်၊ အသံဗျက်မှာလည်း ကြောက်တယ်"

"ဒါဖြင့် ဘာဖြစ်လို့ ပိန်သွားလဲ"

သာကီက နားညည်းလာကာ ...

www.burmeseclassic.com



"သာကီ ဘယ်မှာပိန်လို့လဲ၊ ပိန်လည်းမပိန်ဘဲနဲ့"

"မျက်နှာလေးကို ဒီလောက် ချောင်နေတာ၊ စာဖိစီးတာ စိတ်ဖိစီးတာတွေပေါင်းပြီး အိပ်ရေးလည်းမပျက်လှမမယ့် လူက မျက်နှာကျတာနေမှာပေါ့၊ စည်းကမ်းတင်းကျပ်တာ လည်း တင်းကျပ်တာပေါ့ ဝန်ရယ်၊ ဒါပေမဲ့ ကလေးကို ခုအချိန်မျိုးမှာ စိတ်လေး ဘာလေး အပြောင်းအလဲဖြစ်တဲ့ စိတ်ထွက်ပေါက်လေးတော့ ပေးဦးမှပေါ့၊ စာတော့ရပါရဲ့ လူက ညှိုးချုံးနေတာ ..."

တရက်ခြား နှစ်ရက်ခြားတစ်ခါ ဟိုလေ ... အပေါင်းအသင်းလေး ဘာလေးနဲ့ ရုံဖန်ရုံခါလေး ငါးမိနစ် ဆယ်မိနစ် ဖုန်းပြောလည်း ဘာမှမဖြစ်တော့ပါဘူး ဝန်ရဲ့၊ ဝန်ပြောသလို ဖုန်းက ငါးမိနစ်ပြောပြီး အတွေးက နာရီနဲ့ချီနေမှာမျိုးလည်း ဒီအချိန်မှာတော့ မဖြစ်နိုင်တော့ပါဘူး၊ စာတွေလည်း အကုန်ရနေပြီပဲ"

ထိုစကားမျိုးတွင် သာကီရော ဦးဝန်ဇင်းပါ ရုတ်တရက် ဘာပြန်ပြောရမလဲ၊ ဘယ်လိုတုံ့ပြန်ရမလဲ စဉ်းစားမရဘဲ တစ်ယောက်ကိုတစ်ယောက်မင် လှမ်းကြည့်မိတတ်သည်။ ထိုအခါတွင် ...

"ဝန်ရေ ... သာကီ့ကို သွားကြည့်ပြီး အဖြေရှာမနေနဲ့၊ မိန်းမချင်း ပိုသိပါတယ်နော်"





သာကီသည် အတော်စိတ်ရှုပ်ကာ ခေါင်းကိုပင် တဖြီးဖြီး တဖျင်းဖျင်း ကုတ်မိတတ်သည်။ စကားအထာတွေက ပညာပါပါနှင့် ဖွင့်မပြောဘဲ တစ်ခုံတစ်ရာကို စွပ်စွဲနေတာပင်။

"မယမုန် ဘာတွေသိနေတာလဲ"

"ဘာမှမဟုတ်ပါဘူး သာကီရယ်၊ ဘာပဲဖြစ်ဖြစ်ပါလေ၊ ရက်ပိုင်းအတွင်း စာမေးပွဲကြီးက ပြီးသွားတော့မှာပါ၊ အဲဒီကျတော့ သာကီ စိတ်ချမ်းသာရပြီပဲဟာနော်၊ ခုလောလောဆယ် လွမ်းတာ ဆွေးတာ ခံစားရတာလေးတွေ ဖျောက်လိုက်၊ စိတ်ကို အဖိစီးမခံနဲ့၊ စာပဲကြိုးကြိုးစားလိုက်"

"ဟာ ... သာကီက ဘယ်သူ့ကို လွမ်းနေလို့လဲ၊ ဘာတွေဆွေးနေလို့လဲ"

"မလွမ်းရင် ကောင်းတာပေါ့၊ အခုက နှစ်ဦးနှစ်ဖက်လည်း ပြေလည်နေပြီပဲဟာ၊ လွမ်းဆွေးစရာလည်း မရှိတော့ဘူးပဲ ဟာနော်၊ စာမေးပွဲပြီးရင် တာဝန်တွေလည်းပြီးပြီ၊ စိတ်ချမ်းသာပြီလို့ပဲ တွေးပြီးကြိုပျော်နေလိုက်"

"မယမုန် ဘာတွေပြောနေတာလဲ"

"ဘာမှမဟုတ်ဘူး ... ဘာမှမဟုတ်ဘူး ... ဟင်း ဟင်း၊ ဆောရီးနော် ... သာကီ့ဦးဝန်ဇင်းရှေ့မှာ လွှတ်ခနဲ ပြောမိလို့"

တကယ်တော့ စိတ်ဖိစီးစရာရယ်လို့ အဲဒီဟာကြီးပဲ ရှိနေတာ။ ဦးဝန်ဇင်း တစ်မျိုးတစ်မည် ထင်စရာ တွေးစရာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေ အစထောင်ထောင်သွားတဲ့ သူ့ကြောင့်ပဲ စိတ်ကဖိစီးနေရတာ။ ဘာလွှတ်ခနဲ့လဲ။ ကြိုတင်အကွက်ချ ကြံစည်ပြီး ဘယ်လိုပြောရင် ဘယ်လိုဆိုတာ စာရွက်ပေါ်တောင် ရေးချပြီးမှ အလွှတ်ကျက်လာသလားပဲ။

"မယမုန့် ပြောနေတာတွေ ဘာအဓိပ္ပာယ်မှ မရှိဘူး၊ သာကီ့အတွက်တော့ အဓိပ္ပာယ်မရှိပေမယ့် မယမုန့်အတွက်တော့ အဓိပ္ပာယ်ရှိချင်လည်းရှိမယ်၊ အကျိုးလည်းရှိချင်ရှိမယ်"

"ဆောရီး သာကီရယ်၊ သာကီ စိတ်ဆိုးသွားပြီထင်တယ်၊ မ,က သဘောရိုးနဲ့ပဲ သနားပြီး ပြောမိတာပါ"

"ဟာ ... သာကီက ဘာများသနားစရာ ဖြစ်နေလို့လဲ၊ ဖြစ်ချင်တာ အကုန်ဖြစ်နေတဲ့ဟာ"

"အင်းပါ ... ဘာပဲဖြစ်ဖြစ် သာကီ မျက်နှာလေးတောင်ချောင်နေ နွမ်းနေအောင် တခြားကိစ္စတစ်ခုများ ခံစားနေရလားလို့ တို့က စာမေးပွဲပြီးရင် ပြီးပြီပဲဆိုတာ နှစ်သိမ့်ပေးမိတာပါ၊ သာကီ့ဆရာရှေ့ ပြောမိတာတော့ ဆောရီးပါ ဒါပေမဲ့ ဝန်ကလည်း စိမ်းတဲ့သူမှ မဟုတ်ဘဲ၊ သာကီ ရင်ဖွင့်တိုင်ပင်နေကြ၊ အားလုံး သိပြီးသားလူပဲ မဟုတ်လား၊ တို့နဲ့ ဝန့်ကို အစ်မနဲ့ အစ်ကိုလို သဘောထား၊ မျက်နှာလည်း မပူနဲ့၊ လူရင်းတွေ အကြောင်းသိတွေ၊ ဟုတ်တယ်မို့လား၊ ကဲ ... ကဲ ... မ,လည်း ပြန်မယ်"





ကြွ ... ကြွ။ မြန်မြန်ကြွမှ အေးတယ်။

သာကီသည် ဒေါ်မနသဘောတွေ လှိုင်းထကာ တော်တော်နှင့်ပင် စာဆက်မလုပ်နိုင်။ မုန့်လာပို့တာကနည်းနည်း၊ နှောင့်ယှက်တာကများများ။

"စိတ်ဖိစီးတယ်နော် ... စိတ်ဖိစီးတယ်"

မယမုန့် မရှိတော့မှ အော်ဟစ်ပစ်ပြီး စိတ်ကိုလျှော့ချရသည်။ ဝန်ဇင်းက ရယ်ရင်း ...

"မင်းနဲ့ ယမုန်နဲ့တော့ ဟုတ်နေတာပဲ"

"ဘာဟုတ်နေတာလဲ"

"မိန်းမချင်းဆိုတော့"

"ဦးဝန်ဇင်းပါ လာပြန်ပြီလား မိန်းမချင်း၊ ဘာမှ သူမိန်းမချင်းမို့ သိနေတာ မဟုတ်ဘူး၊ သူပြောချင်တာတွေ စွတ်ရွတ်ပြောသွားတာ၊ ဒီစကားတွေအားလုံးက သာကီ့ကိုပြောနေတာ မဟုတ်ဘူး။ ဦးဝန်ဇင်း သိရဲ့လား"

"ဟင် ... မင်းကို ပြောနေတာက မင်းကို ပြောတာမဟုတ်ရင် ဘာလဲ"

"ဦးဝန်ဇင်း ဘယ်လိုပဲ အမ်မ်အကြီးဦးနှောက်ဖြစ်ဖြစ် ဒီကိစ္စမျိုးမှာတော့ မယမုန့် ဦးနှောက်ကို မမီပါဘူး၊ အခုပြောသမျှ စကားအားလုံးက ဦးဝန်ဇင်းကို ပြောသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော"

"ဟောတွေ ဘာတွေ လုပ်မနေနဲ့၊ သာကီ့ကို ပြောတာလိုလို နဲ့ ဦးဝန်ဇင်း နားထဲကို ပက်သွင်းသွားတာ၊ ဒါပဲ"

ဦးဝန်ဇင်းက မျက်ခုံးကိုမြှင့်ကာ ပြုံးတုံ့တုံ့ လုပ်နေပါသည်။

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပါလေ၊ ယမုန်က သာကီ စာမေးပွဲ နားနီးလို့ အားလေး ဘာလေးရှိအောင် စားသောက်လို့ ကောင်းအောင် ဟိုဟာလေးပို့ပေး ဒီဟာလေးပို့ပေးနဲ့ စေတနာထားတယ် မဟုတ်လား၊ ကိုယ့်အပေါ် စေတနာ ထားတဲ့သူတစ်ယောက်ကို သာကီက ရိုင်းရိုင်းတော့ပြန်မ ပြောနဲ့ပေါ့၊ ကိုယ့်အစ်မအရွယ်လည်း ဖြစ်တယ်"

"ဒါဖြင့် ပြော၊ ဟိုးအရင်နှစ်တွေ စာမေးပွဲဖြေတုန်းကကျ တော့ ဘာလို့ ဒါမျိုးတွေ လာမပို့လဲဆိုတာ"

"ဒါကတော့ သာကီ ဖြေဖြစ် မဖြေဖြစ်တောင် သူသိချင်မှ သိမယ်လေ"

"သိတာပေါ့၊ အသံသွင်းကိစ္စနဲ့ သူတို့အိမ်က သာကီ အမြဲဝင်ထွက်နေရတာပဲဟာ"

"ဒီနှစ်ကတော့ သာကီ့ကို Guide လုပ်နေတာကလည်း ကိုယ်ဖြစ်နေတော့ ကိုယ်နဲ့ကလည်း ရင်းနှီးပြီးသာ စာမေးပွဲကိစ္စလည်း ပြောဖြစ် ဆိုဖြစ်တာတွေ ရှိတာ





သူ့ဘက်မှာလည်း သူ့အမေဆုံးထားတော့ ဟာတာတာ ပျင်းခြောက်ခြောက်နဲ့ Lonely ဖြစ်နေတာရယ်"

"အမယ်လေးလေး ... အကြောင်းပြချက်တွေ မရမက ဆွဲ စပ်နေလိုက်ရတာ ဦးဝန်ဇင်းရယ်၊ မယမုန် သာကီ့ကိုခုလို လာပို့တာ သာကီ စားစေချင်လို့က နှစ်ဆယ်ရာခိုင်နှုန်း ဦးဝန်ဇင်း ရှိရာအရပ်ဒေသကို အကြောင်းရှာပြီး ရောက်လာ တာ ရှစ်ဆယ်ရာခိုင်နှုန်း"

တခြားအချက်အလက်တွေကိုတော့ ပြောမကောင်း လို့ သာကီက မြုပ်ထားလိုက်ပါသည်။ မိန်းကလေးချင်း တိုက် နိုက်ရာ မကျချင်လို့ပါ။ ဦးဝန်ဇင်းကတော့ သာကီ့စကားကြောင့် နားထင်ကိုကုတ်ရင်း တဟင်းဟင်းနှင့် ရှက်ရယ် ရယ်နေသည်။

"မဟုတ်ပါဘူး သာကီရယ်၊ သာကီ့ကွယ်ရာမှာ ကိုယ်နဲ့ ဖုန်းတွေ ဘာတွေပြောလဲ သူက သာကီ့ကို ခင်မင်ဂရုစိုက် ပါတယ်၊ သာကီ့အတွက် ပူပူပင်ပင် ရှိပါတယ်"

အဲဒါ ဦးဝန်ဇင်းရှေ့မှာ သူဟာ စိတ်ကောင်းရှိလှ သူလေး အဖြစ်ကိုရောက်အောင် တမင်တကာ အမှတ်ယူနေတာ ပေါ့လို့ ပြောရင်တော့ သာကီဟာ Aggressive (ရန်လိုသော)ဖြစ်တဲ့ မိန်းကလေးတစ်ယောက်၊ သူများကို အကောင်းမမြင်နိုင်တဲ့သူ တစ်ယောက်လို့ ဦးဝန်ဇင်း အထင်သေးလာတော့မှာစိုး၍ ထုတ် မပြောဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် သူလည်း သူ့အမေဆုံးထားတော့ အားငယ်နေပုံရတယ်၊ အလုပ်ကလည်း အခုခွင့်ယူထားရာကနေ ထွက်တော့မှာ မဟုတ်လား၊ နောင်ဆို အလုပ်ခွင်က မိတ်ဆွေအပေါင်းအသင်းလည်း မရှိတော့ဘူး၊ ဒီတော့ သာကီကိုပါ သူက မိတ်ဆွေအပေါင်းအသင်းလို ပေါင်းချင်တယ် ထင်ပါတယ်၊ ကိုယ့်ကိုချည်း ခင်လို့လာတာ မဟုတ်ပါဘူး၊ သာကီ့ကို ယမုန်က စိတ်ထဲရှိပါတယ်၊ အခုကိုပဲ မိုးဝေနဲ့ ဖုန်းလေး ဘာလေး ပြောချင်ရင်တောင် ခွင့်ပြုလိုက်ဖို့ ကိုယ့်ကိုတောင် တောင်းဆိုပေးသွားတာ မဟုတ်လား သာကီရဲ့"

စားပွဲပေါ် တံတောင်ထောက်၊ မေးကိုထောက်ကာ သာကီ့ကို အသေအချာ တည့်တည့်ကြည့်ပြီး ပြောနေတဲ့ ဦးဝန်ဖေ စကားကြောင့် သာကီက သက်ပြင်းချမိသည်။ တွေ့လား _ သာကီ့ဘက်က တောင်းဆိုပေးသွားတယ်လို့ ဦးဝန်ဖေ ယူဆ တာကိုက သာကီ့ရင်ထဲမှာ အဲဒီဆန္ဒရှိနေမယ်လို့ ထင်နေတာ အဲသလို ထင်အောင်ကို မယမုန်က ပြောသွားတာပဲလေ။

"သာကီက မိုးဝေနဲ့ ဖုန်းပြောခွင့်ပြုပါလို့ ဦးဝန်ဖေကို တောင်းဆိုမိလား"

ဝန်ဖေက ပြုံးကာ ...,

"မတောင်းဆိုပါဘူး"





"သာကီ ဖုန်းအရမ်းပြောချင်နေရင်ကော၊ မပြောရဲဘဲနေမယ်လို့ ထင်လို့လား"

ဒီစကားကိုတော့ ဝန်ဖေက သိပ်မနှစ်မြို့ပါ၊ ဘယ်သူ့စကားကိုမှ သိပ်ဂရုမစိုက်ပါဘူးဆိုတဲ့ အမိပ္ပာယ်သက်ရောက်သည် မဟုတ်လား။

"အခုကော မိုးဝေနဲ့ ဖုန်းပြောဖြစ်သေးလား သာကီ"

"ဟင့်အင်း"

ဝန်ဖေက ခေါင်းညိတ်လိုက်ပါသည်။ သာကီ ပြောရင် မညာဘူးလို့ သူ ယုံပါသည်။

"ဟိုးတစ်ရက်က နောက်ဆုံးဆက်တော့ စာမေးပွဲမတိုင်ခင် ထပ်မဆက်ဖို့ရယ် စာမေးပွဲပြီးရင် စကားတွေ အများကြီး ပြောစရာရှိပါတယ်လို့ ပြောလိုက်တယ်"

ဝန်ဖေက ခေါင်းဆတ်ရင်း ...

"သိပ်မလိုတော့ပါဘူး သာကီ"

ဝန်ဖေက ခပ်တိုးတိုး ပြောလိုက်ပါသည်။ သတ္တိမရှိဘူးလို့ သာကီ အမြဲစွပ်စွဲပြောဆိုပြီး အားမလို အားမရ နာကြည်းခဲ့ရတဲ့ ချစ်သူ မိုးဝေ တစ်ယောက် ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် (ဝန်ဖေနှင့် တစ်မျိုးတစ်မည် စိုးရိမ်စိတ်ပူလာလို့ပဲဖြစ်ဖြစ်) ပြတ်သားဝံ့တဲ့ သတ္တိတွေ ရှိလာတဲ့အချိန်ကျမှ သူတို့ချင်း ပြန်လည်ညှိနှိုင်းခွင့်ကို ကိုယ်က ပိတ်ပင်ထားသလို ဖြစ်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ မိုးဝေအကြောင်းကလည်း ရေရေရာရာ အားရပါးရ တောင်းပန်ရှင်းပြခွင့် တောင်းဆိုခွင့်တွေ မရသလို သာကီ့ဘက်ကလည်း ကြားနာခွင့် မရခဲ့ ဖြစ်နေတာ။

စာမေးပွဲနီးမှ မင်းစိတ်တွေ ဝေဝါးယောက်ယက်ခတ်စရာ စိတ်တွေလွင့်မြောစရာတွေ ပေါ်ပေါက်မလာစေချင်တာပါဆိုတဲ့ ကိုယ့်စေတနာကိုလည်း ကိုယ်သိပ်ပြောလုံတာတော့ အမှန်ပါ။ ဒါပေမဲ့လည်း မိုးဝေကို မင်း ငြင်းနိုင်သားပဲဆိုတဲ့ အသိအပေါ်မှာလည်း တစ်မျိုးတစ်ဖုံ ဝမ်းသာကြည်နူးနေမိပြန်သေးတာကိုတော့ ကိုယ့်ကိုယ်ကိုယ် လိမ်ညာမရပါဘူး။





၁၅

မနက်ဖြန် စာမေးပွဲ။

သာကီသည် စာကျက်ရာမှ ထလာကာ ပြတင်းပေါက်နား ရပ်လိုက်ပါသည်။ နက်ဖြန် စာမေးပွဲလို့ တွေးလိုက်လျှင် နှလုံးခုန်သံက တဒိန်းဒိန်း မြည်ဟည်းလာသည်။ ဒီနှလုံးခုန်သံဟာ ကြောက်ရွံ့စိုးရိမ်မှုပါနတဲ့ နှလုံးခုန်သံ မဟုတ်ပေ။ သာကီ့ခင်လေးတစ်ယောက် ဆယ်တန်းအောင်တော့မှာပါလားဟု ယုံယုံကြည်ကြည် သိနေတဲ့အတွက် တစ်ဆစ်ချိုး ပြောင်းလဲတော့မယ့် သူ့ဘဝအတွက် စိတ်လှုပ်ရှားပြီးခုန်တဲ့ ရင်ခုန်သံပါ။

“ဦးဝန်ဇင်း … ရှင့်ဆီ ဖုန်းဆက်ချင်လိုက်တာ ဦးဝန်ဇင်းရယ်”

သာကီ တိုးတိုးလေး ညည်းတွားမိသည်။ စိတ်တွေလှုပ်ရှား နှလုံးတွေခုန်နေတဲ့ သာကီ့ကို သူမျှားနှစ်သိမ့်မှုပေးနိုင်မလားလို့ပေါ့။ ဒါပေမဲ့ …



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီရက်တွေကျ ဖုန်းနားမှာကို မနေနဲ့၊ ကိုယ်လည်းမ ဆက်နဲ့၊ ကိုယ့်ဆီလာတဲ့ ဖုန်းတွေလည်း မကိုင်နဲ့၊ သေချာ လိုက်နာနော် သာကီ၊ အဲဒီရက်မျိုးတွေကျ စပေါ့ထ်ပေးတဲ့ ဖုန်းတွေက ညညကျ ဝင်လာတတ်တာ၊ မင်းမှာတော့ စပေါ့ထ်လှမ်းပေးမယ့်သူ ရှားပါတယ်၊ မရှိလောက်ပါဘူး၊ ဒါပေမဲ့ မတော်တဆ သိတဲ့သူ တစ်ယောက်ယောက်က ငါရတာလေး သာကီလည်း ပေးဦးမှဆိုပြီး ပေးမှာစိုးလို့၊ ဘာစပေါ့ထ်မှ နားမထောင်ပါနဲ့၊ ပြီးတော့ မင်းက တဝက် တစ်ပျက် ကျက်ထားတာ မဟုတ်ဘူး၊ Choice လုပ်လို့ ရတဲ့ ဘောင်ထဲက ပယ်နိုင်တာပဲပယ်ပြီး ကျန်တာအကုန် ကျက်တာ၊ ဘာသာစုံကို ကိုးဆယ့်ခြောက်မှတ် ကိုးဆယ့် လေးမှတ် ကိုးဆယ်ကျော်ဖိုး အတင်ကျက်ထားတာနော်_ သာကီ ...

မင်း လုံးဝအောင်တယ်၊ ဂုဏ်ထူးရဖို့ မရဖို့ပဲ စိုးရိမ် စရာရှိတယ်၊ စိတ်ကိုအေးအေးထား၊ ကိုယ့်ကို တစ်ခုခုကြောင် သွား မေ့သွားလို့ ဆက်ချင်တာကလွဲရင် ဖုန်းကို လုံးဝ ဆက်နဲ့၊ ကိုယ့်ဖုန်းကိုတော့ ညလုံးပေါက် ဖွင့်ထားမှာ နားလည်တယ်နော်"

"ဟုတ်ကဲ့ ဦးဝန်ဇင်း"

ဦးဝန်ဇင်းက မဆက်ရဘူးတဲ့လေ။ ဒီတော့ သာ စကားနားထောင်ရမှာပေါ့။ စိတ်ထဲမှာတော့ ဦးဝန်ဇင်း အား စကားသံကို ကြားချင်နေပြန်တာပါ။





"တီ ... တီ"

"ဟာ"

ခြံတံခါးဝဆီက ကားဟွန်းတီးသံကြောင့် သာကီ လန့်သွားပါသည်။

"ဦးဝန်ဇင်း"

ဦးဝန်ဇင်းပဲ ဖြစ်မှာပေါ့။ သာကီတို့ချင်းသာ စိတ် ချင်းဆက်သွယ်နေတယ် ဆိုရင်လေ။ သာကီသည် အပေါ်ထပ်မှ အပြေးအလွှား လှေကားထိပ်ဆီပြေးကာ ...

"ဝေဝေ ... ဝေဝေ၊ ဦးဝန်ဇင်းလား မသိဘူး"

သံကုန်ဟစ် အော်လိုက်လျှင် ဝေဝေတို့ထံက "ဟုတ်ကဲ့ မမလေး"ဆိုတဲ့ အသံထွက်ပေါ်လာကာ ခြံတံခါးဆီ တရုန်းရုန်း ပြေးကြပါတော့သည်။ သာကီက လှေကားထိပ်မှာပဲ ရပ်ကာ ရင်လေးကိုဖိရင်း အိမ်တံခါးဝမှာ ကျန်ခဲ့တဲ့ ညိုညိုကို ...

"ဘယ်သူလဲ ... ဟုတ်လား၊ ဘယ်သူလာတာလဲ"

"ခဏလေး မမလေး"

ရင်တဒိတ်ဒိတ်နှင့် တစ်ခဏစောင့်လိုက်ရပြီးသော် ...

"ဟုတ်တယ် မမလေး၊ ဆရာဦးဝန်ဇင်းပါ"

ညိုညို လှမ်းအော်သံတွင် ပီတိနှစ်ပြာလျက် ရင်လေး ပြီး ပြုံးနေမိပါသည်။ အောက်ထပ်ကို ဆင်းမသွားဘဲ အဘိုးနှင့် တ်ဆက်နေသေးတဲ့ ဦးဝန်ဇင်းကို လှေကားထိပ်ကပဲစောင့်သည်။ လှေကားတက်လာ သူ့ကို အပေါ်မှ ဆီးကြည့်ရင်း ရင်ထဲမှာ အားတွေရှိကာ ပြုံးပြုံးကြီးနှင့် မျက်ရည်တောင် လည်လာပါသည်။

www.burmeseclassic.com



ဦးဝန်ဇင်းက အနားမရောက်ခင်ပင် လက်မလှမ်းထောင်ပြ၍ သာကီကလည်း လက်မပြန်ထောင်ပြလိုက်သည်။ လှေကားထိပ်သို့ ဦးဝန်ဇင်း ရောက်လာလျှင် သာကီသည် သူ့ကိုယ်သူပင် ဘာလုပ်မိလို့ လုပ်မိမှန်း မသိသလို အူတူတူ ဖေဖော်ဖြစ်ကာ ဦးဝန်ဇင်း လက်ကို လှမ်း၍ဆွဲဆုပ်ကိုင်လိုက်ပါသည်။

"အားလုံးအိုကေနော်"

"အိမ်း"

"မနက်ဖြန် မြန်မာစာမှာ မင်း စာစီစာကုံးကို သပ်သပ်ရပ်ရပ် ကောင်းကောင်းရေးနိုင်ရင် ဂုဏ်ထူးရမယ်၊ စာစီစာကုံးအမှတ် လျော့ရင်တော့ မရတော့ဘူး၊ ဘယ်အပုဒ် ဘယ်နှမိနစ် သတ်မှတ်ထားသလို နာရီကြည့်ဖြေသွားနော် ညီမ၊ တစ်ခေါက် ပြန်ဖတ်နိုင်အောင်ဖြေ၊ ညကျ ဆယ်တစ်နာရီမှာ အိပ်တော့နော် ကလေး"

ညီမ ...။ ကလေး ...။ နာမ်စားလေးတွေက နှလုံးသားကို နူးအိစေသည်။ ပြုံးပြီးမော်ကြည့်နေမိကာ ယုံစားအားကိုးသော မျက်ဝန်းများ တလက်လက် တောက်ပြောစူးရိုက်နေမိပါသည်။ အခွန်းတိုင်းကို နားနားခံခံခေါင်းညိတ်နေမိကာ သူ့လက်များကိုတော့ မလွှတ်မိတော့ပေ။ ဤလက်များမှာ နွေးထွေးသော အင်အားတစ်ရပ်သာကို ခန္ဓာကိုယ်ထဲကို စီးဝင်နေလို့ပါ ဦးဝန်ဇင်းရယ်။

"မနက်ကျ ငါးနာရီထမယ်၊ ဘုရားရှိခိုး၊ ဘုရား တရား သံဃာ မိဘ ဆရာ အားလုံး ဆရာတွေဆိုရင် ဟိုးအစ



အရင်က သင်ဖူးခဲ့သမျှ ဘယ်ဆရာ ဆရာမဖြစ်ဖြစ် မှတ်မိမြင်ယောင်သမျှ ရှိခိုးမေတ္တာပို့၊ မေးခွန်းထုတ်တဲ့သူ၊ အခန်းစောင့်မယ့်သူ၊ အဖြေလွှာခြစ်မယ့်သူတွေပါ အားလုံးကို မေတ္တာပို့ပါတယ်လို့ ယုံယုံကြည်ကြည်မေတ္တာပို့ ရှိခိုးဦးနော် ကလေး"

ကြည်နူးပီတိကြောင့် ငိုတောင်ငိုချင်လာပါပြီ ဦးဝန်ဇင်းရယ်။

"ရှစ်နာရီအတိ အိမ်ကထွက်တော့၊ လုံးဝနောက်မကျစေနဲ့၊ ပထမဆုံးနေ့နော် စိတ်ပူစရာ စိတ်ထင့်စရာ ကိုယ်မဖြစ်စေချင်ဘူး၊ ရှစ်နာရီခွဲမှာ ကျောင်းတံခါးဖွင့်မှာ၊ ရှစ်နာရီဆယ့်ငါးလောက် ရောက်ရမယ်၊ တံခါးဖွင့်တာနဲ့ဝင်၊ အခန်းရှာဖို့ အဆင်ပြေအောင်"

"ကျောင်းရှေ့မှာ ဦးဝန်ဇင်းနဲ့ တွေ့ရမယ် မဟုတ်လားဟင်"

"အင်း ... ကိုယ်ရှိနေမယ်"

• စာမေးပွဲဖြေခွင့် တင်ကတည်းက ဘော်ဒါက ကျောင်းသား ကျောင်းသူတွေအားလုံးကို တစ်စုတစ်စည်းတည်း ရွှေ့ပြောင်းထားတဲ့ ဘော်ဒါနဲ့နီးတဲ့ကျောင်းမှာပဲ ဖြေရအောင် အင်းစိန်မြို့နယ်မှာ အပြင်ဖြေ လျှောက်ထားအောင်မို့ ဦးဝန်ဇင်းတို့ ဘော်ဒါက ကလေးတော်တော်များများနှင့် တစ်ကျောင်းတည်း ဖြေရပါမည်။ ဦးဝန်ဇင်းတို့ ဘော်ဒါကျောင်းက ကျောင်းကားကြီးများနှင့် တစ်စု

www.burmeseclassic.com



တစ်ဝေး ထွက်မှာဖြစ်သည်။ သာကီကတော့ ခါတိုင်းလိုပဲ ကိုယ့်ဟာကိုယ် မောင်းသွားပါမည်။

"စိတ်အေးအေးထားနော်၊ ကောင်းကောင်းဖြေခဲ့နော် သာကီ"

"ဟုတ်"

"ကိုယ် စိတ်ချရမှာလား"

"ဟုတ်"

"ဒီနှစ် မအောင်အောင် မလုပ်ဘူး မဟုတ်လား"

"ဟင့်အင်း ... မလုပ်ဘူး"

နှစ်ဦးသား မျက်လုံးချင်း စူးစူးနစ်နစ် စိုက်ကြည့်နေမိကြပါသည်။ လက်ချောင်းတွေချင်း နှစ်ဖက်စလုံး တင်းတင်းဆုပ်ယှက်ထားရာမှ မလွှတ်မိ။

"မင်း စာမေးပွဲအောင်ရမယ် သာကီ၊ မင်းက အောင်ရမယ့်သူ၊ ဂုဏ်ထူးပါ ထွက်ရမယ်၊ စာမေးပွဲအောင်ပြီးတဲ့နောက်မှာ မင်း လုပ်ချင်တာလုပ်၊ မင်းဖြစ်ချင်သလို အားလုံးဖြစ်လာမှာပါ၊ အားလုံးဟာ မင်းဆန္ဒအတိုင်း ဖြစ်လာမှာချည်းပါ"

တကယ်နော်။

❣ ❖ ❣



စာမေးပွဲ နောက်ဆုံးနေ့မနက်မှာတော့ ဝန်ဇင်းသည် ရင်တွေလှုပ်ရှားပူလောင်နေကာ သာကီ့ထံ ခပ်စောစော ဖုန်းခေါ်လိုက်ပါသည်။

"သာကီ ... ကိုယ် လာခေါ်မယ်"

"ဟင် ... ဦးဝန်ဇင်း ကျောင်းကားတွေနဲ့ ခါတိုင်းလိုမလိုက်ဘူးလား"

"ဟင့်အင်း ... ညည်းကိုပဲ လာကြိုမယ်၊ ကားမယူနဲ့တော့၊ အပြန်ကျလည်း ပြန်ပို့မှာပဲ"

"ဟုတ်လား ... ကောင်းတာပေါ့"

သာကီသည် ဝန်ဇင်း လာကြိုတဲ့ကားပေါ် ပေါ့ပေါ့ပါးပါး ပါလာပါသည်။

ဘိုင်အိုဟာ သာကီ ဂုဏ်ထူးမလွဲမသွေထွက်မည့် နှစ်ဘာသာထဲမှာပါ၍ အေးအေးဆေးဆေးပင်။ လမ်းမှာ ဝန်ဇင်းက နှုတ်ဆိတ်နေမိပါသည်။

ဒီနေ့ကလွန်ရင် သူ နောက်ကို သာကီနဲ့တွေ့နိုင်ရဖို့ဆိုတာ။ ခင်မင်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဝင်ထွက်ဖို့ဆိုတာကလည်း သူက ဆရာလေ။ တကောက်ကောက် သွားလည်

www.burmeseclassic.com

www.burmeseclassic.com



နေဖို့ သင့်ပါ့မလား။ အကြောင်းပြချက်ရယ်လို့ ရှာလို့မရ။ သူ့တို့နှစ်ဦးကြားကကိစ္စက ပြီးဆုံးသွားပြီလို့ ဆိုရတော့မယ့် အနေအထား မဟုတ်လား။

ဘယ်လိုပင် ဖြစ်ပါစေ။ သူကြီးစားပမ်းစား စေတနာထား မေတ္တာထားပြီး အပင်ပန်းခံ ပျိုးထောင်ပြုစုပေးလိုက်တဲ့ ဒီမိန်းကလေးဘဝရဲ့ အကွေ့တချိုး လှပသွားတယ်ဆိုရင် သူကျေနပ်ပါပြီ။

"သာကီ"

ဝန်ခင်းက ကျောင်းရှေ့မှာ ကားရပ်လျှော် သာကီဘက် ကိုယ်တစ်စောက်လှည့်ပြီး နက်နက်ရှိုင်းရှိုင်း ခေါ်လိုက်ပါသည်။ သာကီက ဝန်ခင်း မျက်လုံးများထဲ ပြန်ကြည့်ရင်း ...

"ဦးဝန်ခင်း"

ဝန်ခင်းသည် သာကီနှင့် စသိသည်မှစ၍ ခုထိ ပြောခဲ့ဖူးသမျှ စကားတွေထဲ ဟယ်လေသံနှင့်မျှမတူသော နူးညံ့တ်သည့် တောင်းပန်တိုးလျှိုးခြင်းလေသံနှင့် ...

"ခြစ်မချခဲ့ပါဘူးလို့ ကတိပေးထားတယ်နော်၊ ခြစ်မချဘူး မဟုတ်လား ညီမလေး"

သာကီသည် အပြုံးလေးနှင့် မျက်ရည်လေးပင်လည်သွားကာ ...

"ဟင့်အင်း ... ခြစ်မချဘူး၊ သာကီ ကတိပေးပါတယ်"



တိုးတိုးကလေး ပြန်ဖြေလိုက်ပါသည်။ ဝန်ခင်းက ကျေနပ်သောအပြုံးနှင့် သာကီ့ခေါင်းကို တစ်ချက်ပုတ်လိုက်ရင်း ...

"ကဲ ... ဆင်း၊ ကိုယ် ဘော်ဒါက ကျောင်းကားဆီသွားလိုက်ဦးမယ်"

"ဟုတ်"

"အပြန်ကျရင် ဒီနားမှာပဲ ကားရှိမယ်၊ ကိုယ်ပဲ လိုက်ပြန်ပို့မှာနော် သာကီ"

"အင်းပါ"

ဝန်ခင်းက ကျောင်းဝင်းထဲ ငိုက်စိုက် ငိုက်စိုက်နှင့် လျှောက်ဝင်သွားသော သာကီကို လှမ်းကြည့်ရင်း သူ့ဘော်ဒါဆောင်မှ ရောက်လာသော ကျောင်းကားများဆီ အမြီးပြေးရပါသည်။ သူ့ဆရာ ဆရာမတို့က သူတို့ဆရာကြီးကို လှမ်းကြည့်နေကြ၍ သူ နည်းနည်းတော့ မျက်နှာပူမိသား။ သို့သော် ဒီနေ့နောက်ဆုံးနေ့မို့ သာကီ့ကို အလွန်အမင်း စိုးရိမ်ပူပန်နေမိတာကို သူ ဟန်မဆောင်နိုင်ပါ။

ဒီကျောင်းနှင့် ဝန်ခင်းတို့ ဘော်ဒါက နီးနီးပဲမို့ နေ့တိုင်း သူ အိမ်တစ်ခေါက် ပြန်နေကျ။ ဒီနေ့တော့ မပြန်ပါ။ မပြန်ရဲပါ။ ကျောင်းရှေ့တံခါးဝကြီးမှ တစ်မိနစ်တောင် မျက်နှာမလွှဲရဲ။ အစောကြီး ထွက်လာမည့် သာကီ့ကို မမြင်ရမှာစိုးနေ့ဆိုတာကို ဆက်တိုက်စောင့်ကြောင်းရင်း ကျောင်းဝင်းတံခါးကြီးဆီမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးစူးစိုက်ထားမိတာပါ။ ဒီနေ့ရဲ့ သုံးနာရီအချိန်ဟာ အရင်နေ့တွေက သုံးနာရီထက် ပိုကြာညောင်းနေသလိုပင်။

ဆင်းဖို့ နာရီဝက်လောက် အလိုဆိုလျှင် စောင့်ဆိုင်းကြတဲ့ မိဘတွေ ရှစ် ရှစ် လှုပ်ရှားကြပြီ။ တွတ်ထိုးကြပြီ။ မျှော်ကြ ရင်ဖိကြပြီ။ တစ်မိနစ်ရှေ့တိုးတိုင်း ကျောင်းတံခါးဝမှာ ကြိုစောင့်တဲ့ လူလုံးကြီး အုံအုံလာတော့တာပင်။ ဝန့်ဇင်းက ဆယ့်ငါးမိနစ် အလိုလောက်မှာ ကားပေါ်ကဆင်းပြီး ကျောင်းတံခါးဝနှင့် နီးနီးသွားမည်ပြင်ဆဲ ကျောင်းဝင်းဝက လူအုပ်ကြီးရဲ့အပြင်ဘက် ခပ်ကျကျမှာ မိုးဝေကို လှမ်းတွေ့လိုက်ရတာပါ။

သွားတော့မယ့် ခြေလှမ်းတွေ တုံ့သွားရပါသည်။ တုံ့သွားရာကနေ လုံးဝရပ်တန့်ပြီး ကားပေါ်ပဲ ပြန်ထိုင်နေလိုက်တော့တဲ့ ဝန့်ဇင်းသည် မိုးဝေကိုလည်း ကိုယ်ချင်းစာပြီး ကရုဏာသက်မိပါသည်။

သူလည်း သိချင်မှာ မြင်ချင်မှာပေါ့။ "စာမေးပွဲပြီးမှ"လို့ အချိန်ရွှေ့ဆိုင်းထားတဲ့အတွက် ဒီစာမေးပွဲအပြီးကို ချုလည်း တမေ့တမော မျှော်လင့်စောင့်စားနေခဲ့မှာပင်။

ဘဲလ်တီးသွားပြီး မကြာခင် ကျောင်းသားတွေထွက်လာကြတဲ့အခါ လူအုပ်ထဲမှာ သာကီ့မျက်နှာ ပြုံးကြည်ကြည်လေးဆိုဟိုးအဝေးကပင် ဝန့်ဇင်း လှမ်းမြင်နေရတာပါ။ သာကီကတော့အရင်ဆုံး ဆုံတွေ့လိုက်ရတဲ့ မိုးဝေကို အရင်မြင်ပါသည်။ နှစ်





ယောက်သား ရပ်စကားပြောနေတဲ့ ဆောတိုက်မျက်နှာချင်းဆိုင်ပုံကလေးကို ဝန့်ဇင်း ငေးကြည့်နေမိသည်။

အရမ်းချမ်းသာလှတဲ့ ဆရာဝန်ကလေး။ အဆင့်အတန်းရှိရှိ မိကောင်းဖခင်သားတစ်ယောက်ရုပ်နှင့် သန့်ပြန့်ထည်ဝါသူ။ သာကီ့အတွက် အားကိုးနိုင်လောက်မည့်သူပါ။ ဝန့်ဇင်းကြည့်နေတုန်းပင် မိုးဝေက ဖွတ်ခေါ်နေပုံရကာ သာကီကလည်း ဖွတ်ငြင်းရင်း သူ့ကားရှိရာဘက် လှည့်ကြည့်ရှာဖွေနေသည်။

ဝန့်ဇင်းက ကားပေါ်က ဆင်းသွားလိုက်ပါတော့သည်။

"ဦးဝန့်ဇင်း !၊ ဟိုမှာ တွေ့လား၊ ဦးဝန့်ဇင်းနဲ့ပြန်ဖို့ ပြောထားပြီးသား၊ နင် ညကျမှ ဖုန်းဆက်လိုက်ပါဆို"

မိုးဝေ လှမ်းကြည့်လိုက်တဲ့ရုပ်က သံသယတွေ တထွေးတပိုက်နှင့်။

"သာကီ ... ကိုမိုးဝေနဲ့ လိုက်သွားလိုက်တော့၊ အတော်ပဲ၊ ငါ အရေးတကြီး သွားစရာ ပေါ်လာလို့"

သာကီက ဝန့်ဇင်းကို တအံ့တဩ လှမ်းကြည့်လိုက်ပါသည်။ သာကီ့မျက်ဝန်းများရဲ့ စူးစိုက်အကဲခတ်မှုဒဏ်ကို ခံနိုင်ရည်မရှိ၍ သာကီ့ကို မကြည့်တော့ပဲ ...

"ကိုမိုးဝေ ရောက်လာလို့ အတော်ပဲဗျာ၊ ကျေးဇူးပါပဲ၊ သူ့ကိုခေါ်သွားမယ် ပြောထားပြီးမှ ကိစ္စတစ်ခု ပေါ်လာလို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရရင် ကောင်းမလဲလို့ ဦးနှောက်ခြောက်နေတာ၊ ဒါဖြင့် ကျွန်တော် သွားလိုက်တော့မယ်၊ သာကီ … ငါ သွားပြီ … ဟုတ်လား”

ဝန်ခင်း လှည့်ထွက်လိုက်တဲ့အထိ သာကီက နှုတ်ဆိတ်ကာ သူ့ကို ငေးကြည့်နေခဲ့သည်။

❦ ❖ ❦





(ဝန်ခင်း)

မတ်လလယ် လွန်တာနှင့် နောက်နှစ်ကျောင်းအပ်ကလေးတွေရဲ့ ကိစ္စဝိစ္စတွေ ရှုပ်ယှက်ခတ်ကာ ကျောင်းသားလက်ခံတာ ကျောင်းဝင်းမှာ ပြုပြင်စရာရှိတာ ပြုပြင်တာတွေနှင့် အလုပ်များတော့တာပင်။ ဧပြီလဆန်းမှာ ဘောဒါကလေးတွေ စ,ရောက်သည်။ ယမုန်က သူ့ကျောင်းမှာ အလုပ်တစ်နေရာခန့်ပေးပါဆိုပေမယ့် ယမုန် သင်နိုင်တဲ့ ဘာသာရပ်မှာ အစာခံ ဆရာကောင်းရှိပြီးနှင့်တာမို့ စာသင်ဖို့တော့ ခန့်လေးဖို့ မဖြစ်ပေ။

ဒီတော့ ယမုန် လုပ်အားပေးခြင်းဆိုကာ ရုံးခန်းမှာ လိုအပ်တာ လာကူညီသည်။ သူ ဘယ်လိုမြင်ငြင်းမရ။ စာရင်းဇယားတွေမှာ ဝင်ကူညီတာ၊ အမှတ်ခြစ်တဲ့ကိစ္စတွေမှာ ဝင်ကူညီတာမျိုးတွေ ဝင်ပြီးလုပ်ကိုင်ပေးပါသည်။ သူ့ကားနဲ့သူ သွားကပြန်ကာ ဖွတ်ပဲကူညီနေတဲ့အခါ အတင်းနှင်ထုတ်ဖို့ ခက်တာအမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သာကီကို သတိရတဲ့ ခံစားချက်ကို နှလုံးသားမှာ နှင့်နှင့်သည်းသည်း နာနာကျင်ကျင် ခံစားလွမ်းဆွတ်ရပေမယ့် ဝန်ဇင်း ဖုန်းမဆက်။ ဖုန်းဆက်တဲ့အခါ ပြောစရာစကား အထူးတလည်မရှိဖါ။ "ကိုယ်သတိရလို့ ဆက်လိုက်တာ" ဆိုတာမျိုး ပြောထွက်ဖို့ သူ တားထားတဲ့ စည်းက ခွင့်မပြုခဲ့ပါ။

ဒီတော့ "သာကီထံက ဖုန်းလာပါစေ"လို့ ဆုတောင်းရုံအပြင် သူ ဘာမှမပြုမူနိုင်။ သာကီကများ ဖုန်းဆက်လာခဲ့ရင်တော့ သူ ဘယ်လောက်တောင် ပျော်သွားမလဲ တွေးတောင်မတွေးတတ်။ ဖုန်းမြည်သံကြားတိုင်း သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရလေ့ရှိပါသည်။ မနှစ်ကနဲ့မတူတဲ့ သူ့ရဲ့ညှိုးမှိုင်အေးစက်သော တည်ငြိမ်တိတ်ဆိတ်သော နေထိုင်ပုံကို ယမုန်သာမက ဆရာ ဆရာမတွေပင် ဂရုပြုမိကြပါသည်။

သူ့ရဲ့စိတ်နှလုံးကိုလည်း တစ်ချိန်က အသက်လိုချစ်ခဲ့တယ်လို့ သူ ယုံကြည်သော ယမုန့်အပေါ် ပြန်လည်တိမ်းညွတ်နိုင်အောင် ဝန်ဇင်း အမှန်တကယ် ကြိုးစားပါသည်။ အတူတွဲသွားတွဲလာ လုပ်ပေမယ့် သူ့နှလုံးသားကတော့ လုံးဝပြန်လည်နိုးကြားမလာတော့။ ကြာတော့လည်း ဤအခြေအနေက ယမုန့်ရဲ့သိက္ခာကို ထိပါးလာဟန်တူပါသည်။

"ဟိုတစ်နေ့က ဝန်နဲ့ ယမုန်နဲ့ကို တွေ့လိုက်လို့ဆိုပြီး ကိုဇော်သစ်ကတောင် မေးနေတယ်"





"ယမုန် ရှင်းမပြလိုက်ဘူးလား"

"ဘာအတွက်လို့ရှင်းပြရမှာလဲ ဝန်"

"ငါတို့က ငယ်သူငယ်ချင်းတွေ ဆိုတာကိုပေါ့၊ နင် ရှင်းပြရမှာပေါ့"

ယမုန်က ဝန်ဇင်းကို နာနာကျင်ကျင် စိုက်ကြည့်နေသည်။

"နင့်အတွက် အိမ်ထောင်ဖက်ရွေးဖို့ကိစ္စမှာ တစ်ဖက်လူမှာ သံသယမဖြစ်စေနဲ့လေ၊ ဘဝတစ်ခုလုံး ပေးရမယ့် အိမ်ထောင်ဖက်ရွေးတဲ့ကိစ္စမှာ မိတ်ဆွေသူငယ်ချင်းကို လိုအပ်လာရင် အမှန်တစ်စက်လောက်ပဲ နှင်သဘောထားလိုက်ဖို့ ဝန်မလေးနဲ့ ယမုန်"

"ဒါ နင်ကိုယ်တိုင်လည်း ကျင့်သုံးမယ့် သဘောထားလား"

"ဟုတ်တယ် ယမုန်၊ ဒါ ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲ"

လ,အတန်ကြာ အနားမှာ တတွဲတွဲ ကပ်နေတဲ့ ယမုန်သည် ကော်ဖီဆိုင် တစ်ဆိုင်ထဲမှာ သာကီနှင့် မိုးဝေတို့စုံတွဲကို မလှမ်းမကမ်းစားပွဲ၌ တွေ့လိုက်ရသောနေ့ကတော့ သိသိသာသာ ကြေကွဲကာ သေဆုံးသွားသောသေလို ရုပ်ဆဲင်းပျက်နေတဲ့ ဝန်ဇင်းကို အဆုံးတိုင် နားလည်သွားပါသည်။

"နင် ... သာကီခင်လေးကို ချစ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



သည် မိုးဝေနှင့် နှစ်ပေါင်းများစွာ ချစ်ပြီး ကွဲကွာရတဲ့ ခံစားချက်ထက် အဆများစွာ အင်အားပြင်းထန်ပါသည်။

မိုးဝေကို အသက်လောက်ချစ်တယ် ဆိုတာ ဦးဝန်ဇင်းကို တစ်မိနစ်လောက် စေ့စေ့ကြည့်ပြီး ရင်ထဲခွေးသိမ့်ဖိုလိုက်လှုပ်ရှားရတဲ့ ချစ်မြတ်နိုးခြင်းကို ခြေဖျားမမီပါ။ အဲဒါ ဘာကြောင့်ပါလဲ။ မိုးဝေကို ခင်မင်ရင်းစွဲ သံယောဇဉ်ရော၊ သနားစိတ်နှင့်ရော အစားထိုးဖို့ ကြိုးစားတဲ့သဘောနဲ့ရော၊ အရင်လို ပြန်ချစ်ဖို့ အတန်တန် ကြိုးစားခဲ့ပါသည်။ ဒီလို ကြိုးစားတဲ့ကြားကကို မဖြစ်နိုင်ခဲ့တာ။

ဦးဝန်ဇင်းထံ ဒီကြားထဲ အကြိမ်ကြိမ် ဖုန်းဆက်ချင်ပေမယ့် တဆတ်ဆတ်တုန်သော ကိုယ့်လက်တွေကိုယ် ချုံးခြေပြီး မဆက်ဖြစ်အောင် နေခဲ့ပါသည်။ ဦးဝန်ဇင်း မယမုန်နဲ့ များသာယာပြေလည်နေခဲ့ရင် သာကီဖုန်း တစ်ကောလ်က သူတို့ကြားထဲ အနှောင့်အယှက် ပြဿနာမဖြစ်စေလိုလို့ပါ။ ဆူးညှောင့်ခလုတ်မဖြစ်စေလိုလို့ပါ။

သူ့ထံလုံးဝလှမ်းမကြည့်ဘဲနေတဲ့ ဦးဝန်ဇင်းရဲ့ မျက်နှာမှာ ပျော်ရွှင်ကြည်နူးမှု လုံးဝမရှိတာကို သာကီ တွေ့မြင်နေပါသည်။

"ငါ သူ့ကို မျှော်လင့်လို့ ရသည်ဖြစ်စေ၊ မျှော်လင့်လို့ မရသည်ပဲဖြစ်စေ အမြဲတမ်း ချစ်နေမှာ မိုးဝေ၊ နင့်ကို အားနာပါတယ်ဟာ၊ အရင်လို ဘဝကို ပြန်လက်ခံပျော်ရွှင်





နိုင်ဖို့ ငါ လုံးလုံးကြိုးစားနေကြည့်ခဲ့ပြီးပြီ။ ဒါပေမဲ့ ဦးဝန်ဇင်းကို ငါ့နှလုံးသားထဲက ထုတ်ပစ်ဖို့ မဖြစ်နိုင်ဘူး"

"ဒါပေမဲ့ သူက နင့်ကို ချစ်လို့လား"

"သူ ငါ့ဘက်ကို မျက်နှာမူပြီး ရပ်နေပေမယ့် သူ့ခြေအစုံရှေ့မှာ သူ့ဘာသာသူပဲ စည်းတစ်ကြောင်း တားထားတာ"

❣❖❣



www.burmeseclassic.com

www.burmeseclassic.com

စာမေးပွဲအောင်စာရင်းတွေ ထွက်သောနေ့က သာကီသည် နံနက်ခြောက်နာရီမှာ ကားကိုမောင်း၍ စာမေးပွဲဖြေခဲ့တဲ့ ကျောင်းရှိရာ ထွက်ခဲ့ပါသည်။ ကိုယ့်အောင်စာရင်းအတွက် ရင်ခုန်ရတာထက် ဦးဝန်ဇင်းနှင့် တွေ့ရမှာကို ရင်ခုန်ရတာက ပိုတာအမှန်ပင်။ ဒီနေ့အဖို့တော့ ကျောင်းရှေ့မှာ ဦးဝန်ဇင်းနှင့် မဆုံလျှင် သူ့ရဲ့ ဆယ်မိုင်ကုန်းဘော်ဒါခြံဆီ လိုက်သွားမည်လို့ ဆုံးဖြတ်ထားပြီးသားပင်။

ကိုယ့်အောင်စာရင်းကိုတော့ ကိုယ့်ဆရာ သိရအောင် သွားပြောခွင့် ရှိပါသေးတယ် မဟုတ်လား။ ကျောင်းမှာ အောင်စာရင်းဝင်ကြည့်၊ ဂုဏ်ထူးသုံးခုဆိုတဲ့ သတင်းကို သယ်ဆောင်ကာ ဆယ်မိုင်ကုန်း ဘော်ဒါခြံဆီ ကားမောင်းသွားလိုက်ပါသည်။ ကျောင်းဝင်းထဲမှာ ရှိနေတဲ့ သူ့ရဲ့ဂျစ်ကားနံဘေး သာကီ့ကားကို ယှဉ်တွဲထိုးလိုက်ပြီး ကားပေါ်က ဆင်းလိုက်သည်ဆိုလျှင်ပင် –

"သာကီ"





သူ့အိမ်ကလေးထဲက ဝမ်းသာအားရ ပြေးထွက်လာတဲ့ ဝန်ဇင်းရဲ့အသံကြောင့် သာကီက ပြုံးပြုံးလေး လှမ်းကြည့်ပါသည်။ ကျေနပ်နေတဲ့ ဂုဏ်ယူနေတဲ့ ပျော်မြူးနှစ်သိမ့် ဦးဝန်ဇင်းရဲ့ ဝင်းပတောက်ရွှန်းတဲ့ မျက်နှာကိုကြည့်ရင်း သာကီက အနီးနားက သစ်ကိုင်းခြောက် ခပ်တိုတိုလေးတစ်ခုကို ကောက်ယူကာ ဦးဝန်ဇင်းထံ လျှောက်လာခဲ့ပါသည်။

မနေ့ညနေကပဲ မယမုန် သာကီ့ထံ ဖုန်းဆက်ပါသည်။ နောက်နေ့ထွက်မယ့် အောင်စာရင်းအတွက် ဆုတောင်းပေးတဲ့အကြောင်းနဲ့ သူနှင့် ကိုဇော်သစ် နောက်လတွင် စေ့စပ်ဖြစ်မည့်သတင်းကို ပြောပြတာပင်။ တကူးတက လှမ်းပြောပြပေးတဲ့ မယမုန်ကို သာကီ ဘယ်လိုကျေးဇူးတင်မှန်း မသိပါ။

"သာကီ … ကျောင်းမှာ ညသန်းခေါင်ကျော်ကတည်းက ကပ်တာ၊ ညကတည်းက သွားကြည့်ထားပြီးပြီ"

"ဒါတောင် ဦးဝန်ဇင်း သာကီ့ဆီ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲဟင်"

"ညည်းလည်း ညည်းမျက်စိနဲ့ ကြည့်ဦးမှာပဲလေ၊ ဒီမနက်သိရမှာပဲဟာ"

နှစ်ယောက်သား မျက်နှာချင်းဆိုင် လျှောက်လာရင်း လှမ်းစကားပြောလာကြရာမှ ငါးပေအကွာလောက် ရောက်ချိန်မှာ သာကီက ရုတ်တရက် လက်ထဲပါလာတဲ့ သစ်ကိုင်းခြောက်နှင့် နှစ်ယောက်ကြားက မြေပြင်မှာ ကန့်လန့်ဖြတ် မျဉ်းတစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ထောက်ခြစ်လိုက်တဲ့အတွက် ဝန်ဇင်းက တအံ့တသြ ခြေလှမ်းမှားပါသည်။

"ဖုန်းမဆက်တာ အဲဒီ 'စည်း'ကြီးကြောင့် မဟုတ်ဘူးလား"

"………"

ဝန်ဇင်းက ခြေကိုချဲချဲရပ်ကာ ခါးနှစ်ဖက်ထောက်ရင်း အပြုံးနှင့် အသာအယာ ခေါင်းယမ်းနေပါသည်။ သာကီ့ကို ကြည့်နေတဲ့ အကြည့်က ချစ်စနိုးလေး။

"ဒီမှာကြည့်"

သာကီက တုတ်ကိုလွှင့်ပစ်လိုက်ကာ ရှေ့တစ်လှမ်းတိုးပြီး သူကိုယ်တိုင် 'တားခြစ်ထားတဲ့ စည်းမျဉ်းကြောင်းရာကို ဖိနပ်နှင့်ပွတ်ကာ ဖိကာ မြေပြင်ညီညီ ဖြစ်သွားအောင် လိုက်ဖျက်ပစ်လိုက်ပါတော့သည်။ အဲဒီနောက်တော့ "ဘယ့်နှယ်ရှိစ" လို့ သဘောရတဲ့ အကြည့်တစ်မျိုးနှင့် ဦးဝန်ဇင်းထံ ခြေစုံရပ် ဇေးစိုက်ကြည့်နေလိုက်တဲ့အခါ ခေါင်းတညိတ်ညိတ် ပြုံးရယ်ရင်း ဦးဝန်ဇင်းက ရှေ့ဆက်တိုးတဲ့ ခြေလှမ်းသစ်ကို စ,လိုက်တော့တာပါ။

❣ ❖ ❣

လမင်းမိုမို



www.burmeseclassic.com